

တက္ကသိုလ်
နေလင်းအောင်
ကောရာဇ်သခင်နှင့်
သွေးယာဇ်ပလ္လင်
စာစဥ် ၁၂
ဇာတ်သိမ်း

စာမူခွင့်ပြုချက်အမှတ် ၁၃၉၆/ ၂၀၀၃(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၃၇၅/ ၂၀၀၃(၁၁)

၂၀၀၄-ခုနှစ်၊ မတ်လ
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး- ၄၅၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးလှသိန်း၊
လှသိန်းဦးပုံနှိပ်တိုက်
၁၂/ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒိုက်
ဦးထွန်းလင်း၊
ဗိုလ်ဝေအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း (၃၈)
## ပဏာမအချုံး

---

လုစုယာအနေဖြင့် ဒုတိယစီညာဥ်နှင့်တိုက်ခိုက်နေသည့် တိုက်ပွဲစည်းအတွင်းမှ ခုန်ထွက်ပြီး ဟွမ်ရီစုံကိုကယ်တင်ရန် ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ချေ။ သူကျော်ပေးမိသည်နှင့် ဒုတိယစီညာဥ်က သူ့အား ကျော်ပြင်နှစ်ခြမ်း ဖြန်းဖြန်းကွဲအောင် ခွဲချပစ်လိုက်လိမ့်မည်။

သူသည် သူလုပ်နိုင်သည့်အလုပ်ကို အမြန်ဆုံးလုပ်လိုက်ရ၏။ ထိုအလုပ်ကား လေဆန်သံမဏိအပ်ဖြင့် ပစ်ခြင်းပေတည်း။ လုစုယာသည် လက်နက်ပုန်းပစ်ခတ်ခြင်းမျိုးကို မလုပ်လိုပေ။ ထန်တိုဆရာကော်ကလည်း အားပေးလှသည် မဟုတ်ပေ။

သို့သော် ဆရာတော်သည် အလွန်တရာလက်တွေ့ကျ၏။ သေရေးရှင်ရေးတိုက်ပွဲများ၌ အောက်လမ်းသိုင်းသမားများက

လက်နက်ပုန်းဖြင့်ပစ်ခတ်ပြီး မကြာခဏအနိုင်ယူတတ်ကြသည်များကို မကြာခဏတွေ့ရှိ သင်ခန်းစာရရှိပြီးဖြစ်ရာ သူကလည်း လုစုယာကို လေဆန်သံမဏိအပ်ပစ်ခတ်နည်း သင်ပေးထား၏။

ထိုပညာကို အောက်လမ်းသိုင်းသမားများနှင့် တိုက်ခိုက်ရာ၌လည်းကောင်း၊ အထက်လမ်းသိုင်းသမားနှင့် တိုက်ခိုက်ခြင်း ဖြစ်သော်လည်း မတော်မတရားအင်အားဖြင့် အနိုင်ယူခံရလျှင်သော်လည်းကောင်း၊ ထိုလေဆန်သံမဏိအပ်ကို သုံးနိုင်ခွင့်ရှိပေသည်။

ဆရာတော်က ခြွင်းချက်ဖြင့်သုံးခွင့်ပေးထားသည် မှန်သော်လည်း လုစုယာက လုံးဝ မသုံးလိုချေ။

ယခု ဟွမ်ရိုစုံ၏အသက်ကို ကယ်လို၍သာ ထုတ်သုံးရခြင်းဖြစ်ပေသည်။

လုစုယာပစ်ခတ်လိုက်သော သံမဏိအပ်ကလေးများသည် လေတိုးသံ လုံးဝမထွက်ဘဲ လူဝကြီးဆီသို့တန်းတန်းမတ်မတ် ဝင်သွား၏။

လူဝကြီးသည် ဟွမ်ရိုစုံ၏ဦးခေါင်းကို ဖနောင့်ဖြင့်ပေါက်ချရန် သူ၏ညာခြေထောက်ကြီးကို မြှောက်ထားခိုက်မှာပင် လုစုယာ၏ လေဆန်သံမဏိအပ် သုံးချောင်းက သူ၏ပစ်မလွဲခြေမကိုယ်ကြီးဆီသို့ လာရောက် ထိမှန်လေတော့သတည်း။

'အား. . .'

လေတိုးသံမရှိခြင်း၊ အရှိန်အဟုန်ပြင်းထန်ခြင်း၊ တစ်ဖက်လူကို သတ်ဖြတ်လိုစိတ် ပြင်းထန်ခြင်းတို့ကြောင့် လူဝကြီးမှာ သံမဏိလေဆန်အပ်များကို ခုခံကာကွယ်ရန် မတတ်နိုင်ဘဲ ဖြစ်သွားခဲ့ရပေသည်။



လူဝကြီးမှာ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲပစ်ကျသွား၏။

ဤကား ကုလန်အတွက် အခွင့်အရေးပင်။ စောစောကလူနှင့်ဘွန်တိမ်စနေးသည် ခံစစ်ဖြစ်နေခဲ့၏။ ယခု သူတို့အား ဒုက္ခပေးသူတစ်ယောက် လဲကျသွားပေပြီ။

ကုလန်သည် အဆက်မပြတ် လှုပ်ရှားလိုက်၏။ သူ၏သံကြိုးကြီးသည် လေထဲ၌ တဝိုးဝိုးမြည်သွားသည်။

'လေကျယ်တဲ့ဂျပုကလေး'

ကုလန်ကအော်ပြီး သံကြိုးဖြင့်ရိုက်လိုက်၏။ ပထမနှစ်ကြိမ်တိုင်တိုင် ပဥ္စမလူပု ရှောင်နိုင်ခဲ့သော်လည်း တတိယအကြိမ်တွင် မရှောင်နိုင်တော့ပေ။ ကုလန်၏သံကြိုးကြီးက လူပုကလေးအား ရိုက်ပတ်သွားတော့သည်။

'ရွှမ်း. . .'

ကုလန်ကဆွဲမြှောက်ပြီး လေထဲပင့်တင်လိုက်ပြီး ကြိုးကို ဖြေလွှတ်လိုက်၏။ ပဥ္စမဝိညာဉ်မှာ ဒုတိယအကြိမ် ဥက္ကာပျံကဲ့သို့လွင့်ထက်သွားပြန်၏။

သည်တစ်ကြိမ်တွင်တော့ တံခါးပေါက်မှ အပြင်သို့လွင့်ထွက်ခြင်း မဟုတ်ပေ။ အုတ်နံရံဆီသို့ ခေါင်းတည့်တည့် ဝင်သွားခြင်းဖြစ်သည်။

ကုလန် တင်လွှတ်လိုက်သည့်အရှိန်အဟုန်မှာ ပြင်းထန်သဖြင့် လူပုကလေးသည် နံရံနှင့်ဦးခေါင်းတိုက်ပြီး သေဆုံးရမည့်ကိန်းဆိုက်သွားတော့သည်။

လုစုယာမှာ ဟိုက်ခနဲဖြစ်သွား၏။ ပြောင်းလဲမှုမှာ အကောင်

ပြောင်းလဲမှု မဟုတ်ပေ။ ဟွမ်ရီစုံမှာလည်း အမြှုပ်တစီစီဖြစ်နေပြီ။

အဆိပ် အပြင်းအပျော့ကိုလည်း မသိရသေးပေ။ သူတို
ကယ်ရန်စဉ်းစားနေစဉ် ပဥ္စမဝိညာဉ် သေမည့်တိန်းဆိုက်နေလေပြီ
ပဥ္စမဝိညာဉ်ကို လုစုယာ အသေမခံနိုင်ပါ။ ထိုလူသာ သေသွားပါက
ပြဿနာ တကယ်ရှုပ်သွားနိုင်သည်။

ဝိညာဉ်မြှုတို့အုပ်စုသည် သူတို့လူ သေဆုံးသွားသည်ဆိုပါက
မည်သည့်နည်းနှင့်မျှ ဟွမ်ရီစုံအတွက် အဆိပ်ဖြေဆေး ထုတ်ပေ
တော့မည်မဟုတ်ပါ။ ထိုပဥ္စမဝိညာဉ် သေသည်က အကြောင်းမဟုတ်
ပေ။ ဟွမ်ရီစုံသေသည်က အကြောင်းဖြစ်၏။

ဟွမ်ရီစုံကို အသေမခံနိုင်သဖြင့် ပဥ္စမဝိညာဉ်ကိုလည်း သေ
တော့ဟု ပစ်ထားရန် မဖြစ်နိုင်တော့ပါ။

လုစုယာ လွန်စွာစိတ်ပူနေသည်။ စိတ်ပူရခြင်းမှာ သူက ဒုတိယ
ဝိညာဉ်နှင့် တိုက်ခိုက်နေပြီး ကျန်လူများကလည်း ဒွိယံ ဒွိယံ တိုက်ခိုက်
နေသဖြင့် မည်သူမျှ ပဥ္စမဝိညာဉ်လူပုကို မကယ်နိုင်သောကြော
တည်း။

သူ အကဲခတ်မိသလောက် ပဥ္စမလူပုကို အမြန်ဆုံးကယ်တ
နိုင်မည့်လူမှာ စန်းဇော်သာ ဖြစ်သည်။ ထို့ကြောင့် ချက်ချင်း ဇော်ဟ
သတိပေးလိုက်ရသည်။

'စန်းဇော်. . . ဟဲဒီ လူပုလေးကို အမြန်ဆုံးကယ်လိုက်စမ်
အကြောင်းရှိတယ်'

အမိန့်က လိုရင်းတိုရှင်းပင်။ အကြောင်းရှိတယ်ဟုမပြောပါက
စန်းဇော်က ကယ်ချင်မှကယ်မည်။ သူ အမိန့်ပေးလိုက်သည့်အချိ



ကယ် အနည်းငယ် နှောင့်နှေးနေလေပြီ။

သို့သော် စန်းဇော်က လျှင်သည်။ သူက တိုက်စစ်သမား ဖြစ်
နေခြင်းကြောင့်လည်း တတိယဝိညာဉ်ကို ကြောက်လန့်ရန် အ
ကြောင်းမရှိ။

သို့သော် သူ့ထက်ဦးအောင် လှုပ်စဉ်နေသည့် ပဥ္စမဝိညာဉ်ကိုမူ
သူမတနေဖြင့် မည်သို့မျှ လည်ကုတ်ကို ဖမ်းဆွဲနိုင်မည်မဟုတ်။

စန်းဇော် တစ်ပတ်ကျွမ်းထိုးထွက်သွား၏။

'ဟာ'

တတိယဝိညာဉ်မှာ ဟာခနဲဖြစ်သွား၏။ လတ်တလောတော့
တိုက်ခိုက်ခံရမည့်ဘေးမှ လွတ်သွားသည်။

စန်းဇော်သည် လေထဲမှာ လှပစွာ ဝဲထွက်သွားသည်။ သူမ၏
ခြေနှစ်ချောင်းက ပဥ္စမလူပု၏ ခြေထောက်ကို လှမ်းချိတ်လိုက်သည်။

လူပု၏အရှိန်သည် ရုတ်တရက်တန့်သွားပြီး ကြမ်းပြင်သို့
ပြုတ်ကျသွားသည်။ ထိုအချိန်၌ သူ့ဦးခေါင်းသည် နံရံနှင့်တိုက်ရန်
လက်လေးလုံးလန့်သာ လိုတော့သည်။

အောက်ရောက်သောအခါ စန်းဇော်က ပဥ္စမဝိညာဉ်လူပု၏
သွေးကြောများကိုပိတ်ပစ်လိုက်၏။ ပဥ္စမဝိညာဉ် မလှုပ်နိုင်တော့။

လုစုယာသည် စန်းဇော်၏လှုပ်ရှားမှုကို မျက်စိထောင့်စွန်း၌
ရိပ်ခနဲ မြင်လိုက်ရ၏။ လွန်စွာ ကျေနပ်သွားသည်။ စန်းဇော်ကို
တကယ် ချီးကျူးလိုက်မိသည်။

စန်းဇော်သည် လုစုယာပေးသည့်တာဝန်ကို ကျေပွန်စွာ
ထမ်းဆောင်ပြီးသည့်နောက် မှင်တက်ငေးကြောင်နေသည့် တတိယ

ဝိညာဉ်ဆီသို့ ပြန်လည်ခုန်ဝင်သွားပြန်သည်။ တတိယဝိညာဉ်မှာ အပြင်းအထန် ခုံချပြန်တော့သည်။

လုစုယာက အားလုံးကိုအော်ဟစ်သတိပေး၏။

'တိုက်ပွဲကိုအမြန်ပြီး ပွဲသိမ်းအောင် မြန်မြန်လုပ်ကြ၊ အကြောင်းရှိတယ်'

ထိုအခါ အခန်းထဲမှတိုက်ပွဲသည် ပို၍သွက်လက်မြန်ဆန်လာတော့၏။

စန်းအော်သည် နန်ဂွဲဓားသိုင်းဖြင့် အပေါ်စီးမှတိုက်ခိုက်နိုင်သဖြင့် ထိုဓားသိုင်းဖြင့်ပင် ပွဲသိမ်းလိုနေသည်။

သို့သော် လုစုယာက အကြောင်းရှိသည်၊ ပွဲသိမ်းအောင် မြန်မြန်တိုက်ကြဆိုသဖြင့် မတတ်သာတော့ဘဲ ကျောက်စိမ်းလက်ချောင်းကို ထုတ်သုံးရတော့သည်။

ထိုအခါ တတိယဝိညာဉ်မှာ ကြမ်းပြင်ပေါ်သို့ ဒုန်းခနဲကျကာ ငြိမ်သက်သွားတော့သည်။

ယခုအခါတွင် တိုက်ပွဲကား အခြေပေါ်တန်သလောက် ပေါ်သွားပေပြီ။ ဝိညာဉ်ဖြူတို့ဘက်တွင် ပဥ္စမဝိညာဉ်နှင့် တတိယဝိညာဉ်တို့ လဲကျနေပြီ။ ပထမဝိညာဉ်ခေါ် လူဝကြီးကား လုစုယာ၏သံမဏိ အဆိပ်အပ်လက်ချက်ဖြင့် ဆိုးဆိုးရွားရွားလဲကျနေပေပြီ။

ဝိညာဉ်ဖြူတို့ဘက်၌ တိုက်ခိုက်နိုင်သူဆို၍ ဒုတိယဝိညာဉ်နှင့် စတုတ္ထဝိညာဉ်မိန်းမချောတို့သာ ကျန်ရှိတော့သည်။

စတုတ္ထဝိညာဉ်မိန်းမချောသည် ချောက်ချားစပြုလာ၏။ သူ့လူများ တစ်စစီကြွေနေသည်ကို မြင်နေခဲ့ရသည် မဟုတ်ပါလော။



'သတ်မယ်၊ နင်တို့ကိုသတ်မယ်'

သူမသည် သံယောဇဉ်အရှိဆုံး ပဥ္စမဝိညာဉ်လူပုကိုလည်း မကယ်နိုင်၊ သူမ၏အစ်ကိုတော်များကိုလည်း မကယ်နိုင်တော့သဖြင့် ဒေါသတကြီး အော်ဟစ်လာသည်။

ဒေါသဖြစ်ပြီး စန်းအော်၊ ကုလန်တို့ကို တိုက်ခိုက်လိုပါသော်လည်း ဘွန်လူအောင်၏ဓားစက်ဝိုင်းအတွင်းမှ လွတ်အောင်ရုန်း မထွက်နိုင်ဘဲ ဖြစ်နေပြန်သဖြင့် စတုတ္ထဝိညာဉ်မှာ ဖူးမတက် သောက ရောက်လာသည်။

'သတ်မယ်. . . နင်တို့ကိုသတ်မယ်'

'အော်မနေနဲ့လေ၊ ပါးစပ်ကသတ်လို့မရဘူး၊ လက်ကသတ်မှရတာ၊ လေက သူတစ်ပါးရဲ့လည်ပင်းကို လှီးဖြတ်လို့မရဘူး'

ဘွန်လူအောင်က မခံချင်အောင်ပြော၏၊ စတုတ္ထဝိညာဉ်က တရကြမ်း တိုက်ခိုက်သည်။

ထိုစဉ် လုစုယာ၏ကျယ်လောင်သောအသံကို ကြားလိုက်ကြရသည်။

'အားလုံးရပ်လိုက်ကြ၊ ကျုပ်ပြောစရာရှိတယ်'

လုစုယာက တိုက်ပွဲစည်းအတွင်းမှ ခုန်ဆုတ်လိုက်ပြီး အော်လိုက်ရာ တိုက်ပွဲအားလုံး ရပ်ဆိုင်းသွားတော့သည်။

စတုတ္ထဝိညာဉ်မိန်းမချော၏ ပြာလွင်သောမျက်လုံးများမှာ ယခုအခါ သိပ်မလှပတော့ချေ။

'ပြော. . . ရှင်က ဘာပြောချင်လို့လဲ'

'ကျုပ် ဘာပြောရမှာလဲ၊ အခန်းထဲကို ကြည့်စမ်းပါဦး၊ အခြေ

အနေ ဘယ်လိုလဲဆိုတာ ဒီအကြောင်းပဲပြောစရာရှိတယ်'

'ဘာဆန်းသလဲ၊ တိုက်ပွဲဆိုတာ ဒီလိုပဲ၊ ဒဏ်ရာရတဲ့လူ ရချင်ရမယ်၊ သေတဲ့လူ သေချင်သေမယ်'

'ဆက်တိုက်ရင် ဒီပုံစံအတိုင်းပဲ ဖြစ်ဦးမှာပဲ၊ အခုဆိုရင် ကျုပ်တို့ဘက်က အင်အားသာသွားပြီ'

'ဘာလဲ၊ ရှင်တို့က အင်အားနဲ့အနိုင်ယူချင်လို့လား'

'ဟား. . ဟား. . ဟား. . . အင်အားနဲ့အနိုင်ယူတာ ဆန်းတာမှတ်လို့၊ နောင်ကြီးကုလန်ကို ခင်ဗျားတို့ အင်အားနဲ့အနိုင်ယူခဲ့တာပဲ၊ တကယ့်သိုင်းသမားဆိုရင် တစ်ယောက်ချင်းတိုက်တာဗျ၊ ကိုယ့်အလှည့်မှာ အင်အားနဲ့အနိုင်ယူတော့ကောင်းတယ်၊ သူများ အလှည့်ကျတော့ မကောင်းဘူး၊ တော်တော်တရားမျှတတဲ့ အယူအဆပါလား'

'တဲ. . . အတိတ်ကအကြောင်းအရာတွေကိုထားတော့၊ အခုခင်ဗျားတို့ ရှုံးသလောက် ဖြစ်နေပြီဆိုတာတော့ ဝန်ခံတယ်မဟုတ်လား'

'အိုး. . . ရယ်စရာကောင်းလိုက်တာ၊ ရှင်နဲ့ကျွန်မတို့ တိုက်တောင် မတိုက်ရသေးဘူး၊ ကျွန်မရဲ့အစ်ကိုတော်ကိုရော ရှင်နိုင်ပြီးလို့လား'

လုစုယာက ရယ်လိုက်၏။

'ဘာလဲ ခင်ဗျားကရော ကျုပ်နဲ့တိုက်ချင်သေးလို့လား'

ထိုအခါ ရောက်စမှ ယခုအချိန်အထိ စကားတစ်ခွန်းမျှမပြောခဲ့ဘူးသည့် ဒုတိယဝိညာဉ်က ပထမဆုံးအကြိမ် စတင်စကားပြောသည်။

'ကျုပ်တို့ တစ်ခုခုတော့ ထပ်လုပ်ကြရဦးမှာပဲ၊ ဒီအတိုင်း အရှုံး



အနိုင်သတ်မှတ်လို့ ဖြစ်တာမှမဟုတ်တဲ'

လုစုယာ စဉ်းစားလိုက်၏။ အကောင်းဆုံးလူများ မရှုံးသေးလျှင်မည်သူကမျှ သူတို့ကိုယ်သူတို့ ရှုံးသည်ဟုမသတ်မှတ်ချင်ပေ။

'ဒါဖြင့် တစ်ခုခု စီစဉ်ကြတာပေါ့'

'ကောင်းပြီ စီစဉ်ကြမယ်၊ ခင်ဗျားက ဘာစီစဉ်ချင်သလဲ၊ ဘယ်လိုစီစဉ်မလဲ'

'လောလောဆယ်မှာတော့ ခင်ဗျားတို့ဘက်က အဆိပ်ဖြေဆေးထုတ်ပေးပါ၊ ကျုပ်လူကို ကယ်ရမယ်'

'ကျုပ်လူတွေ လဲနေတာကရော'

'ကျုပ်တို့က အကြောဖွင့်ပေးမယ်လေ၊ အကြောပိတ်ထားရုံပါ၊ သူတို့ ဘာမှမဖြစ်ပါဘူး'

'လက်နက်ပုန်းထိမှန်ထားတဲ့ လူအတွက်ရော'

'ဒါလဲ စိတ်ချပါ၊ ကျုပ်တို့က အဆိပ်လက်နက်ပုန်း မသုံးပါဘူး၊ ခင်ဗျားလူ ချက်ချင်း မသေပါဘူး'

ထိုအခါ ဒုတိယဝိညာဉ်သည် သူ့လူအတွက်စိတ်အေးသွားပြီး အနိုင်ကိုင်ထားလိုသည့်သဘောဖြင့် အဆိပ်ဖြေဆေးကို ထုတ်မပေးတော့ချေ။

'ခင်ဗျားလူလဲ မသေနိုင်ပါဘူး၊ ကျုပ်တို့ အဆိပ်အကြောင်း ကျုပ်တို့ သိပါတယ်၊ ပွဲပြီးမှပေးလဲ နောက်မကျပါဘူး'

လုစုယာ အံကြိတ်လိုက်၏။ သည်လူများကား လူညာများတည်း၊ သူတို့ကတိကို ယုံရခက်သည်။

'ဒီလိုဆိုရင် ခင်ဗျားလူတွေရဲ့ အကြောတွေလဲ ဖွင့်မပေးနိုင်ဘူး၊

ပွဲပြီးမှဖွင့်ပေးလဲ နောက်မကျသေးပါဘူး'

လုစုယာကလည်း ပြန်၍အကျပ်ကိုင်လိုက်၏။

ဒုတိယဝိညာဉ်သည် အခြေအနေကို အကဲခတ်နေသည်။ သူ့အဖွဲ့တွင် သုံးယောက်လဲပြီး နှစ်ယောက်ကျန်သည်။ လုစုယာတို့အဖွဲ့တွင် တစ်ယောက်လဲပြီး လေးယောက်ကျန်သည်။ ကုလန်ကိုပါ ထည့်၍ရေတွက်မည်ဆိုလျှင် ငါးယောက်ကျန်သည်။

အင်အားက သူတို့သာနေသည်။ အုံနှင့်ကျင်းနှင့် တိုက်ခိုက်လျှင် မိမိတို့ရှုံးဖို့ သေချာသလောက်ဖြစ်နေသည်။

ဤသို့ရှုံးသွားလျှင် မိမိတို့ နှစ်ပေါင်းများစွာဆည်းပူးခဲ့သောပညာများမှာ အချည်းနှီး အလဟဿဖြစ်ရတော့မည်။

ပါရှားနိုင်ငံ၏ ကိုယ်ရံတော်ချုပ်ဆိုသည့် ရာထူးနှင့် ပါရှားနိုင်ငံ၏ နံပါတ်တစ် သိုင်းသမားဖြစ်ရမည့်ကိစ္စမှာလည်း အဝေးကြီး ဝေးရတော့မည်။

ဒုတိယဝိညာဉ်မှာ အကြံခက်နေသည်။ သူသည် ဉာဏ်နီ ဉာဏ်နက်ထုတ်ပြီး စဉ်းစားနေသည်။

ထိုစဉ် စတုတ္ထဝိညာဉ် မိန်းမချောက လှုပ်ရှားမှုတစ်ခု ပြုလုပ်လာလေ၏။ ပဉ္စမဝိညာဉ်လှုပုအနီးသို့ ခုန်ပျံထွက်သွားခြင်းဖြစ်သည်။

သူမက ကျောက်စိမ်းလက်ချောင်း သွေးကြောပိတ်ပညာကို ပေါ့သေးသေး ထင်ဟန်ရှိသည်။

သို့သော်. . . သူမသည် ပဉ္စမဝိညာဉ်လှုပုအနီးသို့ ကပ်ပင်မကပ်နိုင်ပါ။

'ဗိုး. . . ဝှစ်. . . ဝှစ်'



စန်းအော်က လမ်းခုလတ်မှ ဖြတ်ဝင်လာပြီး သူမဓားဖြင့် တစ်ဗိုးဗိုး တဝှစ်ဝှစ် တားဆီးလိုက်ရာ စတုတ္ထဝိညာဉ် မိန်းမချောမှာ ခေါင်းဖြတ်မခံနိုင်သဖြင့် တန့်ခနဲရပ်လိုက်ရသည်။

'အဲဒီလိုလုပ်လို့ မရဘူးလေ၊ စကားပြောမှာဖြင့်ရင်လဲ စကားကို ဣန္ဒြေရရ ပြောစမ်းပါ'

စန်းအော်က အေးစက်စက်ပြောလိုက်ရာ စတုတ္ထဝိညာဉ် မိန်းမချောမှာ အလှပျက်သွားသည်အထိ မျက်နှာကြီးကို ရှုံ့မဲ့ပစ်လိုက်သည်။

'ညည်းက ဘာကောင်မမို့ ငါ့ကိုဟန့်တားနိုင်မှာလဲ'

လုစုယာသည် အပြေးအလွှားစဉ်းစားလိုက်သည်။ သူသာ လွှတ်ပေးလိုက်လျှင် စန်းအော်နှင့်ထိုမိန်းမတို့ အကြိတ်အနယ်ယှဉ်ပြိုင် တိုက်ခိုက်ကြတော့မည်။

စန်းအော်မှာ သိုင်းပညာ အရည်အသွေးတက်နေသော်လည်း အတွေ့အကြုံနုနယ်သည်။

မည်သို့ ပြုလုပ်မည်နည်း။ ဝိညာဉ်ဖြူတို့ ကျေကျေနပ်နပ် ရှုံးအောင် လုပ်ရမည်။ သို့မှသာ ကုလန်အတွက် စိတ်ချရမည်။ သူတို့ ကျေကျေနပ်နပ် အရှုံးမပေးလျှင် သူတို့ ပြန်သွားပြီးသည့်နောက်တွင်ပင် ကုလန်ကို အကြိမ်ကြိမ်ဒုက္ခပေးမည်မှာ သေချာလှတော့သည်။

❖ ❖ ❖

## အခန်း (၁၉၇)
## ကတိ စည်းကမ်း

လုစုယာသည် ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီး. . .

'အမျိုးသမီး. . . မတိုက်ချင်နဲ့ဦး'

စတုတ္ထဝိညာဉ်က စူးစူးရဲရဲပြန်ကြည့်၏။

'ခင်ဗျားက တိုက်ချင်နိုက်ချင်စိတ် အင်မတန်ပြင်းထန်တာကိုး၊ ရှိစေတော့၊ ခင်ဗျား တိုက်ချင်တာကို တိုက်ရစေ့မယ်၊ မတိုက်ခင် ကတိစာချုပ်စကားလေးတော့ ပြောကြဦးစို့'

စတုတ္ထဝိညာဉ်သည် မဲ့ပြုံးပြုံးပြီး လုစုယာဘက်သို့ပြန်လှည့်လာ၏။

'ဘာလဲ. . . ရှင်က ကျွန်မနဲ့တိုက်ဖို့ ထပ်ပြောဦးမလို့လား'

'ဟင်း. . . ဟင်း. . . ဟင်း။ တိုက်မယ်လေ၊ ခင်ဗျားနဲ့သာ မကဘူး၊ ခင်ဗျားရော ဒုတိယဝိညာဉ်ပါ နှစ်ယောက်တိုက်ခိုက်ပါ၊ ကျုပ်က ကျုပ်ဘာသာ တစ်ယောက်တည်းတိုက်ပါ့မယ်'



'ဟင်. . . ဘာပြောတယ်၊ နှစ်ယောက်တစ်ယောက် တိုက်မယ် ဆိုတဲ့သဘောလား။ ရှင်းရှင်းပြောစမ်းပါ'

'ခင်ဗျား နားကန်းနေသလား၊ ကျုပ်ပြောတာရှင်းရှင်းလေးပဲ၊ ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်က တစ်ယောက်တည်းတိုက်မယ်'

ကုလန်ကြီးမှာ ဟင်ခနဲဖြစ်သွား၏။ လုစုယာ မှားလေပြီဟု ချက်ချင်းပင် မှတ်ချက်ချမိသည်။ ဝိညာဉ်ဖြူငါးယောက်တွင် ဤနှစ်ယောက်သည်သာ ကြောက်စရာအကောင်းဆုံးသူ နှစ်ဦးဖြစ်သည် မဟုတ်ပါလော။

စတုတ္ထဝိညာဉ်ကတော့ ထားတော့။ ဒုတိယဝိညာဉ်၏ပညာမှာ လွန်စွာလျှို့ဝှက်ဆန်းကြယ်လှသည်။ သူသည် လုစုယာနှင့်အဆင့်တူ တစ်ဦးဖြစ်သည်မှာ ငြင်းပယ်၍မရသောအချက် ဖြစ်ပေသည်။

ထို့ကြောင့် ဒုတိယဝိညာဉ်နှင့် တစ်ဦးချင်းပြိုင်မည်။ ထို အရှုံးအနိုင်ကို အတည်ယူမည်။ သို့မဟုတ် တစ်ယောက်ပြီးတစ်ယောက် ယှဉ်ပြိုင်မည်။

နှစ်ယောက်စလုံးနှင့်ယှဉ်ပြိုင်ပြီးမှ အရှုံးအနိုင်ကို ဆုံးဖြတ်မည် ဆိုပါက တော်ပေသေးသည်။ ယခုမူ လုစုယာ၏စိန်ခေါ်ချက်မှာ ဖြစ်သင့်သည်ထက်ပို၍ လွန်ကဲသွားလေပြီဟု ကုလန်စိတ်သောက ရောက်သွားလေတော့၏။

ဒုတိယဝိညာဉ်ကား စကားများများမပြောဘဲ သူ့အသာရမည့် အချက်ကို ကျိတ်၍စဉ်းစားနေခိုက် လုစုယာက ထိုသို့အလွန်အကျွံ ပြောလာသောအခါ ထိုအခွင့်အရေးကိုလက်လွှတ်မခံတော့ပေ။

'ကောင်းပြီ၊ ခင်ဗျားပြောသလိုပဲ ပြိုင်ကြတာပေါ့'

ထိုစဉ် ကုလန်က ဝင်၍ ကန့်ကွက်သည်။

'လုစုယာ မင်းပြောတာကို ငါ သဘောမတူဘူး။ ငါနဲ့က ရန်ငြိုးရန်စ ရှိသေးတော့ ငါပါ ပါသင့်တယ်၊ မင်းနဲ့ငါ၊ သူတို့နှစ်ယောက်၊ ဒီလို နှစ်ယောက် နှစ်ယောက်ချင်းမှ သဘာဝကျတော့မပေါ့'

ဒုတိယဝိညာဉ်က အေးစက်စက်ရယ်ပြီး. . .

'ဟန်တရုတ် သိုင်းသမားတွေဟာ ထွေးပြီးသားတံတွေးကိုတော့ ပြန်မျိုမယ်မထင်ဘူး'

လုစုယာမှာ ဒေါသထွက်သွား၏။

'စိတ်ချ. . . ကျုပ်က ဘယ်သူ့အကူအညီနဲ့မှ မတိုက်ဘူး၊ ကျုပ်တစ်ယောက်တည်းပဲ တိုက်မယ်၊ ကုလန် ခင်ဗျား ဝင်ကူချင်တာကို ကျေးဇူးတင်ပါတယ်၊ ကျုပ်က စကားကျုံပြီးပြီဆိုတော့ ခင်ဗျား ဝင်မကူပါနဲ့တော့၊ သည်းခံပါတော့'

ဒုတိယဝိညာဉ်က သဘောကျစွာ တဟားဟား ရယ်လိုက်လေ၏။ သူ အသာစီးရဖို့သေချာသွားပြီ မဟုတ်ပါလား။

သူက. . .

'ကဲ. . . တကယ်လို့ ခင်ဗျားတို့ရှုံးနိမ့်သွားပြီဆိုပါတော့၊ ဘယ်လိုလုပ်မှာလဲ၊ ဒါလဲ ကြိုပြောထားဦး'

ထိုအမေးစကား အတွက်ကား အဖြေအဆင်သင့် စဉ်းစားထားပြီးခဲ့ပြီ။

'ဒါလား၊ နောင်ကြီးကုလန်ရော ကျုပ်တို့ပါ၊ ပါရှားပြည်ထဲက ထွက်သွားမယ်၊ ခင်ဗျားတို့ကို ဘာအနှောင့်အယှက်မှ မပေးတော့ဘူး၊ ပါရှားပြည်ရဲ့ နံပါတ်တစ်အဆင့်သိုင်းသမားဘွဲ့ကို ခင်ဗျားယူ၊ ကိုယ်ရဲ



တော်ချုပ်ရာထူးကိုလဲ ခင်ဗျားယူပေတော့'

'ဟဲ. . . ဟဲ. . . ဟဲ. . . ကျေနပ်တယ်၊ ကျုပ်ကလဲ ခင်ဗျားတို့ ကျေနပ်အောင် ကတိပေးရဦးမှာပေါ့၊ ခင်ဗျားသာ တကယ်နိုင်သွားခဲ့ရင်တော့ ကျုပ်ရယ် ကျုပ်ညီမရဲ့ဦးခေါင်းရယ်ကို ခင်ဗျားတို့ကို လက်ဆောင်ပေးလိုက်မယ်'

ဤစကားမှာ လွန်လွန်ကျူးကျူးပြောလိုက်သည့် စကားဖြစ်သည်။ နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ခြင်းဖြစ်၍ သူတို့အနေဖြင့် မည်သို့မျှ မရှုံးနိုင်။

ထို့ကြောင့် ခေါင်းဖြတ်ပေးရမည်လည်း မဟုတ်။ ထိုသေချာသော စိတ်ဓာတ်ဖြင့် လွန်လွန်ကျူးကျူးကတိပေးခြင်း ဖြစ်ပေသည်။

ကုလန်က မဲ့မဲ့ရွဲ့ရွဲ့ဝင်ပြောလာသည်။

'ဟေ့. . . မင်း စကားကို သေသေချာချာပြန်စဉ်းစားပါဦးကွာ၊ မင်းတို့ သိပ်နစ်နာသွားပါဦးမယ်'

ဒုတိယဝိညာဉ်က ကုလန်ကို စူးရဲစွာကြည့်ပြီး. . .

'ခင်ဗျား ဝင်မပြောပါနဲ့၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ ရှုံးပြီးရင် ရှုံးတဲ့နေရာမှာ အေးအေးဆေးဆေးနေစမ်းပါ'

ကုလန် ဒေါသထွက်ပြီး ရှေ့တိုးရာ လုစုယာကတားပြီး နောက်သို့ ပြန်တွန်းပို့လိုက်၏။

'နောင်ကြီး ကုလန်၊ သည်းခံပါဗျာ၊ ကျွန်တော့်အစီအစဉ်တွေ ပျက်ကုန်ပါ့မယ်'

ကုလန်သည် တရှူးရှူးတရှားရှားဖြင့် နောက်ပြန်ဆုတ်သွားလေ၏။

လုစုယာက ဒုတိယဝိညာဉ်ကိုကြည့်ပြီး. . .

'ခင်ဗျားရဲ့ ကတိပေးရဲရင့်တာကို ကျုပ်ချီးကျူးပါတယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားတို့ရဲ့အသက်တွေယူလို့ ကျုပ်အတွက် ပညာတစ်ထစ် တိုးသွားတာမှ မဟုတ်ဘဲ'

'ဒါဖြင့် ပြော၊ ဘာလိုချင်သလဲ'

'ခင်ဗျားတို့နှံ့ရင် ပါရှားသိုင်းလောကထဲက ခင်ဗျားတို့ အေးအေးဆေးဆေးထွက်သွားဖို့ပဲ လိုလားတယ်၊ ကျုပ်ရဲ့နောင်တော်ကုလန်ကို ဘာအနှောင့်အယှက်မှ မပေးရဘူး၊ ဒီကတိလဲ လိုချင်တယ်၊ တန်ဖိုးရှိတဲ့ကတိနော်'

ဒုတိယဝိညာဉ်က အေးစက်စက်ပြော၏။

'စိတ်ချပါ၊ ကျုပ်တို့ကလဲ ထွက်ပြီးသောဆင်စွယ် ဝင်တယ်ဆိုတာမရှိစေရဘူး၊ အဲဒီကတိကို ပေးတယ်၊ ကုလန်ကို ဘာမှမနှောင့်ယှက်တော့ဘူး၊ ဝိညာဉ်ဖြူတွေရဲ့ကတိဟာ အမြဲတမ်း တန်ဖိုးရှိတယ်ဆိုတာ ယုံပါ'

လုစုယာက ခေါင်းညိတ်လိုက်၏။

'ဒါဆို ကျေနပ်ပြီ၊ ကတိ အပိုင်းပြီးပြီ၊ တိုက်ဖို့ခိုက်ဖို့ပဲ လိုတော့တယ်'

ဒုတိယဝိညာဉ်က စတုတ္ထဝိညာဉ်ကို လှည့်ပြော၏။

'စတုတ္ထညီမလေး. . . တို့နှစ်ယောက်ပေါင်းတိုက်လို့မှ ဒီကောင်လေးကို မနိုင်ဘူးဆိုရင် တို့တစ်တွေဟာ ပါရှားပြည်ရဲ့နံပါတ်တစ် သိုင်းသမားလဲ မဖြစ်သင့်တော့ပါဘူး၊ ဒါကို ငါ့အသည်းနှလုံးထဲက နှစ်နှစ်ကာကာယုံကြည်တယ်၊ ဟုတ်တယ်လေ၊ တို့ သိုင်းပညာ



ဘယ်လောက် ကောင်းသလဲ၊ ပါရှားမှာ တို့ပြိုင်ဘက်မရှိတော့ဘူး၊ ဒါတောင် သူက တို့ကို အကြောပေးပြီးတိုက်သေးတယ်၊ ဒါတောင် နှုံးတယ်ဆိုရင်တော့ ငါတို့ ဘယ်မျက်နှာပြဖို့ သင့်တော့မလဲ၊ တို့ထားခဲ့တဲ့ကတိစကားကို တည်လိုက်ကြမယ်၊ ညီမလေး ဘယ်လိုသဘောရသလဲ'

ထိုသို့ မောင်နှမနှစ်ယောက် ပြန်တိုင်ပင်ပုံထောက်၍ စတုတ္ထဝိညာဉ် မိန်းမချောသည်ကတိကို တန်ဖိုးထားပုံမရကြောင်း လုစုယာတို့ ရိပ်မိလိုက်သည်။

ယခင်က အဖြစ်အပျက်များ၌ စတုတ္ထဝိညာဉ်က အကြိမ်များစွာ ကတိဖျက်ပုံရခဲ့သည်။ ထို့ကြောင့် ဒုတိယဝိညာဉ်က သူ့ညီမကို ချည်ပြီး တုပ်ပြီး မေးနေရခြင်းသာ ဖြစ်ရပေမည်။

စတုတ္ထဝိညာဉ်ကအံကြိတ်ပြီး ခေါင်းညိတ်လိုက်၏။

'စိတ်ချအစ်ကိုတော်၊ ညီမ ကတိပေးတယ်၊ အစ်ကိုတော် ပြောတဲ့အတိုင်း ကတိတည်စေရမယ်'

ဒုတိယဝိညာဉ်က ဟင်းချလိုက်ပြီး. . .

'ကောင်းတယ်၊ ဒါဆိုရင် တိုက်ဖို့ပဲရှိတော့တာပေါ့'

စတုတ္ထဝိညာဉ်က လုစုယာအား ခနဲ့တဲ့တဲ့ပြော၏။

'တဲ. . . သူ့ရဲကောင်းကြီးရဲ့ ဘာဖြစ်လို့ လက်နက်မထုတ်သေးတာလဲ၊ ကုလန် ဘယ်လိုဒဏ်ရာရထားတယ်ဆိုတာလဲ ကြည့်ဦးနော်၊ လက်ချည်းသက်သက်ပြိုင်လို့ကတော့ လွယ်မယ်မထင်နဲ့'

လုစုယာက စတုတ္ထဝိညာဉ်အား ခပ်တင်းတင်း စိုက်ကြည့်လိုက်သည်။ သူသည် ယခုအထိ ဓားမထုတ်သေးပေ။

'မလိုသေးပါဘူး၊ ခင်ဗျားတို့နဲ့ ကတိစကားပြောတုန်းက ဓားထုတ်ရမယ်၊ ဓားမထုတ်ရဘူးဆိုတဲ့ စည်းကမ်းချက်တွေ မပါပါဘူး၊ ကျုပ်ထုတ်ချင်တဲ့အခါ ထုတ်မယ်၊ သွင်းချင်တဲ့အခါ သွင်းမယ်၊ ကျုပ် သဘောပဲ၊ ကျုပ်က မလိုအပ်သေးဘူးထင်လို့ မထုတ်တာလို့သာ မှတ်ထားလိုက်ပါ'

လုစုယာက တိုက်ပွဲစနိုင်ပြီဖြစ်ကြောင်း အချက်ပြလိုက်လေ၏။ သူ ဘာလက်နက်မျှ မထုတ်ပေ။

လုစုယာအနီးသို့ ရန်သူနှစ်ယောက်ခုန်ဝင်လာ၏။ လုစုယာက လက်ဝါးနှစ်ဘက်ကို တွန်းရိုက် ရိုက်လိုက်သည်။

'ဝုန်း. . .'

ပြင်းထန်သော လက်ဝါးရိုက်ချက်သည် ကြောက်မက်ဖွယ် လေလှိုင်းသံနှင့်အတူ ထွက်ပေါ်လာ၏။

ဒုတိယဝိညည်နှင့် စတုတ္ထဝိညာဉ်တို့ နောက်ဆုတ်သွားကြရ၏။ လက်ဝါးရိုက်အား ပြင်းထန်လွန်းလှသည်။

'တိုက်ကြပါ၊ ဘာမှ အားမနာကြပါနဲ့'

'ရှင်က ကျွန်မတို့ကိုအထင်သေးပြီး ဓားမထုတ်တာလား'

စတုတ္ထဝိညာဉ်က ဒေါသသံဖြင့်မေးလေ၏။

လုစုယာက အေးစက်စက်ပင်. . .

'ဒီအတွက်တော့ ခင်ဗျား ဒေါသထွက်စရာမလိုတော့ပါဘူး၊ ဒေါသထွက်ရင် အစကတည်းက ဒေါသထွက်သင့်နေတာပဲ'

စတုတ္ထဝိညာဉ်၏မျက်လုံးများထဲ၌ စူးစမ်းသော အရိပ်အယောင်များ ပေါ်လာ၏။ လုစုယာ ပြောသည့်စကားကို နားမလည်



သည့်သဘောပင်။

'ဟင်း. . . ဟင်း. . . ဟင်း၊ ခင်ဗျား နားမလည်ဘူး ဟုတ်လား၊ ခင်ဗျားနဲ့ကျုပ်တို့ ဘယ်နှစ်ယောက်ချင်း ယှဉ်ပြိုင်နေရသလဲ၊ မတူ မတန် သဘောထားတယ်ဆိုတာ ခင်ဗျားတို့ကို နှစ်ယောက်ပေး တိုက်ကတည်းက ကျုပ်သဘောထားကို ဖော်ပြနေတာပဲပေါ့ဗျ၊ ခင်ဗျားဟာ အဲဒီကတည်းက ဒေါသထွက်သင့်တယ်၊ ကျွန်မတို့ နှစ်ယောက်ချင်း မတိုက်ဘူး၊ တစ်ယောက်ချင်းပဲတိုက်မယ်လို့ ပြောသင့်တာပေါ့၊ ခုမှတော့ ဒေါပွမနေပါနဲ့အမျိုးသမီး'

လုစုယာ၏စကားများက ဝိသသလေးနှင့်ဘေးပစ်သလို ရှိသွားသည်။ သူမ၏မျက်လုံးပြာများက ပြူးထွက်သလိုဖြစ်လာ၏။ သူမ ဘာမျှ မပြောနိုင်ပေ။ လုစုယာ၏စကားများက အမှန်တရားပင် မဟုတ်ပါလား။

စတုတ္ထဝိညာဉ်သည် ရှက်ခြင်းနှင့် ဒေါသထွက်ခြင်းတို့ ပေါင်းစပ်ကာ လုစုယာကို လေပွေမွှေ့သကဲ့သို့ တရကြမ်းဝင်တိုက်တော့၏။

ဒုတိယဝိညာဉ်သည် စတုတ္ထဝိညာဉ်၏တိုက်ကွက်ကို ဖွင့်ပေးထား၏။ စတုတ္ထဝိညာဉ်ကို အရှောင်လွန်ပြီး လုစုယာ၌ ဟာကွက်ဖြစ်ပေါ်လာလျှင် အပိုင်တိုက်မည်ဟုတွက်ပြီး သဘောလောက်သာ တိုက်နိုက်သည်။

လုစုယာသည် လက်ဝဲလက်ကိုထုတ်ပြီး စတုတ္ထဝိညာဉ်၏ ဓားကိုဖမ်းသည်။

'ဟင်. . .'

စတုတ္ထဝိညာဉ် ကြောက်သွား၏။ သိုင်းသမားချင်း ယှဉ်ပြိုင်ရာ၌

ရန်သူ၏လက်နက်ကို ဖမ်းသူသည် နှယ်နှယ်ရရသိုင်းသမား မဟုတ်
ပေ။

လွန်စွာ သိုင်းပညာကောင်းမှသာ တစ်ဘက်ရန်သူ၏လက်နက်
ကို ဖမ်းရဲကြပေသည်။

သို့သော်. . .

သူမစိတ်ထဲတွင်မူ လုစုယာကို လုံးဝအထင်မကြီးချင်ပေ။

သို့သော်. . . ယှဉ်ပြိုင်သည့်ပုံစံအရ အထင်မကြီး၍လည်း မ
ပေ။ မည်သို့ပင်ဖြစ်စေ သူမ၏အစ်ကိုတော်နှင့် ပူးပေါင်း၍မူ လုစုယာ
ကို သတ်နိုင်မည်ဟု ယူဆပေသည်။

'ဟင်း - သူ့ကိုယ်သူ အတော်အထင်ကြီးတယ်၊ မှတ်လောက်
သားလောက်အောင် ဆုံးမလိုက်ဦးမယ်'

သူမက ဓားဖြင့်လှမ်းဆွဲလိုက်သည်။ လုစုယာက စတုတ္ထ ဝိညာဉ်
၏ဓားကွက်များကို မကြောက်ပေ။ ဓားချက်တိုင်း၏လမ်းကြောင်းကို
ကြိုမြင်သည်။

ထို့ကြောင့် ကြို၍ရှောင်နိုင်သည်။ ဤကား လုစုယာ၏အဆင့်
မြင့်သော သိုင်းပညာပေတည်း။

ထိုအချိန်တွင် ဒုတိယဝိညာဉ်က တိုက်ပွဲထဲသို့ဖိဖိစီးစီး ဝင်
တိုက်လာလေ၏။

လုစုယာသည် အချိန်အဆ မှန်အောင်ဂရုစိုက်ရသည်။ စတုတ္ထ
ဝိညာဉ်၏ဓားချက်များကို သူ ဂရုမစိုက်သော်လည်း ဒုတိယဝိညာဉ်နှင့်
စတုတ္ထဝိညာဉ်တို့၏ ညှပ်ပူးညှပ်ပိတ် အဖိမခံရအောင်တော့ ဂရုစိုက်
ရသည်။



ဒုတိယဝိညာဉ်၏သိုင်းကွက်များမှာ လေးနက်သလောက်
စတုတ္ထဝိညာဉ်၏သိုင်းကွက်များမှာ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းလဲနေ
သည်။

စင်စစ် သူမ၏ဓားသည် မြွေဆိုးတစ်ကောင်ကဲ့သို့ ဖြစ်နေ၏။
မြင်မြင်ရာ ပေါက်ချင်သကဲ့သို့ သူမ၏ ဓားသည် လုစုယာကို မနားတမ်း
တိုက်ခိုက်နေသည်။

လုစုယာသည် ဒုတိယဝိညာဉ်၏ဗီဇနှင့် စတုတ္ထဝိညာဉ်တို့၏
ဗီဇကို အတော်ကလေးနီးကပ်စွာ ခန့်မှန်းနိုင်သဖြင့် နှစ်ယောက်
တစ်ယောက် အကြောပေးတိုက်ခိုက်မှု မှန်ကန်သလိုဖြစ်သွား၏။

နောက်တစ်ကြောင်းမှာ စတုတ္ထဝိညာဉ်ပါလာသဖြင့် ဒုတိယ
ဝိညာဉ်အနေဖြင့် စိတ်ရှိလက်ရှိ မတိုက်နိုင်ခြင်းဖြစ်သည်။

အကွက်တော်တော်များများ၌ ဒုတိယဝိညာဉ် လက်ရှောင်ပေးခဲ့
ရသည်။

ဤသည်မှာ ဝိညာဉ်ဖြူငါးယောက်တို့သည် ငါးယောက်ပူးတွဲ
တိုက်ကွက်ကို လေ့ကျင့်ထားကြသော်လည်း နှစ်ယောက်တွဲ၊ သုံး
ယောက်တွဲတိုက်ကွက်များကို လေ့ကျင့်ထားခြင်းမရှိကြောင်း သက်
သေပြသလို ဖြစ်နေ၏။

ဘွန်လူအောနှင့် စန်းအော်တို့သည် ထိုအခါမှ ဟင်းချနိုင်ကြ၏။

စန်းအော်က. . .

'မမ ဘွန်လူအော၊ ဟွမ်ရှီစုံကို ညီမလေးတို့ တစ်ခုခုလုပ်ပေး
ထားရင် ကောင်းမယ်'

ထိုအခါကျမှ ဘွန်လူအောလည်းသတိရပြီး ဟွမ်ရှီစုံ၏သွေး

ကြည့်မိကြသည်။

ဤပွဲသည် တရုတ်ပြည်၌ဆိုလျှင် သမိုင်းမှတ်တိုင် ဖြစ်လောက်သည့် ပွဲပင်။

ဒုတိယဝိညာဉ်၏နက်နဲဆန်းပြားသော သိုင်းပညာများကြောင့် စတုတ္ထဝိညာဉ်မှာ တဖြည်းဖြည်း ပွဲအပြင်သို့ရောက်ရှိသလို ဖြစ်လာသည်။

စန်းအော်မှာ ဓားကိုတကိုင်ကိုင်ဖြစ်လာ၏။ စောစောကလို စိတ်အေးလက်အေး ကြည့်မနေနိုင်တော့ပေ။

ဘွန်လူအောမှာလည်း ချစ်သူအတွက် စိတ်ပူလာသည်။ နှစ်ယောက်တစ်ယောက် တိုက်စဉ်က စိတ်မပူခဲ့ရသလောက် စတုတ္ထဝိညာဉ် ဘေးရောက်ပြီး ဒုတိယဝိညာဉ်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်လာသောအခါ စိတ်ပူလာရသည်။

ထိုအခါကျမှ လုစုယာက စတုတ္ထဝိညာဉ်ကို ပွဲရှုံးအောင် တမင်ထည့်သွင်းထားခြင်းဖြစ်ကြောင်း ရိပ်မိတော့သည်။

ဘွန်လူအောက စတုတ္ထဝိညာဉ် မခံချင်ဖြစ်အောင် လှမ်း၍ အော်လိုက်သည်။

'ဘယ်လိုလဲ၊ စောစောတုန်းကတော့ မတိုက်ရရင်သေမလောက် ဖြစ်နေပြီး အခုမှ ဘာဖြစ်လို့ ဓားကလေးတစ်ချက် နှစ်ချက် ထိုးလိုက်ထုတ်လိုက် လုပ်နေရတာလဲ'

'ဟဲ့. . . နင့်လင် ဟိုမှာ ဘယ်လိုခံစားနေရသလဲ တွေ့လား ငါ ဝင်လုပ်ရင် နင့်လင် သေသွားမှာပေါ့'

စတုတ္ထဝိညာဉ်က ရင့်သီးစွာတုံ့ပြန်သည်။ သူမ၏ရုပ်ရည်



ချောမော်မှုမှာ သူမ၏ ဖရုသဝါစာစကားများနှင့်ကား ဆန့်ကျင်လှပေ၏။ ရုပ်ချောတိုင်းလည်း မယဉ်ကျေးချေတကား။

ကုလန်ကား ကြည့်နေသူများထဲတွင် အတွေ့အကြုံ အရင့်ဆုံးသူ ဖြစ်သည်။ သိုင်းလောက ဗဟုသုတနှင့် အလွန်ပြည့်စုံသူဖြစ်၏။

ထို့ကြောင့် လုစုယာ၏လှုပ်ရှားမှုများအတွက် စိတ်ပူပန်သောက သိပ်မဖြစ်မိပေ။ လုစုယာအတွက် ချောင်းနေကြောင်း သူ ရိပ်မိ၏။

ဤတိုက်ပွဲမှာ အသက်နှင့်ရင်းရသည့် တိုက်ပွဲဖြစ်သည်။ ဒုတိယဝိညာဉ်သည် သူသာ အခွင့်သာလျှင် လုစုယာကို အသက်နှင့်မျှော တွဲလျက်ထားခဲ့မည် မဟုတ်ချေ။ သတ်ပစ်မည်မှာ သေချာသည်။

ကုလန်သည် အသက်စွန့်လျက် သူ့အတွက် ကူညီတိုက်ခိုက်ပေးနေသည့် လုစုယာကို စိတ်ထဲမှ အကြိမ်ကြိမ် ချီးကျူးတင်စကား ပြောနေမိတော့သည်။

❖ ❖ ❖

## အခန်း (၁၉၈)

## ဟန်တရုတ်သိုင်းသမား၏ လက်စွမ်း

တိုက်ပွဲမှာ အားလုံးအတွက် စိတ်လှုပ်ရှားဖွယ်ရာဖြစ်နေသဖြင့် မည်သူမျှ တုတ်တုတ်မလှုပ်ကြ။ ထိုစဉ် ဒုတိယဝိညာဉ်နှင့် စတုတ္ထဝိညာဉ်တို့၏ ညှပ်တိုက်ကွက်တစ်ကွက် ပေါ်လာ၏။

ဒုတိယဝိညာဉ်က လုစုယာ၏နောက်ကျောကိုရိုက်ပြီး စတုတ္ထဝိညာဉ်က လုစုယာ လည်ပင်းကို ဓားနှင့်ထိုးသည့်အကွက်ပေတည်း။ လုစုယာ ဂရုစိုက်သည်မှာ ဒုတိယဝိညာဉ်၏လက်ဝါးသာ ဖြစ်သည်။ သူသည် စတုတ္ထဝိညာဉ်ကိုဖယ်ရှားပြီး ဒုတိယဝိညာဉ်၏ရိုက်ချက်မှ ရှောင်ထွက်ခြင်း ဖြစ်သည်။

လုစုယာသည် သူ့လက်ကိုဆတ်ခနဲထုတ်ပြီး စတုတ္ထဝိညာဉ်၏ ဓားကိုင်လက်ကိုဖမ်းရန် ဟန်ပြင်လိုက်သည်။ စတုတ္ထဝိညာဉ် လန့်သွားသည်။ တကယ်တမ်းတိုက်လျှင် လုစုယာက သူ့ဓားချက်များကို ရှောင်တိမ်းနိုင်သည်သာဖြစ်ကြောင်း စတုတ္ထဝိညာဉ် သိခဲ့လေပြီ။



ဤလူငယ်သည် ပါရှား၌တည်ငြိမ်နေသည့် သူတို့၏သိုင်းလောကရာဇပလ္လင်ကို ဆွဲလှုပ်နေပြီဖြစ်ကြောင်း သိလိုက်ရသည်။

'ရှင့်လက်က သံမဏိလက်မို့လို့လား'

စတုတ္ထဝိညာဉ်က လက်ကိုဆုတ်၍ ရှောင်လိုက်၏။ လုစုယာ လိုချင်သည်က ဒါပဲဖြစ်သည်။ သူ့ရည်ရွယ်ချက်က စတုတ္ထဝိညာဉ်၏ လက်ကို ဖမ်းရန် မဟုတ်ပေ။ ကျောင်းမှန်းကန်မှန်း သိအောင် အစွမ်းပြချင်၍ ဤဟန်ပြတိုက်ကွက်ကိုထုတ်ခြင်း ဖြစ်သည်။

'ရွှမ်း'

စတုတ္ထဝိညာဉ် ဓားဆွဲနုတ်စဉ် လုစုယာ၏လက်သည် လက်ခလယ်လက်ချောင်းကလေးကို ဆန့်ထုတ်ပြီးဖြစ်နေ၏။

ချက်တိုင်မှ အစပြုသောအတွင်းအားများကို လက်ချောင်းဆီသို့ ပို့လွှတ်လိုက်သည်။ ဤကား ကျောက်စိမ်းလက်ချောင်းသိုင်း၏ ပြုန်းပြုန်းစဉ် ကျင့်ရိုးကျင့်စဉ် ပေတည်း။

သူ့လည်ချောင်းအား ထိုးသွင်းလိုက်သောဓားချက်သည် သူ့အား ဒုက္ခမပေးနိုင်ဘဲ အလျှင်အမြန်ဆွဲနုတ်သွားစဉ် လုစုယာ၏ လက်ချောင်းကလည်း လေထဲမှ အလျှင်အမြန်ကပ်လိုက်သွားသည်။

'ထောက်. . .'

'ချွမ်း. . .'

အတွင်းအား ပြည့်လျှမ်းနေသောလက်ချောင်းက ဓားရှည်ကို လျှပ်တစ်ပြက်လှမ်းထောက်လိုက်ရာ အံ့ဩဖွယ်ကောင်းလောက်အောင် စတုတ္ထဝိညာဉ်၏ဓားသည် ထက်ပိုင်းကျိုးသွား လေတော့၏။

စတုတ္ထဝိညာဉ် ကြက်သီးထသွား၏။ လုစုယာသည် ကျောက်

စိမ်းလက်ချောင်းသိုင်းကို အကြိမ်ကြိမ်သုံးစွဲခဲ့သော်လည်း ဓားကိုမူ မချိုးခဲ့သေးပေ။

ထန်တိုဆရာတော်၏ ကျောက်စိမ်းလက်ချောင်းသိုင်းမှာ ဓားလှံလက်နက်အားလုံးကို ချိုးနိုင်စွမ်းရှိ၏။ သို့သော် ဆရာတော်က သိုင်းလောကကို ရှောင်ခွာနေခဲ့လေပြီ။ ဆရာတော်၏စွမ်းရည်ကို သိုင်းလောကသားတို့ မြင်ရဖို့မလွယ်တော့ပေ။

'သူ. . . သူ့လက်က တကယ့်သံမဏိလက်ပဲကိုး'

စတုတ္ထဝိညာဉ်အမျိုးသမီး ထိတ်လန့်ပြီး ရေရွတ်မိလေ၏။ သူမသည် ကျောက်စိမ်းလက်ချောင်းသိုင်းပညာအကြောင်း မကြားဘူးသေးပေ။

ယခု. . . သူမ လက်နက်မဲ့သွားပြီ။ သို့သော် သူမက ဓားကျိုးကို မပစ်ပယ်ရဲသေးပေ။

ဒုတိယဝိညာဉ်ကား မျက်နှာတစ်ပြင်လုံး ညိုပုတ်သွားသည်။ သူ့အနေဖြင့် လုစုယာစွမ်းသလို မစွမ်းနိုင်ပါချေ။

သူ့ပြိုင်ဘက်၌ အံ့ဖွယ်သရဲစွမ်းရည်ရှိနေခြင်းသည် သူ့ အနာဂတ်အတွက် ဘေးချမ်းမှု မရှိခြင်းပင်တည်း။

'ဒါဟာ တကယ်စစ်မှန်တဲ့ ကျောက်စိမ်းလက်ချောင်းသိုင်းပဲ'

ကုလန်က ခပ်တိုးတိုးရေရွတ်သည်။ သူသည် တရုတ်ပြည် သိုင်းလောက၌ ကျင်လည်ခဲ့သူဖြစ်၍ ကျောက်စိမ်းလက်ချောင်းသိုင်း အကြောင်း ကြားဖူးသည်။ ကိုယ်တိုင်လည်း အတိုက်ခံရဖူးသည်။

သို့သော် ဤမျှ ပြင်းထန်ထိရောက်သော ကျောက်စိမ်းလက်ချောင်းသိုင်း၏တိုက်ကွက်ကိုမူ သူသည် ယခင်က တစ်ကြိမ်မျှ



မမြင်ဘူးခဲ့ချေ။

ဘွန်လူအောသည်လည်း လွန်စွာအံ့ဩနေ၏။

စန်းအော်ကား မအံ့ဩချေ။ ထန်တိုဆရာတော်၏စွမ်းရည်ကို သူမမြင်ဖူးခဲ့သည် မဟုတ်ပါလော။ သူမသည် ထန်တိုဆရာတော် သင်ပေးသမျှပညာများ၌ လုံး၀ ယုံမှားသံသယမရှိပေ။

ဆရာတော်သင်ပေးသည့်ပညာများသည် အတွင်းအားပေါ် မူတည်ပြီး အမြင့်ဆုံးသို့ရောက်နိုင်သည်ကို သူမ သိထားပြီး ဖြစ်ပေသည်။

ထိုအထဲ၌ စိတ်အလှုပ်ရှားဆုံးကား ဘွန်တိမ်စန်းပေတည်း။ သူ စန်းအော်ကို စတင်တွေ့ချိန်က သူ့ပညာသည် စန်းအော်ထက် အဆမတန် မြင့်သည်။

စန်းအော်အား ဖမ်းဆီးခဲ့သည့် မရဏပုံလွှားအချို့ကို စိတ်တိုင်းကျ ဝှကွပေးနိုင်စွမ်းရှိခဲ့ပေသည်။ ယနေ့အချိန်တွင်တော့ ထိုသို့ မဟုတ်တော့ပေ။ စန်းအော်သည် သူ့ထက် အစစအရာရာ သာနေပေပြီ။

သူမသည် ဘွန်လူအောကိုပင် မီလုမီခင် ဖြစ်နေပေပြီ။ ထန်တို ဆရာတော်၏ချီးမြှင့်မှုကား အံ့မခန်းပါတည်း။

'ကြည့်စမ်း. . . နောင်ကြီးလုစုယာရဲ့ပညာက တကယ့်အံ့ဩစရာပဲ၊ ဒါ့အနေနဲ့ စန်းအော်ကိုတောင် မမီတော့ နောင်ကြီးလုစုယာကို ဘယ်မှာ မီတော့မှာလဲ၊ ငါ. . . ငါ. . . နောင်ကြီးလုစုယာဆီက ပညာတည်းပူးရတော့မလို ဖြစ်နေပြီ'

ဘွန်တိမ်စန်းမှာ အံ့ဩငေးမောရင်း သူ့ပညာ အတိမ်အနက်ကို

စိတ်ပျက်ချင်သလိုလို ဖြစ်လာလေ၏။

ဘွန်တိမ်စန်း ငိုင်တွေနေစဉ်မှာပင် လုစုယာက သျှိုင်ဘက်များကို တချကြမ်းတိုက်ခိုက်လျက်ရှိတော့သည်။ အခန်းထဲ၌ လှုပ်ရှားသံများက တဝိုးဝိုး မြည်နေ၏။

အသာစီးရခိုက် ရန်သူများ ပြန်မလှန်အောင် တိုက်ခိုက်ခြင်းသည် သိုင်းလောက၏အကောင်းဆုံးသော တိုက်ကွက်ပင် မဟုတ်ပါလား။

စတုတ္ထဝိညာဉ်ကား အနားမကပ်နိုင်တော့သည့်အပြင် ရှောင်ပင် ပြေးနေရတော့၏။ အခြေအနေကား ပြောင်းသွားလေပြီ။

ဒုတိယဝိညာဉ်မှာလည်း လုစုယာ၏ငယ်ထိပ်ကို စီး၍ ရိုက်၏။ လုစုယာက စတုတ္ထဝိညာဉ်ကို ခြေဖျားဖြင့်ကန်ထုတ်လိုက်ပြီး ဒုတိယဝိညာဉ်၏လက်ဝါးကို ခံပေးလိုက်သည်။

'ဝုန်း. . .'

ဒုတိယဝိညာဉ်မှာ တစ်ကိုယ်လုံးတုန်ခါသွား၏။

'ဒီကောင့်အတွင်းအားဟာ အင်မတန် ကြောက်စရာကောင်းပါကလား။ အမေမွေးကတည်းကများ အတွင်းအားပညာကို လေ့ကျင့်လာတာလား မသိဘူး'

ဒုတိယဝိညာဉ်မှာ စိတ်ထဲက ထိုသို့ပင်ရေရွတ်မိသည်။ သူတစ်ချက် ကံကောင်းသွားသည်မှာ သူ၏အတွင်းအားကို အစွမ်းကုန်အားကုန် တိုက်ခိုက်ခြင်း မပြုလိုက်ခြင်းပေတည်း။

အကယ်၍ သူသာ လုစုယာကို အပိုင်ထွက်ပြီး အတွင်းအားအကုန်ထုတ်သုံး ရိုက်ချပါက လုစုယာ၏ကျောက်စိမ်းလက်ချောင်းနှင့်တွေ့ပြီး စောစောစီးစီး ပွဲသိမ်းသွားရမည်သာဖြစ်သည်။

စတုတ္ထဝိညာဉ်သည် လုစုယာ၏ခြေဖျားအခတ်ကို လွတ်အောင်ရှောင်ပြီး ဓားကျိုးဖြင့် ပြန်လည်တိုက်ခိုက်သည်။ ဓားရှည်ဖြင့်ပင် ထိအောင် မတိုက်နိုင်ခဲ့ရာ အဘယ်မှာလျှင် ဓားကျိုးဖြင့်ထိအောင် တိုက်နိုင်ပေမည်နည်း။

ဒုတိယဝိညာဉ်သည် လုစုယာ၏ စွမ်းရည်ကိုသိမြင်လာလေလေ၊ ကြောက်ရွံ့စိုးရိမ်လာလေလေ ဖြစ်လာ၏။ သူသည် ခါး၌ပတ်ထားသောကျာပွတ်ကို ဆွဲဖြုတ်ပြီး လုစုယာကို လက်နက်ဖြင့်စတင်တိုက်ခိုက်တော့သည်။

'ရွှမ်း. . . ရွှမ်း. . . ရွှမ်း'

ယခုအခါ ဒုတိယဝိညာဉ်နှင့် စတုတ္ထဝိညာဉ်တို့သည် လုစုယာကို လက်နက်မဲ့ မတိုက်ခိုက်ကြတော့ပေ။ လက်နက်ဖြင့် တိုက်ခိုက်နေကြလေပြီ။ ဤကား သိုင်းသမား သူရဲကောင်းတို့၏ကျင့်စဉ်ကား မဟုတ်ပေ။

ဒုတိယဝိညာဉ်သည် ကျာပွတ်ပျော့နှင့်အတူ လက်သီး လက်ဖါးကိုလည်း အဆက်မပြတ် သုံးစွဲတိုက်ခိုက်သည်။ ဤသို့ လက်နက်ပျော့ သုံးစွဲလိုက်သဖြင့် သူတို့တိုက်ပွဲသည် တန်းတူရည်တူအဆင့်သို့ ပြန်လည်ရောက်ရှိသွား၏။

လုစုယာမှာ တစ်ချက်ကလေးမျှ သတိလစ်မခံပါ။

အဘယ်ကြောင့်ဆိုသော် သူတို့ တစ်ကွက်မှားလျှင် ကျန်တစ်ယောက်က ဝင်တယ်နိုင်သော်လည်း မိမိတစ်ကွက်မှားလျှင် မည်သူမျှ မကယ်နိုင်ဘဲ မိမိသာ ဒုက္ခရောက်မည်ကို လုစုယာ ကောင်းစွာ သိပေ

သည်။ ထို့ကြောင့် အမှားအယွင်း မခံဘဲ သတိကြီးစွာထား၍ တိုက်ခိုက်နေရခြင်းဖြစ်သည်။

'ရွှမ်း. . .'

နောက်တစ်ကြိမ် ကျာပွတ်အရိုက်တွင် လုစုယာက ကျာပွတ်ကို လက်ဖြင့်လှမ်းဆွဲလိုက်သည်။

ကျာပွတ်သည် လုစုယာ၏လက်ကို မရှောင်နိုင်ဘဲ လက်ထဲတွင် အမိခံလိုက်ရ၏။ ကျာပွတ်သည် အလယ်၌ တန်းနေ၏။ နှစ်ယောက် ပြိုင်ဆွဲကြသည်။ ဆောင့်ဆွဲကြသည်။ မည်သူ့ဆီမျှ ပါမလာပေ။

သည့်ထက်ပိုကြာလျှင် အတွင်းအားပြိုင်သည့်အဆင့်သို့ ရောက်ရှိတော့မည်။

ထိုစဉ် စတုတ္ထဝိညာဉ်သည် ဓားကျိုးနှင့်အတူ တစ်စုံတစ်ခုကိုပါ ဝှစ်ခနဲ ဝှစ်ခနဲ ပေါက်လိုက်တော့၏။ အစိမ်းရောင် အလင်းတန်းလင်းလက်သွားသည်။

လုစုယာက လျှပ်တစ်ပြက်ရှောင်ပြီး သူဖမ်းဆွဲထားသည့် ကျာပွတ်ဖြင့် ပြန်ခံပေးလိုက်သည်။ ဒုတိယဝိညာဉ်နှင့် လုစုယာတို့က တစ်ဘက်တစ်ချက်စီတန်းပြီး ဆွဲထားသဖြင့် ကျာပွတ်သည် လေးညို့သဖွယ်ဖြစ်နေရာ ပေါက်ဓားများသည် လေးညို့နှင့်ထိသည်နှင့် ပစ်သူထံသို့ တဝိုးဝိုးပြန်ထွက်သွားလေတော့သည်။

စတုတ္ထဝိညာဉ်မှာ သူ့ဓားများကို သူ ပြန်ရှောင်တိမ်းနေရတော့သည်။

လုစုယာသည် ကျာပွတ်ကိုလွှတ်ပေးလိုက်ပြီး ကြမ်းပြင်၌ တစ်ပတ်ကျွမ်း ထိုးလိုမ့်ကာ ရန်သူနှစ်ဦးနှင့်ဖိုခနောက်ဆိုင် အနေ



အထား ရယူလိုက်သည်။

ထို အနေအထားမှာ တိုက်လျှင်လည်းလွယ်၊ ရှောင်လျှင်လည်း လွယ်သော အနေအထားဖြစ်ပေသည်။

သူ အခြေနိုင်၍လှမ်းကြည့်လိုက်သောအခါ စတုတ္ထဝိညာဉ် ဝိန်းမချောထဲတွင် ထူးခြားဆန်းပြားသော ပေါက်ဓားတစ်လက် ရှိနေသောကြောင်း တွေ့လိုက်ရပြန်လေ၏။

'ဒီဓားကို ရှင် ဘယ်လို ခုခံမယ်ဆိုတာတော့ ကျွန်မ စောင့်ကြည့်ဦးမယ်'

စတုတ္ထဝိညာဉ်က အေးစက်စက်ပြောလာလေသတည်း။

❖ ❖ ❖

## အခန်း (၁၉၉)
## အရှုံးကြီး ရှုံးရခြင်း

လုစုယာသည် နဖူးမှချွေးများကို သုတ်လိုက်၏။ ဒုတိယဝိညာဉ်နှင့် စတုတ္ထဝိညာဉ်တို့သည်လည်း ချွေးပြန်နေကြသည်။ နှစ်ယောက်တစ်ယောက် တိုက်နိုက်ပါက သူတို့သာနိုင်လိမ့်မည်ဟု ထင်ခဲ့ကြ၏။

ကတိများကို ရက်ရက်ရောရောဖောဖောသီသီ ပေးခဲ့ကြ၏။ တကယ်တော့ သူတို့ထင်သလို ပွဲမသိမ်းနိုင်ဘဲ သူတို့သာ ရှုံးကိန်းဆိုက်နေရသည်။

ဒုတိယဝိညာဉ်သည် သူ့ညီမ၏လက်ထဲမှ ထူးဆန်းသောပေါက်ဓားကိုတွေ့သောအခါ ခေါင်းညိတ်ပြသည်။ သင့်လျော်သောလက်နက်ဖြစ်သည်။ တိုက်ဟု အချက်ပေးခြင်းဖြစ်သည်။



လုစုယာက ထိုပေါက်ဓားကို အသေအချာလှေ့လာလိုက်သောအခါ ဓားနှောင့်၌ သေးငယ်သောရွှေကြိုးမျှင်ကလေး ရှိနေကြောင်း တွေ့လိုက်ရ၏။

ထို့ကြောင့် ထိုပေါက်ဓားသည် စေလိုရာစေ ပေါက်ဓားဖြစ်ကြောင်း သိလိုက်ရသည်။

မိမိစေလိုသည့် နေရာမရောက်က တစ်ဘက်လူ၏တုံ့ပြန်မှုကို ခံရပါက ဓားကို လျှပ်တစ်ပြက် ပြန်ဆွဲယူနိုင်ရန် ရွှေကြိုးမျှင်ကလေးကို တပ်ဆင်ထားခြင်းဖြစ်ကြောင်း လုစုယာ ရိပ်မိသည်။

စတုတ္ထဝိညာဉ်အနေဖြင့် ထိုဓားတစ်ချောင်း ဆောင်ထားခြင်းကြောင့် အခြားပေါက်ဓားများ မလိုအပ်တော့ပေ။

ထိုဓားတစ်ချောင်းတည်းကိုသာ အထပ်ထပ်အခါခါ သုံးစွဲနိုင်သည် မဟုတ်ပါလော။

'ဗြို. . . ဝှစ်. . . ဝှစ်'

လုစုယာ သဘောပေါက်ချိန်မှာပင် စတုတ္ထဝိညာဉ်ကလည်း စတင်တိုက်ခိုက်တော့သည်။

လက်တစ်ကမ်းနှင့် ဓားအရှည်အလျားကို ပေါင်းစပ်တိုက်ခိုက်နိုင်ခြင်းအတွက် ဓားရှည်သည် အရာရောက်ပေသည်။

ယခု စတုတ္ထဝိညာဉ်၏ပေါက်ဓားက ဓားရှည်ထက်ပင် အရာရောက်သည်။ သာမန် တစ်ယောက်ချင်းယှဉ်ပြိုင်လျှင် စတုတ္ထဝိညာဉ်ကို အလေးဂရုစိုက်ရန် အကြောင်းမရှိသော်လည်း ဒုတိယဝိညာဉ်နှင့်တိုက်ခိုက်နေချိန်၌ စတုတ္ထဝိညာဉ်သည် အဝေးမှနေ၍ ကောင်းကောင်း ဒုက္ခပေးနေနိုင်သည်။

တိုက်ပွဲစည်းကမ်း၌ သူမပါ ဝင်ရောက်တိုက်ခိုက်ခွင့်ရှိရာ ဘော ဘွန်လူအောတို့အနေဖြင့် ထိုသို့သော တိုက်ခိုက်မှုကို မည်သို တားမြစ်နိုင်ခွင့် မရှိပေ။

ဒုတိယဝိညာဉ်သည် လုစုယာ အကျဉ်းအကျပ်ကျသွားသ ကိစ္စကို လွန်စွာကျေနပ်၏။ အကျဉ်းအကျပ်ကျရခြင်း၏ အကြော ရင်းကိုလည်း သိ၏။ အဝေးသုံး လက်နက်များကြောင့် လုစုယာ ဤ အကျဉ်းအကျပ်ကျရခြင်းပင် မဟုတ်ပါလား’

‘ကိုက်ဟေ့ ညီမလေး၊ မလျှော့နဲ့’

ဒုတိယဝိညာဉ်သည် အလွန် စကားနည်းသူဖြစ်၏၊ စကာ နည်းသူပင် ဖြစ်ငြားသော်လည်း အရေးကြုံသောအချိန်တွင် စကာ မနည်းနိုင်တော့ပေ။

စတုတ္ထဝိညာဉ်က ခပ်သွက်သွက် တိုက်ခိုက်မှသာ သူ့အနေဖြ တိုက်ခွင့် ပိုသာမည် မဟုတ်ပါလော။

ဘေးမှရပ်ကြည့်နေကြသော ဘွန်လူအောတို့သည် ဤအခ သည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း ရိပ်မိလိုက်ကြ၏။

အဘယ်ကြောင့်ဆိုသော် လုစုယာ၏မျက်နှာသည် ထူးခ ခြားခြား ပန်းသွေးရောင်ထနေသည်ကို တွေ့နေရသောကြော ပေတည်း။

လုစုယာသည် ကိတ်အာကျက်နှင့် တိုက်ခဲ့စဉ်ကပင် မျက်နှာ ပန်းသွေးရောင် မထခဲ့ပေ။

သူသည် ထန်တိုဆရာတော်ထံမှ နောက်ဆုံးထွက်ခွာခဲ့ပြ သည့်နောက် ဤတစ်ကြိမ်သည်သာ ပင်ပန်းကြီးစွာ တိုက်ခိုက်ခဲ့ရခြ



ဖြစ်သည်။

ဒုတိယညာဉ်သည် လုစုယာကို ပူးတုံခွာတုံ တိုက်ခိုက်နေ၏။ ကျာပွတ်ဖြင့် ရိုက်မည်ဟု ထင်နေစဉ်မှာပင် လက်သီးလက်ဝါးဖြင့် လည်း တိုက်ခိုက်သည်။

စတုတ္ထဝိညာဉ်မိန်းမချောက သူ့လူကို မထိခိုက်စေရန် သတိ ကြီးစွာထား၍ တိုက်ခိုက်ခြင်းကလည်း ဒုတိယဝိညာဉ်အတွက် အားကျန်တိုက်နိုင်ခွင့်ရနေခြင်းဖြစ်သည်။

ဘွန်လူအောမှာ သက်ပြင်းကိုသာ အကြိမ်ကြိမ်ချနေရ၏။ လုစုယာမှုနှိမ့်ခဲ့လျှင်ဟူသော အတွေးက သူမ၏နှလုံးသားကို အကြီး အကျယ်နှိပ်စက်လျက်ရှိသည်။ ကူညီခွင့်လည်း မရှိပေ။

‘ကြော်. . . တို့တံနှယ်ဆိုးလိုက်တာ၊ ကျောက်စိမ်းတံဆိပ်တော် လက်တစ်ကမ်း ရောက်နေတော့မှပဲ မမျှော်လင့်တဲ့ အသက်လုပွဲ ဝင်နွှဲနေရတော့တယ်’

ဘွန်လူအော၏ အမှတ်မထင်ရေရွတ်လိုက်သည့်အသံသည် ကုလန်၏အသည်းနှလုံးကို ဆယ်ပေါင်တူကြီးဖြင့် ထုလိုက်သကဲ့သို့ အကြီးအကျယ် နာကျင် သွားစေသည်။

လုစုယာတစ်ယောက် သေလုမျောပါးတိုက်ခိုက်နေရခြင်းမှာ သူ့ကြောင့် ဖြစ်သည်ကို ရှေးမဆွကပင် ကုလန် တွေးနေခဲ့ရာ ဘွန်လူ အော၏စကားသံကြားသောအခါ ကုလန်ခမျာ တကယ်ပင် မချိမဆန့် ဖြစ်သွားရလေတော့သည်။

ဘွန်လူအော စိတ်မကောင်းဖြစ်နေရသည်ထက် သူ ပို၍ စိတ် မကောင်း ဖြစ်နေရသည့်အချက်မှာ စတုတ္ထမိန်းမချော၏ပေါက်စားနှင့်

ဆက်ထားသည့်ရွှေကြိုးကိစ္စပင် ဖြစ်သည်။

ထိုရွှေကြိုးအကြောင်းကို လုစုယာ မသိပေ။ ထိုရွှေကြိုးသည် အလွန်နိုင်ခဲ့၏။

သာမာန်ဓားနှင့် ဖြတ်တောက်၍ မရပေ။ ထိုရွှေကြိုးကိုသာ လုစုယာ ဖြတ်တောက်နိုင်လျှင် စေတုဗ္ဗိဉာဉ်မိန်းမချောသည် မုချ ဘေးလွတ် ထိုင်နေရပေတော့မည်။

ကုလန်က ဘွန်လူအောအား တီးတိုးတောင်းပန်လိုက်လေ၏။

'မိန်းကလေး ငါ့ကြောင့် ဒီလိုဖြစ်ရတာ တောင်းပန်ပါတယ်ကွာ၊ တကယ်လို့ လုစုယာ တစ်ခုခုဖြစ်မယ်ဆိုရင် ငါ့အသက်ကို ပေးလျော်မယ်လို့ ငါ ကတိပြုပါတယ်'

ဘွန်လူအောသည် ထိုအခါကျမှ ကုလန်ကိုသတိရတော့၏။ သူမ ရေရွတ်လိုက်သည့်စကားများသည် ကုလန်ကိုစိတ်ထိခိုက်စေနိုင်ကြောင်း သူမ သတိရလာသည်။

'အိုး. . . အဲဒီလို မဟုတ်ပါဘူးရှင်၊ ကျွန်မ ပြောတာကို ဖွဲ့မယူပါနဲ့၊ ကျွန်မလဲ ရုတ်တရက်. . .'

'မိန်းကလေး. . ငါ့ကို မတောင်းပန်ပါနဲ့၊ ငါကသာ တောင်းပန်ရမှာပါ'

'ကျွန်မကိုခွင့်လွှတ်ပါရှင်၊ အစ်ကိုတို့အတွက် စိတ်ပူပြီး ကျွန်မ ပြောမိတာပါ'

'ငါ နားလည်ပါတယ်ကွယ်၊ မိန်းကလေး မင်းတို့ဆီမှာ ဓားမြတ် တစ်လက်လောက် မပါဘူးလားဟင်'

'ဟင်. . . ဘာဖြစ်လို့လဲ'



'အခု လုစုယာ ခံနေရတာက ဟိုမိန်းမကြောင့်ပါ၊ အဲဒီ မိန်းမ ဆောင်ထဲက ရွှေကြိုးမျှင်ဟာ အင်မတန်နိုင်ခဲ့ပါတယ်၊ အဲဒါကို ဖြတ်ချနိုင်မှ ဒီမိန်းမဟာ ဘေးရောက်သွားမှာပဲ၊ ဟိုလူကို လုစုယာ နိုင်နိုင်ပါတယ်'

ဘွန်လူအောနှင့် ကုလန်တို့မှာ တီးတိုးပြောနေကြခြင်း ဖြစ်သည်။ သို့သော် ထိုစကားကို လုစုယာ ကောင်းစွာ ကြားသိပေသည်။

'နောင်ကြီး ကုလန်၊ နောင်ကြီး သိသလို ကျုပ်လဲသိပါတယ်ဗျ'

လုစုယာ တိုက်ရင်းခိုက်ရင်းမှ လှမ်းအော်လိုက်ရာ ဘွန်လူအောနှင့် ကုလန်တို့မှာ အံ့အားကြီး သင့်သွားကြလေ၏။

ကုလန်က. . .

'မိန်းကလေး တို့ပြောနေတာတွေ သူကြားသပေါ့'

'ဟုတ်တယ်. . . အစ်ကိုလုစုယာ ဘာတွေ သိထားသလဲတော့ မသိဘူး။ ဒီရွှေကြိုးမျှင်ကို သူရော ကျွန်မတို့ရော အခုမှတွေ့ဖူးကြတာ'

လုစုယာက လှမ်းအော်ပြန်သည်။

'အဲဒီ ရွှေကြိုးမျှင်ဟာ တရုတ်ပြည်သိုင်းလောကထဲမှာလဲ ရှိတာပဲ၊ သိုင်းပိုးမျှင်လို့ ခေါ်တယ်၊ သူ့ကို ဖြတ်ချင်ရင်အအေးဓာတ်ရှိတဲ့ လက်နက်နဲ့မှ ဖြတ်လို့ရတယ်'

လုစုယာ ဤသို့ အော်ပြောရခြင်းမှာ တကယ်တော့ မလွယ်ပေ။ ဝေးဝေးရှင်ရှေ့ကြားမှာ အသက်လုပြီး အော်ပြောရခြင်းဖြစ်၏။

'အအေးဓာတ်ရှိတဲ့လက်နက်'

ဘွန်လူအောသည် တီးတိုးရေရွတ်မိလိုက်သည်။

အအေးဓာတ်ရှိတဲ့လက်နက်ဆိုသည်မှာ ဘာပါလိမ့်ဟု ဘွန်

လူအော အပြင်းအထန်တွေးသည်။ သူမ အတွေးပေါက်မည့်အ
တွင်ပင် စန်းအော်က လှမ်းအော်သတိပေးလာလေ၏။

'မမဘွန်လူအော - မမရဲ့ဓားလေ - နှင်းငွေ့အလင်းခွဲဓား

ဘွန်လူအော ခေါင်းညိတ်ပြီး သူမ၏ဓားကို လက်ဖြင့်စမ်း
မိလိုက်၏။

မှန်သည်။

နှင်းငွေ့အလင်းခွဲဓားသည် နာမည်ကိုက အအေးဓာတ်
မှုမက လှုပ်ရှားတိုက်ခိုက်ရာတွင်လည်း ထူးထူးခြားခြား အအေးဓာ
ပေါ်လာတတ်သည်။ ထို့ကြောင့် ဤဓား၌ အအေးဓာတ်ပါသည်
ယူဆနိုင်ပေသည်။

ကုလန်က ဘွန်လူအောအား လှမ်းကြည့်၏။

ဘွန်လူအောက ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ကျွန်မရဲ့ဓားက ဓားမြတ်တစ်လက်ပါ၊ ကျွန်မမိ
လင်းကြည်မယ်တော် သုဘ၀ တစ်လျှောက်လုံး ကိုင်လာခဲ့တဲ့ဓား

ဘွန်လူအောက ရှင်းပြ၏။

ကုလန်က. . .

'မိန်းကလေး ငါ့ကို ခဏလောက်ပြပါလား'

ဘွန်လူအောက ထုတ်ပေးသည်။ ကုလန်က လေထဲ၌ သုံး
ချက် ဝှေ့ယမ်းလိုက်သောအခါ ထူးခြားသော အအေးဓာ
ထွက်ပေါ်လာသည်။ ကုလန်က စိတ်ချစွာပြောလိုက်လေ၏။

'ဟုတ်တယ်၊ အအေးဓာတ်ပါတဲ့လက်နက်ပဲ၊ လုစုယာကို
ပေးလိုက်ရမလား'



'ပေးလိုက်ပါ၊ မပေးရဘူးလို့ စည်းကမ်းသတ်မှတ်ထားတာမှ
. . . ဓားကိုလုစုယာအနေနဲ့ လက်ဆယ်ချောင်းရှိရင် ဓား
. . . ကိုင်နိုင်ခွင့်ရှိပါတယ်'

ကုလန်သည် လုစုယာ လွတ်လပ်နိုင်သည့်အချိန်ကို စောင့်
. . .၏။ တစ်ချက်လွတ်သွားသည်နှင့် အော်လည်းအော်၊ ဓားကို
. . . လှမ်းပစ်ပေးလိုက်သည်။

'လုစုယာ . . . နှင်းငွေ့အလင်းခွဲဓား လာပြီဟေ့'

'ကောင်းတယ်'

လုစုယာက အော်လည်းအော်၊ ဓားကိုလည်း အမိဖမ်းသည်။
. . . ညှပ်ပူးညှပ်ပိတ် တိုက်နေချိန်၌ ဓားကိုဖမ်းရသည့်ကိစ္စမှာ
. . . မလွယ်သော ကိစ္စဖြစ်သည်။ သို့သော် လုစုယာက အဆင်
. . . ဖမ်းနိုင်လိုက်သည်။

'ကျေးဇူးပဲ. . . နောင်ကြီးကုလန်'

လုစုယာက ကျေးဇူးတင်စကားကို ပြောလိုက်တော့၏။

ကုလန်သည် စိတ်ထဲ၌ပေါ့ပါးသွား၏။

'တိုက်တိုက်ဆိုင်ဆိုင် ကံကောင်းလိုက်ပလေ မိန်းကလေးရယ်၊
. . . သာ ပါမလာရင် တစ်ဒုက္ခပဲ'

'နှင်းငွေ့အလင်းခွဲဓားဟာ သိုင်းလောက နာမည်ကျော်ဓား
. . .ပါ၊ သိုင်းသမား တော်တော်များများဟာ ဒီဓားကိုရဖို့ ကြိုးစား
. . .၊ ကျွန်မမေမေ လင်းကြည်မယ်တော်ဟာ ဒီဓားကို သူ့
. . .က လွတ်ထွက်မသွားအောင် ကြံ့ကြံ့ခံ ထိန်းထားနိုင်ခဲ့ပုံ
. . .ပါတယ်'

'ဟုတ်ပါတယ်၊ ဓားကောင်းတစ်လက်ပါ၊ ကိုင်ကြည့်တာ
သိသာပါတယ်၊ ဓားလက်ကိုင်နဲ့ ဓားဦးရဲ့အလေးချိန်ဟာ မျှနေတာ
စည်းစည်းပိုင်ပိုင် ကိုင်နိုင်ပြီး ပေါ့ပေါ့ပါးပါးလှုပ်ရှားလို့ ရတာဟာ
ဓားကောင်းတစ်လက်ရဲ့ အလေးချိန် အချိုးအစား မှန်ကန်ကြောင်
သက်သေပြချက်တစ်ခုပေါ့'

'သံကောင်းတာလဲ ကျွန်မတို့သိပြီးပါပြီ'

'ဒါဆို လုစုယာအတွက် စိတ်ချသွားရပါပြီ၊ အင်းလေ. . . ဘာ
ဖြစ်ဖြစ် ဘုရားသခင်တာ လူကောင်း သူကောင်းတွေကိုတော့ ပစ်ပ
မှာ မဟုတ်ပါဘူး မိန်းကလေးရယ်'

ဘွန်လူအော ဘာမျှမပြောတော့ပေ။

လုစုယာ၏လှုပ်ရှားမှုကိုသာ ကြည့်နေတော့သည်။

လုစုယာသည် နှင်းငွေ့အလင်းခွဲဓားကိုရသည်နှင့် လွန်စွ
အားတက်သွား၏။ ကုလန်က ရွှေကြိုးမျှင်အကြောင်း လုစုယ
မသိဟု ထင်ခဲ့သည်။

တကယ်တော့ သိုင်းလောကဌ်အသုံးဝင်သည့် ထူးခြားသော
ပစ္စည်းပစ္စယများအကြောင်းကို ထန်တိုဆရာတော်သည် လုစုယ
အား ရှင်းလင်း ပြောပြခဲ့ပြီး ဖြစ်ပေသည်။ ထိုအကြောင်းအရာများ
၌ သိဒ္ဓိပိုးမျှင်အကြောင်းလည်းပါသည်။

လုစုယာသည် တိုက်ပွဲကို အပြင်းအထန်ဆင်နွှဲနေရခြင်
ကြောင့် ဘွန်လူအောထံ၌ရှိနေသည့် နှင်းငွေ့ အလင်းခွဲဓားကိုလည်
မစဉ်းစားမိပေ။

ဘွန်လူအောတို့ စန်းအော်တို့ပြောမှသာ စတုတ္ထဝိညာဉ်၏



သိဒ္ဓိပိုးမျှင်ကို နှင်းငွေ့အလင်းခွဲဓားဖြင့်ဖြတ်ခွဲနိုင်ကြောင်း သိလာခဲ့
ရသည်။

ဒုတိယဝိညာဉ်သည် ရှေ့သို့ အားစိုက် ရိုက်လိုက်၏။ လုစုယာ
က ထိပ်တိုက်မခံ၊ နောက်မှ ပေါက်ဓား၏လေတိုးသံကို ချင့်ချိန်ပြီး
ဘယ်ဘက်သို့ ရှောင်ပေးလိုက်၏။

ဒုတိယဝိညာဉ် အနည်းငယ် အခြေပျက်သွားသည်။ ဒုတိယ
ဝိညာဉ် သွေးပျက်မတတ် ကြောက်လန့်သွားသည်။ ဤပွဲမျိုးမှာ
တစ်ချက် အမှားမခံသောပွဲမျိုး ဖြစ်သည်။ သူ့ကိုယ်ကို ပြန်ထိန်းရန်
ကြိုးစားရသည်။

'ဒီတစ်ခါတော့ ငါ့အလှည့်ပေါ့ကွာ'

လုစုယာက ကျိတ်၍ကြိမ်းဝါးလိုက်၏။ သူသည် တစ်ဘက်
ရန်သူကို အလှည့်မပေးတော့ပေ။ အဆုပ်ထဲသို့ လေပြင်းပြင်း ရှူသွင်း
လိုက်၏။

ဝမ်းဗိုက်ရှုပ်သွားသည်နှင့် ချက်တိုင်မှ ပူနွေးသောအားလှိုင်း
သည် လုစုယာ၏ညာလက်သို့ တိုးဝင်သွားလေတော့၏။

လုစုယာက ထိုလက်ဖြင့် ဒုတိယဝိညာဉ်၏ကျောပွတ်ကို လျှပ်
တစ်ပြက် ဖမ်းဆုပ်လိုက်သည်။

ဘယ်လက်ကလည်း လျှပ်တစ်ပြက် လှည့်ခုတ်လိုက်ရာ ရွှမ်းခနဲ
မြည်သံနှင့်အတူ စတုတ္ထဝိညာဉ်မိန်းမချော၏ပေါက်ဓားသည် ကြိုး
ပြတ်သောစွန်ကဲ့သို့ ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လွင့်စဉ် ထွက်
သွားလေတော့၏။

သိဒ္ဓိပိုးမျှင်သည် နှင်းငွေ့အလင်းခွဲဓားကိုတော့ ကြံ့ကြံ့မခံနိုင်

ရှာပေ။ စေတုတ္တဝိညာဉ် လက်နက်မဲ့ဖြစ်သွားရလေပြီ။

ဒုတိယဝိညာဉ်သည် လုစုယာ နောက်ပြန်လှည့်ခုတ်သည့် တဒင်္ဂကို အခွင့်ကောင်းယူကာ သူ့၌ ရှိရှိသမျှအတွင်းအားများကို ကျာပွတ်မှတစ်ဆင့် လုစုယာဆီသို့ ပို့လွှတ်လိုက်လေသည်။

လုစုယာသည် ထိုအချက်ကို ချက်ချင်းတွက်မိသည်။ ထို့ကြောင့် ကျာပွတ်ကို လက်ခလယ်လက်ချောင်းဖြင့် ထောက်ပြီး ကျောက်စိမ်းလက်ချောင်းသိုင်း အတွင်းအားဖြင့် ခံပေးလိုက်သည်။

'ဝုန်း. . .'

ကြီးမားသောအားလှိုင်းနှစ်ခု ဆုံမိကြသည်။ ကျောက်စိမ်းလက်ချောင်းသိုင်းသည် တစ်ဘက်၏တွန်းအားအပေါ် မူတည်ပြီး တုံ့ပြန်တတ်သည်။

တစ်ဘက်လူ တိုက်ခိုက်အားနည်းပါးလေ သူ့ခုခံစွမ်းရည်က ပိုနည်းသည်။ တစ်ဘက်လူ၏ တိုက်ခိုက်အား များပါက သူ့ခုခံစွမ်းရည်က ပိုများသည်။

ဒုတိယဝိညာဉ်မှာ ရှိရှိသမျှအတွင်းအားများထုတ်ပြီး တိုက်ခိုက်လိုက်သဖြင့် ကျောက်စိမ်းလက်ချောင်းသိုင်း၏ အပြင်းထန်ဆုံးသော ခုခံမှုကို ရင်ဆိုင်လိုက်ရပြီး ကျာပွတ်ကိုလွှတ်ချကာ ဒယိမ်းဒယိုင်ဖြင့် နောက်ဆုတ်သွားရလေတော့သည်။

အခြားသူ တစ်ယောက်ဆိုလျှင် ချက်ချင်းလွင့်စဉ်သွားမည် ဖြစ်သော်လည်း ဒုတိယဝိညာဉ်မှာမူ ခံနိုင်ရည်ရှိစွာ ဒယီးဒယိုင် ယိမ်းထိုးနေသေးသည်။

အတန်ကြာမှ ဝုန်းခနဲပြိုလဲကျသွားတော့သည်။ သူ ကျပုံမှာ



အကျနာသည်။ နောက်ပြန် လဲကျသွားသဖြင့် သိုင်းသမား တစ်ယောက်အဖို့ လွန်စွာ ဂုဏ်သိက္ခာကျဆင်းသွားရသည်။

'ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

'သွားပြီ. . . သွားပြီ၊ သူတို့ ရှုံးသွားပြီ၊ အစ်ကိုလုစုယာနိုင်ပြီ၊ ငါတို့ နိုင်ပြီဟေ့'

အားလုံး ရင်တဖိုဖိုကြည့်နေခိုက် ကလေးငယ်ကဲ့သို့ ခုန်ပေါက်အော်ဟစ်လိုက်သည့် စန်းအော်၏အော်သံသည် အခန်းထဲ၌ ပဲ့တင်ထပ်ခတ်သွားတော့သည်။

ကုလန်နှင့် ဘွန်လူအောတို့သည် ဝမ်းသာလုံး ဆို့နေသဖြင့် အားမရှုမတော်ဟစ်နိုင်တော့ပေ။

ကုလန်ကား ယောက်ျားကြီးတန်မဲ့ မျက်ရည်တစ်ပေါက်ပေါက် ကျဆင်းလျက် ရှိနေ၏။ သူသည် သူ့မျက်ရည်များကို သုတ်သိမ်းခြင်း မရှိပေ။

ဟဒယနှလုံးအိမ်၌ ထူးခြားလှသောခံစားမှုကို ခံစားနေရသဖြင့် သူ့မှာ မျက်ရည်ပေါက်ပေါက် ကျဆင်းနေရခြင်း ဖြစ်ပေတော့သည်။

ဘွန်တိမ်စန်းမှာ သမိုင်းတင်နိုင်လောက်သည့်သိုင်းပြိုင်ပွဲကို မြင်ပြီး မှင်တက်နေ၏။ သူ့မှာ ဝမ်းသာရန်လည်း သတိမရရှာပေ။

လူတို့အထဲ၌ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းကို မခံစားနိုင်သူကား ပြွန်ရိုးသာ ဖြစ်ပါလေ၏။ ဟွမ်ရီရုံမှာ ပါးစပ်၌ အမြှုပ်များတစီစီထွက်နေပြီး အမြောအနေဆိုးလျက်ရှိနေလေ၏။ သူ့မှာ ကံကောင်းပါမှ အသက်ရှင်မှုနှင့် ရရှိပေလိမ့်မည်။

လုစုယာသည် စေတုတ္တဝိညာဉ်နှင့် ချက်ချင်း လှည့်၍ရင်ဆိုင်

လိုက်၏။ ဤသူများမှာ ဆိုးညစ်ယုတ်မာသော အောက်လမ်းဂိုဏ်း သိုင်းသမားများသာဖြစ်၍ စောစောစီးစီး အပြတ်ရှင်းထားမှ တန် ကျလိမ့်မည်ဟု တွက်ဆထားသည်။

'ဟဲ. . . စတုတ္ထဝိညာဉ်. . . ခင်ဗျား ဘာလုပ်မလဲ၊ အရှုံး ပါပြီလို့ ဝန်ခံမလား။ ဆက်တိုက်ဦးမလား။ ဒီလိုမေးရတာက ခင် ဟာ ကျုပ် ပြိုင်ဘက်တွေထဲက တစ်ဦးတည်းသော အမျိုးသမီး ဖြစ် လို့ပဲ၊ ယောကျ်ားသားတစ်ယောက် ဆိုရင်တော့ ကျုပ် ဒီအခွင့်အရေ ပေးမနေတော့ဘူး'

စတုတ္ထဝိညာဉ်၏ရင်အစုံမှာ လှိုင်းထသကဲ့သို့ လှိုက်ဖိုနေသ ပြာလွင်သော မျက်လုံးများမှာ ကြောက်မက်ဖွယ်ရာပြူးကျယ်နေသ

မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အသားများက တဆ ဆတ် တုန်နေသည်။ ကြောက်၍ အသားများတုန်ခြင်း မဟုတ် ဒေါသက အထွတ်အထိပ်သို့ရောက်နေသဖြင့် အသားများ တုန် ခြင်း ဖြစ်ပါသည်။

သူမ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ သူမ၏ လု ယောက် အတုံးအရုံး လဲကျနေပေပြီ။ သူတို့ အရှုံးကြီးရှုံးခဲ့ပြီ။ ပင့်သက်တစ်ချက် ရှိုက်လိုက်၏။ ထို့နောက် မည်သူ့ကိုမျှ မပြ တော့ဘဲ အခန်းထဲမှ ပြေးထွက်သွားလေတော့၏။

ဝိညာဉ်ဖြူတို့ ရှုံးလေပြီ။

❖ ❖ ❖

အခန်း (၂၀၀)

## မြေပုံကိုဖော်ထုတ်ခြင်း

အခန်းထဲ၌ တဒင်္ဂအတွင်း တိတ်ဆိတ်မှုကြီးစိုးသွား၏။ စတုတ္ထ ဝိညာဉ် ပြေးထွက်သွားခြင်းကို အားလုံး မင်တက်သွားမိကြခြင်း ဖြစ် သည်။

စတုတ္ထဝိညာဉ်ကား မရှုံးစဘူး အရှုံးထူးသွားရခြင်းအတွက် မျှော်သွားလေပြီလားမသိ။ သူကိုယ်သူ အဆုံးစီရင်နိုင်သည်။

သူတို့အားလုံး အငြင်သို့ငေးနေစဉ် ဒုတိယဝိညာဉ်သည် တုန် တုန်ယင်ယင်ဖြင့် ကုန်းထလာသည်။ ဖုံ့ဖွယ် လူသားပေတည်း။ ဒုတိယဝိညာဉ်သည် ကျောက်စိမ်းလက်ချောင်းသိုင်း၏ အကြောပိတ် ခြင်းများကို ဒုတိယအကြိမ် ဖြေဖျောက်ပြီး ထလာခြင်းဖြစ်သည်။ လုံ့ယာသည် ထိုလူကို ငြဲချသွားရလေတော့၏။

'ခင်ဗျား တကယ်တော်ပါတယ်၊ ကျောက်စိမ်းလက်ချောင်းသိုင်းကြောင့် အကြောပိတ်သွားတဲ့လူတိုင်းကို ကျွပ်ကချည်းပဲ သွေးကြောပြန်ဖွင့်ပေးရတယ်၊ ခင်ဗျားကတော့ နှစ်ကြိမ်တိုင်တိုင် ကိုယ့်ဘာသာ ပြန်ဖွင့်ခဲ့တယ်'

လုစုယာက ချီးကျူးလိုက်၏။

သို့သော် ဒုတိယပိညာဉ်က ဘာမျှ မဖြေပေ။ သူ့ကိုယ်သူ အတော်ကလေးထိန်းပြီး ရပ်လိုက်သည်။ ပြီးနောက် အတွင်းအိတ်ထဲသို့ လက်နှိုက်လိုက်၏။

သူ့လက် ပြန်ထုတ်သောအခါ အနီရောင်အဝတ်စကလေးဖြင့် ထုတ်ထားသော အထုပ်ကလေးတစ်ထုပ် ပါလာသည်။ သူသည် ထိုအထုပ်ကို ကြမ်းပြင်ပေါ်သို့ ဖုတ်ခနဲပစ်ချလိုက်သည်။

ဆေး. . .။

အဆိပ်ဖြေဆေး။

ဟွမ်ရီစုံအတွက် အဆိပ်ဖြေဆေးသာဖြစ်ရမည်။ သူသည် ဆေးကိုပစ်ချပြီးသည်နှင့် ပဌမပိညာဉ်လူပုလေး၏အကြောကို ဖြေပေးသည်။

တတိယပိညာဉ်၏အကြောကို ဖြေပေးသည်။ ထိုနှစ်ယောက်ကို တွဲထူနေစဉ် လုစုယာက ပထမပိညာဉ်ခေါ် လူဝကြီး၏ သွေးကြောထဲမှ လေဆန်သံမဏိအပ်များကို အကြောထောက်ပညာဖြင့် ပြန်ထုတ်ပေးလိုက်၏။

'ပဟာဝီမှာ ကျွပ်ကတိအတိုင်း ခင်ဗျားတို့လူဆီက လေဆန်သံမဏိအပ်တွေကို ပြန်ထုတ်ပေးလိုက်ပြီ'



လူဝကြီးသည် ချည့်နဲ့စွာထလာသည်။ ဒုတိယပိညာဉ်သည် ကျေးဇူးတင်သောမျက်လုံးများဖြင့် လုစုယာကို တစ်ချက်လှမ်းကြည့်ပြီးနောက် သူ့ နောင်တော်ကို လာတွဲယူသည်။ တတိယပိညာဉ်ကလည်း လူဝကြီးကို လက်ဝဲဘက်မှ တွဲသည်။

ထို့နောက် အရှုံးသမားလေးယောက်သည် ဖြည်းညင်းစွာ ပျောက်ကွယ်သွားလေတော့၏။ သူတို့လေးယောက် မှောင်ထဲ၌ ပျောက်ကွယ်သွားသောအခါမှ အားလုံးပင် ဟင်းချနိုင်ကြတော့သည်။

လုစုယာမှာ ခြေတုန်လက်ပန်းကျသွားသလို ဖြစ်သွား၏။ သူ့ရှေ့၌ ချွေးများသီးနေရာ ထိုချွေးများကိုသုတ်ရန် မေ့လျော့သလို ဖြစ်နေရှာသည်။ အလွန်တရာ အားစိုက်လှုပ်ရှားရသော အသက်လုပွဲကြီးကြောင့် လုစုယာမှာ လုံးဝငြိမ်သက်နေရှာသည်။

ဘွန်လူအောက ပဝါတစ်ပိုင်းကိုထုတ်ပေးပြီး. . .

'အစ်ကို. . . ချွေးသုတ်လိုက်ပါဦးနော်'

လုစုယာသည် ချစ်သူ၏ကြင်နာမှုကြောင့် ပင်ပန်းနွမ်းနယ်မှုများ ပိန်းကြာဖက်ပေါ်မှ လျှောကျသကဲ့သို့ လျှောကျသွားလေ၏။ ဘွန်လူအောအား ချစ်ရည်လွှမ်းသောမျက်လုံးများဖြင့်ကြည့်ပြီး ပဝါကို လှမ်းယူလိုက်သည်။

ဘွန်လူအော၏မျက်လုံးများထဲ၌ ကြင်နာမှုများ၊ စိုးရိမ်မှုများကို တွေ့နေရသေးသဖြင့် လုစုယာက နှစ်သိမ့်လိုက်၏။

'ညီမ. . . ကိစ္စကပြီးသွားပါပြီ၊ အောင်မြင်သွားပါပြီ၊ ဘာမှ စိုးရိမ်မနေနဲ့တော့'

ဘွန်လူအော မပြောရသေးမီ စန်းအော်က မသိသား ဆိုးဝါးစွာ

ဝင်ပြောသည်။

'ဟို... မမဘွန်လူအောကလဲ၊ အခုမှ ဘာစိုးရိမ်နေရတော့မှာလဲ၊ ဒီပွဲမှာ အစ်ကိုနိုင်မယ်ဆိုတာ ညီမလေးကတော့ အစကတည်းက ယုံတယ်'

ဒါကိုလဲ ဘွန်လူအော စောဒကမတက်ပါ။ စန်းအော်သည် ထန်တိုဆရာတော်ပြီးလျှင် လုစုယာကို နတ်သိကြားလောက် ထင်မှတ်နေသူ ဖြစ်သည်။

ထို့ပြင် သူ့ကိုယ်သူလည်း ငါ့အဆင့် ဘယ်လောက်ရှိသည်ဟု မည်သည့်အခါကမျှ တွေးမနေခဲ့ချေ။ ကြီးသည်၊ ငယ်သည် မရွေး တိုက်မည် ခိုက်မည်။ နိုင်လျှင်သတ်၊ ရှုံးလျှင်သေ ဟူသော စိတ်မျိုး ရှိပေသည်။

ထိုစဉ် လုစုယာက နဖူးမှချွေးများကိုသုတ်ပြီး ကုလန်အား ပြောပြလေ၏။

'နောင်ကြီး ကုလန်... ကျုပ်တစ်သက်မှာ ဒီတစ်ပွဲဟာ အပင်ပန်းဆုံး အခက်အခဲဆုံးပဲ၊ ဒီတစ်ကြိမ်လောက် သေဘေးအနီးဆုံး တစ်ခါမှ မကြုံခဲ့သေးဘူး၊ အင်း... တကယ့်ပြိုင်ဘက်တွေ ပါပဲဗျာ'

လုစုယာက အမှောင်ထဲသို့ ငေးကြည့်လိုက်၏။ ထို့နောက် ဆက်လက်၍ ပြောပြန်သည်။

'ဒါပေမယ့် သူတို့ရဲ့ ကတိစကား အားလုံးကိုတော့ ယုံချင်မှ ယုံရလိမ့်မယ်၊ အဆိပ်ဖြေဆေးကို ကတိအတိုင်းပေးခဲ့တယ်၊ သူတို့ အားလုံး ပါရှားပြည်ထဲကထွက်သွားဖို့ကတိကိုတော့ တည်မတည် အတပ် မပြောနိုင်ဘူး၊ သူတို့ လုံးဝလာမတိုက်ခိုက်ဘူးဆိုမှပဲ သူတို့



[illegible]ကျတယ်လို့ အသေအချာသတ်မှတ်နိုင်တော့မယ်'

လုစုယာက အနာဂတ်အတွက် ပူပန်စွာပြောနေသေးသော်[illegible] စန်းအော်တို့ကမူ အောင်ပွဲအတွက် လွန်စွာပျော်ရွှင်နေကြ၏။ [illegible]။ လုံးဝကြောက်သွားပြီဟုလည်း စန်းအော်က ယူဆပေ[illegible]၏။

ထိုအချိန်၌ အရှေ့ဘက်တွင် ရောင်နီ ပျိုးနေလေပြီ။ အမှောင်[illegible] တစစပြိုကွဲလျက် ရှိနေလေပြီ။

[illegible]... ရောင်နီသည် အောင်ပွဲနှင့်အတူ ရောက်ရှိလာခြင်းပါ[illegible]။

ကုလန်သည် လက်ဖမိုးယှက်ကာ လုစုယာကို အကြိမ်ကြိမ် [illegible]သည်။

'ကျေးဇူးကြီးလှပါတယ်လုစုယာ၊ မင်း အသေခံတိုက်နေတာ [illegible] ငါ့စိတ်ထဲမှာ တကယ်ပဲ မကောင်းခဲ့ပါဘူး၊ မင်းသာ တစ်ခုခု [illegible] ငါ့အသက်ကိုအဆုံးရှုံးခံဖို့လဲ ငါ စိတ်ကူးထားခဲ့တယ်'

လုစုယာက ကုလန် ဂါရဝမပြုနိုင်စေရန် အလျင်အမြန် တား[illegible]လိုက်သည်။

'ဟဲ ဒီလို မလုပ်ပါနဲ့... နောင်ကြီးကုလန်၊ ကျုပ်ဟာ နောင်ကြီး [illegible] ဂါရဝ်ရောအသက်ပါ ငယ်ပါတယ်၊ ညီအစ်ကိုလိုဖြစ်နေတဲ့ [illegible] အချင်းချင်းမှာ ဒီလို ဂါရဝပြုဖို့မလိုပါဘူး'

'ဒီလို ဂါရဝမပြုရဘူးလို့ ဘယ်သူကပြောခဲ့ဖူးသလဲလုစုယာ [illegible] ငါ့ကျေးဇူးရှင်ပဲ၊ ငါ ဂါရဝပြုရမှာပေါ့'

'တော်လောက်ပါပြီ နောင်ကြီးကုလန်၊ စိမ်းကားတဲ့အပြုအမူ

လို့ ကျုပ်က ယူဆထားတာကို ထပ်မလုပ်ပါနဲ့တော့၊ ကဲ. . . အခုဆို ကျုပ်တို့ နောင်ကြီးရဲ့စံတော်အိမ်ကို သွားလို့ဖြစ်ပြီလား'

ကုလန်သည် ထိုအခါကျမှ ကြွားကြွားယားယားဖြစ်လာ၏။

'ဘာဖြစ်လို့ ငါ့စံအိမ်တော်ကို မသွားနိုင်ရမှာလဲ၊ ခွေးပြေ ဝက်ပြေး ရှုံးနိမ့်သွားတဲ့ ဝိညာဉ်ဖြူဟာ ငါ့စံတော်အိမ်က မီးဖိုချောင် တော့ သွားခိုနေမယ် မထင်ပါဘူး'

'ကဲ. . . ဒီလိုဆိုရင် သွားကြစို့'

ထိုစဉ် စန်းအော်က အလန့်တကြားလှမ်းအော်၏။

'အစ်ကိုတို့ ဘာတွေလုပ်နေကြတာလဲ၊ ဟွမ်ရီစုံကို ဘာဖြစ် မေ့ထားကြရတာလဲ'

စင်စစ် သူမလည်း ယခုမှ သတိရလာသည်သာ။ အားလုံးသည် အောင်မြင်မှု၌ယစ်မူးပြီး ဟွမ်ရီစုံကို မေ့လျော့နေခဲ့ကြလေ၏။

လုစုယာသည် ဇုတိယဝိညာဉ်ပစ်ချပေးခဲ့သော အနီရော အထုပ်ကလေးကို ကောက်ယူပြီး နမ်းကြည့်လိုက်၏။ ဆေးနံ့ထော ခနဲ ထွက်လာသည်။

ယခုအချိန်၌ ဆေးစစ်သည် မစစ်သည် ခွဲခြား၍မရတော့ပေ ထို့ကြောင့် အထုပ်ထဲမှ အနီရောင်ဆေးလုံးကလေး သုံးလုံးက ထုတ်ယူကာ ဟွမ်ရီစုံ၏ပါးစပ်ထဲသို့ ပစ်ထည့်ပေးလိုက် လေတော့၏

ဆေးက အစွမ်းထက်လှသည်။ ဟွမ်ရီစုံသည် မေ့မျောနေရာမှ ပြန်လည် သတိရလာသော်လည်း လုစုယာတို့ အားလုံးကို မမှတ်မိ သလို ဖြစ်နေ၏။

အဆိပ်၏ပြင်းထန်မှုက သူ၏ဦးနှောက်များကို ထုံထိုင်းသွာ



နေ၍သည်လား မဆိုနိုင်ပေ။

စန်းအော်တို့မှာ ဟွမ်ရီစုံအတွက် လွန်စွာစိတ်ပူသွား၏။

'အစ်ကို ဘယ်လိုလုပ်မလဲဟင်'

'မပူနဲ့ညီမလေး၊ အဆိပ်က အတော်ပြင်းနေတဲ့သဘောကို ပြနေတယ်၊ ကိစ္စမရှိပါဘူး၊ လူတောင် သတိရလာပြီပဲ'

လုစုယာသည် သူ၏အတွင်းအိတ်ထဲမှ အဆိပ်ဒဏ်ကြေဆေး နှစ်လုံးကိုထုတ်ယူပြီး ဟွမ်ရီစုံ၏ပါးစပ်ထဲ ပစ်သွင်းပေးလိုက် ပြန် သည်။

'ဒီဆေးက တစ်လုံးဆိုရင် လုံလောက်တယ်၊ ဒါပေမယ့် ဟွမ်ရီစုံ ရဲ့အခြေအနေက အတော်ကလေးဆိုးနေလို့ နှစ်လုံးတိုက်လိုက်တာ'

မကြာမီပင် ဟွမ်ရီစုံမှာ တသမ်းသမ်း တဝေဝေဖြစ်လာပြီး ပြန် လည် အိပ်ပျော်သွားလေတော့၏။

'သူ အိပ်ရာကနိုးလာရင် ပြန်ကောင်းသွားမှာပါ၊ ဒီအတိုင်းဆို ရင်တော့ သူ အိပ်ရာကနိုးတဲ့အချိန်အထိ ဒီမှာပဲထိုင်စောင့်သင့်ပြန်ပြီ'

ကုလန်က ရယ်ရယ်မောမောနှင့်ပြော၏။

'စိတ်တထင်ထင်နဲ့ ရန်သူကိုတောင် ညဝက်အထိထိုင်စောင့် နိုင်သေးတာ၊ အခုကျမှ ဘာဖြစ်လို့ အေးအေးလူလူ ဒီမှာ ထိုင်မစောင့် နိုင်ရမှာလဲ၊ လုစုယာ ဒီမှာ ရိက္ခာတွေလဲ အပြည့်အစုံရှိနေတယ်၊ ပြောစရာဆိုစရာရှိရင်လဲ ဒီမှာ ပြောလို့ရပါတယ်'

သူတို့အားလုံး ကိုယ်စီကိုယ်စီ စားပွဲဝိုင်း၌ ပြန်ထိုင်လိုက်ကြလေ ၏။

'ကဲ. . . ကိစ္စတစ်ခုကတော့ ပြီးစီးသွားပြီ၊ နောက်တစ်ခုပဲ ကျန်

တော့တယ်'

လုစုယာက ထိုသို့အစချီပြီးနောက် သဲကန္တာရထဲ၌ လုံဟူစန်းတောင်ရသေ့ကြီးများနှင့် တွေ့ပုံ၊ အသက်ကို မည်သို့ကယ်ခဲ့ပုံ၊ မြေပုံစာရွက်ကို မည်သည့် ကတိကဝတ်ဖြင့်ပြီး ယူခဲ့ပုံတို့ကို ရှင်းလင်းပြောပြလိုက်လေ၏။

ကုလန်က သက်ပြင်းရှည်ကြီးချလိုက်ပြီး သူ့အိတ်ထဲမှမြေပုံတစ်စိတ်ကို ထုတ်ပေးလေ၏။

'ဟဲ. . . စောစောက ငါပြောတဲ့အတိုင်း မြေပုံကိုငါပေးပါတယ်၊ မင်းယူပါ'

'ဟာ. . . မဟုတ်တာ၊ ခင်ဗျား ဒီလို လွယ်လွယ်မပေးပါနဲ့ ထုံးစံအတိုင်း တိုက်ခိုက်ပြီးမှပေးပါ။ စည်းကမ်းနည်းလမ်းအတိုင်းပေါ့ဗျာ'

'တော်လောက်ပါပြီ လုစုယာ၊ တော်လောက်ပါပြီ၊ တကယ်တော့ ဒီတံဆိပ်တော်ဟာ ငါ့အတွက် ဒီလောက်အသုံးမဝင်လှပါဘူး၊ မင်းတို့ ဟန်တရုတ်တွေအတွက်သာ အသုံးဝင်တာပါ၊ ငါ့သက်တမ်း တော်တော်များများဟာ ဒီတံဆိပ်တော်အတွက် အတော်ဒုက္ခရောက်ခဲ့တာပါ၊ တော်လောက်ပါပြီ'

ကုလန်က ခါးခါးသီးသီးပြောပြီး မြေပုံစာရွက်ကို စားပွဲပေါ်တင်ပေးလိုက်၏။

ကုလန်သည် လုစုယာကို ခပ်စောစောကပင် မြေပုံစာရွက်ကို ထုတ်ပေးခဲ့ပြီးဖြစ်သဖြင့် သူ့စေတနာ သန့်ရှင်းကြောင်းသိလာပါသည်။

နောက်ဆုံး၌ လုစုယာသည် မြေပုံစာရွက်ကိုလက်ခံလိုက်ရ



[illegible]ကျ၏။

ကုလန်က. . .

'လုစုယာ ဒီမြေပုံစာရွက်တွေကို ပုံပေါ်အောင် ဖော်နိုင်ရဲ့လား'

လုစုယာက ခေါင်းခါလိုက်လေ၏။

မြေပုံစာရွက် သုံးရွက်ရှိကြောင်း၊ ထိုမြေပုံသည် ကျောက်စိမ်း[illegible]တော်နှင့်ပတ်သက်ကြောင်းကိုပင် လုစုယာသည် အချိန်အ[illegible]နှောင်းမှ သိခွင့်ရခဲ့သည်မဟုတ်ပါလော။

'ဟဲ. . . ပေး၊ မင်းဆီက မြေပုံစာရွက်တွေ'

ကုလန်က တောင်းသဖြင့် လုစုယာက သူ့၌ရှိနေသည့် စက္ကူဝါ[illegible]ကို ထုတ်ပေးလိုက်သည်။

ကုလန်သည် စက္ကူဝါသုံးချပ်ကို စနစ်တကျတွဲကပ်လိုက်သည်။ [illegible] ကွက်တိကိုက်ညီသွားသည်။

လုစုယာတို့အုပ်စုမှာ မြေပုံစာရွက်ကို မျက်တောင်မခတ်တမ်း [illegible]နေမိကြသည်။

[illegible]မြေပုံသည် သူတို့ မျိုးဆက်သုံးခု၏အသက်သွေး ပင်မ[illegible] မဟုတ်ပါလော။

လုစုယာ၏ဖခင် လုကွမ်နန်သည် ကျောက်စိမ်းတံဆိပ်တော် [illegible]သိမ်းဆည်းနိုင်ခဲ့သဖြင့် သွေးနီဂိုဏ်းချုပ်ကြီးနှင့် ကျင်းထို[illegible] ဆရာ့ဆရာကြီးများပင်လျှင် မြေပုံကိစ္စကို မသိခဲ့ကြပေ။

ကျောက်စိမ်းတံဆိပ်တော်အတုများအတွက် အသက်စွန့်[illegible]ခဲ့ကြသည်။

လုစုယာ ဆန်းစစ်မိသလောက် ကျောက်စိမ်းတံဆိပ်တော်

အစစ်၏ဇစ်မြစ်ကို သိသူဆို၍ ကုလန်နှင့် လုံဟူစန်းတောင်ရ[illegible] များသာ ဖြစ်ကြသည်။

လုံဟူစန်းတောင်ရသေ့များကလည်း လုံသလားမမေး[illegible] မြေပုံအကြောင်း အရိပ်အယောင်မျှပင် မဟခဲ့ကြချေ။ ကုလန်[illegible] ကျေးဇူးကြောင့်သာ ထိုရသေ့များထံ၌ မြေပုံရှိကြောင်းသိခဲ့ရခြ[illegible] ဖြစ်၏။

မြေပုံဟုပြောနေသော်လည်း စင်စစ် ထိုစက္ကူဝါများပေါ်[illegible] ဘာမျှရှိနေသည် မဟုတ်ပေ။ ဘာမျှ ရေးထားခြင်းမရှိပေ။

ကုလန်က. . .

'လုစုယာ ဒီစာရွက်တွေပေါ်မှာ မြေပုံ ပေါ်လာအောင် ဘယ်[illegible] လုပ်ရမယ်ဆိုတာကော မင်းသိရဲ့လား'

လုစုယာက မချိပြုံး ပြုံးလိုက်၏။

'ကျုပ်. . . ဘာမှမသိလို့ ကျုပ်မြေပုံ တစ်စိတ်တောင် ခင်ဗျား[illegible] လွယ်လွယ်ကူကူ ပေးလိုက်တာပေါ့။ ခင်ဗျားပြောပြမှ သိရမှာပါ'

'အေး. . . မင်းမသိရင်လဲ ငါပဲလုပ်ပြရမှာပေါ့။ ပို့မယ့်ပို့ ကူး[illegible] ရောက်အောင် ပို့ရမှာပေါ့ကွာ'

ကုလန်သည် စကားဆုံးသည်နှင့် မြေအောက်ခန်းသို့ ဆင်းသွ[illegible] ၏။ သူပြန်တက်လာသောအခါ လက်ထဲ၌ အစိမ်းရောင်ပုလင်[illegible] တစ်လုံး ပါလာသည်။

ကုလန်က ပုလင်းကိုမြှောက်ပြပြီး. . .

'ဒါ. . . မင်ပျောက် ရုပ်ဖော်ဆေးလေ'

လုစုယာတို့ သဘောပေါက်၏။



ထိုဆေးဖြင့် ဆွတ်မှသာ ဗလာစက္ကူဝါပေါ်မှ မြေပုံများ ပေါ်လာ [illegible]ပေသည်။

ကုလန်သည် ပုလင်းကိုလှပ်ခါပြီး စုတ်တံတစ်ခုဖြင့် ထိုဆေး [illegible]များကို စက္ကူဝါတစ်ချပ်လုံးပေါ်သို့ သုတ်လိမ်းလိုက်၏။ စက္ကူဝါ [illegible]ည် စက္ကူစိမ်းဖြစ်သွား၏။

'ကြည့်နေ. . . စက္ကူ ထပ်ပြီးအရောင်ပြောင်းသွားလိမ့်မယ်'

ကုလန်က ပြော၏။

လုစုယာတို့အားလုံး အသက်ရှူရန်မေ့နေကြပြီး စက္ကူကိုသာ [illegible]စိုက်နေကြသည်။

အစိမ်းရောင်စက္ကူသည် တဖြည်းဖြည်း အရောင်ပြောင်းနေ [illegible]ည်။ အစိမ်းရောင်ဖျော့ဖျော့ ဖြစ်သွားသည်။

ကုလန်က. . .

'ဒီဆေးရည်တွေ ခြောက်သွေ့သွားတာနဲ့ စက္ကူပေါ်မှာ ထူးခြား [illegible]ကွက်တွေ ပေါ်လာလိမ့်မယ်'

မည်သူကမျှ မေးခွန်း မထုတ်ကြပေ။ စက္ကူကိုသာ စူးစူးစိုက်စိုက် [illegible]ကြည့်နေကြသည်။

နေအလင်းရောင်ကား ကောင်းစွာထွက်ပေါ်လာနေလေပြီ။ [illegible]ပြည်လေညင်းကလေးကလည်း တသုန်သုန်တဖြူးဖြူး တိုက် [illegible]ခတ်လာသည်။

စက္ကူပေါ်မှဆေးများသည် ခြောက်သွေ့စပြုလေပြီ။ စက္ကူ [illegible]ည် အစိမ်းဖျော့ဖျော့စက္ကူစာရွက် ဖြစ်သွားလေပြီ။

စက္ကူပေါ်၌ မည်သည့်အရေးအကြောင်းမျှ ထင်မလာသေးပေ။

စန်းအော်မှာ အားမလိုအားမရ ဖြစ်လာ၏။

'ကုလန် - ရှင့်မြေပုံကလဲ ဘယ်လိုလဲရှင့်၊ ဆေးတွေလဲ ပြေ
သွားပြီလေ'

'ဖြည်းဖြည်းပေါ့ မိန်းကလေး၊ ရှိုးရှိုးရိပ်ရိပ်ကတော့ ထင်စပြ
ပါပြီ'

အားလုံးပင် စူးစူးစိုက်စိုက်ကြည့်ကြပြန်သည်။

စက္ကူပေါ်၌ အရေးအကြောင်းများထင်လာ၏။ ပီပြင်လာ
လမ်းညွှန်မြားတံကလေးများနှင့် ကြက်ခြေခတ်များ သ
များနှင့် တောင်တန်းအမှတ်အသားများ ထင်ရှားလာ၏။

မြေပုံတစ်ခုလုံး ပီပီသသ ထင်ထင်ရှားရှား ပေါ်လာ
တည်း။

လုစုယာ၏မျက်လုံးများသည် ရီဝေလာသည်။ မှိုင်းလာ
ထို့နောက် မျက်ရည်ပေါက် နှစ်ပေါက် ပေါက်ခနဲ ပေါက်ခနဲ က
လေ၏။

ကုလန်သည် မျက်ရည်စက်ကြောင့် လုစုယာကိုလှမ်း
လိုက်သည်။

လုစုယာမျက်ရည်ကျရခြင်းကို ကုလန် နားလည်ပါသ
သူသည်ပင်လျှင် ဤမြေပုံနှင့်ပတ်သက်ပြီး အတော်ကလေး
သုက္ခ ရောက်ခဲ့ရသည်မဟုတ်ပါလော။

လုစုယာတို့ကား ဆွေစဉ်မျိုးဆက် စိတ်သောက ရောက်
များဖြစ်၍ ပြောဖွယ်ရာမရှိပါတော့ချေ။

❖ ❖ ❖

အခန်း (၂၀၁)

## အဆုံးမှ အစရှာသည်

ကုလန်က. . .

'အမှောင်မိုက်ဆုံးအချိန်တွေ ကုန်ဆုံးသွားပါပြီ လုစုယာ၊
စိတ်မကောင်း မဖြစ်ပါနဲ့တော့'

လုစုယာက ဟင်းခနဲသက်ပြင်းချလိုက်၏။

'ဖေးဗျာ. . . မြေပုံမြင်တော့ ကျုပ်လဲ စိတ်မထိန်းနိုင်တော့ဘူး
ဟဲဆိုင်တော်အတွက် ကျုပ်တို့ ပြေးလွှားခဲ့ရတဲ့အချိန်တွေလဲ များလှ
ပါပြီဗျာ။ တခု ခရီးစဉ်ကိုပဲကြည့်၊ စန်းတုံးပြည်နယ်ကနေ ကျက်ကျန်း
ပြည်နယ်၊ ကျက်ကျန်းက နေပြည်တော်၊ စင်ကျန်ပြည်နယ်က ထလီမူ
ရှိုင်ဂုမ်။ ဟဲဒီက မဟာသဲကန္တာရ တခု ပါရှား။ ဇရဲလို ဒုက္ခတွေ ခံစား
ပြီးမှ ဒီမြေပုံကို မမြင်ရဘူးဆိုရင် ကျုပ်တို့ရင်ကွဲပြီပေါ့ဗျာ၊ ကျုပ်
မျက်ရည်ကျတာက ဝမ်းသာလွန်းလို့ပါ၊ ဝမ်းသာလို့ကျတဲ့ မျက်ရည်ပါ'

'ငါ သဘောပေါက်ပါတယ် လုစုယာ'

ကုလန်က ကြင်နာစွာပြောလေ၏။

'ညီမလဲ ဝမ်းသာတယ်၊ ညီမကတော့ မျက်ရည်မကျချင်ဘူး၊ အခုဆိုရင် မွန်ဂိုတွေကိုသတ်ရဖို့ တစ်ထစ်နီးသွားပြီပေါ့၊ မဟုတ်ဘူးလား'

ကုလန်က အံ့ဩစွာကြည့်သည်။ စူးရှတောက်ပသော မျက်လုံး ပါးလွှာပိပြားသောနှုတ်ခမ်းနှင့် သူငယ်မလေးကို အံ့ဩစွာကြည့်မိသည်။

'အင်း. . . တံဆိပ်တော်ရအောင် ဦးဆောင်တဲ့လူကတော့ လုစုယာပဲ၊ မွန်ဂိုတွေကို ရှုပ်ရှုပ်ခွဲခွဲတိုက်ထုတ်တဲ့ သူရဲကောင်းကတော့ ဒီမိန်းကလေးပဲ ဖြစ်မှာပဲ'

လုစုယာ ကြည်နူးစွာပြုံးရင်း ပြောလိုက်၏။

'နောင်ကြီးကုလန်၊ ကျုပ်ရဲ့ဆရာတော်က အားထားတဲ့ သူရဲကောင်းက ဒီကောင်မလေးဗျ။ မွန်ဂိုတွေကို တော်လှန်နိုင်ဖို့ ဆရာတော်က သူ့ကို အဆင့်မြှင့်ပေးလိုက်တာ'

'ငါလဲ ရိပ်မိပါတယ်ကွာ'

'ကဲ. . . မြေပုံအကြောင်း ဆက်ရှင်းစမ်းပါဦးဗျာ'

'ပေါ်နေပြီပဲ၊ ဒီအမှတ်အသားတွေက ကျောက်စိမ်းတံဆိပ်တော်ကို ဘယ်မှာမြှုပ်နှံထားတယ်ဆိုတာ ဖော်ပြနေပြီပဲ'

ထိုစဉ် စန်းအော်ကဝင်ပြော၏။

'ကုလန် ရှင်က တကယ်မေ့တတ်တာကိုး၊ ကျွန်မတို့က မြေပုံအကြောင်း သိပ်သိတာ မဟုတ်ဘူးရှင့်၊ မသိလို့ဘဲ ရှင်ပြောသမျှယုံပြီး



အစ်ကိုလုစုယာတောင် ရှင့်လက်ထဲ မြေပုံတစ်စိတ်ကိုပေးလိုက်သေးတယ် မဟုတ်လား၊ မြေပုံနဲ့ပတ်သက်သမျှ လုံးဝဥသုံ ပြောပြဖို့ အစ်ကိုကပြောနေတာရှင့်'

ကုလန်က သက်ပြင်းချပြီးပြောသည်။

'အေး. . . ဒီလိုဆိုရင် ပြောရတော့မှာပေါ့ကွာ၊ ဒီမြေပုံက ရတနာမြေပုံဆိုရင်လဲ ရတယ်၊ လူသတ်မြေပုံဆိုရင်လဲ ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရတနာမြေပုံတွေရဲ့ ထုံးစံအတိုင်း လူတွေ သောက်သောက်လဲ သေခဲ့ရလို့ပဲပေါ့ကွာ'

ကုလန်၏စကားများကို အားလုံးပင် စိတ်ပါဝင်စားစွာ နားထောင်ကြသည်။

ကုလန်က. . .

'လွန်ခဲ့တဲ့ တစ်ဆယ့်ခြောက်နှစ်ကျော်ကာလက ငါဟာ တရုတ်ပြည်မကြီးထဲ ရောက်ရှိနေခဲ့တယ်၊ တကယ်စဉ်းစားရင်တော့ ငါလုပ်တဲ့အလုပ်ဟာ အဓိပ္ပာယ်ရှိတဲ့အလုပ်တော့ မဟုတ်ဘူး၊ ကိုယ့်ပါရှားပြည်ထဲ ကိုယ်မနေဘဲ၊ တရုတ်ပြည်ထဲလာပြီး တိုက်လားခိုက်လား လုပ်နေတာကတော့ သိပ်သူရဲကောင်းဆန်ရာကျပါတယ်'

'ဒါ အပြစ်မဟုတ်ပါဘူးဗျာ၊ စွန့်စွန့်စားစားလုပ်တဲ့လူတွေဟာ ဒီလိုပဲ သွားလာတတ်ကြတာပဲဥစ္စာ'

လုစုယာက နှစ်သိမ့်လိုက်၏။

'အဲဒီလို တရုတ်ပြည်ထဲ လျှောက်သွားနေတဲ့အချိန်မှာ ငါယှဉ်ပြိုင်ဖို့ ရွေးချယ်သတ်မှတ်ထားတဲ့လူတွေ အများကြီးရှိတယ်၊ တချို့လဲ နိုင်တယ်၊ တချို့လဲ ရှုံးတယ်၊ ငါနဲ့ ယှဉ်ပြိုင်မယ့်လူတွေထဲမှာ မင်း

အဖေ လုကွမ်နန်လဲပါတယ်၊ ဒါကြောင့် လုကွမ်နန်ကို လိုက်ရှာခဲ့
တယ်'

'တွေ့ရဲ့လား'

'တွေ့တာပေါ့၊ ပါရှားပြည်ထဲ မင်းတို့ရောက်လာတော့ မင်းတို့
ငါ့ကိုမရှာတတ်ဘူး၊ အဲဒါ ပါရှားပြည်ဟာ မင်းတို့နဲ့စိမ်းနေလို့ပေါ့၊ ငါ
တရုတ်ပြည်ကတော့ အဲဒီလို မစိမ်းဘူးကွ၊ တရုတ်ပြည်အနှံ့
ရောက်ဖူးတော့ မင်းအဖေကို ငါတွေ့အောင် ရှာနိုင်ပါတယ်'

'တွေ့တော့ တိုက်ရောလား'

'တွေ့တယ်၊ တိုက်ခိုက်ကြတယ်၊ မင်းအဖေဟာ သိုင်းပညာ
အတော်ကောင်းပါတယ်၊ သတ္တိလဲရှိတယ်'

'သိုင်းသမားဖြစ်မှတော့ သတ္တိမရှိဘဲ နေတော့မလားဗျာ
သိုင်းသမားတိုင်း သတ္တိရှိတာပေါ့'

'လုစုယာ မင်းငယ်ပါသေးတယ်ကွာ၊ သတ္တိအကြောင်း မင်း
တကယ်မသိသေးပါဘူး၊ သိုင်းသမားတိုင်း သတ္တိရှိတာ မဟုတ်ဘူး
သိုင်းသမားတချို့ဟာ မိုက်ရူးရဲတဇောက်တန်းတွေကွ၊ သူတို့ဟာ
လက်ရဲဇက်ရဲ သတ်ဖြတ်ရဲတယ်၊ သူတစ်ပါးကို နှိပ်စက်ရဲတယ်
အဲ. . . သူတို့ ခံရတဲ့ အခါကျတော့ မွေးညင်းလေးတစ်ပင် အနုတ်ခံ
တာတောင် အသက်ထွက်တော့မလောက် အော်ဟစ်ကြတယ်၊
တတ်လိုက်ကြတာလဲ လွန်ပါရောပဲ၊ သတ္တိကို စမ်းသပ်နိုင်တဲ့ ပထမ
အချက်က ခံရဲဖို့ပဲကွ'

'ဗျာ'

'ချရဲတာ သတ္တိမဟုတ်ဘူးကွ၊ အံကြိတ်လို့ပဲ ဖြစ်ဖြစ်၊ ပြုံး



ပြုံးပဲဖြစ်ဖြစ် ခံရဲတဲ့လူကမှ သတ္တိရှိတာ၊ ကဲ. . . ငါမေးမယ်ကွာ၊
သူ့ရဲ့ကောင်းဆိုတာ အများကြီးရှိသလား၊ နည်းနည်းလေး ရှိသလား'

'နည်းတာပေါ့၊ တစ်ထောင်မှာတစ်ယောက်၊ တစ်သောင်းမှာ
တစ်ယောက်ရှိတာပါ'

'အေး. . . မင်း လူတွေကိုလိုက်ကြည့်စမ်းပါ၊ သတ်ရဲ ထုရဲ
နှက်ရဲတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲရှိတယ်၊ အေး. . . ခံရဲတဲ့လူဟာ
ရှားတယ်၊ ဒါကြောင့် သူ့ရဲကောင်းဆိုတာလဲ ရှားနေတာပေါ့၊ ဒါက
စကားစပ်လို့ ပြောတာပါ၊ မင်းအဖေလုကွမ်နန်နဲ့ ငါဟာ မိတ်ဆွေ
အပေါင်းအသင်းတွေ ဖြစ်ခဲ့ကြပါတယ်၊ နောက်ပိုင်းမှာ အရှေ့ပင်လယ်
ကျွန်ကိုတောင် နှစ်ယောက်တွဲခရီးထွက်ခဲ့တဲ့အထိ ရင်းနှီးခဲ့တယ်'

'အဲဒါတွေကို ကျုပ်တို့ဘာမှမသိပါဘူးဗျာ'

'မင်း ဘယ်သိနိုင်မလဲ၊ မင်းက ငယ်ငယ်လေးပဲ ရှိဦးမှာပေါ့၊
တကယ်တော့ ဒီခရီးဟာ တို့မိတ်ဆွေနှစ်ယောက်အတွက် ကောင်း
သောခရီး မဟုတ်ပါဘူး'

'ဗျာ. . . ဘာတွေများ ပြဿနာကြုံတွေ့ရလို့လဲ'

'မမျှော်လင့်တဲ့ကိစ္စလေးတစ်ခုကြောင့် မင်းအဖေနဲ့ငါဟာ
တစ်ယောက်နဲ့တစ်ယောက် မျက်နှာပျက်ခဲ့ကြရတယ်၊ အမုန်းပွားခဲ့ကြ
ရတယ်၊ အဲဒီလို အမုန်းပွားရတဲ့ကိစ္စမှာ မင်းအဖေမှားခဲ့တယ်၊ ငါ့ကို
ဘာကြောင့် လိမ်ရသလဲဆိုတာလဲ ငါမသိရဘူး၊ အဲဒါကြောင့် သူ့ကိုငါ
ဒေါ်စိတ်ဆိုးခဲ့တယ်'

လိုစကားကား နားထောင်နေသူများကို ပို၍စိတ်ဝင်စားစေ
သော စကားဖြစ်ပေသည်။

မည်သည့် ပြဿနာနည်း။

ဂုဏ်ကွမ်းနန်းတ ကုလန်ကို အဘယ့်ကြောင့်လိမ်ညာရသနည် သို့သော် အတိတ်ဖြစ်ရပ်များကို ကုလန်နှင့်လုကွမ်းနန်းမှတပါး အခြ မည်သူမျှ မသိပေ။ ထို့ကြောင့် မည်သူမှားသည် မှန်သည်ကို မည်သူ ဝေဖန်ချက် မပေးနိုင်ပေ။

လုစုယာက. . .

'ဘာပြဿနာများ ကြုံလို့လဲဗျာ၊ ဒီမြေပုံကိစ္စပဲ အငြင်းပွား ရတာလား'

'ဒါပဲပေါ့ကွ. . . ဒီမြေပုံသုံးစိတ်ကို သူက ငါ့ဆီကလိမ်ညာ တယ်လေ'

'ဗျာ. . .'

'ရှင်. . .'

အားလုံးပင် အာမေဋိတ်သံများ ထွက်သွားကြလေတော့ အံ့ဩစရာသတင်းပင် မဟုတ်ပါလား။

'မင်းအဖေနဲ့ငါ ပင်လယ်ပြင်တစ်လျှောက် လျှောက်သွား တွေ့သမျှ သိုင်းသမားကို စိန်ခေါ်ပြီးတိုက်ခိုက်ခဲ့ကြတယ်၊ တွေ့သ သိုင်းသမားဆိုလို့လဲ အထင်မမှားနဲ့ဦးနော်၊ စိန်ခေါ်ပြီး တိုက်ခိုက် ချင်တဲ့သိုင်းသမားတွေကို တို့က လက်ခံတိုက်ခိုက်တာပါ'

'ဆက်ပြောပါဦး'

'ငါတို့နှာမည်ဟာ အရှေ့ဘက်ပင်လယ်တလွှားမှာ ကျော်ကြ ပါတယ်၊ အဲဒီအချိန်မှာ ငါတို့ဟာ လူတစ်ယောက်ရဲ့အသက် ကယ်ခဲ့တယ်၊ သူက ကျေးဇူးဆပ်တဲ့အနေနဲ့ ပစ္စည်းနှစ်ခုကို လ



[illegible]ပေးခဲ့တယ်'

'သူက သိုင်းသမားလား'

'သိုင်းသမားတော့ သိုင်းသမားပဲ၊ ပင်လယ်ပြင်ထဲက သိုင်းသ [illegible] ဟ်ငါသည်ဆိုရင်လဲ မမှားဘူးပေါ့'

'အင်း. . . သူ့ပစ္စည်းက ဘာထူးဆန်းလို့လဲ၊ ဆက်ပြောပါဦး'

'သူ့နာမည်က လီအာနုပဲ၊ အရှေ့ပင်လယ်ပြင်သားတွေ မှည့် [illegible] နာမည်မျိုးပါပဲ'

'ဘာ. . . လီအာနု ဟုတ်လား'

ထိုသို့ အလန့်တကြားထမေးလိုက်သူမှာ အခြားသူမဟုတ်ပါ။ ဘွန်တိမ်စန်းဖြစ်ပါသည်။ ဘွန်တိမ်စန်း၏အာမေဋိတ်သံကြောင့် [illegible]ကိုပင် ထိတ်လန့်သွားသည်။

'နောင်ကြီးဘွန်တိမ်စန်း၊ လီအာနုကို နောင်ကြီးသိလို့လား'

'သိတာပေါ့၊ ကျွန်တော်ကိုယ်တိုင် သူ့အသက်ကို ကယ်ပေးခဲ့ဖူး [illegible] ဒီအကြောင်း အပြည့်အစုံကို ညီမစန်းအော်ကိုတောင် ပြောမိခဲ့ [illegible]တယ်'

ဘွန်တိမ်စန်းက လီအာနုကို သူ့နောက်မှလိုက်လာသူ လူဆိုး [illegible]များ၏လက်ထဲမှ ကူညီကယ်တင်ပေးခဲ့ပုံအကြောင်း အတိုချုပ် [illegible]ပြောပြီး. . .

'သူက ကျွန်တော့်လက်ထဲကို ရေပုံတစ်ခုပေးခဲ့တယ်၊ ပေးရမယ့် [illegible]တော့ ဘကြီးလုကွမ်းနန်းတဲ့'

'ဟင်. . . ဟုတ်ရဲ့လား'

အားလုံးပင် အလွန်တရာအံ့ဩကုန်သည်။

မှန်ပေသည်။

တိုက်ဆိုင်မှုသည် အံ့ဩဖွယ်ကောင်းလောက်အောင် လာ၍ ဆက်စပ်နေပေသည်။

ထိုစဉ်. . . စန်းအော်က ရေပုံစက္ကူစာရွက်ကို ထုတ်ပေးလာလေ၏။

ဘွန်တိမ်စန်းက. . .

'အဲဒီ ရေပုံစာရွက်က လီအာနုပေးတဲ့ရေပုံစာရွက်ပဲ၊ ကျွန်တော်က ညီမလေးစန်းအော်ကို ပေးထားတာပါ။ သူက ဘကြီးလုကွမ်နန်ရဲ့ မွေးစားသမီးပဲ မဟုတ်လား'

ကုလန်သည် အလွန်တရာအံ့ဩသွားသည်။

'တိုက်ဆိုင်လိုက်တာကွာ၊ ကြုံကြုံဖန်ဖန် တိုက်ဆိုင်တာပဲ၊ သူ အသက်ရှင်လျက် ရှိသေးရဲ့လား'

'ဘယ်ရှိပါ့တော့မလဲဗျာ၊ သူမသေခင် သူ့ရေပုံစာရွက်ကို ပေး တာပါ။ သူကလဲ သူမနေရတော့ဘူးဆိုတာသိလို့ ပေးခဲ့တာပေါ့'

ကုလန်သည် လီအာနုအပေါ် အတော်ကလေး ခင်မင်ခဲ့ ရသည်။

လီအာနု သေဆုံးသွားသည်ကို သိရသည့်အတွက် သူအတော် ကလေး စိတ်လက်မကောင်း ဖြစ်သွားရှာသည်။

သူ့စကားများကလည်း သူ့သံယောဇဉ်ကို ဖော်ပြနေခဲ့ပေသည်။ ကုလန် ညည်းညည်းညူညူ ရေရွတ်လိုက်သည်။

'ပြော်. . . သူ သေရှာပြီကိုး၊ တကယ်တော့ သူဟာ စိတ်ရင်း စေတနာရင်း သိပ်ကောင်းတဲ့လူ သူတော်ကောင်းကြီးပါ'



'မင်းဗျားဟာ လီအာနုနဲ့ တော်တော်ရင်းနှီးခင်မင်ခဲ့ပုံ ရတယ် နော်'

ဘွန်တိမ်စန်းက ပြောခြင်းဖြစ်သည်။

'ဒီပါတော့လေ၊ မင်းလဲ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် ဒီရေပုံစာရွက်ရခဲ့တာပါ။ လီအာနုက ငါတို့ကိုပေးခဲ့တယ်ဆိုတဲ့ ပစ္စည်း နှစ်ခုဟာ ဘာလဲဆိုတာ သိသလား'

'မင်းဗျား လေပေါက် နားထောင်ရတာနဲ့ပဲ၊ လီအာနုပေးခဲ့တဲ့ ပစ္စည်းတစ်ခုဟာ ဒီရေပုံနဲ့ပတ်သက်နေမယ်လို့ ခန့်မှန်းနိုင်တယ်'

ဘွန်တိမ်စန်းက သူ့ခန့်မှန်းချက်ကို ပြောခြင်းဖြစ်သည်။

ကုလန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ လီအာနုက တို့နှစ်ယောက်ကိုပေးခဲ့တဲ့ ပစ္စည်း နှစ်မျိုးဟာက ဒီရေပုံစာရွက်နဲ့ ပြောက်မြားစွာသောရတနာတွေ မြှုပ်နှံ ထားတဲ့ စက္ကူဝါမြေပုံစာရွက်ပဲကွ'

'ဟင်'

လူအားလုံးပင် တအံ့တဩဖြစ်ကုန်ကြသည်။ မြုပ်ကွက်များ တစ်စစ ပေါ်ထွက်လာခဲ့ချေပြီ။ ကွင်းဆက်များ တဖြည်းဖြည်း ပေါ်ထွက်လာခဲ့ချေပြီ။

လူရယာတို့ လူစုအဖို့ အဆုံးမှအစ ရှာရမလို ဖြစ်နေကြသည်။

သူတို့သည် မြေပုံတစ်စိတ်တစ်ပိုင်းကို ဘုမသိဘမသိ ရရှိခဲ့ကြ သည်။ ထိုတစ်စိတ် တစ်ပိုင်းကို မြေပုံမှန်းလည်း မသိခဲ့ကြ။

ကုလန်လက်ထဲသို့ပင် လွယ်လွယ်ကူကူထည့်ပေးလိုက်သည်။ ကံအားလျော်စွာ မြေပုံများအကြောင်းသိခဲ့ရသော်လည်း ထိုမြေပုံများ

၏ဇစ်မြစ်ကိုမူ မသိခဲ့ကြရပေ။

ယခု ကုလန်ရှင်းပြသောအခါမှသာ မြေပုံများ၏ဇစ်မြစ်များကို သိခွင့်ရကြပေတော့မည်။

ကုလန်သည် ငိုင်တွေနေ၏။ သူ၏အတွေးအာရုံများသည် ပစ္စုပ္ပန်ကာလမှ လွတ်ထွက်သွားပြီး အတိတ်သို့ရောက်သွားဟန်ရှိ၏။

ဤသည်ကို လုစုယာတို့အားလုံး ရိပ်မိကြ၏။ သူတို့ စကား တစ်ခွန်းတလေ ပြောလိုက်ခြင်းကြောင့် ကုလန်၏အတွေးစများ ပြတ်တောက် မသွားစေလိုပေ။

ထို့ကြောင့် ငြိမ်သက်စွာပင် စောင့်ကြည့်နေလိုက်ကြသည်။

အတန်ကြာမှ ကုလန်လှုပ်ရှားလာ၏။ ပစ္စုပ္ပန်ကာလသို့ သူ့ အတွေးအာရုံများ ပြန်လည်ရောက်ရှိလာ၏။ သူ စတင်ပြောသည်။ သူ့စကားသံက ကျယ်လောင်ခြင်း မရှိ။ နူးညံ့သိမ်မွေ့နေသည်။ တိုးတိုး ပြောခြင်းထက် အနည်းငယ်ကလေး ကျယ်လောင်သည်ဆိုရုံမျှသာ ရှိသည်။

'ရတနာ့မြေပုံစာရွက်ဟာ သူပေးကတည်းက သုံးပိုင်းပြတ် နေပါတယ်၊ အဲဒီ သုံးပိုင်းပြတ်မြေပုံကို သူက ငါ့ကိုပေးခဲ့တယ် ဘာဖြစ်လို့ ငါ့ကိုရွေးပေးရသလဲဆိုတာကတော့ ရှည်ရှည်ဝေးဝေး တွေးနေစရာ မလိုပါဘူး။ ငါက ပါရှားတစ်ယောက်ဖြစ်နေတာကိုး ရတနာ့မြေပုံဟာ ပါရှားပြည်ထဲမှာရှိတယ်၊ ငါက ပါရှားလူမျိုးဖြစ်နေ တယ်၊ ဒီတော့ ငါ့ကိုပေးတယ်၊ ဒါပါပဲ'

'အင်း. . . သူပေးတာ သဘာဝကျပါတယ်၊ နောက် ဘယ်လို ဖြစ်တယ်ဆိုတာ ဆက်ပြောစမ်းပါဦး'

လုစုယာက ခေါင်းညိတ်ပြီး ထပ်မံတိုက်တွန်းလိုက်လေ၏။

ကုလန်က. . .

'လီအာနုပေးကတည်းကိုက လူကွမ်နန်တော့ နာစေ၊ ငါ့တို့ တော့ သာစေဆိုတဲ့ စိတ်သဘောမျိုးမဟုတ်ဘူးဆိုတာ မင်းတို့ သဘောပေါက်ပြီနေ၁်၊ တဲ. . . ရေပုံကိစ္စဆိုပါတော့၊ ရေပုံကို သူက လူကွမ်နန်ကို ပေးလိုက်တယ်၊ အဲဒါလဲ လီအာနုမှာ ရည်ရွယ်ချက်ရှိတာ ပဲ၊ အဲဒီအချိန်တုန်းက လူကွမ်နန်မှာ ရန်သူတွေ တကယ်ပေါ်နေတာ၊ သူ့ကိုမြေလှန်ရှာနေကြတာ၊ သူ ရှောင်ပုန်းနိုင်အောင် အေးအေး ဆေးဆေး နေနိုင်အောင်ဆိုပြီး ချမ်းမြေ့သာယာတဲ့ ကျွန်းကလေးရှိတဲ့ ရေပုံကို သူ့ကိုတမင်ပေးခဲ့တာပါ၊ တဲ. . . လီအာနုရဲ့ ရည်ရွယ်ချက် ကလေးတွေက ဘယ်လောက်ကောင်းသလဲ'

အားလုံးပင် ခေါင်းတညိတ်ညိတ် ဖြစ်ကုန်သည်။ လီအာနုသည် လူတာသာ ချင့်ချိန်စဉ်းစားပြီး မြေပုံနှင့်ရေပုံကို သင့်ရာသင့်ရာ လူများ အား ခွဲဝေပေးခဲ့ခြင်းဖြစ်သည်။ ထို့အတွက် မည်သူကမျှ လီအာနုကို အပြစ်မတင်ကြပါ။

ကုလန်ကမူ လီအာနု၏စေတနာ မှန်ကန်ကြောင်း ဆက်လက် ၍ ရှင်းပြနေသည်။

'လူကွမ်နန်မှာ ဘယ်လောက်ပဲ ရန်သူတွေများနေများနေ ဘယ်လောက်ပဲ မြေလှန်ရှာနေရှာနေ လီအာနုပေးခဲ့တဲ့ ရေပုံကလေး ထဲကကျွန်းကလေးမှာ သွားနေရင် လူကွမ်နန်အတွက် ဘာဆိုဘာမှ စိတ်မပူရတော့ဘူး။ စိတ်အေးသွားရမယ်၊ ဘယ်ရန်သူကမှ သူ့ကို ရှာမတွေ့နိုင်တော့ဘူး၊ ဒါပေမယ့်. . . မင်းအဖေကတော့ အဲဒီရေပုံကို

မလိုချင်ခဲ့ဘူးကွာ၊ ငါ့ဆီကမြေပုံကို သူ့လက်ထဲ မရောက်ရောက်အောင်လုပ်ပြီး ငါ့ကို အရှေ့ပင်လယ်ပြင်မှာတစ်ယောက်တည်းထားပစ်ခဲ့တယ်၊ သူကတော့ လစ်ထွက်သွားခဲ့တယ်'

လုစုယာမှာ ရှက်သွေးတက်ပြီး မျက်နှာကြီးနီရဲလာလေ၏။

ကုလန်က လုစုယာ၏မျက်နှာကို မကြည့်မိပေ။ လုစုယာမှာလည်း သူ့ဖခင်သည် အကြောင်းတစ်စုံတစ်ခုရှိ၍သာ မိတ်ဆွေအပေါ် သစ္စာဖောက်ခြင်းဖြစ်လိမ့်မည်ဟု သူ့ကိုယ်သူ မဲတင်းပေးပြီး အားစိုက် နားထောင်ရတော့၏။

ကုလန်က သူ့ခံစားချက်နှင့်သူ ဆက်ပြောနေသည်။

'ငါ သူ့ကိုလိုက်ဖမ်းတော့ သူမရှိတော့ဘူး၊ တကယ့် ကိုယ်ပျောက်တစ္ဆေပါပဲကွာ၊ ငါက ရတနာတွေကိုမက်မောလွန်းလို့ သူ့ကိုဒေါသထွက်တာ မဟုတ်ပါဘူး၊ ငါ့ကို လက်တစ်လုံးခြား လှည့်ပြီးခေါင်းတုံးပေါ် ထိပ်ကွက် လုပ်သွားလို့ ဒေါသထွက်မိတာပါ။ တို့က မိတ်ဆွေတွေပဲ မဟုတ်လား၊ မိတ်ဆွေအချင်းချင်း ဒီလို မတော်မတရား မလုပ်သင့်ဘူး မဟုတ်ပါလားကွာ၊ ငါဟာ ငါ့လက်ထဲမှာကျန်ရစ်ခဲ့တဲ့ရေပုံကို လီအာနုလက်ထဲ ပြန်အပ်လိုက်တယ်၊ လုကွမ်နန်ကို တွေ့အောင်ရှာမယ်၊ မြေပုံစာရွက်ကို မရရအောင် ယူမယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်'

ကုလန်သည် စကားကိုခေတ္တဖြတ်လိုက်ပြီး ရေကရား တစ်အိုးကို ထယူသည်။ ရေကို တဝကြီး သောက်သည်။ လုစုယာ၊ ဘွန်တိမ်စန်း၊ ဘွန်လူအောနှင့် စန်းအော်တို့သည် ကုလန်၏စကားကို လွန်စွာစိတ်ဝင်စားနေကြသည်။ သူ ရေသောက်နေသည်ကို ကြည့်ပြီး စိတ်မရှည်နိုင်အောင် ဖြစ်နေကြသည်။

ဟွမ်ရိုစုံတစ်ယောက်သာ သတိမရသေးသဖြင့် ထိုစကားဝိုင်း၌ မပါဝင်သော ပရိသတ် ဖြစ်နေရသည်။

ကုလန်က ရေသောက်ပြီးနောက် ရေကရားကို စားပွဲပေါ် အသာအယာပြန်တင်လိုက်သည်။

'ကဲ. . . နောင်ကြီးကုလန်၊ ဆက်ပြောဦးမှာလားဗျာ'

လုစုယာက စိတ်မရှည်စွာမေးလိုက်မိတော့သည်။

ကုလန်ကလည်း ဒေါသသံဖြင့်ပြန်ပြော၏။

'လုစုယာ. . . မင်းက ဘာဖြစ်လို့ ဒီလောက်တောင်စိတ်မရှည်နိုင်အောင် ဖြစ်နေရတာလဲ၊ ငါ. . . ပြောမှာ အသေအချာပါကွ၊ မင်းအဖေ သောက်သုံးမကျတဲ့အကြောင်း၊ ငါက မပြောချင်လို့ အချိန်ဆွဲနေတယ်လို့များ ထင်နေသလား'

ဤအချက်က ကုလန်၏ နှိုးနှိုးရှင်းရှင်းဘွင်းဘွင်းကြီး ပြောတတ်မှုကို သရုပ်ဖော်လိုက်ပေသည်။

သူသည် သူ့ကျေးဇူးရှင်၏ကျေးဇူးကို ထောက်ထားပြီး လုကွမ်နန်ကို သက်သက်ညှာညှာပြောရန် ရည်ရွယ်မထားခဲ့ပေ။

'မင်းအဖေလုကွမ်နန် ပျောက်သွားတော့ ငါအကြီးအကျယ်လိုက်ရှာရတယ်၊ သတင်းအနံ့ခံကြည့်တော့မှ လား. . . လား. . . မောင်မင်းကြီးသားက ပါရှားပြည်ကိုထွက်သွားတာကိုး၊ ဒါကြောင့် ငါကမ္ဘာ့ပြည်ထဲ လိုက်ရှာတာ မတွေ့တာပေါ့၊ သူဟာ ပါရှားပြည်ကိုမျက်ချင်းထွက်သွားကြောင်းသိရတော့ ငါလဲ အချိန်မဆိုင်းတော့ဘူးလေ၊ ချက်ချင်း သူ့နောက်လိုက်တာပေါ့'

'ကျုပ်အဖေဟာ ပါရှားပြည်ကို ကျွမ်းမယ်မထင်ပါဘူးဗျ ကျုပ်တို့လိုပဲ သူ့ခမျာမှာလဲ ဒုက္ခရောက်ရမှာပါ။ အခု ကျုပ်တို့တော ဘယ်လောက် ဒုက္ခရောက်ရသလဲ၊ အိမ်ခံတစ်ယောက်မပါဘဲနဲ့ ရတနာမြေပုံ ကြည့်ပြီး ရတနာသိုက်ကို ရှာနိုင်လိမ့်မယ်လို့ ကျုပ်တေ မယုံဘူးဗျာ'

'ဟာ. . . ကောင်ရေ မင်းအဖေအဖို့ ဘာအခက်အခဲရှိမှာလဲ လီအာနုက ငါ့ကို မြေပုံပေးလိုက်ကတည်းက မြေပုံအမှတ်အသား တွေနဲ့ ဒေသန္တရအခြေအနေတွေကို အသေအချာပြောပြခဲ့တာပဲဥစ္စာ သူ အကုန်ကြားနေရတာပဲ၊ ငါလို ပါရှား တစ်ယောက်အဖို့ကတော့ လီအာနုရဲ့ရှင်းပြချက်တွေဟာ ဒီလောက် မလိုအပ်ဘူးပေါ့ကွာ၊ ဒါပေ မယ့် မင်းအဖေအတွက်ကတော့ တကယ်အကျိုးရှိခဲ့တာပေါ့၊ သူဟာ လီအာနုရဲ့ပြောပြချက်တွေရယ်၊ မြေပုံစာရွက်သုံးပိုင်းကို ဆက်စပ်ပြီး မြင်ရတဲ့အမှတ်အသားတွေရယ်ကို ပေါင်းစပ်ပြီး ရတနာသိုက်ရှိတဲ့ နေရာကို အသေအချာရောက်ခဲ့ပုံရတယ်၊ ဒါပေမယ့် သူဟာ ရတနာ တွေကိုတော့ သယ်လာခဲ့ပုံမရဘူး. . .'

'ဗျာ. . .'

'ဟင်. . .'

'ဘယ်လိုအဓိပ္ပာယ်လဲရှင်'

အားလုံးက တစ်ယောက်တစ်ပေါက် မေးမြန်းမိကြလေ၏။

'ဒီလိုကွ. . . သူဟာ ပါရှားပြည်ထဲက ရတနာတွေကို သွားယူခဲ့ တာမဟုတ်ဘူးကွ၊ တရုတ်ပြည်ထဲက ရတနာပစ္စည်းတစ်ခုကို ပါရှား ပြည်က ရတနာသိုက်ထဲသွားထည့်ထားခဲ့တာကွ၊ မင်းတို့ သဘော



ပေါက်ကြရဲ့လား'

လုစုယာတို့မှာ ကြောင်နေကြသည်။

ကုလန်က. . .

'သူဟာ မင်ပျောက်ရုပ်ဖော်ဆေးရဲ့အကူအညီနဲ့ မြေပုံအမှတ် အသားကို ပီပြင်ထင်မြင်လာစေတယ်၊ ရတနာသိုက်ကို ရှာတော့ ရတနာတွေကိုတွေ့တယ်၊ သူဟာ ကျောက်စိမ်းဧကရာဇ်တံဆိပ်တော် ကို အဲဒီ ရတနာသိုက်ထဲထည့်ပစ်ခဲ့တယ်၊ နောက်ပြီး မြေပုံကို မင်ပျောက်ရုပ်ဖျောက်ဆေးနဲ့ ဖျက်ပစ်ခဲ့တယ်၊ တရုတ်ပြည်မ ကြီးထဲ ကူးမြေမှုဖျက်ပြန်ဝင်လာတယ်'

'ဟူး. . . တော်ပါသေးရဲ့'

လုစုယာမှာ ဟူးခနဲသက်ပြင်းချပြီးနောက် စိတ်ထဲမှကျိတ်၍ ရေရွတ်လိုက်၏။ သူသည် ပထမ၌ ဖခင်အတွက် ရှက်ခဲ့မိသည်။

မိတ်ဆွေအပေါင်းအသင်းအပေါ် သစ္စာမရှိဘဲ ရတနာမြေပုံကို လုယူခဲ့သူဟု ထင်ခဲ့သည်။ ယခု အကြောင်းစုံသိရသောအခါမှာ ဖခင်သည် ရတနာမြေပုံကို မက်မောလွန်း၍မဟုတ်။

တရုတ်ပြည်မ၌ အန္တရာယ်များလှသော ကျောက်စိမ်းဧကရာဇ် တံဆိပ်တော်ကို တရုတ်ပြည်မ၌ မလုံခြုံဟုယူဆသဖြင့် ပါရှားပြည်ရှိ ရတနာသိုက်တစ်ခုထဲ၌ သွားရောက် သိုဝှက်သိမ်းဆည်းခဲ့ခြင်းသာ ဖြစ်ကြောင်း နားလည်သဘောပေါက်မိတော့သည်။

ထိုအခါကျမှ သူ၏အရှက်လည်းပြေတော့သည်။

ကုလန်ကမူ သူ့ဖခင်၏ရည်ရွယ်ချက်ကို သိမြင်ဟန် မရှိချေ။ သူ့ဖခင်သည် ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်ကိုရော ပါရှားပြည်မှ

ရတနာသိုက်ကိုပါ အပိုင်စီးလိုသူဟု အထင်မှားနေဟန်ရှိသေးသည်

ဤသို့ ဖြစ်ရခြင်းမှာ ဖခင်လုကွမ်နန်၏ စိတ်ရင်း သဘောရင်း သေချာစွာ မသိရှိသေး၍သာဖြစ်ကြောင်း နားလည်လိုက်ရပေသည်

တုလန်က ဆက်၍ပြော၏။

'သူ. . . ပါရှားပြည်က ထွက်ပြီး တရုတ်ပြည်ပြန်အလာ၊ ကာလဲ တရုတ်ပြည်ကထွက်ပြီး ပါရှားပြည်အသွား လမ်းခုလတ်မှာ သူနဲ့ တွေ့ခဲ့ကြတော့တာပဲ၊ မင်းတို့ စဉ်းစားကြည့်ကြစမ်း၊ ငါဟာ သူ့ တရုတ်ပြည်·တစ်ဝှမ်းလုံး ပိုက်စိပ်တိုက် ရှာခဲ့တယ်၊ မတွေ့ဘူး၊ နောက် ပါရှားအထိ လိုက်ခဲ့တယ်၊ တွေ့တော့ ငါ့ဒါသတွေ ပေါက်ကွဲထွက် တော့တာပေါ့'

စန်းအော်က ဝင်မေး၏။

'အဲဒီလိုတွေ့တော့ ရှင်တို့ တိုက်ကြခိုက်ကြမှာပေါ့နော်'

'ဟာ. . . သေသေချာချာ တိုက်ကြခိုက်ကြတာပေါ့၊ ငါက တ ပတ်ရိုက်ခံရတဲ့လူပဲ၊ တွေ့တာနဲ့ တိုက်ခိုက်တော့တာပေါ့၊ ဟော သံကြိုးဟာ အဲဒီအချိန်ကတည်းက အသုံးပြုခဲ့တဲ့လက်နက်ပဲ၊ ဒီသံကြိုး နဲ့ သဲကြိုးမဲကြိုးလိုက်တိုက်တော့တာပဲ၊ လုကွမ်နန်က ငါ့ကို ဘာ ဆင်ခြေဆင်လက်မပေးဘူး၊ ငါတိုက်တာနဲ့ သူကလဲငါ့ကို ပြန်တိုက် တာပဲ'

'ဘယ်သူ နိုင်သွားသလဲ'

စန်းအော်က ထပ်မေး၏။

လုစုယာက စန်းအော်ကို ဝင်၍ဟန့်သည်။

'ညီမလေး၊ သူ ဆက်တိုက်ပြောတော့မှာကို ဘာဖြစ်လို့ ဖြတ်



ဖြတ် မေးနေရတာလဲ'

စန်းအော် ခေါင်းကလေးပုသွား၏။ ထပ်မံ၍ မမေးတော့ပေ။

ကုလန်က. . .

'ငါတို့နှစ်ယောက်ဟာ သဲကြိုးမဲကြိုး တိုက်ခိုက်ခဲ့ကြတယ်၊ သုံး ရက် သုံးညတိုင်တိုင် တိုက်ခိုက်ခဲ့ကြတဲ့တိုက်ပွဲဟာ ဘယ်လောက် ပြင်းထန်ခဲ့ကြီးတယ်ဆိုတာ မင်းတို့ ရိပ်မိလောက်ပါတယ်၊ နောက်ဆုံး အချိန်ပိုင်းမှာ ငါဟာ အမောဖောက်လာတယ်၊ တိုက်ချိန်ကလဲ အ တော့်ကို ကြာရှည်ခဲ့တာကိုး၊ ချုပ်ပြောရမယ်ဆိုရင် ငါဟာ ရှုံးလုလု အခြေအနေ ရောက်သွားတယ်၊ အဲဒီအချိန်မှာပဲ လူတစ်စုရောက်လာ ပြီး လုကွမ်နန်ကို အတင်းဝင်တိုက်တော့တာပဲ၊ ငါလဲ သူ့ကို အရှုံး မပေးရတော့ဘူး၊ ငါ့ဘက်က ဝင်တိုက်တဲ့ လူစုကိုတော့ မင်းတို့ ခန့်မှန်း မိလိမ့်မယ်လို့ ထင်ပါတယ်'

ကုလန်က ပညာစမ်းသလို ပြန်လှန် မေးခွန်းထုတ်လိုက်လေ၏။

လုစုယာတို့အုပ်စုမှာ အပြေးအလွှားစဉ်းစားလိုက်ကြသည်။

လုကွမ်နန်ကို ဝင်တိုက်သော အုပ်စုသည် မည်သူများ ဖြစ်နိုင် သနည်း. . . ဟု။

❖ ❖ ❖

## အခန်း (၂၀၂)
## အတိတ်၏ လျှို့ဝှက်ချက်

ကုလန်တ အားလုံးကို ပြန်၍အကဲခတ်လိုက်လေ၏။ အခန်း ထဲ၌ ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ထို့နောက် ဘွန်လူအောနှင့် စန်းအော်တို့က ပြိုင်တူလိုလိုပင် ထ၍ အော်ဟစ်မိကြလေတော့သည်။

'ရ. . . ရသေ့တွေ၊ လုံဟူစန်းတောင် ရသေ့ကိုးပါးပဲ မဟုတ် လား'

ကုလန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါ့ဗျာ၊ လုံဟူစန်းတောင် ရသေ့ကိုးပါးပဲပေါ့၊'

ဘွန်တိမ်စန်းက. . .

'သူတို့က နောင်ကြီးကုလန်ဘက်က ဝင်တိုက်ပေးတာပေါ့ ဟုတ်လား'



'သူတို့က ကျွဲဘက်ကဝင်တိုက်ပေးတဲ့သဘောပဲပေါ့၊ သူတို့မှ ဝိုင်းမကူရင် ကျွဲပ်ရှုံးပြီးပြီပေါ့၊ ဒါပေမယ့် သူလို့ ဝင်ပါလာတာကိုကပဲ အခြေအနေကို ရှုပ်ထွေးသွားစေတယ်'

နားထောင်နေသူများမှာ အခြေအနေကို ရှင်းရှင်းလင်းလင်း သဘောမပေါက်နိုင် ကြတော့ပေ။

ကုလန်ပြောမည့် စကားများကိုသာ ငံ့လင့်နေကြရတော့သည်။

'တိုက်ပွဲက ပထမမှာတော့ နှစ်ဦးနှစ်ဘက် တိုက်ပွဲပဲ၊ နောက်ကျ တော့ သုံးပွင့်ဆိုင်တိုက်ပွဲ ဖြစ်သွားရော၊ လူတွေ ရှုပ်ထွေးကုန်ပြီး မည်း မည်းမြင်ရာ တိုက်ကြတဲ့ဘဝ ရောက်သွားရော၊ ရန်သူရယ် မိတ် ဆွေရယ်လို့ပဲ မခွဲခြားနိုင်တော့ဘူး'

ကုလန်က သက်ပြင်းချလိုက်ပြီး. . .

'လုစုယာ မင်းဖခင်ရဲ့ဓွဲ့သတ္တိကိုတော့ ငါတကယ်ပဲ ချီးကျူးမိခဲ့ ပါရဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ သူနဲ့ငါဟာ သုံးနေ့သုံးညတိုင်တိုင် တိုက် ခိုက်ထားခဲ့ကြတာ၊ ငါဆိုရင် အရှုံးပေးလုနီးနီး အားအင်ကုန်ခမ်း ခဲ့တာပါ၊ သူ့ကျတော့ အဲဒီလို မဟုတ်ဘူးဟေ့၊ ငါနဲ့ သုံးနေ့သုံးည တိုက်ခိုက်ပြီးတဲ့နောက် လုံဟူစန်းရသေ့တွေကို သူတစ်ယောက်တည်း ကြံ့ကြံ့ခံ တိုက်ခိုက်ခဲ့တာ၊ တော်ရုံတန်ရုံအားမာန်နဲ့ ဘယ်သူမှ ဒီလောက်ကြာအောင် မတိုက်နိုင်ပါဘူး'

လုစုယာက ခေါင်းညိတ်လိုက်၏။

'ကြားရတာကတော့ အားရစရာပါပဲ၊ ဆက်ပြောပါဦးဗျာ'

'တစ်ခုတော့ ရှိတယ်၊ ဒါကတော့ တိုက်ပွဲအခြေအနေ ရှုပ်ထွေး သွားတဲ့ သဘောပဲ၊ ရသေ့တွေနဲ့ ငါဟာ လုကွမ်နန်တစ်ယောက်

တည်းကို ဝိုင်းတိုက်တဲ့သဘောမျိုး မဟုတ်ဘဲ၊ မည်းမည်းမြင်
တိုက်ခိုက်တဲ့သဘောဖြစ်သွားလို့ လုကွမ်နန် နည်းနည်းသက်
သွားတယ်၊ ငါ့မှာ မောလဲမောနေတော့ ရန်သူရယ်၊ မိတ်ဆွေ
မခွဲခြားနိုင်တော့ဘူး၊ အားလုံး ရှုပ်ထွေးကုန်တော့တာပဲ'

'ရသေ့တွေက ခင်ဗျားကို ဒေါသမထွက်ကြဘူးလား'

'ထွက်တာပေါ့၊ ငါလဲ သူတို့ကို မိတ်ဆွေမှန်း ရုတ်တရက်
ဘယ်သိမလဲ၊ အဲဒီမှာတင် အခြေအနေရှုပ်ထွေးသွားတာပါ၊ ဒါပေ
အရှုံးအနိုင်က မပြတ်သားပါဘူး၊ အားလုံး ခြေကုန်လက်ပန်း ကျ
တဲ့ သဘောမျိုး ဖြစ်သွားရတော့ လုကွမ်နန်အတွက် သက်သာ
တယ်လို့ ဆိုရမှာပေါ့'

'နောက်ဆုံး ကျုပ်အဖေဘာဖြစ်သွားသလဲ'

'နောက်ဆုံး လုကွမ်နန်က အားလုံးရပ်ကြလို့ တစ်ချက်
လိုက်တယ်၊ တိုက်ပွဲက မပြတ်ဘဲဖြစ်နေတော့ ဘာများ အခြေအ
ထူးမလဲဆိုပြီး အားလုံးပဲရပ်လိုက်ကြတယ်'

ကုလန်က ထိုစကားကို ခေတ္တရပ်လိုက်ပြီး ပြုံးလိုက်လေ
အားလုံးက နားတစွင့်စွင့်ဖြစ်နေကြသည်။

'လုကွမ်နန်ဟာ တကယ့် လူထူးတစ်ယောက်ပဲကွ၊ သူဟာ
က ဘာမှတိုက်ပွဲမဖြစ်သလို အားရပါးရရယ်မောပြီး ဖြုန်းဆို
ဇာတွင်းအိတ်ထဲက ရတနာမြေပုံကို ဆွဲထုတ်ယူလိုက်တယ်၊ ပြီး
ရသေ့တွေကို-တစ်ပိုင်း၊ ငါ့ကိုတစ်ပိုင်း ထုတ်ပေးတယ်၊ သူက
လိုက်သေးတယ်၊ 'ဒါဟာ ရတနာမြေပုံကို သုံးပိုင်း ပိုင်းထားတာပဲ
ကျုပ်က ညီတူမျှတူခွဲဝေပေးပြီးတဲ့အတွက် ခင်ဗျားတို့ဘာမှ မ



မနှ ဖြစ်စရာမလိုတော့ဘူးတဲ့၊ သူဟာ စကားဆုံးတာနဲ့ တိုက်ပွဲ
ပြဲထဲက ထွက်သွားတော့တာပဲ'

'အားလုံးက ဒီအတိုင်း ကြည့်နေလိုက်ကြတာပဲလား'

'ဒီအတိုင်းပဲ ကြည့်နေလိုက်ကြရတာပေါ့၊ ရသေ့တွေလဲ ဘာမှ
မတတ်နိုင်ဘူး၊ နောက်တော့ ရသေ့တွေကလဲ ပြန်သွားတယ်၊ ငါ့ကို
တောင် ရှုသိုးသိုးနဲ့ ကြည့်သွားကြသေးတယ်၊ ရန်သူမှန်းမသိ မိတ်ဆွေ
မှန်းမသိတဲ့ကောင်ဆိုတဲ့ အကြည့်မျိုးနဲ့ပေါ့'

'ကြည့်ရုံကြည့်သွားတာ တော်သေးတာပေါ့၊ ခင်ဗျားဆီက
မြေပုံကိုလုသွားရင် ခင်ဗျား ဘာတတ်နိုင်မှာလဲ'

'ဟုတ်ပါ့ကွာ၊ သူတို့က ငါ့ရင်ဝကို ဖနောင့်နဲ့တစ်ချက်လာ
ပေါက်ရင်တောင် ငါ ဘာမှ မတတ်နိုင်တဲ့အခြေအနေမျိုးပါ၊ မြေပုံကို
သူတို့ လွယ်လွယ်လေးနဲ့လုသွားနိုင်ပါတယ်၊ ဘာဖြစ်လို့ လုမသွား
သလဲ ဆိုတာတော့ ငါလဲ မခန့်မှန်းတတ်တော့ပါဘူး'

'တစ်ခုတော့ ရှိတာပေါ့ဗျာ၊ အဲဒီတုန်းက ခင်ဗျားတို့အားလုံး
ငယ်ငယ်ရွယ်ရွယ် တတ်တတ်ကြွကြွ၊ အားမာန်ရှိတဲ့အရွယ်တွေဆို
တော့ ဒီမြေပုံကို မတရား မယူဘူး၊ ယှဉ်ပြိုင်ပြီးမှ ယူမယ်ဆိုတဲ့
သဘောမျိုး ဖြစ်မှာပေါ့'

'အေး. . . အဲဒီသဘောမျိုး ဖြစ်ဖို့များတယ်၊ နောက်တော့ ငါလဲ
ပါရှားကိုပြန်တယ်၊ သိုင်းပညာကို ပြန်လည်လေ့ကျင့်တယ်၊ လုကွမ်နန်
အပါအဝင် တရုတ်ပြည်က အတားအဆီးမှန်သမျှကို ပြန်လည်
တိုက်ခိုက်ဖို့ပေါ့ကွာ'

'ကျုပ် မသိလို့ မေးစမ်းပါရစေဦး၊ လုံဟူစန်းတောင် ရသေ့တွေ

ဂ်ာ ဘယ်ကနေ ဘယ်လို အဲဒီနေရာကို ရောက်လာကြရတာတု
'ငါလဲ ဘယ်သိမလဲကွာ၊ မင်းတို့ တရုတ်ပြည် သိုင်းလောက ထူးခြားချက်တစ်ခုက ဒါပဲကွ၊ လျှို့ဝှက်ချက်တွေလဲ အင်မတန် တယ်၊ ဒီ လျှို့ဝှက်ချက်တွေလဲ အင်မတန်ပေါက်ကြားလွယ်တ ငါ့လိုတိုင်းတစ်ပါးသားအဖို့တော့ ဒါတွေဟာ အခက်အခဲတွေပေါ့

လုစုယာသည် လုံဟူစန်းတောင်ရသေ့ကိုးပါးနှင့် ကျားချေ ကမ်းပါးတွင် ပထမဆုံး တွေ့ဆုံခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ရ ကြီးများက ကျောက်စမ်းကေရာဇ်တံဆိပ်တော် သူတို့တွင် ရှိ ယောင် ပြောကြားခြင်းများကို လုစုယာ သဘောမပေါက်ခဲ့ပေ။

ရသေ့ကြီးများသည် ထိုမြေပုံတစ်ပိုင်းကိုရရှိထားခြင်းကြေ ကျောက်စိမ်းတံဆိပ်တော်ကို သူတို့အပိုင် ရရှိနေသယောင် ပြော ခဲ့ခြင်းဖြစ်ကြောင်း ယခုမှရိပ်မိသိရှိတော့သည်။

ကုလန်က. . .

'ငါဟာ ပါရှားကိုပြန်ပြီး သိုင်းပညာ ကြိုးစားလေ့ကျင့်ခဲ့တ ကိုယ့်ကိုယ်ကို အတော်ဟုတ်နေပြီလို့လဲ ထင်ခဲ့မိတယ်၊ ရတနာ ပြန်ရဖို့ တရုတ်ပြည်ပြန်ရောက်တော့ လုကွမ်နန်ဟာ သေဆုံး ကဲ. . . သူတို့ဆီမှာ ရှိနေတဲ့ ရတနာမြေပုံတစ်စိတ်ကို ဘယ်မှာ မလဲ၊ ငါ့အဖို့ စဉ်းစားရတာက လွယ်ပါတယ်၊ အဖြစ်နိုင်ဆုံးက သူ ဆီမှာပဲရှိရမယ်လို့ တွက်တယ်၊ ငါ တွက်ထားတဲ့အတိုင်း မှန်တ

ကုလန်က စကားကိုရပ်လိုက်၏။

ထို့နောက် လုစုယာကို ချစ်ခင်လေးစားဖွယ်ကြည့်သည်။

'လုစုယာ. . . မင်းနဲ့ငါဟာ အကြိမ်ကြိမ် တိုက်ခဲ့ဖူးတဲ့ လူ



အခုတစ်ခါမှာဆိုရင် မင်းဟာငါ့အသက်ကို ကယ်တင်ပေးခဲ့ပြီးပြီ၊ ပြည်ပြန်ငါးယောက်ဟာ ငါ့ကိုအသေသတ်ဖို့ လိုက်ရှာနေကြတာပါ၊ ကြောင့်လဲဆိုတော့ ငါမသေရင် သူတို့အတွက် ရန်မအေးဘူး တာ သိလို့ပါပဲ၊ ဘာပဲပြောပြော ခုအချိန်မှာတော့ ငါဟာ အကြီး ကျယ်ဒုက္ခရောက်နေတာပါ။ သူတို့ကိုလဲ ဒီအချိန်မျိုးမှာတော့ ငါ ယ်လိုမှ လက်စားချေနိုင်မှာ မဟုတ်ပါဘူး။ မင်းတို့ရောက်လာတဲ့ အတွက် ငါဟာ အသက်ရှည်ခွင့်ရလိုက်တာပါပဲ၊ မင်းက မတရား ယှဉ်ပြိုင်ပြီး မြေပုံအတွက် ထပ်မံယှဉ်ပြိုင်ပါလို့ပြောတယ်၊ နိုင်တော့ပါဘူး။ လုံးဝ မဖြစ်နိုင်တော့ပါဘူး။ ငါဟာ ရတနာတွေ အတွက် စိတ်လျှော့လိုက်ပြီးပါပြီ၊ ဒီတော့ ကျောက်စိမ်းကေရာဇ် တံဆိပ်တော်နဲ့ ရတနာတွေကို မင်းပဲယူပေတော့၊ မင်းကို ငါ လွှဲအပ် လိုက်ပြီ'

လုစုယာ၏ရင်ထဲ၌ တလှပ်လှပ်ဖြစ်လာ၏။ အမျိုးအမည် မသိသော ဝေဒနာသည် သူ့ရင်ထဲ၌ ဒုက္ခပေးနေသည်။

ကုလန်က စားပွဲပေါ်မှမြေပုံကို လက်ညှိုးထိုးပြလိုက်ပြီး. . .

'ကဲ. . . မြေပုံပေါ်မှာ အမှတ်အသားတွေ အထင်အရှား ပေါ်နေပြီ၊ ကျောက်စိမ်း ကေရာဇ်တံဆိပ်တော်နဲ့ ရတနာတွေကို ရှာဖို့ အချိန်စေ့ရောက်နေပြီ၊ ကဲ. . . ဒီတုပ်စုကြီးနဲ့ပဲ သွားသယ် ပါပို့'

ကုလန်က ငိုင်နေသောလုစုယာအား ဆော်ဩလိုက်သည်။

လုစုယာမှာ ထိုအခါကျမှ ဆတ်ခနဲဖြစ်သွားပြီး သတိဝင်လာ၏။

စန်းအော့က ဝမ်းသာအားရ ထအော်သည်။

'ဒါ အကောင်းဆုံးပဲ၊ ကျွန်မတို့ရဲ့ရည်ရွယ်ချက် ပြီးပြည့်စုံရတော့မှာပေါ့။ ကျွန်မတို့ ဘယ်လောက်ပင်ပန်းခဲ့ရသလဲဟင်၊ တရုတ်ပြည်ထဲမှာလဲ ကျောက်စိမ်းတံဆိပ်တော်အတုနောက်ကို အစစ်မှတ်ပြီး လိုက်ခဲ့ရတဲ့ရက်တွေကလဲ မနည်းဘူး။ တံဆိပ်တော်အစစ်ဟာ ပါရှားပြည်မှာရှိတယ်ဆိုလို့ လာလိုက်ရတဲ့ခရီးဟာလဲ မနည်းဘူး။ အခုကြည့်စမ်း ဟွမ်ရီစုံဆိုရင် သေတော့မလို့၊ ကံကောင်းပေလို့ သာပေါ့၊ ခုနောက်ဆုံး ပင်ပန်းမှုရဲ့အကျိုးခံစားရပြီး ရတနာမြေပုံကို ရပြီ၊ ကျောက်စိမ်းတံဆိပ်တော်ကို ရတော့မယ်၊ ကျွန်မတို့သွားကြစို့'

'ညီမလေး - အလကားနေရင်း အော်ဟစ်မနေစမ်းပါနဲ့ကွယ်၊ ငါ. . .,ခဏလောက်စဉ်းစားပါရစေဦး'

လုစုယာက အလွန်တရာတက်ကြွနေသော စန်းအော်အား ဟန့်တားလိုက်၏။

'အို. . . အစ်ကိုကလဲ ဘာစဉ်းစားနေဖို့ လိုတော့မလဲ၊ ကျောက်စိမ်းတံဆိပ်တော်လဲ ရှိတယ်၊ ရတနာတွေလဲ ရှိနေတယ်၊ ကုလန်ကလဲ သူ မလိုချင်တော့ပါဘူး၊ မင်းတို့ပဲ ယူကြပါလို့ ပြောနေပြီပဲ ဥစ္စာ၊ ယူလိုက်ရုံပေါ့'

လုစုယာကား ထိုသို့မတွေးပေ။ သူ့ဖခင် လုကွမ်နန်သည် မြေပုံကို ကုလန်ဆီမှလုယူသွားခြင်းမှာ ရတနာများကို မက်မော၍ မဟုတ်ပေ။ ကျောက်စိမ်းတံဆိပ်တော်ကို စိတ်ချလက်ချ သိုဝှက်လို၍သာ ဖြစ်သည်။

ကုလန်သည် ထိုအချက်ကို ကောင်းစွာ သဘောမပေါက်ခဲ့ပေ၊ သူ့ဖခင်လုကွမ်နန်အပေါ် အထင်မှားခဲ့သည်။



ယခုအချိန်၌ သူ့ဖခင်လုကွမ်နန်သာ အသက်ထင်ရှားရှိနိုင်ပါက ထိုအကြောင်းကို ရှင်းပြပေလိမ့်မည်။ အသက်ထင်ရှား မရှိတော့သဖြင့် ထိုအကြောင်းကို ရှင်းမပြနိုင်တော့ပေ။

ထိုအကြောင်းနှင့် ပတ်သက်ပြီး ရှင်းပြနိုင်သူ သက်သေပြနိုင်သူ ... သူသာရှိတော့သည်။

လုစုယာက ခေါင်းကိုမော့ပြီး ကုလန်ကိုကြည့်လိုက်၏။

'နောင်ကြီး. . . ကုလန်၊ ကျုပ်ဟာ ဒီမြေပုံစာရွက်သုံးပိုင်းကိုလဲ ...ကိုမျှော်ဘူး၊ သိန်းပေါင်းများစွာ တန်ဖိုးရှိတဲ့ရတနာတွေကိုလဲ မလိုချင် ... . . .၊ ကျုပ်လိုချင်တာက ကျောက်စိမ်းဧကရာဇ်တံဆိပ်တော် ...မှတည်းပါဗျာ'

ကုလန်က လုစုယာကို ထူးဆန်းစွာစိုက်ကြည့်ပြီး. . .

'လုစုယာ. . . မင်း ငါ့ကိုအားနာနေသလား၊ အားမနာပါနဲ့ ...ယာ၊ ရတနာတွေကို မင်းတို့ယူပါ၊ ငါ ရတနာတွေကို မလိုချင်ပါဘူး'

'လုစုယာက ခေါင်းကို တွင်တွင်ကြီးခါယမ်းလိုက်သည်။

'နောင်ကြီး. . . ကုလန်၊ ကျုပ်ဟာ ကျုပ်ဖခင်ရဲ့ဆန္ဒကို လွန် ...ပြီ၊ ဒီရတနာတွေကိုမယူပါရစေနဲ့'

'ဘာ. . . မင်းဖခင်က ဒီရတနာတွေကို မလိုချင်ဘူးလို့ မင်း ...ယ်လို့သိသလဲ'

'သိတာပေါ့ဗျာ၊ ကျုပ်တို့ မျိုးဆက်သုံးဆက်စလုံးဟာ မှူးကြီး ...ရာမျိုးတွေပါ၊ ဆွေကြီးမျိုးကြီးတွေပါ၊ ညီမလေးစန်းအော်ဟာ ...မကောင်း အကြောင်းမလှလို့ သူ့ခမျာ ကျားချောက်ကမ်းပါးမှာ ...ပြောင်းခဲ့ရပေမယ့် သူဟာ မင်းနေပြည်တော်မှာ အိမ်ကြီးရနိုင်နဲ့

နေနေရမယ့် မိန်းကလေးမျိုးပါ။ ဒါတွေပြောပြနေရတာက ကျွန်တို့ဟာ မျိုးစဉ်မျိုးဆက်အရ စိန်ရွှေရတနာ ရာထူးဂုဏ်သိန်တွေနဲ့ နေထိုင်ခဲ့ဖူးသူတွေဖြစ်ကြောင်း သိစေချင်လို့ပါ။ ကျွန်ုပ်ဖခင်ဟာ ဒီရတနာတွေကိုမက်မောရင် ပထမတစ်ခေါက် ကျောက်စိမ်းတံဆိပ်တော်သွားပြီး သို့ဝှက်မြှုပ်နှံစဉ်ကတည်းက ဒီရတနာတွေကို သယ်နိုင်သလောက် သယ်ထုတ်လာခဲ့မှာပေါ့။ သူ. . . ရတနာတွေကို မမက်မောပါဘူး နောင်ကြီးကုလန် ကျွန်တောင် အခု ခင်ဗျား ကြည်ကြည်ဖြူဖြူပေ နေတဲ့ရတနာတွေကို မမက်မောသေးတာ၊ ကျွန်ုပ်ဖခင်က ပိုပြီးတော့တောင် မမက်သေးတာပေါ့။ ကျေးဇူးတင်ပါတယ် နောင်ကြီးကုလန် ကျွန်ုပ်တို့အတွက် ကျောက်စိမ်းကေရာင် တစ်ခုတည်းပဲပေးပါ။ မြေပုံအညွှန်းအတိုင်း နောင်ကြီးတစ်ယောက်တည်းသွားပါ၊ ကျွန်ုပ်တို့အတွက် တံဆိပ်တော်ကိုသယ်ဆောင်ပေးပါ။ အဲ. . . ရတနာတွေကို နောင်ကြီး သယ်ယူချင်လို့ အကူအညီလိုအပ်မယ်ဆိုရင်တော့ ကျွန်ုပ်တို့ အားလုံးလိုက်လာခဲ့မယ်၊ သယ်ဖို့ရည်ရွယ်ချက် မရှိသေးဘူးဆိုရင် တော့ ကျွန်ုပ်တို့ မလိုက်သေးဘူး။ ဒီကပဲ ထိုင်စောင့်မယ်'

ကုလန်သည် လုစုယာကိုစိုက်ကြည့်လိုက်၏။ ထို့နောက် တောင်းပန်သည်။

'လုစုယာ မင်းဖခင်လုကွမ်နန်အပေါ် ငါ အထင်မှားခဲ့တာ တောင်းပန်ပါတယ်ကွာ၊ ကဲ. . . မင်းတို့ ရတနာတွေကို မလိုချင်ဘူးဆိုလဲ ဒီကပဲ စောင့်ကြပါ၊ မင်းတို့လိုချင်တဲ့ ကျောက်စိမ်းတံဆိပ်တော်ကို ငါပဲသွားယူပေးပါ့မယ်'

'အဲဒါ အကောင်းဆုံးပါပဲဗျာ'



သူတို့သည် စားပွဲပေါ်မှ မြေပုံကိုကြည့်ကြ၏။

ကုလန်က အမှတ်အသားများ၏အညွှန်းကို ပြောပြသည်။ ဤအမှတ်အသား အညွှန်းများမှာ ကုလန်အတွက်တော့ လွယ်ပါသည်။ လုစုယာတို့အတွက်တား မလွယ်လှချေ။

အကယ်၍ ကုလန်၏အကူအညီကို မရခဲ့ပါက လုစုယာတို့ ကနေဖြင့် ကြိုးစားရှာဖွေကြရမည်သာ ဖြစ်သည်။

ကုလန်က. . .

'တစ်ခုတော့ရှိတယ် လုစုယာ၊ ရတနာသိုက်ရှိတဲ့စခန်းကတော့ နီးလှတယ် မဟုတ်ဘူး။ ရတနာသိုက်တွေရဲ့သဘောကိုလဲ မင်းတို့ ကြားဖူးပါလိမ့်မယ်၊ ထောင်ချောက်တွေ လှည့်ဖြားမှုတွေအများကြီး ရှိနိုင်ပါတယ်၊ မင်းဖခင်လုကွမ်နန်ဟာ မင်းတို့မက်မောလှတဲ့ ကျောက်စိမ်း တံဆိပ်တော်ကို အဲဒီရတနာပုံပေါ် ပစ်တင်ခဲ့မှာမဟုတ်တာ သေချာနေတော့ ငါက ခက်ခက်ခဲခဲလိုက်ရှာရဦးမှာပါ၊ ဒီတော့ ငါ ကြာနေရင် စိတ်မပူကြပါနဲ့၊ ဒီမြေအောက်ခန်းမှာ ရိက္ခာတွေလဲ အဆင်သင့်ရှိပါတယ်၊ ဝိညာဉ်ဖြူငါးယောက်ကတော့ ပြန်လာမယ် မထင်တော့ပါဘူး'

လုစုယာက ခေါင်းညိတ်၏။

'စိတ်ချပါ၊ ကျွန်ုပ်တို့ ဘာမှမလုပ်ပါဘူး။ ဝိညာဉ်ဖြူငါးယောက် ပြန်လာရင်လဲ ခုခံရုံပေါ့၊ ကျွန်ုပ်စိတ်ထင်တော့ သူတို့လာကြမယ် မထင်ပါဘူး'

စန်းအော်က ရယ်ပြီး. . .

'အစ်ကိုလုစုယာ၊ ကုလန်က ညီမလေးတို့ ပါရှားထဲဝင်စမှာ

ရှုတ်ရှုတ်သဲသဲလုပ်တာမျိုး ဖြစ်မှာစိုးလို့ သတိပေးနေတာနဲ့တူနေတာပါ'

လုစုယာက ခေါင်းခါလိုက်ပြီး. . .

'စိတ်ချပါ၊ ကျုပ်တို့ ဘာလုပ်စရာမှမလိုတော့တာဘဲ၊ နောင်ကြီး ကုလန်ကိုတွေ့ပြီးတာနဲ့ ကျုပ်တို့ကိစ္စက ပြီးနေတာပဲ၊ ကျုပ်တို့ ဒီကပဲ စောင့်နေပါတော့မယ်'

'ကဲ. . . ဒီလိုဆိုရင်လဲ ကျုပ်သွားတော့မယ်'

ကုလန်သည် အထုပ်အပိုး မပြင်ဆင်တော့ပေ။ သူ့တိုင်းပြည် အတွင်း မည်သို့ မည်ပုံ သွားလာရမည်ကို သူ ကောင်းစွာသိပုံရသည်။

လုစုယာတို့အုပ်စုအား နှုတ်ဆက်ပြီးနောက် အိမ်ထဲမှ ထွက်ခွာ သွားလေတော့သတည်း။

❖ ❖ ❖

အခန်း (၂၈၃)

## အိမ်ရှင်၏ ကျေပွန်မှု

ဟွမ်ရီစုံသည် ကုလန်ထွက်ခွာသွားပြီဟု သိရသောအခါ စိတ်ထဲ၌ မသက်မသာဖြစ်၍ ကျန်နေခဲ့လေ၏။

သူ အဆိပ်တက် မိန်းမောနေခဲ့သည့်အတွက် ရတနာများသယ်ယူခွင့် ဆုံးရှုံးရလေပြီဟု နှမျောတသ ယူကြုံးမရဖြစ်ကျန်ရစ်ခဲ့၏။

သူသည် စေရဒေဝဘွဲ့ရခဲ့သည့်အတိုင်း ရတနာပစ္စည်း၊ အဖိုးတန်ပစ္စည်းများကို အလစ်သုတ်ခြင်း၊ ခိုးယူခြင်း၊ ခါးပိုက်နှိုက်ခြင်း စသည်တို့ ပြုလုပ်ခဲ့သူ ဖြစ်၏။

ရတနာပစ္စည်းများကို ထိကိုင်လျှင် အရသာရှိသူ ကျေနပ်သူလည်း ဖြစ်၏။

နောက်ဆုံး၌ သူသည် စိတ်ထဲမှဝေဒနာကို မထိန်းသိမ်းနိုင်ဘဲ ပါးစပ်မှ ထုတ်ဖော်ညည်းညူမိလေတော့သည်။

'တောက်. . . တကယ်နာတာပဲ၊ ပါရှားကရတနာသိုက် ဘယ်လောက်ကြီးသလဲ ဆိုတာတောင် မသိလိုက်ရဘူး၊ ကျောက်ကလေးတစ်လုံး၊ စိန်ကလေးတစ်လုံးတောင် အမှတ်ရရ မယူလိုက်နိုင်တာကိုတော့ ဝမ်းနည်းလို့မဆုံးဘူး'

လုစုယာက ပြုံးလိုက်၏။

'ဟွမ်ရီစုံ ဒီလောက်လဲ ဝမ်းနည်းမနေပါနဲ့ဗျာ၊ နောင်ကြီးကုလန်ပြန်လာရင် ရတနာ တချို့တလေတော့ ပါလာဦးမှာပါ၊ အဲဒီအခါကျမှ သူ့ဆီက ရတနာတချို့ကိုတောင်းပေးပါ့မယ်'

ဟွမ်ရီစုံသည် ရတနာများအပေါ်ထားသော လုစုယာ၏ သဘောထားကို မသိချေ။

ထို့ကြောင့် သူ့စိတ်ထဲ ထင်သည်တို့ကိုသာ ဆက်ပြောနေသည်။

'သူ့ရဲကောင်းလေး. . . ဒီ ပါရှားကြီးအကြောင်း ထည့်ပြောမနေစမ်းပါနဲ့၊ သူက လှကပ်စေးနည်းကြီးပါ၊ ရတနာတွေကို ဘယ်လောက် မက်မောသလဲ၊ မမက်မောသလဲဆိုတာ သူ တရုတ်ပြည်ရောက်လာတာကိုပဲ ကြည့်ပါ၊ ကျုပ်သာ ကုလန်နဲ့လိုက်သွားရင် တကယ် အဖိုးတန် ရတနာသုံးလေးလုံးတော့ ကျုပ်အိတ်ထဲ အသာကလေးရောက်နေပြီ'

'ဟွမ်ရီစုံ. . . ခင်ဗျား၊ သူနဲ့လိုက်သွားလို့ကတော့ ရတနာတွေကို ခိုးယူဖို့ မလိုပါဘူး၊ သူက ကျုပ်တို့ကို အဲဒီ ရတနာသိုက်တစ်ခုလုံးတောင် ပေးနေတာဗျ'

လုစုယာက ရှင်းပြလိုက်၏။

ဘွန်လူအောမှာ စိတ်မရှည်တော့ပေ။



'ဟွမ်ရီစုံ. . တော်ပါတော့ရှင်၊ ရတနာတွေအကြောင်း ဆက်ပြီးမပြောပါနဲ့တော့၊ ရှင်ဟာ စောရဒေဝ မဟုတ်တော့ပါဘူး၊ လူသစ်ဟွမ်ရီစုံ ဖြစ်နေပါပြီ၊ တိုင်းကျိုး ပြည်ကျိုးဆောင်တဲ့ ဟွမ်ရီစုံပါ၊ ရတနာတွေအကြောင်း ရှင် ပြန်ပြန်ပြောနေရင် စောရဒေဝပဲ ပြန်ဖြစ်နေမှာပဲ၊ အဲဒါ ကိုယ့်ဘာသာ ဆင်ခြင်ပေါ့ရှင်'

ဟွမ်ရီစုံမှာ ငြိမ်ကုတ်သွားလေတော့သည်။

မှန်ပေသည်။

ဘွန်လူအော၏စကားများမှာ မှန်ကန်လှသည်။ သူသည် မျိုးချစ်တစ်ယောက်ဖြစ်နေပြီ။ အဘယ့်ကြောင့် ရတနာများကို လိုချင်တပ်မက် နေရတော့မည်နည်း။

ဤသို့ဖြင့် ရတနာများအကြောင်းကို မည်သူမျှမပြောမိကြတော့ပေ။ တစ်စခန်း ရပ်သွားတော့သည်။

'ကဲ. . . ကဲ၊ တစ်ယောက်ကတော့ ကင်းစောင့်ရမယ်၊ ကျန်တဲ့လူတွေကတော့အိပ်စက်ကြတော့၊ ပင်ပန်းတာတွေလဲ များနေကြပြီ'

လုစုယာ၏အမိန့်အရ ဟွမ်ရီစုံက ကင်းစောင့်ပြီး၊ ကျန်လူများအိပ်စက်အနားယူကြတော့သည်။

သူတို့သည် သုံးရက်အထိ ကုလန်ကို မမျှော်လင့်ကြပေ။ ထိုရက်များအတွင်း အပြန်ခရီးအတွက် လိုအပ်ချက်များနှင့် တရုတ်ပြည်တွင် တွေ့ရမည့် အခက်အခဲအတားအဆီးကို ကြိုတင်ဆွေးနွေးကြသည်။ ငြင်းခုံကြသည်။

ဤအုပ်စုထဲ၌ အကြံကောင်းဉာဏ်ကောင်း ပေးနိုင်သူမှာ ဘွန်လူအောသာ ဖြစ်သည်။

ဤသို့ဖြင့် ရက်သတ္တတစ်ပတ်ကုန်လွန်သွား၏။

လုစုယာတို့အုပ်စုမှာ လည်တဆန့်ဆန့်, ဖင်တကြွကြွ ဖြစ်လ တော့၏။

ဘွန်တိမ်စန်းတစ်ယောက်သာ အေးတော်အတန် တည်ငြိမ် ရှိပေသည်။

စန်းအော်က စတင်၍စကားပြောလာတော့သည်။

'အစ်ကိုလုစုယာ၊ ညီမလေးတို့ လိုက်မသွားတာ သိပ်မှားတ နေ၊ လိုက်သွားရင် ညီမလေးတို့ ခုလို ရင်ပူနေမှာမဟုတ်တော့ဘူ

ဟွမ်ရီစုံမှာ ရတနာသိုက်ကိုဝင်ရောက်လိုသူဖြစ်ရာ စန်းအော ၏စကားကို ထောက်ခံလေ၏။

'ဟုတ်တယ်၊ ကျုပ်တို့လိုက်သွားသင့်တယ်၊ ဥစ္စာရင်လို ဥစ္စာရ ခဲဆိုတဲ့ စကားအတိုင်းပေါ့၊ ကိုယ်တိုင်ရှာတော့ မြန်မြန် ရတာပေါ့'

ဟွမ်ရီစုံ၏စကားကိုကြားသောအခါ ဘွန်လူအောက ရယ် ပြော၏။

'ဟွမ်ရီစုံ. . . ရှင် ဘာမှဇောကပ်မနေနဲ့၊ ကုလန်သွားတဲ့အခ မှာ ရှင် မိန်းမောနေတုန်းပဲရှိသေးတယ်၊ ရှင် လိုက်ချင်လို့ မရဘူ ရှင်ကျန်နေရင် တစ်ယောက်ယောက်ကတောင် ရှင့်ကိုစောင့်ရှောက် ကျန်နေရစ်ခဲ့ရမှာရှင့်'

'ပူမနေကြပါနဲ့လေ၊ နောင်ကြီးကုလန်က ကြိုပြောသွားခဲ့ပြီ သူကြာနေရင် ဘာမှမပူနဲ့လို့၊ ငါ လိုက်မသွားတာက အကြောင်း ရှိ တယ်၊ တစ်အချက် ငါတို့ဟာ ရတနာတွေကို လုံးဝမမက်မောဘူ ဆိုတာ သိစေချင်လို့၊ နှစ်အချက်က ငါတို့တွေဟာ ကျောက်စိမ်း



တံဆိပ်တော်ပြီးတာနဲ့ တရုတ်ပြည်မကို ပြန်ကြရမယ်၊ ဒီတော့ အနား ယူ အားဖြည့်ထားဖို့လိုတယ်၊ ရတနာသိုက်နောက် တကောက်ကောက် လျှောက်လိုက်နေရင် ငါတို့ ဘယ်မှာအနားရနိုင်တော့မလဲ၊ ဒါကြောင့် မို့ပါ'

လုစုယာက ရှင်းပြလိုက်သည်။ သူ့ ရှင်းပြချက်မှာ အကြောင်း အကျိုးခိုင်လုံလှသဖြင့် မည်သူမျှ စောဒကမတက်နိုင်ကြတော့ပေ။

လုစုယာသည် စိတ်လှုပ်ရှားနေကြသောသူ့အုပ်စု ငြိမ်သက် သွားစေရန်အတွက် ထန်တိုဆရာတော်၏နန်းရွှဲတောင်၌ မည်သို့ ပညာစခန်းတက်ရပုံကို စီကာပတ်ကုံး ပြောပြနေခဲ့ရသည်။

ထန်တိုဆရာတော်တီထွင်ထားသည့် ဆန်းကြယ်သောတိုက် ကွက်များ၊ ကြီးမားပြင်းထန်လှသည့် အတွင်းအားပညာရပ်များ စသည်တို့ကို တစ်ကွက်ချင်း တစ်ခုချင်း တစ်ဆင့်ချင်း ရှင်းလင်း ပြောပြခဲ့ရပေသည်။

ထိုအခါကျမှသာ ဘွန်တိမ်စန်း၊ ဟွမ်ရီစုံ၊ ဘွန်လူအောနှင့် စန်းအော်တို့အားလုံး စိတ်ပါဝင်စားစွာနားထောင်ကြပြီး ကျောက်စိမ်း တံဆိပ်တော်ကို သယ်ယူလာမည့် ကုလန်အား စိတ်ဝင်စားခြင်းများ လျော့ပါးသွားလေတော့၏။

ဆယ်ရက်မြောက်သောနေ့တွင်ကား ကုလန်တစ်ယောက် ပြန်လည်ရောက်ရှိလာခဲ့လေတော့သည်။

ထိုအခါကျမှ လုစုယာတို့အုပ်စုဟင်းချနိုင်သည်။

ကုလန်ကား မြင်မကောင်း ရှုမကောင်းအောင် ညစ်ပတ်ပေရေ နေ၏။ ချွေးစီးဖုန်မှုန့်များကြောင့် ကုလန်ဟုပင်မသိနိုင်တော့ပေ။

သူ၏မျက်လုံးစိမ်းများနှင့် လူသူတိတ်ဆိတ်လှသည့် ဗိမ်က
လေးဆီသို့ တည့်တည့်မတ်မတ်ရောက်လာ၍သာ ကုလန်မှန်း သိရှိရ
ပေတော့သည်။

လုစုယာမှာ တစ်ချိန်လုံး ထိန်းသိမ်းနိုင်ခဲ့သော်လည်း ကုလန်ကို
တွေ့သည့်အခါတွင်မူ မထိန်းသိမ်းနိုင်တော့ပေ။

'နောင်. . . နောင်ကြီးကုလန်၊ ကျောက်. . . ကျောက်စိမ်း
တံဆိပ်တော်ကိုရခဲ့ရဲ့လား'

လုစုယာက သူတို့တရုတ်ပြည်အတွက် အရေးကြီးလှသော
ကျောက်စိမ်းတံဆိပ်တော်ကို မေးမြန်းမိတော့သည်။

ကုလန်သည် လုစုယာ၏အတွင်းစိတ်ကိုရိပ်မိသဖြင့် သွားခရီးစဉ်
အကြောင်းကိုပင် ရှည်ရှည်ဝေးဝေး ပြောမနေတော့ပေ။

သူ၏အတွင်းအိတ်ထဲမှ မဲညစ်ညစ်အထုပ်တစ်ထုပ်ကို ဆွဲ
ထုတ်ယူလိုက်လေ၏။

ကုလန်သည် အတော်ကလေးသတိကြီးသည်။ ကျောက်စိမ်း
တံဆိပ်တော် ဘေးရန်ကင်းဝေးရေးအတွက် တမင်ပင် စုတ်ပြတ်ပေ
ရေသောအဝတ်စုတ်ဖြင့် ရစ်ပတ်တုပ်နှောင်ခဲ့ခြင်းဖြစ်ပေမည်။

ကုလန်သည် ရစ်ပတ်ထားသောအဝတ်စုတ်ကို ဖယ်ရှား
ရှင်းထုတ်ပစ်လိုက်ရာ ထူးခြားဆန်းကြယ်သော အစိမ်းရောင်သည်
အခန်းထဲ၌ ပျံ့နှံ့လွှမ်းမိုးသွားလေတော့သည်။

လုစုယာမှာ ကျောက်စိမ်းတံဆိပ်တော်ကို လှမ်းမယူနိုင်ပေ၊
ဝမ်းသာအံ့သြသောစိတ်ဖြင့် ငေးငိုင်ကြည့်နေမိသည်။

ကုလန်လက်ထဲမှ တကယ်တမ်း လှမ်းယူကြည့်သူမှာ စန်းအော်



သာဖြစ်သည်။ သူမသည် ဗိုးဗိုးဇက်ဇက် ဖြိုးဖြိုးဖျပ်ဖျပ်ဖြင့် တံဆိပ်
တော်ကို လှမ်းယူကြည့်လိုက်လေ၏။

ကုလန်က လွယ်ကူစွာပင်ပေးအပ်လိုက်သည်။

ဤမိန်းကလေးသည်လည်း ကျောက်စိမ်းတံဆိပ်တော်နှင့်
ပတ်သက်နေသူတစ်ဦးပဲ မဟုတ်ပါလော။

အားလုံး၏မျက်လုံးများသည် တံဆိပ်တော်ဆီသို့သာ မမှိတ်
မသုန် ရောက်ရှိနေကြ၏။ တံဆိပ်တော်၏ထောင့်စွန်းများ၌ လှိုးဖြတ်
ထားသောအရာများ ရှိပေသည်။

စန်းအော်သည် ကျောက်စိမ်းဆံထိုးဖြင့် ကျောက်စိမ်းတံဆိပ်
တော်ကို စမ်းသပ်စစ်ဆေးရာ အစိမ်းရောင်တစ်ပြေးတည်း တူညီ
သည်ကို တွေ့ရသည်။

'အစစ်. . . အစစ်၊ ဒီတစ်ခါတော့ ကျောက်စိမ်းတံဆိပ်တော်
အစစ်ပြီ၊ ဟင်း. . . ဟင်း. . . ဟင်း. . . နောက်ဆုံးကျတော့ ဥစ္စာ
ရှင်းမှန်တော့ ဥစ္စာရှင်လက်ထဲ ပြန်ရောက်ရတာပဲ မဟုတ်လား'

စန်းအော်က ဝမ်းသာအားရအော်ဟစ်လိုက်လေ၏။

ထို့နောက် သူမသည် ဘွန်လူအောလက်ထဲသို့ ကမ်းပေး၏။

ဘွန်လူအောက စစ်ဆေးပြီး လုစုယာလက်ထဲသို့ ကမ်းပေး၏။

လုစုယာက ဟွမ်ရှီစုံလက်ထဲသို့ ကမ်းပေး၏။

ဟွမ်ရှီစုံက ဘွန်တိမ်စန်းလက်ထဲသို့ ကမ်းပေးပြီး အသီးသီး
စစ်ဆေးကြသည်။

နောက်ဆုံး၌ ဘွန်လူအောက ကျောက်စိမ်းတံဆိပ်တော်ကို
လှမ်းယူကာ ရတနာဘူးခွံတွင်ထည့်၏။

ကုလန် တုပ်နှောင်ယူလာသည့် အဝတ်စုတ်ဖြင့် သေချာရစ်ပတ်ပြီးနောက် လုစုယာ၏လက်ထဲသို့ ပြန်လည်ကမ်းပေးလိုက်သည်။

'အင်း. . . ခက်ခက်ခဲခဲ ဖွဲနပဲနဲ့လိုက်ရှာတော့လဲ ရခဲ့ရတာပဲ၊ ဒီပစ္စည်း နောက်တစ်ခါပျောက်မသွားအောင် အစ်ကိုလုစုယာ ကိုယ်တိုင် သိမ်းထားပေတော့၊ အစ်ကိုက သိုင်းပညာအကောင်းဆုံးဆိုတော့ အစ်ကို့ဆီမှာပစ္စည်းရှိထားတာ အလုံခြုံဆုံးပဲ'

ဘွန်လူအောက မှတ်မှတ်ရရ လေးလေးနက်နက်ပြောပြီး တံဆိပ်တော်ကို ပေးအပ်လိုက်သည်။

လုစုယာက ဘာမျှမပြောပေ။ တင်းကျပ်စွာဆုပ်ကိုင်ပြီး သူ၏အတွင်းအိတ်ထဲသို့ သေချာစွာ ထည့်သွင်းသိမ်းလိုက်သည်။

သူသည် ကုလန်အား ကျေးဇူးတင်စကားပြောရန် မော်ကြည့်လိုက်သည်။

ထိုအခါ အကြီးအကျယ် အံ့အားသင့်သွားရတော့သည်။

အဘယ်ကြောင့်ဆိုသော် ကုလန်၏မျက်နှာသည် ပြုံတော့မည့်မိုး ငိုတော့မည့်မျက်နှာကဲ့သို့ ညို့မှိုင်းအုံ့ဆိုင်းနေသောကြောင့်ပေတည်း။

အရာရာသည် ချောမွေ့နေပြီ ဖြစ်ပါလျက် ကုလန်တစ်ယောက် အဘယ်ကြောင့် မျက်နှာမကောင်းဖြစ်နေရသနည်း။

လုစုယာ၏စိတ်ထဲ၌ အထူးအဆန်းပစ္စည်းကို တွေ့လိုက်ရသလို အံ့ဩသွားသည်။

'နောင်ကြီးကုလန်၊ ဘာဖြစ်လို့ မျက်နှာမကောင်းဖြစ်နေရတာလဲ၊ ရတနာသိုက်ထဲကို ခက်ခက်ခဲခဲဝင်ခဲ့ရလို့ ဒဏ်ရာအနာတရများ



ရလာလို့လား'

ကုလန်က ခေါင်းခါ၏။

'ဒါများ ဘာမျက်နှာမကောင်းစရာ ရှိသလဲဗျာ၊ ကိုယ်ရဲ့တော်ချုပ်ရာထူးကိုလဲ ပြန်ရဖို့ သေချာသလောက်ရှိနေပြီပဲ ဥစ္စာ၊ ကျုပ်စိတ်ထင်တော့ ဝိညာဉ်ဖြူလေးကောင်ဟာ နောင်ကြီးကုလန်ကို ထပ်ပြီး ရန်ပြုဝံ့တော့မယ် မထင်ပါဘူး'

လုစုယာ ဆက်ပြောနေသည်ကို ကုလန်နားထောင်နေရသည်။ ပြီးမှ ကုလန်ကပြောသည်။

'ဝိညာဉ်ဖြူ လေးကောင်ဟာ ကျုပ်ကို အန္တရာယ်ပြုတော့မယ် မထင်ပါဘူး၊ အဆိပ်ဖြေဆေးပေးမယ်လို့ ပြောပြီးတုန်းကလည်း အဆိပ်ဖြေဆေးပေးခဲ့တာမို့ ဒီတစ်ခါလဲ ကတိတည်မယ်လို့ ထင်မှတ်ရတာပါပဲ'

လုစုယာက ကုလန်၏အခြေအနေကို ထပ်မံအကဲခတ်လိုက်ပြီး. . .

'နောင်ကြီးကုလန်၊ ရတနာသိုက်ထဲက ဘာပစ္စည်းမှ သယ်မလာခဲ့ဘူးလား'

'သယ်မလာခဲ့ပါဘူး၊ မင်းအတွက် တံဆိပ်တော်ကိုသာ ရှာဖွေယူလာခဲ့တာပါ'

'လွယ်လွယ်တော့ ရမယ်မထင်ဘူး'

'ဟာ. . . ဘယ်လွယ်လိမ့်မလဲ၊ ပထမတစ်ရက်မှာ ကျောက်စိမ်းတံဆိပ်တော်ကို လုံးဝ မတွေ့ဘူး၊ ရတနာပုံကြီးကတော့ ဟည်းနေတာပဲ၊ ဘာထောင်ချောက်မှလဲ ရှိဟန်မတူပါဘူး၊ ရတနာတွေကိုလဲ

ငါ့လက်နဲ့တောင် မထိခဲ့ပါဘူး'

'အင်း. . . လက်နဲ့ထိမယ်ဆိုရင်တော့ ဂူအမိုးပြိုကျတာ လက်နက်ပုန်းတွေ ထွက်လာတာတို့ ဖြစ်ချင်ဖြစ်လာမှာပေါ့၊ တံဆိ တော်ကို ဘယ်နေရာက ရှာတွေ့လာသလဲ'

'ကျောက်ပုံးတစ်လုံးထဲက တွေ့လာတာ'

'ဗျာ. . . ကျောက်ပုံးဟုတ်လား၊ ဘယ်လိုကျောက်ပုံးလဲ'

'အဲဒီ ရတနာမြေပုံနဲ့ မလှမ်းမကမ်းမှာ လေးထောင့်စစ် ကျောက်တုံးတွေရှိတယ်၊ ကျောက်လုံးတွေလဲ ရှိတာပဲ၊ ငါလဲတ နေ့လုံး တံဆိပ်တော်ကိုရှာတာ မတွေ့လို့ လေးထောင့်စပ်စပ် ကျော တုံးတစ်တုံးပေါ်မှာ ထိုင်မိတယ်၊ ထိုင်ချလိုက်ကတည်းက ခံစာ တစ်မျိုး စိတ်ထဲမှာဖြစ်လာတယ်၊ ငါထိုင်ချလိုက်တဲ့ကျောက်တုံး အခေါင်းပိတ် ကျောက်တုံးမဟုတ်နိုင်ဘူး ဆိုတာကိုပေါ့'

ဤသို့ထူးခြားသော အာရုံအသိမျိုးကို အတွင်းအားကော သူများ ပိုင်ဆိုင်လေ့ရှိကြပေသည်။

'ဒါနဲ့ အဲဒီကျောက်တုံးတွေကို လိုက်ခေါက်ကြည့်တော့ သ ပြင် ကျောက်တုံးတွေအားလုံး အခေါင်းပိတ်ချည်းပဲ၊ ငါထိုင် ကျောက်တုံးသာ အခေါင်းနဲ့ဆိုတာ သိလိုက်ရတယ်၊ ငါလဲအ မစဉ်းစားတော့ပဲနဲ့ အဲဒီကျောက်တုံးကို အတွင်းအားထုတ်ပြီးလှ လိုက်တယ်၊ အဲဒီမှာတင် အဝတ်စုတ်နဲ့ထုပ်ထားတဲ့ အထုပ်ကို တာပဲ၊ ပထမတော့ ငါထင်တောင် မထင်ဘူး၊ တထိတ်ထိတ်နဲ့ အ စုတ်ကို ဖြေကြည့်တော့မှ အဲဒီကျောက်စိမ်းတံဆိပ်တော်ကို တာပဲ၊ အဲဒီလိုထုပ်ပိုးထားတာ မင်းအဖေ လုကွမ်နန်ရဲ့လက်



ဖြစ်မယ်၊ အဝတ်စုတ်ဆွေးမြည့်မသွားတာကလဲ ကျောက်ပုံးရဲ့ လေလုံမှုကြောင့်ပဲဖြစ်မယ်၊ အဲဒီကျောက်တုံးပေါ် တိုက်တိုက်ဆိုင်ဆိုင် ထိုင်မိပေလို့ပေါ့ကွာ၊ နို့မို့ရင် တစ်သက်လုံး ရှာတွေ့မှာမဟုတ်ဘူး။ လုကွမ်နန်က ရိုးရိုးလေးနဲ့ဝှက်သွားတာကွ'

လုစုယာမှာ သက်ပြင်းချလိုက်မိသည်။

သူတို့အုပ်စု လိုက်သွားလျှင်ပင် ကံချော်သွားနိုင်သည်။ ခက် ခက်ခဲခဲ ရှာလေလေ ကျောက်စိမ်းတံဆိပ်တော်နှင့် ဝေးလေလေ ဖြစ်သွားနိုင်သည်။

ထိုစဉ် ကုလန်ထံမှ သက်ပြင်းချသံထွက်ပေါ်လာ၏။

'ငါ. . . ဒီအပြန်ခရီး တစ်လျှောက်လုံးမှာ စဉ်းစားလာတယ် ငါ ဟန်မဆောင်သင့်ဘူး၊ မညာသင့်ဘူး။ အမှန်တရားရဲ့ ပေးဆပ်မှုကိုသာ ငါ ခံယူသင့်တယ်ဆိုတာ'

'ဘာတွေပြောနေတာလဲ နောင်ကြီးကုလန်၊ ကျုပ်တော့ နားမ လည်ဘူး'

'မင်းတဖြည်းဖြည်းတော့ နားလည်သွားမှာပါ လုစုယာ၊ ဝိညာဉ်ဖြူငါးယောက်ကို အနိုင်တိုက်ခိုက်ခဲ့တာမင်းပဲ၊ ငါကတော့ သူတို့ကို ရှုံးနိမ့်ခဲ့တယ်၊ ဒါကြောင့် ကိုယ်ရံတော်ချုပ်ရာထူးကို ငါ ပြန်မယူသင့်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ'

'နောင်ကြီးကုလန်၊ ဒီအဆုံးအဖြတ် မှန်မယ်လို့တော့ ကျုပ် မထင်ဘူး၊ နောင်ကြီးလိုသာ ဝိညာဉ်ဖြူငါးယောက်လုံးနဲ့ ကျုပ် တစ်ယောက်ထဲတိုက်ရရင် နောင်ကြီးလို ကျုပ်ရှုံးနိမ့်နိုင်တာပဲ၊ နောင်ကြီးမျက်မြင်ပဲလေ၊ ကျုပ်ဘက်က လူတွေဘယ်လောက်

အသေအလဲ ဝင်တိုက်ခဲ့ရလဲ'

'ဟင့်အင်း. . . မဆိုင်ဘူး၊ ရှုံးတာဟာ ရှုံးတာပဲ၊ နိုင်တာဟာ နိုင်တာပဲ၊ ရှုံးတာကို ဆင်ခြေမတက်သင့်ဘူး'

ကုလန်သည် အဝေးသို့ ငေးကြည့်ပြီး ဆွေးမြည့်ကြေကွဲသံဖြင့် တစ်ခွန်းချင်း ပြောလေတော့သည်။

'ငါနဲ့မထိုက်တန်တဲ့ ဘွဲ့ထူးကို ငါမယူသင့်ဘူး၊ ထိုက်တန်တယ်လို့ယူဆရင်တော့ တစ်မျိုးပေါ့လေ၊ ငါဟာ အောင်မြင်ခြင်းရဲ့ ချိုမြိန်မှုကို ခံစားခဲ့ဖူးသလို ရှုံးနိမ့်ခြင်းရဲ့ခါးသီးမှုကိုလဲ မြည်းစမ်းပြီးပါပြီ၊ အရသာနှစ်မျိုးကို ခံစားဖူးပြီးတဲ့နောက် ငါဟာထပ်ပြီး ဘာအရသာများ ခံစားချင်ရဦးမှာလဲ၊ ငါ သိုင်းလောကထဲက ထွက်တော့မယ်၊ ငါတို့ သိုင်းလောကမှာ မင်းတို့လို အထိမ်းအမှတ်လုပ်ပွဲတော့မရှိဘူး၊ ငါ လူ့လောကထဲ ဟိုဟိုသည်သည် လျှောက်သွားတော့မယ်၊ အသက်အရွယ်လဲရလာတော့ မင်းရဲ့ဆရာထန်တိုဆရာတော်လို တောရိပ်တောင်ရိပ်ခိုပြီး တရားဘာဝနာ စီးဖြန်းဖို့လဲ ငါစဉ်းစားရဦးမယ်၊ ဒါဟာ ငါရဲ့ နောက်ဆုံးဆုံးဖြတ်ချက်ပါပဲ လုစုယာ'

ကုလန်၏လေးလေးနက်နက် ပြောကြားသောစကားများကို ကြားလိုက်ရသောအခါ အားလုံးပင် စိတ်မကောင်းဖြစ်ကြရသည်။ စိတ်ထိခိုက်ကြသည်။

သူတို့အားလုံး သိထားကြသည့်အချက်မှာ ကုလန်သည် စိတ်သဘောထား ဆိုးလှသူမဟုတ်ဆိုသည့် အချက်ပင်တည်း။

ယခု သတိသံဝေဂ ရထားသည့်အတိုင်းဆိုလျှင် သိုင်းလောက၏အကျိုးကို ပိုဆောင်နိုင်သူဖြစ်လာပေလိမ့်ဦးမည်။ ကုလန်၏ ဆုံးရှုံးမှုသည် သိုင်းလောကအတွက် ကြီးစွာသောဆုံးရှုံးမှုကြီးတစ်ရပ်ဟု ဆိုနိုင်ပေသည်။



သို့သော် ကုလန်လိုလူမျိုးမှာ သူပြောခဲ့သည့်စကားအတိုင်း ချဉ်သီးပင်အောက်လည်း ဝင်နိုခဲ့ဖူးပြီ။ ချဉ်သီးကိုလည်းစားခဲ့ဖူးပြီဖြစ်ရာ လုစုယာတို့ထက် လောကအတွေ့အကြုံများစွာရှိသူဖြစ်သည်။

ကုလန်လိုလူမျိုးကို တရားချရန် သူ့ထက်နှစ်ဆလောက် လောကအတွေ့အကြုံရှိထားမှသာလျှင် ဖြစ်ပေလိမ့်မည်။

လုစုယာတို့ထဲမှ ကုလန်ကို တရားချနိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပေ။

ကိုယ်ရံတော်ချုပ်ရာထူးကို သူ ပြန်လည်မယူလိုဆိုသည့် အချက်ကလည်း ခိုင်လုံမှု ရှိပေသည်။

လုစုယာတို့ကြောင့် ဝိညာဉ်ဖြူငါးယောက် ထွက်ပြေးသွားခြင်းဖြစ်၍ သူ့အစွမ်းအစ လုံးဝမရှိသလို ဖြစ်နေပေသည်။

လုစုယာတို့အဖို့ ကုလန်ကို မည်သို့မျှတားဆီးခြင်း မပြုနိုင်တော့ပေ။

ထိုစဉ် ဟွမ်ရီစုံက. . .

'ဒီလိုဆိုရင် ခင်ဗျားရဲ့ကိုယ်ရံတော်ချုပ်ရာထူး၊ စံတော်အိမ်၊ ဒါတွေကို စွန့်လွှတ်လိုက်ပြီပေါ့နော်'

ကုလန်က ခေါင်းညိတ်၏။

'ဒါပေါ့. . . စွန့်လွှတ်လိုက်ပြီပေါ့၊ ဒါတွေကို ငါ မမက်မောတော့ပါဘူး'

'ဒါဖြင့် ရတနာသိုက်ထဲက ရတနာတွေကောဗျာ'

'ဟင့်အင်း. . . ဒါတွေလဲ ငါ မလိုချင်တော့ဘူး၊ ဒီပစ္စည်းတွေအပေါ် လိုချင်တပ်မက်စိတ် ကုန်ခမ်းသွားတာ တကယ်အံ့ဩဖို့ကောင်းတယ်ကွာ၊ ရတနာအစုအပုံကြီးကို မင်းတို့မြင်စေချင်တယ်၊ တော်ရုံတန်ရုံ သတိမနိုင်တဲ့လူဟာ ရူးသွပ်သွားမယ်၊ အင်မတန်မက်မောဖို့ကောင်းပါတယ်၊ ရွှေ ငွေ၊ ကျောက်သံပတ္တမြားတွေ၊ စိန်၊ ရွှေ ငွေတွေနဲ့ စီခြယ်ထားတဲ့ ဓား၊ လှံ၊ လေးမြားတွေ၊ အဲဒီရတနာတွေအားလုံးနဲ့ဆိုရင် မင်းတို့ တရုတ်ပြည်တစ်ဝက်လောက်ကို ဝယ်နိုင်မယ်လို့ ထင်ပါတယ်၊ ဒါပေမယ့်. . . ငါ ဒါတွေကို လုံးဝမလိုချင်တော့ပါဘူး'

'လူသားတစ်ယောက်အနေနဲ့ ဒီလို တန်ဖိုးရှိတဲ့အရာတွေကို မလိုချင်တော့ဘူးဆိုတာတော့ အံ့ဩစရာပါပဲဗျာ'

'ဒီမှာ. . . ဟွမ်ရီစုံ၊ မင်းက ငါ့ကိုဒေါသထွက်အောင် လာဆွပေးနေတာလား၊ စိတ်ချပါ၊ ငါ. . . ဒေါသမထွက်ပါဘူး၊ ရော . . . ဟောဒီမှာ ရတနာမြေပုံ၊ သွားပါ. . . မင်းသွားကြည့်ပါ၊ မင်းသွားယူပါ၊ ဒါဆိုရင် မင်းကိုယ်တိုင် သိသွားပါလိမ့်မယ်'

ဟွမ်ရီစုံမှာ ငိုင်သွားသည်။

စကားမပြောနိုင်တော့ပေ။

ကုလန် တကယ်ပြောနေကြောင်းသိရှိသွားသဖြင့် ရှေ့ဆက်မပြောတော့ခြင်း ဖြစ်ပေသည်။

ကုလန်က. . .

'ဟွမ်ရီစုံ. . . မင်းကထင်လိမ့်မယ်၊ ငါဟာ ရတနာတွေကိုမက်မောနေတယ်လို့၊ တကယ်တော့ ဒီလိုမဟုတ်ပါဘူး၊ ငါ တကယ်



မက်တာက ကိုယ်ရံတော်ချုပ်ဆိုတဲ့ရာထူးဌာနန္တရပါ၊ အဲဒီနေရာကိုဘာဖြစ်လို့ မက်မောသလဲဆိုတာ သိလား၊ ဒီနေရာဟာ ပါရှားပြည်ရဲ့နံပါတ်တစ်သိုင်းသမားသာ ရခွင့်ရှိတဲ့နေရာမို့လို့ပဲ'

သူက စကားဖြတ်ပြီး မေးခွန်းထုတ်လိုက်၏။

'မင်းတို့ တရုတ်ပြည်က ဂိုဏ်းချုပ်ကြီးတွေဟာ သိုင်းပညာသိပ်ကောင်းကြတယ်၊ သူတို့ထဲမှာ သေနာပတိချုပ်ကြီးတွေ၊ အမတ်ချုပ်ကြီးတွေဖြစ်နိုင်တဲ့လူတွေအများကြီးပေါ့၊ ဒါပေမယ့် သူတို့ အဲဒီရာထူးတွေကို မမက်ကြဘူး၊ ဂိုဏ်းချုပ်ကြီးရာထူးကိုပဲ မက်မောကြတယ်၊ ငါပြောတာဟုတ်သလား၊ မဟုတ်ဘူးလား'

ဟွမ်ရီစုံက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်၊ တစ်ခါတစ်ရံ ဆရာကြီးကျင်းထုံလိုလူမျိုးကလွဲရင်ပေါ့ဗျာ'

'ကျင်းထုံကို ထည့်မတွက်ပါနဲ့ကွာ၊ သူဟာ ဂိုဏ်းချုပ်ကြီး တစ်ယောက် အဆင့်ရှိသူမဟုတ်ပါဘူး၊ ငါတို့ပါရှားမှာတော့ မင်းတို့တရုတ်ပြည်နဲ့မတူဘူး၊ နံပါတ်တစ်သိုင်းသမားဟာ ကိုယ်ရံတော်ချုပ်ပဲ၊ ဒီတော့ နံပါတ်တစ်သိုင်းသမားဆိုတဲ့နာမည်ကို မက်တာနဲ့ ကိုယ်ရံတော်ချုပ်ဆိုတဲ့ ရာထူးကိုပါ မက်ရတော့တာပေါ့၊ ကဲ. . . ကဲ . . . ဒါတွေထားလိုက်ပါတော့ လုစုယာ၊ မင်းနဲ့ငါဟာ ရန်သူအဆင့်ကစိတ်ဆွေဘဝကို ပြောင်းခဲ့ကြရပြီ၊ အသက်စွန့်ပြီးကူညီတယ်ဆိုကတည်းက တော်ရုံတန်ရုံရင်းနှီးမှုမဟုတ်ဘူးဆိုတာ အထင်အရှားသက်သေပြနေပါတယ်၊ ကံမကောင်း အကြောင်းမလှရင် ဗိညာဉ်ဖြူငါးယောက်နဲ့ တိုက်တဲ့တိုက်ပွဲမှာ မင်းသေနိုင်တယ်ဆိုတာ ငါ ကောင်း

ကောင်းကြီးသိပါတယ် မိတ်ဆွေကလေး၊ ရော့. . . ရတနာမြေပုံ၊ ဒါဟာ ငါ့အတွက် ဘာမှမလိုအပ်တော့ပါဘူး။ မင်းလက်ထဲပေးအပ်ခဲ့ပါရစေတော့'

သူသည် ပြောပြောဆိုဆိုပင် ရတနာမြေပုံစာရွက်ကို လုစုယာဆီသို့ တမ်းလှမ်းပေးလိုက်လေ၏။

လုစုယာမှာ ယောင်တိယောင်ကန်း လှမ်းယူမိလိုက်သည်။

ကုလန်က. . .

'ယူပါမိတ်ဆွေကလေး။ ရတနာမြေပုံမင်းလက်ထဲရောက်နေဖို့ပဲ အရေးကြီးတယ်၊ မင်းလက်ထဲရောက်ရင် ဘယ်သူကမှ ဒီပစ္စည်းကို မလုနိုင်တော့ဘူး။ လောဘသားတွေလက်ထဲရောက်သွားရင် တသီတတန်းကြီး သေနိုင်သေးတယ်၊ အဲဒီထဲက ရတနာပစ္စည်းတွေကို မင်းယူချင်ယူ၊ မယူချင်ရင်လဲ မင်းကြိုက်တဲ့သူကိုပေးပါ၊ ရတနာသိုက်ဟာ မင်းကိုယ်ပိုင်ပစ္စည်းဖြစ်ပြီလို့ မှတ်ယူလိုက်ပါတော့'

လုစုယာသည် သတိဝင်လာပြီး ရတနာမြေပုံကို ကုလန်ဆီသို့ ပြန်ထိုးပေးလေ၏။

'မဖြစ်ဘူး. . . မဖြစ်ဘူး။ ကျုပ်တို့ ဆွေစဉ်မျိုးဆက်အားလုံးဟာ လောဘသားကောင်တွေ မဟုတ်ဘူး။ တိုင်းပြည်ရဲ့သားကောင်းတွေပါ၊ ကျုပ်တို့ ရတနာတွေမက်လို့ ဒီအရေးတော်ပုံကြီးမှာ လှုပ်ရှားတာမဟုတ်ဘူး။ တံဆိပ်တော်ကိုမက်လို့ ဝင်လှုပ်ရှားရတာ၊ နောက်ပြီး ဒီတံဆိပ်တော်ကိုလဲ ကျုပ်တို့ယူဖို့ မဟုတ်ဘူး၊ တိုင်းပြည်ရဲ့မျိုးချစ်သူရဲကောင်းတစ်ယောက်ကို ပေးအပ်ဖို့ယူရတာပါ၊ ကျုပ်တို့အဘိုးလဲဒီစိတ်၊ ကျုပ်တို့အဖေကလဲဒီစိတ်၊ ကျုပ်တို့ကလဲဒီစိတ်ပါပဲ၊ ကျုပ်တို့



ကိုယ်ကျိုးဆိုတာ လုံးဝ မပါပါဘူး။ ဒီရတနာမြေပုံကိုယူလိုက်ရင် ကျုပ်တို့ရဲ့ ဖြူစင်တဲ့စေတနာမှာ အမည်းစက်ကလေးတစ်စက် စွန်းထင်သလို ဖြစ်သွားပါလိမ့်မယ်'

ကုလန်မှာ အတော်ကြီးစိတ်ပျက်သွားသည်။

'လုစုယာ ငါက လူ့လောကထဲမှာ ဆက်လက်လှုပ်ရှားမယ့်လူ မဟုတ်ဘူး။ ဒီရတနာသိုက်ဟာ ငါ့အတွက်မလိုဘူး။ မင်းတို့အတွက် တစ်ချိန်ချိန်မှာ လိုအပ်လာလိမ့်မယ်နော်'

'တိစ္စမရှိပါဘူး၊ လိုအပ်လာရင်လဲ ဒီပြင်နည်းနဲ့ ကျုပ်တို့ရှာဖွေယူပါ့မယ်'

ကုလန်သည် ရတနာမြေပုံကို ကြမ်းပြင်ပေါ်သို့ပစ်ချလိုက်ပြီး-

'အင်း. . . မင်းတို့ဟာ တကယ့်ကို ရိုးသားဖြူစင်တဲ့မျိုးချစ်သူရဲကောင်းတွေပါပဲကွာ၊ ကိုယ်ကျိုးလုံးဝမဖက်တဲ့လူတွေမို့ ငါ လေးစားလှပါတယ်'

ကုလန်သည် လက်နှစ်ဖက်ကို ပူးယှက်ဆုပ်ကိုင်ပြီး လုစုယာတို့ ကုပ်စုအား တစ်ဦးချင်း ဂါရဝပြု၏။ လုစုယာကို နောက်ဆုံးမှ ဂါရဝပြု၏။

'အားလုံးကိုပဲ ကျေးဇူးတင်ပါတယ်၊ ငါ့မှာတော့ လှုပ်ရှားစရာတွေ သိပ်မရှိတော့ဘူး။ မင်းတို့မှာတော့ တိုင်းပြည်အတွက် လုပ်စရာတွေ အများကြီးရှိသေးတယ်၊ ငါ မင်းတို့ကို သေသေချာချာ ဧည့်ဝတ်ပြုချင်ပေမယ့် မင်းတို့က အချိန်ပေးနိုင်မှာ မဟုတ်တော့လို့ ငါ မပြုစုတော့ပါဘူး။ ကဲ. . . ငါ့ကို ခွင့်ပြုကြပါတော့၊ ရေစက်မကုန်ရင်တော့ ပြန်ဆုံကြသေးတာပေါ့၊ မိတ်ဆွေတို့ရယ်'

ကုလန်သည် လုစုယာတို့ ပြန်ပြောမည့်စကားကို စောင့်နားမထောင်တော့ဘဲ ချာခနဲ လှည့်ပြေးထွက်သွားပေးတော့၏။

သူတို့အားလုံး ကုလန်အပေါ် သံယောဇဉ်တွယ်မိခဲ့ကြပြီဖြစ်၍ လူငါးယောက်စလုံးပင် မျက်ရည်ဝဲသောမျက်လုံးများဖြင့် ကုလန်၏ ကျောပြင်ကို ငေးမောကြည့်မိကြသည်။

ကုလန်ကား တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့သည်။

❖ ❖ ❖

အခန်း (၂၀၄)

## နိုင်မြဲသော စွဲကိုင်မှု

လုစုယာက ငေးမောရင်း တီးတိုးရေရွတ်မိသည်။

'အင်း. . . တကယ့်သူရဲကောင်း တစ်ယောက်ပါပဲကွာ၊ သူနဲ့ မိတ်ဆွေဖြစ်ရတဲ့အတွက် တို့မှာဂုဏ်ရှိပါတယ်'

အားလုံးက ခေါင်းညိတ်မိကြသည်။

လုစုယာ၏စကားကို အားလုံးက လက်ခံသဘောတူကြသည်။

'ကဲ. . . အခု ကျွန်မတို့ဘာလုပ်ကြမလဲ'

စန်းဇော်က စတင်၍ပြောလိုက်၏။

'ကျုပ်သဘောကတော့ မြေပုံထဲကအတိုင်းလိုက်ပြီး ရတနာတွေကို ယူလိုက်ချင်တာပဲ'

ဟွမ်ရိုစုံက ပြောလိုက်သည်။

'ရှင် လောဘဇော တက်လာပြန်ပြီ၊ ရတနာတွေနဲ့ပတ်သက်ပြီး

ဘယ်လိုသဘောထားသင့်တယ်ဆိုတာ အစ်ကိုလုစုယာ ပြောပြနေတာ ရှင်အကြားပဲမဟုတ်လား'

'လုံမလေးကျွန်း. . . ကျုပ်က လောဘဇောတက်ပြီး ပြောနေတာမဟုတ်ဘူး၊ ဒီရတနာတွေကိုရရင် ကျုပ်တို့ အလုပ်အများကြီး လုပ်နိုင်ကယ်၊ ဒီရတနာထဲက တစ်ပြားတစ်ချပ်စားဖို့ မလိုပါဘူး'

'ရှင်က ဘာလုပ်ချင်လို့လဲ'

'အများကြီးလုပ်နိုင်တယ်၊ ဟန်တရုတ် ဆင်းရဲသူ ဆင်းရဲသားတွေကို ထောက်ပံ့မလား. . . ရတယ်၊ မွန်ဂိုတွေကို တော်လှန်နေတဲ့ မျိုးချစ်အင်အားစုတွေ အများကြီးရှိတယ်၊ သူတို့ကို စစ်လက်နက် ထောက်ပံ့ချင်သလား၊ ရတယ်၊ ဒါမှမဟုတ် ကျုပ်တို့ကိုယ်တိုင် လက်နက်လူသူစုမလား ရတယ်၊ အများကြီးရစရာတွေ ရှိပါတယ်'

'တော်ကြပါတော့၊ ဒီ ရတနာသိုက်အကြောင်း မပြောပါနဲ့တော့၊ ကျုပ် ခေါင်းကိုက်လွန်းလို့ပါ'

စန်းအော်ရော ဟွမ်ရိုစုံပါ ပါးစပ်ပိတ်သွားကြလေတော့၏။

လုစုယာက အားလုံးကိုအမိန့်ပေးလိုက်၏။

'ကဲ. . . ငါတို့ အပြန်ခရီးအတွက် ပြင်ဆင်ကြစို့၊ ဒီနေရာဟာ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသမဟုတ်တဲ့အတွက် ကြာကြာနေလို့ မကောင်းဘူး၊ ဝိညာဉ်ဖြူငါးယောက်ရဲ့ အခြေအနေမှန်ကိုလဲ ဘယ်သူမှ မသိသေးဘူး၊ ဒီတော့ ဒီကအမြန်ဆုံးထွက်မှ ဖြစ်တော့မယ်၊ ကိုယ်လိုချင်တဲ့ တံဆိပ်တော်လဲ ရပြီးပြီမဟုတ်လား'

အုပ်စုဝင်အားလုံးသည် မြေအောက်ခန်းမှရနိုင်သမျှသော ရိက္ခာများကို အပေါ်ထပ်သို့တင်သည်။



ရိက္ခာများမှာ နှစ်ရှည်သုံးရိက္ခာများဖြစ်သဖြင့် လုစုယာတို့အတွက် လွန်စွာ အဆင်သင့်နေလေတော့၏။ သောက်ရေများကို ဖြည့်သည်။ အထုပ်အပိုးများကို ပြင်သည်။ သူတို့သည် ကုလားအုတ်များကို တစ်ပါတည်းယူလာသဖြင့် လွန်စွာအဆင်ပြေသွားသည်။

လုစုယာက အားလုံးကို လိုက်လံစစ်ဆေးသည်။ သူ့အုပ်စုဝင်အားလုံး သဲကန္တာရခရီးအတွေ့အကြုံ ရခဲ့ကြပြီးဖြစ်သဖြင့် သူတို့၏ ပြင်ဆင်မှုများမှာ လစ်ကွက် ဟာကွက်မရှိအောင် ဖြစ်နေကြောင်း လုစုယာ တွေ့ရှိရ၏။

တုလန်၏ လျှို့ဝှက်အိမ်ကလေးတွင် သူတို့ တစ်ညအိပ်စက်ကြသည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် သူတို့အားလုံး အပြန်ခရီးကို စတင်လေတော့၏။

လုစုယာသည် ရတနာများကို အလိုမရှိသော်လည်း ရတနာမြေပုံကိုကား အမှတ်တရကောက်သိမ်းခဲ့သည်။

စကားတပြောပြောနှင့် ခရီးဆက်ခဲ့ကြရာ လွန်စွာခရီးတွင်သည်။ ရည်မှန်းချက်အောင်မြင်သည်က တစ်ကြောင်း သဲကန္တာရအတွေ့အကြုံရခြင်းကြောင့်တစ်ကြောင်း အပြန်ခရီး၌ သိပ်ပင်ပန်းသည်ဟု မထင်ကြတော့ပေ။

သူတို့ကံကောင်းသည်မှာ အပြန်ခရီး၌သဲကန္တာရလူမိုက်းအုပ်စုများနှင့် မတွေ့ရခြင်းပေတည်း။

ထလီမူချွင့်ဗွမ်းသို့ရောက်သောအခါ သူတို့၏မိတ်ဆွေဟောင်းကြီးကျိုလန်ထူကို သတိရမိကြလေ၏။

ကျယ်ပြောသောနေရာဒေသကြီးဖြစ်၍ ကျိုလန်ထူနှင့် တွေ့ ရန်လည်း မလွယ်ကူပြန်ပေ။

ဟွမ်ရီစုံကား သူ၏ချစ်မိတ်ဆွေကြီးကျိုလန်ထူကို ပို၍ သတိ တသမိလေ၏။ ထလီမူချိုင့်ဝှမ်းမှထွက်ကြသောအခါ ဟွမ်ရီစုံ ချိုင့်ဝှမ်းအတွင်းသို့ အော်ဟစ်နှုတ်ဆက်ခဲ့ရှာသည်။

'မိတ်ဆွေကြီး၊ ကျိုလန်ထူရေ. . . ကျုပ်တို့တော့ သွားပြီ ခင်ဗျားကို တွေ့ဆုံနှုတ်မဆက်ရတဲ့အတွက် ကျုပ်တို့ တကယ် စိတ်မကောင်းပါဘူး။ ကျုပ်တို့သွားပြီဗျို့'

ဟွမ်ရီစုံ၏အသံသည် ထလီမူချိုင့်ဝှမ်းအတွင်းသို့ လေနှင့်အ လွင့်ပျံ့ပြေးထွက်သွားသည်။

လုစုယာတို့အုပ်စုသည် ဟွမ်ရီစုံ၏အော်သံကို ကျိုလန် ကြားလိမ့်နိုးနိုး ထွက်လာနိုးနိုး မရေမရာစောင့်ကြည့်နေမိကြသေး

ပိုးကောင်မွှားကောင်ကလေးများ၏ အော်သံမှတစ်ပါး သည့်အသံကိုမျှ မကြားရသောအခါမှ စိတ်ပျက်လက်ပျက် ဆက်မိကြတော့သည်။

ထူလူဖန်ဒေသသို့ ဖြတ်ကျော်ချဉ်းနင်းမိကြသောအခါတွ လုစုယာသည် သဲမြေများကိုကောက်၍ နမ်းလေ၏။

'အား. . . သိပ်မွှေးတဲ့မြေပါလား'

အမိမြေကို ချစ်မြတ်နိုးသောစိတ်ဖြင့် သဲမြေများကို ကောက် ခြင်းဖြစ်ကြောင်း အားလုံးသိကြသည်။

အမိမြေကိုပြန်နင်းရသည့်အတွက် အားလုံးပင် တက် ရွှင်လန်းလာကြသည်။



မီးလျှံ မြို့တော်သို့ ဝင်ရောက်မိသောအခါ ပါချီမန်းနှင့် ထူကိုမှ အစ လူမျိုးစုခေါင်းဆောင်များကို ပြန်လည် အောက်မေ့သတိရမိကြ၏။

သူတို့ ပြန်မည့်ရက်ကိုမသိခြင်း၊ မည်သည့်နေရာမှပြန်လည် ဝင်ရောက်လာမည်ကို မသိခြင်းကြောင့် မည်သည့်လူမျိုးစု ခေါင်းဆောင်ကမျှ ဆီးကြိုကြခြင်းမရှိချေ။

သူတို့အားလုံး အီလီ၏ဂေဟာအတွင်းမှတိုက်ပွဲကိုပြန်လည်၍ ပြောမိကြသည်။

စင်ကျန်နယ်ကိုဖြတ်ကျော်ပြီးသည့် အခါတွင်မူ သူတို့သည် ပြည်မအစပ်သို့ ဝင်ရောက်လာမိကြတော့၏။

လေရှူရှိုက်ရသည်မှာလည်း ပြောင်းလဲလာသည်။ တောတောင် ရေမြေဒေသတို့ကလည်း ပြောင်းလဲလာသည်။

စိမ်းစိမ်းစိုစို အေးအေးမြမြဖြစ်လာသည်။ ပူပြင်းခြောက်သွေ့ မှုများသည် တုန်ဆုံးသွားခဲ့လေပြီ။

အားလုံး ဝမ်းပန်းတသာဖြစ်နေစိုက် ဘွန်လူအောက လုစုယာ ကို လှမ်းခေါ်လိုက်၏။

'အစ်ကိုလုစုယာ'

'ဟင်. . . ညီမ၊ ဘာလဲ'

လုစုယာက ပြုံး၍မေးလေ၏။

'ပြော် ညီမတို့တာဝန်က မပြီးသေးဘူးနော်၊ ကျောက်စိမ်း တံဆိပ်တော်ရပြီးတာတောင် မအေးသေးဘူး၊ မွန်ဂိုတွေကို ဆက် တိုက်ရမယ့်တာဝန်က ကျန်သေးတယ်နော်'

'ဒါပေါ့. . . ကျန်သေးတာပေါ့။ အဲဒါက အဓိကတာဝန်ပဲလေ

မွန်ဂိုတွေ ဒီမြေကထွက်သွားမှ တို့တာဝန်ကပြီးမှာ'

'ညီမတို့ တစ်ခုမှားသွားသလား မသိဘူး'

ဘွန်လူအောက မဝံ့မရဲလေးလေသံဖြင့် ပြောဏ်။

'ဘာမှားလဲ. . . ညီမရဲ့'

'ဒီ မွန်ဂိုတော်လှန်ရေးကိစ္စမှာ ရိက္ခာတွေ၊ ဓား၊ လှံ၊ လေး၊ မြ

ထုတ်လုပ်မှုတွေ လိုအပ်လာမှာသေချာတယ်နော်၊ တကယ်လို့ ညီ

တို့သာ ရတနာသိုက်ထဲက ရတနာတွေ သယ်ယူခဲ့ရင် အဲဒီကိစ္စတွေမှ

အလျှံပယ်သုံးနိုင်မှာပေါ့၊ ညီမစိတ်ထဲမှာ ရတနာတွေ မသယ် ယူခဲ့တ

ဟာ မှားသွားသလိုထင်ခဲ့မိတယ်'

လုစုယာက ပြုံးလိုက်ဏ်။

'အဲဒီရတနာပစ္စည်းတွေဟာ ကိုယ့်ပြည်တွင်းက ပစ္စည်းတွေ

မဟုတ်ပါဘူး၊ နောက်ပြီး အစ်ကိုတို့ မိဘဘိုးဘေးတွေတာဝန်ပေးခဲ့

ကိစ္စက တံဆိပ်တော်ကို အင်အားအကောင်းဆုံး မွန်ဂိုတွေ

အတော်လှန်နိုင်ဆုံး ပုဂ္ဂိုလ်လက်ထဲကို ပေးအပ်ရမယ့်ကိစ္စပဲ၊ ဒီတံဆိ

တော်ရသွားမှ တရုတ်တစ်ပြည်လုံးက သူ့အောက်ကို တစ်စည်

တစ်လုံးတည်း အင်နဲ့အားနဲ့ လိုက်ကြမှာမို့ မွန်ဂို တော်လှန် ရေးကြီး

အောင်မြင်မယ်လို့ မိဘဘိုးဘွားတွေက ယုံကြည်ခဲ့ကြတယ်၊ ရိက္ခ

လက်နက်စုဆောင်းပေးချင်တယ် ဆိုရင်လဲ ကိုယ့်ပြည်တွင်းမှာပဲ ရှာ

ရနိုင်ပါတယ်၊ ကုလန်ရဲ့ရတနာတွေကိုရမှ မဟုတ်ပါဘူး ညီမရယ်'

ဘွန်လူအော စောဒကမတက်နိုင်တော့ပေ။

လုစုယာသည် ကုလန်၏ရတနာသိုက်မှ ရတနာများ



လက်ဖြင့်ပင် မတို့ရန်ဆုံးဖြတ်ထားပုံရသည်။

'အင်း. . . အစ်ကို့သဘောဖါပဲလေ'

'မစိုးရိမ်ပါနဲ့ ညီမရယ်၊ ကြျုဝမ်ကြောင်ဟာ တကယ့်အာဇာနည်

ပုဂ္ဂိုလ်ပါ၊ လူသူ လက်နက်အင်အားကိုမှ သူမစုဆောင်းနိုင်ရင် သူဟာ

တရုတ်ပြည်ရဲ့ဧကရာဇ် ဘယ်ဖြစ်ထိုက်တော့မလဲ'

လုစုယာ၏ပြောစကားသည် တကယ်ပင်မှန်ကန်လှ၏။ အန်း

ယွီပြည်နယ်၊ ဖုန်ထိုင်မြို့သို့ရောက်သည်နှင့် ကြျုဝမ်ကြောင်၏

အောင်ပွဲများကို ကြားသိကြရတော့သည်။

ကြျုဝမ်ကြောင်၏တပ်များသည် မွန်ဂိုတပ်များကို ပြောက်ကျား

တိုက်နိုက်ရာတွင် လည်းကောင်း၊ တပ်လုံးချင်း ရင်ဆိုင်တိုက်ရာတွင်

လည်းကောင်း အကြိမ်ကြိမ် အောင်ပွဲဆင်နိုင်ခဲ့သည့်သတင်းများသည်

တရုတ်ပြည်တစ်ပြည်လုံးသို့ပျံ့နှံ့နေလေပြီ။

'ရှုံးပွဲ မရှိဘူးလား'

'ရှုံးပွဲဆိုတာ မရှိသလောက်ဘဲလေ'

သတင်းများကား အားရစရာပင်။

'ကြျုဝမ်ကြောင် အခု ဘယ်မှာရှိနေသလဲ'

'ရွှေ့တန်းတပ်တွေကို ကွပ်ကဲတိုက်ခိုက်နေတယ်'

'ဒါဖြင့် ကြျုဝမ်ကြောင်နဲ့တွေ့ဖို့ မလွယ်ဘူးပေါ့'

'မလွယ်ဘူးလေ၊ တော်ရုံတန်ရုံအရေးကြီးရုံနဲ့တော့ သူ နောက်

ပိုင်းကို ပြန်လာမှာမဟုတ်ပါဘူး'

လုစုယာသည် စုံစမ်းသင့်သည်များကို စုံစမ်းပြီးနောက် သူတို့

စုပ်စုဆွေးနွေးပွဲကို တည်းခိုဆိုင်တစ်ဆိုင်၏အပေါ်ထပ်တွင် ကျင်းပ

သည်။

ထိုဆွေးနွေးပွဲ၌. . .

'ကြူဝမ်ကြောင်ဟာ ဖုန်ရန်မြို့ဇာတိ ဖြစ်တော့ သူ့ကို အဲဒီမြို့ ပြန်လာဖို့ ဖိတ်ကြားစာတစ်စောင် ပေးပို့လိုက်မယ်'

လုစုယာ၏စကားကို ကြားသောအခါ ဟွမ်ရှိုးစုံ အထိတ်တလ ဖြစ်သွား၏။

'သူ့ရဲ့ကောင်းလေး. . . သူ လာပါ့မလားဗျာ'

'ဘာဖြစ်လို့ မလာရမှာလဲ ဟွမ်ရှိုးစုံ၊ အမတ်ချုပ်ကြီး လုရှု မြေး လုစုယာနဲ့ မိတ်ဆွေ အပေါင်းအသင်းများက မျိုးချစ်သူရဲကော ကြူဝမ်ကြောင်ကို ကျောက်စိမ်းဧကရာဇ်တံဆိပ်တော် ပေးအပ် ဖိတ်ကြားပါသည်လို့သာ ရေးလိုက်ပါ၊ ကြူဝမ်ကြောင်ဟာ ဖုန်ရန်မြို့ ချက်ချင်းပြေးလာမှာပါ'

ဟွမ်ရှိုးစုံ ငြိမ်သွား၏။

လုစုယာက ဆက်ပြော၏။

'ဒါပေမယ့် ကျုပ်က ကျုပ်နာမည်တစ်ခုတည်းနဲ့ မဖိတ်ပါ နောင်ကြီးဘွန်တိမ်စန်းနှင့် ဘွန်လူအော၊ ညီမလေးစန်းအော် နာမည်ကိုပါ သုံးမှာပါ၊ မျိုးဆက်သုံးဆက်ရဲ့နာမည်ကိုတွေ့ရင် ရာဇ်လောင်း ကြူဝမ်ကြောင်ဟာ ဘယ်နည်းနဲ့မှ ရှေ့တန်းမှာ မနေ ဘူး၊ ကျုပ်တို့ မျိုးဆက်သုံးဆက်ရဲ့သတင်းဟာ မွန်ဂိုနန်းတေ တရုတ်မျိုးချစ်တော်လှန်ရေး တပ်တွေကြားမှာ အင်မတန် ကျော် နေလိမ့်မယ်လို့ ကျုပ်ရဲ့ဆရာ ထန်တိုဆရာတော်ကိုယ်တိုင်က ကြားခဲ့တာပါ'



'ဩော်. . .'

'နောက်ပြီး ကျုပ်စီစဉ်ထားတာက ကျောက်စိမ်းတံဆိပ်တော် ပေးအပ်ပွဲမှာ သိုင်းလောကရဲ့ ထိပ်သီးအကျော်အမော်တွေကိုပါ ဖိတ်ကြားမယ်လို့ ကျုပ်ကြံစည်ထားတယ်၊ သဘောကတော့ ကျောက်စိမ်းတံဆိပ်တော်ဟာ ဧကရာဇ်လောင်း ကြူဝမ်ကြောင်ရဲ့လက်ထဲ ရောက်သွားပြီဆိုတာ အားလုံးသိမြင်စေချင်လို့ပဲ၊ ကြူဝမ်ကြောင်ဟာ စစ်အင်အားလဲရပြီ၊ တံဆိပ်တော်လဲရပြီဆိုရင် ဧကရာဇ်ဖြစ်ဖို့သေချာပြီပေါ့၊ အဲဒီအကြံကို ဘယ်လိုသဘောရကြသလဲ'

အားလုံးက သဘောကျကျေနပ်ကြသည်။

ဘွန်လူအောက. . .

'အစ်ကို့အကြံအစည်က ထောင့်စေ့အကွက်စေ့ပဲနော်၊ ဘာမှ ဟာကွက်မရှိဘူး'

'ဟာကွက်မရှိတာ အစ်ကို့အကြံအစည်ချည်း မဟုတ်ပါဘူး ကွယ်၊ ဖေဖေ ပေးခဲ့တဲ့ စာထဲမှာ ဒီလို အကြံဉာဏ်မျိုးတချို့ ပါခဲ့တာပဲ၊ သိုင်းလောကသားတွေအားလုံး တရုတ်ပြည်နယ်တွေ အားလုံးကို ဒီသတင်း ပျံ့အောင်ဖြန့်ရမယ်၊ ဒါမှသာ ကြူဝမ်ကြောင်အောက်ကို ယန်တရုတ်တွေအားလုံး ခိုဝင်လာကြမှာပေါ့'

'အခု တော်လှန်ရေးလုပ်နေတဲ့ မျိုးချစ်အင်အားစုတွေကို ကြည့်စမ်း၊ ဒီအထဲမှာ ကြူဝမ်ကြောင်က အင်အားအကောင်းဆုံး၊ အတောင့်တင်းဆုံး၊ အောင်ပွဲအရဆုံး၊ တဲ. . . သူ့စွမ်းရည်တွေကို မဖော်ပ်၊နဲ့တော့ အသာထားလိုက်ပါဦး၊ တို့ အခုကြားရတဲ့သတင်းတွေထဲက တခြားခေါင်းဆောင်တွေအကြောင်းပဲ ပြန်လေ့လာကြည့်ကြရအောင်'

'တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကျန်စုချင်ဆိုတဲ့ ပုဂ္ဂိုလ်ကို ကြည့်မယ်၊ မျိုးချစ်စိတ် ရှိပေမယ့် မိန်းမနဲ့ပတ်သက်လာရင် နာမည်ပျက်ရှိတယ်၊ အထက်မရောက်ခင်ကတည်းက အောက်ခြေမှာ ဗီလောက်ပျက်စီးနေတော့ သူသာဧကရာဇ်ဖြစ်ရင် ဘယ်အမျိုးကောင်းသမီးမှ သူ့ခြေတော်တင်ခံရခြင်းက လွတ်မှာမဟုတ်ဘူး'

'ချင်ယူလျှံကျတော့ တစ်မျိုး၊ သူ့ကျတော့ သတ်ဖို့ဖြတ်ဖို့ချည်းပဲ စိတ်ကူးနေတယ်၊ မွန်ဂိုတွေကို ရက်ရက်စက်စက်တိုက်ခိုက်တာတော့ မှန်ပါရဲ့၊ ကိုယ့်တပ်သားတွေနဲ့ ကိုယ်ပြည်သူပြည်သား ဟန်တရုတ်တွေကို ရက်ရက်စက်စက်ကွပ်ညှပ်မှုရှိလို့နဲ့ လုံလောက်တာမှမဟုတ်ဘဲ'

'လျူဟူထုံးကျတော့ကော သူက တော်လှန်ရေးကို အပျော်သဘောလုပ်တာ၊ စိတ်ကူးယဉ်ယဉ်နဲ့ လုပ်တာ၊ သူ အသုံးမကျတော့ သူ့တပ်သားတွေဟာ အရင်ဆုံးပြိုကွဲကုန်တာပဲ'

'ကြူဝမ်ကြောင်ကျတော့ကော၊ သူလဲ စင်းလုံးချောတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူဟာ အရည်အချင်းပြည့်စုံသူ တစ်ဦးပါ၊ ဒါကြောင့် သူ ဗီလောက်အောင်မြင်တာပေါ့၊ ငါရွေးချယ်တဲ့ကိစ္စကို အားလုံး ကြည်ကြည်ဖြူဖြူသဘောတူလိမ့်မယ်လို့ မျှော်လင့်ထားမိပါတယ်'

လုစုယာက ရှည်လျားစွာပြောပြီး အားလုံးကိုအကဲခတ်လိုက်၏။

အားလုံးက ကန့်ကွက်ရန်မရှိ သဘောတူကြောင်း ပြောကြားကြ၏။

'ကဲ. . . ဒါဆိုရင်တော့ ငါက ဖုန်ရန်မြို့ကိုသွားပြီး လိုအပ်သမျှ စီစဉ်မယ်၊ နောင်ကြီးဘွန်တိမ်စန်းတို့ ဘွန်လူအောတို့ စန်းအော်တို့



ဟွမ်ရိုစုံတို့က သိုင်းအကျော်အမော်ထိပ်သီးကြီးတွေကို သွားရောက် ပင့်ဖိတ်ပေးကြပါ၊ တံဆိပ်တော်ပေးအပ်ပွဲက တရုတ်ပြက္ခဒိန် ရှစ်လ ငယ့်ငါးရက်ကို သတ်မှတ်လိုက်ပါ့မယ်'

လုစုယာ၏စကားဆုံးသောအခါ ငါးဦးစလုံး လမ်းခွဲပြီး အသီးသီး ထွက်ခွာသွားကြလေတော့သည်။

❖ ❖ ❖

## အခန်း (၂၀၅)
## တံဆိပ်တော် ပေးအပ်ပွဲ

တရုတ်ပြက္ခဒိန် ရှစ်လ ဆယ့်ငါးရက်နေ့။

ဖုန်ရန်မြို့ တစ်မြို့လုံး အုံးအုံးကျွက်ကျွက် စည်ကားနေလေ၏။

ဖုန်ရန်မြို့၌ ကျောက်စိမ်းကေရာဇ် တံဆိပ်တော်ပေးအပ်ပွဲ ရှိနေသည် မဟုတ်ပါလော။

ကျောက်စိမ်းကေရာဇ် တံဆိပ်တော်ဆိုသည်မှာ တရုတ်ပြည် သိုင်းလောကတစ်ခုလုံးက အရူးအမူးလိုချင်နေသော တံဆိပ်တော် ဖြစ်သည်။

တရုတ်ပြည်သူ ပြည်သားများ၏ စိတ်ထဲ၌ ဤတံဆိပ်တော် လက်ဝယ် ရှိသူသည်သာ တရုတ်ပြည်၏ ကေရာဇ်ဖြစ်သည်ဟူသော အစွဲဖြစ်နေသည်။



တရုတ် ပြည်သူပြည်သားများ၏ အင်အားကို ရရှိပြီး တရုတ် ကေရာဇ်အဖြစ် ထီးနန်းစိုးစံခွင့် ရလာပေလိမ့်မည်။

ယခု. . . လုစုယာ တံဆိပ်တော်ရရှိလာသည်ဟု သိသောအခါ မည်သို့မျှမအုံ့ဩကြပေ။

သိုင်းလောကမှ ထိပ်သီး အကျော်အမော်ကြီးများသည် ရည် ရွယ်ချက် အမျိုးမျိုးဖြင့် ဖုန်ရန်မြို့သို့ဆိုက်ရောက်လာလေတော့သည်။

အချို့ သိုင်းဆရာကြီးများကား မကောင်းသောရည်ရွယ်ချက် များဖြင့် ရောက်ရှိလာကြသော်လည်း အချို့ကား ထန်တိုဆရာတော်၏ တပည့် လုစုယာကိုမြင်တွေ့လိုသဖြင့် လည်းကောင်း၊ ကျောက်စိမ်း တံဆိပ်တော်ကို မြင်ဖူး တွေ့ဖူးလိုသဖြင့်လည်းကောင်း လာရောက် ကြခြင်းဖြစ်လေ၏။

လုစုယာသည် သိုင်းလောက၌ အသစ်စက်စက် သိုင်းသမား သူရဲကောင်း ဖြစ်သည်။

သူ့ ဂိုဏ်းဝင်များမှာ တခြား ဂိုဏ်းများကဲ့သို့ များပြားခြင်းလည်း မရှိပေ။

သူသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ကျော်ကြားခြင်း မျိုးဖြင့် ကျော်ကြားလာခဲ့ခြင်း ဖြစ်သော်လည်း ကျောက်စိမ်းတံဆိပ် တော် ရယူသည့် ကိစ္စတွင်မူ အခြားမျိုးဆက် နှစ်ဆက်၏ အကူအညီ မရပါက ဟွမ်ရီစုံ၊ ကျိုလန်ထူ၊ ကုလန် အစရှိသူတို့၏အကူအညီကို မရပါက ကျောက်စိမ်းတံဆိပ်ကို မည်သို့မျှ ရရှိနိုင်လိမ့်မည် မဟုတ်ပေ။

ထိုအချက်ကို ‹လုစုယာ ကောင်းစွာသိရှိသဖြင့် သူ့ကိုယ်သူ ဘဝင်မြင့်ခြင်း၊ မာန်မာနမောက်ကြွားခြင်း လုံးဝမရှိခဲ့ပေ။

ဖုန်ရန်မြို့သည် ပွဲလမ်းသဘင်ဆင်ယင်ကျင်းပသော လက်ခုံသို့ စည်ကားသိုက်မြိုက်နေ၏။

မီးပုံးများ၊ မီးပွင့်မီးဆိုင်းများဖြင့် လွှန်စွာလှပနေလေ၏။

မြို့သူ မြို့သားများသည်လည်း ဝတ်ကောင်းစားလှများဖြင့် လမ်းမအသွယ်သွယ်တွင် လှုးလာဆန်ခတ် လမ်းသလားနေကြသည်။

ဖုန်ရန်မြို့သားများ ဤမျှတက်ကြွနေခြင်းမှာ အကြောင်းရှိသည်။

တရုတ်ပြည်၏ ဧကရာဇ်လောင်းလျာသည် သူတို့ ဖုန်ရန်မြို့ ဇာတိသား ကြူဝမ်ကြောင်ဖြစ်နေသည် မဟုတ်ပါလော။ .

မည်သူမဆို မိမိတို့မြို့သား ဘုရင်ဖြစ်သည်ဆိုလျှင် ဤသို့ ဂုဏ်ယူဝင့်ကြွားကြမည်သာဖြစ်ပေသည်။

ဖုန်ရန်မြို့သားများ ဤမျှတက်ကြွနေခြင်း၏ နောက်တစ်ကြောင်းမှာ သူတို့သည် ကြူဝမ်ကြောင်ကို မတွေ့ရ မမြင်ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ယခုတစ်ဖန် ပြန်လည်တွေ့မြင်လိုကြခြင်း ပေတည်း။

ကျောက်စိမ်းတံဆိပ်တော် ပေးအပ်ပွဲကို မြို့လည်၌ မပြုလုပ်ချေ။

မြို့စွန်ရှိ ဘုန်းတော်ကြီးကျောင်းအနီး၌ ပြုလုပ်သည့် ပေးအပ်ပွဲသို့ တက်ရောက်လာမည့် ဧည့်သည်များနှင့် လူသူပရိသတ် များမှာ လွှန်စွာများပြားနိုင်သည်ကို ကြိုတင်တွက်ဆမိသဖြင့် လုစုယာက မြို့စွန်၌ ကျင်းပခြင်း ဖြစ်သည်။

တစ်ဘက်က မြို့၊ တစ်ဘက်က ကွင်းပြင်နှင့် သစ်ပင်တောတန်း၊



လူမည်မျှတက်တက် ကျယ်ပြန့်စွာနေရာယူနိုင်သည်။

ဘုန်းတော်ကြီးကျောင်းနှင့် မလှမ်းမကမ်းတွင် စင်မြင့်တစ်ခု ရှိသည်။ ထိုစင်မြင့်၏နောက်တွင် စာတမ်းရေးထိုးထားသော ပိတ်စ အနီကြီးရှိ၏။

ထိုပိတ်စပေါ်မှ စာတန်းကား. . .

'ထာဝရအေးချမ်းသာယာသည့်နိုင်ငံတော်၏ ဧကရာဇ် ဘုရင်မင်းမြတ်' ဟူသတည်း။

ကြူဝမ်ကြောင်သည် လုစုယာထံမှ ဖိတ်ကြားစာရသည်နှင့် ဖုန်ရန်မြို့သို့ပြန်ရန် ချက်ချင်းစီစဉ်သည်။ ရှေ့တန်းကိစ္စများကို ကြီးကြပ်ညွှန်ကြားရန် သူကိုယ်တိုင် စီမံမှုဖြစ်နိုင်သည့်အချက်များ ရှိသေးသဖြင့် လုစုယာတို့၏လိုအပ်ချက်များကို ဖြည့်စွမ်း ကူညီနိုင်စေရန်သူ၏လက်ထောက်တပ်မှူးကြီးချိတာကို ဦးစွာစေလွှတ်လိုက်လေသည်။

စင်မြင့်နေရာ ရွေးချယ်ခြင်း၊ မြို့ထဲ၌ ပွဲလမ်းသဘင်ပမာ ဆင်ယင်ခြင်းတို့ကို ချိတာက ကူညီဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ထိပ်သီး သိုင်းအကျော်အမော်များကို လိုလေးသေးမရှိ နေရာထိုင်ခင်းပေးရန်၊ အစားအသောက်ကျွေးမွေးရန် ကိစ္စများကို တပ်မှူးကြီးချိတာသာမရှိလျှင် လုစုယာ ခက်ခက်ခဲခဲဆောင်ရွက်ပေးရ ပေလိမ့်မည်။

ယခုတော့ အားလုံးအဆင်ပြေသွားသည်။

နေမင်းကြီး တရှိန်ရှိန်မြင့်တက်လာသည်နှင့်အမျှ လူထုပရိသတ်ကြီးသည် တဖြည်းဖြည်း တိုး၍များပြားလာလေ၏။

ဤပရိသတ်မှာ ဖုန်ရန်မြို့ လူထုသက်သက် မဟုတ်ချေ။ တရုတ်ပြည် အနှံ့အပြားမှ တက်ရောက်လာကြသော ပရိသတ်များလည်း ပါဝင်သည်။

လူထုပရိသတ်အတွက်ကား အမိုးအကာ လုပ်မပေးနိုင်ချေ။ လုပ်ပေးချင်သည့်တိုင် မလွယ်လှပေ။

စင်မြင့်ပေါ်၌ကား အမိုးများပြုလုပ်ထားသဖြင့် အပူဒဏ်အတော် သက်သာရာ ရပေသည်။

ထိုစဉ်. . .

'ချမ်း. . . ချမ်း. . . ချမ်း. . .'

အလွန်တရာကြီးမားသော မောင်းထုသံကြီး သုံးချက် ထွက်ပေါ်လာလေတော့သည်။

တရုတ်ပြည်၏ကေရာဇ်လောင်းလျာ ကြူဝမ်ကြောင်သည် ထိုလမ်းမကြီးမှတစ်ဆင့် စင်မြင့်ရှိရာသို့ ကြွရောက်လာပေလိမ့်မည်။

မကြာမီ တူရိယာများ တီးမှုတ်သံများ ကြားလာရ၏။ ထိုတပ်သားများကိုကား မမြင်ရပေ။ ရှေ့ပြေးတပ်စုတစ်စု ချီတက်လာ၏။ ရှေ့ပြေးတပ်စုမှာ အင်အားမများလှပေ။ သုံးဆယ်ခန့်သာရှိသည်။

ထိုတပ်သားများသည် စင်မြင့်ပတ်ပတ်လည်၌ နေရာယူကြ၏။ ဤသို့ အစောင့်အရှောက် အနည်းငယ်သာထားခြင်းမှာ ဖုန်ရန်မြို့သည် ကြူဝမ်ကြောင်၏ဇာတိမြို့ ဖြစ်ခြင်းကြောင့်ပင်. . .။

ရှေ့ပြေးတပ်ဖွဲ့ ဝင်လာပြီးနောက် ထပ်မံဝင်လာသူများမှာ ကြူဝမ်ကြောင်၏ လက်ထောက်မှူးများ ဖြစ်သော လျူကျိ၊ ချန်ရှုချန်၊ စွန်ရှင်ကျူနှင့် လီဘွန်ကျိတို့ပင် ဖြစ်သည်။



ထိုပုဂ္ဂိုလ်များသည် စင်မြင့်ပေါ်၌နေရာယူကြသော်လည်း စင်မြင့်၏ အနောက်ဘက် အစွန်ကျကျ၌ မတ်တတ်ရပ်နေကြသည်။

နောက်ထပ်ဝင်လာသည့် လူစုမှာ ငါးယောက်တိတိရှိသည်။ ထိုလူစုကား လုစုယာတို့ အုပ်စုပေတည်း။ ဘွန်တိမ်စန်း၊ ဘွန်လူအောစန်းအော်နှင့် ဟွမ်ရှိုစုံတို့ ဖြစ်ကြသည်။ သူတို့နောက်တွင် သိုင်းလောကသားများ မြောက်မြားစွာ ပါလာသည်။ ထိုအထဲ၌ လုစုယာတို့ ရင်းရင်းနှီးနှီး သိရှိသောအုပ်စုမှာ အရှေ့ပင်လယ်ကျွန်းစုများမှ မိတ်ဟောင်းဆွေဟောင်း သိုင်းသမားများ ပေတည်း။

ထိုလူများတွင် အရှေ့ပင်လယ်မှ သိုင်းသမားခေါင်းဆောင်ကြီး ရှောင်ကြည်ဟိုင်၊ ချင်ခင်အွန်၊ ချီရိုထန်၊ ဝုဝီနှင့် ကျူလှုံ့ရင်တို့လည်း ပါလာကြ၏။

သိုင်းသမားခေါင်းဆောင်များ ထိပ်သီးအကျော်အမော်များအတွက် စင်မြင့်အနီး ရှေ့ဆုံးပိုင်းတွင် ခုံများခင်းကျင်းပေးထားသည်။

ရှောင်ကြည်ဟိုင်တို့အုပ်စုသည် လုစုယာကိုတွေ့သည်နှင့် ဖက်လှဲတကင်း နှုတ်ဆက်ကြ၏။

လုစုယာက ပြုံး၍ပြောလိုက်သည်။

'တဲ. . . ကျွန်တော်ပြောတယ် မဟုတ်လား။ ကျွန်တော်တို့ ခွဲခွာရခြင်းဟာ အပြီးအပိုင်ခွဲခွာရခြင်း မဟုတ်ပါဘူးလို့၊ အခု ပြန်တွေ့ကြပြီမဟုတ်လား'

အားလုံးပင် ပျော်ရွှင်မြူးထူးနေမိကြသည်။

ရှောင်ကြည်ဟိုင်က. . .

'သူရဲကောင်းလေး၊ ကျောက်စိမ်းတံဆိပ်တော်ကို ဘယ်လိုရှာ

လဲဆိုတာလေးတော့ အကျဉ်းချုပ်လောက် ပြောပြပါဦး'

လုစုယာက အတိုချုပ်ရှင်းလင်းပြောပြလိုက်ရာ ရှောင်ကြည်ဟိုင် ကျေနပ်သွားလေ၏။

လုစုယာတို့ စကားပြောနေချိန် ကြူဝမ်ကြောင်သည် စင်မြင့်ပေါ်သို့ ရောက်ရှိနေပေပြီ။ မည်ကဲ့သို့ရောက်ရှိနေသည်ကို မည်သူမျှ မသိကြပေ။ ဖြစ်နိုင်သည်မှာ သူ၏ကိုယ်ရံတော်တစ်ဖြင့် စင်မြင့်နောက်ဘက်မှ တက်ရောက်နိုင်သည့်လမ်းသာ ရှိသည်။

သို့သော် စင်မြင့်ပေါ်မှ မည်သည့်တစ်မှုကမျှ ကြူဝမ်ကြောင်ရောက်ရှိလာပြီဟု မကြေညာသေးသဖြင့် ကြူဝမ်ကြောင်ကို သတိမပြုမိကြသေးခြင်း ဖြစ်သည်။

ထိပ်သီး သိုင်းအကျော်အမော်ကြီးများသည် တပည့်လက်သားများဖြင့် စင်မြင့်ရှေ့သို့ရောက်ရှိနေကြပြီး တစ်ဦးကိုတစ်ဦး ဂါရဝပြုနှုတ်ဆက်လျက် ရှိကြ၏။

စန်းအော်မှာ ထိုကြီးမားလှသော လူအုပ်ကြီးထဲ၌ လိပ်ပြာကလေးပမာ လူးလာဆန်ခတ် လှုပ်ရှားနေသည်။

သူမ အလွန်ပျော်နေသည်။

ပျော်ရခြင်းအကြောင်းရင်းမှာ သူမ၏ဂိုဏ်းတူ အစ်ကို ချင်ကျင်ဖုန်ကို တွေ့ဆုံနေရသောကြောင့်တည်း။

'ညီမလေး. . . တို့တတွေ ကွဲသွားတာ သိပ်မကြာသေးပါဘူး၊ နင့်ကိုကြည့်ရတာ တကယ့်မိန်းမကြီးတစ်ယောက်လို ပြောင်းလွဲနေပါကလား'

လုစုယာက ရယ်ပြီးဝင်ပြော၏။



'နောင်ကြီး ချင်ကျင်ဖုန်၊ ညီမလေးက မိန်းမကြီးဘဝ ပြောင်းလဲနေပြီပေါ့ဗျ၊ ကြင်ဖော်ကြင်ဖက်တွေတောင် ရှိနေမှာပဲကိုး'

'ဟင်းနော်. . . ညီမတစ်ယောက်ထဲလား၊ အစ်ကိုလုစုယာကကော ကြင်ဖော်ကြင်ဖက် မရှိဘူးတဲ့လား'

စန်းအော်က ချက်ချင်း ရန်တွေ့သည်။

'ဟုတ်ပါ့ဗျာ. . . ဟုတ်ပါ့. . . ငါ့မှာလဲရှိပါတယ်၊ နောင်ကြီးချင်ကျင်ဖုန်၊ ကျွန်တော် မှားသွားပါတယ်ခင်ဗျာ၊ ညီမလေး စန်းအော်တင်မကဘူး။ ကျွန်တော့်မှာလဲ ကြင်ဖော်ကြင်ဖက် ရှိနေပါတယ်ခင်ဗျာ၊ ထိန်ချန်သလိုဖြစ်သွားတာကို ခွင့်လွှတ်စေချင်ပါတယ်'

လုစုယာက ချင်ကျင်ဖုန်အား ဂါရဝပြုပြီး တောင်းပန်လေ၏။ စန်းအော်ကို ငေါ့ခြင်းလည်းဖြစ်ပေသည်။

'ဟင်း. . .'

စန်းအော်က ကျားသစ်မလေးသဖွယ် မာန်ဖီနေပေသေးသည်။

ချင်ကျင်ဖုန်သည် လုစုယာ၏ဖခင် လုကွမ်နန်၏အရင်းအချာဆုံးသော တပည့်ကြီးပင်တည်း။

သူသည် မရဏာပျံလွှား နှစ်ဆယ့်တစ်ကောင်၏ဖမ်းဆီးမှုကြောင့် နေပြည်တော် အချုပ်ထောင်ထဲ၌ အချုပ်ခံနေခဲ့ရ၏။ ထန်တိုဆရာတော်ကိုယ်တိုင် သွားရောက်ကယ်ဆယ်ခဲ့ရသည်။

နောက်ပိုင်းတွင် ဆရာတော်သည် ချင်ကျင်ဖုန်အား သိုင်းပညာများကို ကိုယ်ဖိရင်ဖိ သင်ကြားပေးခဲ့၏။ သူ ယခုရောက်ရှိလာခြင်းမှာ ထန်တိုဆရာတော်၏ကိုယ်စား တက်ရောက်လာခြင်းဖြစ်သည်။

သို့အတွက် ချင်ကျင်ဖုန် တကယ်ပင်ဝမ်းသာ၏။ ဤသို့ သွား

ရလျှင် သူ၏ဂိုဏ်းတူညီမကလေး စန်းအော်ကို တွေ့ဆုံရမည် ဖြစ်သည့်ပြင် သူကိုယ်တိုင် ဆရာကြီးလုကွမ်နန်အား ပေးခဲ့သည့် ကျောက်စိမ်းတံဆိပ်တော်ကို ပြန်လည် မြင်ခွင့်ရမည် ဖြစ်သောကြောင့် တည်း။

ကျားချောက်ကမ်းပါးမှ စာမတတ် ပေမတတ် လူရာမဝင်သော တံငါသည်လေးသည် လုကွမ်နန်၏ကျေးဇူးဖြင့် စာတတ် ပေတတ် ဖြစ်လာသည့်ပြင် ထိပ်တန်းသိုင်းပညာရှင် ဖြစ်လာခဲ့ရသဖြင့် သူ့ကျေးဇူးရှင်ကို သတိရတသပြီး ချင်ကျင်ဖုန် မျက်ရည်လည်ခဲ့ရပြန်လေသည်။

ယခု. . .

လုစုယာတို့က လာရောက်နှုတ်ဆက်ပြီး ရယ်စရာ မောစရာများ ပြောလာကြသဖြင့် စန်းအော်တို့နှင့်အတူ ရယ်မောနေခဲ့ရသည်။

'ချမ်း. . .'

ကျယ်လောင်သော မောင်းထုသံကြောင့် ပရိသတ်အားလုံး၏ မျက်လုံးများသည် စင်မြင့်ဆီသို့ရောက်ရှိသွားကြ၏။

မြင့်မားသော ထိုင်ခုံတစ်လုံး၌ ကြျဝမ်ကြောင်ထိုင်နေကြောင်း အားလုံး တွေ့ရှိသွားကြသည်။

တပ်မှူးကြီးချီတာသည် ရှေ့သို့တက်လာပြီး. . .

'တရုတ်ပြည်ရဲ့ စစ်သူရဲကောင်းကြီးကြျဝမ်ကြောင် ရောက်ရှိနေပါပြီခင်ဗျာ'

ကြျဝမ်ကြောင်သည် ဧကရာဇ်မဖြစ်သေးပေ။

ဧကရာဇ်လောင်းလျာဘဝ၌သာ ရှိသေးသည်။ ထို့ကြောင့်



ထီးသုံးနန်းသုံး သုံး၍မရသေးပေ။

ချီတာ၏ကြေညာချက်ကြောင့် ကုလားထိုင်မြင့်၌ ထိုင်နေသူမှာ ကြျဝမ်ကြောင်ဖြစ်ကြောင်း အားလုံးနားလည်သိရှိသွားကြ၏။

တပ်မှူးကြီးချီတာက ထပ်မံကြေညာလိုက်သည်။

'စစ်သေနာပတိ ဗိုလ်ချုပ်ကြီးလျှုကျို မိန့်ခွန်းမြွက်ကြားဖို့ ကြွပါခင်ဗျား'

ကြျဝမ်ကြောင်နှင့် အနီးကပ်ဆုံးနေရာ၌ရှိနေသော မုတ်ဆိတ်ရှည်ရှည်၊ ဥပမိရုပ် ကောင်းကောင်း အသက်ငါးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ယောက် ထလာသည်။

သူသည် စစ်ဝတ်စုံအပြည့်ဖြင့်ဆိုလျှင် အလွန်တရာ ကြည့်ကောင်းမည့်သူ ဖြစ်သည်။

ယခုမူ သူသည် သာမန် စစ်ဝတ်စုံသာ ဝတ်ဆင်ထားသည်။

သူက ကျယ်လောင်စွာ ပြော၏။

'ညီပရိသတ်များခင်ဗျာ၊ ကျုပ်တို့ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးနန်း ကိုယ့်ကြငှာန်းနဲ့ နေလာခဲ့တဲ့လူတွေဖြစ်ပါတယ်၊ သူ တစ်ပါးလက်အောက်ခံဘဝ၊ သူတစ်ပါး ကျွန်ဘဝမှာ ကျေနပ်နှစ်သိမ့်ပြီး နေတဲ့လူတွေ မဟုတ်ပါဘူး၊ ကိုယ့်ဘုရင် ကိုယ့်သခင်ဘဝနဲ့ ခန့်ခန့်ညားညားနေတဲ့လူတွေအဖို့ သူတစ်ပါးလက်အောက်မှာ မှောက်လိုမှောက် သွန်လိုသွန် နေနေရတာ သဘာဝကျလှတဲ့ ကိစ္စတော့ မဟုတ်ပါဘူး'

'ဒီသဘာဝမကျတဲ့ကိစ္စကို သဘာဝကျအောင်လုပ်ရပါမယ်၊ ကျုပ်တို့ကိုယ်ထဲမှာ နီရဲတဲ့သွေးတွေရှိတယ်ဆိုတာ ပြသရပါမယ်၊

ကျုပ်တို့ရဲ့မျိုးချစ်စိတ်တွေကို ထုတ်ဖော်ပြသရပါမယ်၊ မွန်ဂိုတွေလက်အောက်မှာ ခံစားခဲ့ရတဲ့ဒုက္ခတွေကို ကျုပ်အထူးမပြောလိုတော့ပါဘူး၊ ခင်ဗျားတို့ ကိုယ်တိုင်ခံစားဖူးကြပြီးလို့ ကိုယ်တွေ့သိရှိပြီးဖြစ်ပါတယ်'

'ဒီတော့ ကျုပ်တို့ဘာလုပ်ကြမလဲ၊ မွန်ဂိုတွေကို တိုက်ခိုက်သုတ်သင်ပစ်ဖို့ကလွဲလို့ ဘာရှိတော့မလဲ၊ ကိုယ့်သခင် ကိုယ့်အရှင်နဲ့နေနိုင်အောင် ကြိုးစားကြရမယ်၊ ကြိုးစားဖို့ အခွင့်အရေးလဲ ပေါ်နေပြီ မြားစဉ်းသွားနောက်မှာ မြီးတန်ပါသလို ကျုပ်တို့ရဲ့အရှင်သခင်ကြျဝမ်ကြောင်နောက်မှာ ကျုပ်တို့ တစ်စုတစ်စုံးတည်း ပါသင့်ပါတယ်၊ ကျုပ်တို့တစ်ဖွဲ့ကြီးဟာ မွန်ဂိုတပ်တွေကို သုံးဆယ့်ငါးကြိမ်တိတိအောင်ပွဲဆင်နိုင်ခဲ့တာမို့ မွန်ဂိုတွေဟာ ကျုပ်တို့ရဲ့တပ်တော်ကြီးကိုဖိန့်ဖိန့်တုန်ကြောက်နေပါပြီ'

လျူကျီ၏လေသံသည် တဖြည်းဖြည်း မာထန်လာနေပေသည်၊

ဇာတိသွေးဇာတိမာန်တက်လာအောင် ဟောပြောနိုင်စွမ်း ရှိသဖြင့် လူထုပရိသတ်ကြီးသည် အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ် ဖြစ်လာနေပေပြီ။

လျူကျီက မွန်ဂိုတို့၏ဆိုးရွားရက်စက်ပုံများကို ဆက်လက်ပြောဆိုနေ၏။

လုစုယာက လျူကျီ၏ စကားပရိယာယ်ကြွယ်ဝပုံကို ကျိတ်၍ချီးကျူးနေမိသည်။

'ကဲ. . . ကျုပ်တို့ မွန်ဂိုတွေကို တိုက်မယ်မဟုတ်လား'

'တိုက်မယ်. . . တိုက်မယ်'



'သခင်ကြီး ကြျဝမ်ကြောင်နောက်ကို လိုက်မယ်မဟုတ်လား'

'လိုက်မယ်. . . လိုက်မယ်'

လူထုပရိသတ်၏အော်သံသည် မိုးယံသိမ့်သိမ့် တုန်သွားလေတော့၏။

'တိုက်မယ်. . . တိုက်မယ်. . . ကျုပ်တို့လဲ လိုက်မယ်'

လူအုပ်ကြီးထဲမှ ထူးထူးခြားခြားလူကြီးတစ်ယောက်က ထ၍. . .ာ်လိုက်ရာ အားလုံးပင် ထိုလူကြီးကိုကြည့်မိကြ၏။

'နောင်ကြီး. . . ပါချီမန်းပါလား'

လုစုယာက ဝမ်းသာအားရစွာရေရွတ်လိုက်မိလေ၏။

မှန်ပေသည်။

ပါချီမန်းကား ပိန်ပါးသေးကွေးသော ဟန်တရုတ်များအကြား၌. . .သူငယ်ကြား လင်းတနားသကဲ့သို့ ဖြစ်နေသည်။ သူသည် အလွန်. . .ရာ ကြီးမားထွားကြိုင်းလှသည့်ပြင် ထူးခြားသောဝတ်စားဆင်ယင်မှု. . .ကြောင့် လူအုပ်အကြား၌ ထင်းထင်းကြီးဖြစ်နေလေ၏။

လုစုယာသည် ပါချီမန်းအား ဖက်လဲတကင်းနှုတ်ဆက်လို. . .က်လည်း လူအုပ်ကြီး ကာခြားနေသဖြင့် ရုတ်တရက် ချက်ချင်းသွား. . .နှုတ်ဆက်ရန် မဖြစ်နိုင်ပေ။

နောက်ဆုံးတွင် တပ်မှူးကြီးချီတာက ကျောက်စိမ်းကေရာဇ်. . .ဆိပ်တော် အပ်နှံပွဲအစီအစဉ်ကို ကြေညာလေတော့၏။

'ခုချိန်ကစပြီး ကျောက်စိမ်းတံဆိပ်တော်အပ်နှံပွဲ စတင်ပါတော့. . .မင်ဗျာ'

သူ၏ကြေညာသံအဆုံးတွင် လက်ခုပ်ဩဘာသံများ တုန်းခန့်

ထွက်ပေါ်လာလေ၏။

ဒီတာက. . .

'လုသူရဲကောင်း ကျောက်စိမ်းတံဆိပ်တော်ကို ဆက်သနိုင်ပါ ခင်ဗျာ'

လုစုယာသည် စင်မြင့်ပေါ်သို့ ခုန်တက်ပြီး သူ၏အတွင်းအ ထဲမှ အဝါရောင်ပိတ်စဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို ဆွဲထု လိုက်သည်။

လူထုပရိသတ်ကြီးသည် လုစုယာ၏လက်ထဲမှ အဝါရေ ပိတ်စ အထုပ်ကိုသာ မျက်တောင်မခတ်တမ်း လိုက်ကြည့်နေ လေ၏။

နောက်ပိုင်းမှ မမြင်ရသော လူအုပ်ကြီးက ရှေ့သို့ ဖိတွန်း သဖြင့် ရှေ့ပိုင်းမှ လူအုပ်ကြီးမှာ ရုတ်ရုတ်သဲသဲဖြစ်လာသည်။

ထို ရှေ့ပိုင်းလူအုပ်ထဲ၌ ကုန်သည်သဏ္ဌာန် ဝတ်စားထား လူတစ်ယောက်သည် ဘေးမှလူများကိုတွန်းဖယ်ပြီး ရှေ့သို့ ဖြည်းဖြည်း ထိုးထွက်လာနေ၏။ ထိုလူ၏မျက်လုံးများတ ဂဏှာမငြိမ်ပေ။

သို့သော် သူ အထူးဂရုစိုက်သည့်အရာတစ်ခုကား အခြားနေရာများကို တစ်ခဏသာကြည့်သော်လည်း ထိုကုန် သည် အဝါရောင်အထုပ်ကိုမူ သူ့မြင်ကွင်းမှအပျောက်မခံပေ။

ကျိုးကန်းတောင်းမှောက် ကြည့်ရှုနေသော ထိုကုန်သ ပိန်ညှက်ညှက်လူတစ်ယောက်က အထူးဂရုစိုက်နေလေ၏။

ထို တခဏ်အတွင်းမှာပင် ထိုကုန်သည်ကဲ့သို့ အမူအရာမျ



သော အခြားလူတစ်ယောက်ကိုပါ ပိန်ညှက်ညှက်လူ သတိပြုမိ လာလေ၏။

ထိုလူကား ဦးခေါင်းကို ပဝါဖြင့်ပတ်ထား၏။ လက်ထဲတွင် လည်း အထုပ်တစ်ထုပ်ပိုက်ထားသည်။

စာပေသမား၊ လက်သမားဟန် ပေါက်နေသော ထိုလူသည် သာမန်လူများအမြင်တွင် မထူးခြားလှသော်လည်း ပိန်ညှက်ညှက် လူ၏အမြင်တွင်မူ အလွန်ထူးခြားနေ၏။

အဘယ့်ကြောင့်ဆိုသော် သူသည် လုစုယာကိုလည်းကောင်း၊ ကြူဝမ်ကြောင်ကို လည်းကောင်း ထိုနှစ်ယောက်ကိုသာ ဂရုစိုက်နေ သောကြောင့် ဖြစ်ပေသည်။

လူတကာက ဂရုစိုက်နေသော ကျောက်စိမ်းကေရာဇ်တံဆိပ် တော်ကို ထိုလူက အဘယ့်ကြောင့်ဂရုမစိုက်လေသနည်း။

ကုန်သည်နှင့်စာပေသမားကို သတိပြုမိသူ ပိန်ညှက်ညှက် လူက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

'ဩော်. . . သင်းတို့ လာဖြစ်အောင် လာကြသေးသကိုး၊ အင်း . . . ရောက်ဖြစ်အောင်လဲ ရောက်လာနိုင်ကြပါပေရဲ့'

ပိန်ညှက်ညှက်လူကား ဟွမ်ရှီစုံပေတည်း။

သူသည် လုစုယာတို့နှင့်အတူ စင်မြင့်ဘေးသို့ရောက်ပြီး မကြာမီ လူစုခွဲပြီး လူအုပ်ထဲ၌ ကိုယ်ရောင်ဖျောက်လိုက်လေသည်။

အမူအရာ ပျက်ယွင်းနေသည့် ကုန်သည်ကို မည်သူမည်ဝါမှန်း ကွဲပြားစွာ မသိရသေးသော်လည်း ခေါင်း၌ ပဝါပတ်ထားသော စာပေ သမားကိုမူ သူ ကောင်းစွာသိနိုင်ခဲ့ပေသည်။

စာပေသမားပမာ ဟန်ဆောင်လာသူကား ကျွန်းကျွံုးရှ ပေတည်း။

ဟွမ်ရီစုံသည် လူဟုပ်ထဲ၌ပင် တတ်နိုင်သမျှရှပ်ဖျက်ပြီး ခါးကို အနည်းငယ် ကုန်းထားလိုက်၏။

အလိုလိုမှ ပိန်လှီသော သူ့ခန္ဓာကိုယ်သည် လူမလေးစားဖွယ်ရာ ခါးကုန်းကလေးဘဝသို့ ရောက်ရှိသွားလေတော့သည်။

လုစုယာသည် ထိုသို့ဖြစ်ပေါ်လာလိမ့်မည်ကို ကြိုတင် ရိပ်မိသဖြင့် ဟွမ်ရီစုံအား သတိဝီရိယဖြင့်စောင့်ကြည့်ရန် မှာထားခဲ့ခြင်း ဖြစ်သည်။

ကြူဝမ်ကြောင်သည် ကေရာဇ် မဖြစ်သေးသဖြင့် သူ့ လုံခြုံရေးကို သိပ်အလေးအနက်ထားမည်မဟုတ်ကြောင်း လုစုယာ ရိပ်မိသည်။

ထို့ကြောင့် ကျောက်စိမ်းတံဆိပ်တော်ကို လုယက်ရန် လာသူများသည် ကြူဝမ်ကြောင်၏အသက်ကိုပါ လုပ်ကြံနိုင်ကြောင်း ကြိုတင် တွက်ဆမိသဖြင့် လုစုယာတို့အုပ်စုမှာ တံဆိပ်တော်၏ လုံခြုံရေးကိစ္စအပြင် ကြူဝမ်ကြောင်၏လုံခြုံရေးကိစ္စကိုပါ တာဝန်ယူရတော့မလို ဖြစ်လာသည်။

ဟွမ်ရီစုံက ကျွန်းကျွံုးရှနောက်သို့ လိုက်နေစဉ် တစ်စုံတစ်ယောက်က သူ့ပခုံးကို လှမ်းကိုင်လာသဖြင့် ဟွမ်ရီစုံမှာ နောက်လှည့်ကြည့်လိုက်ရတော့သည်။

❖ ❖ ❖

အခန်း (၂၀၆)

ဗဟိုချက်

ဟွမ်ရီစုံ အကြီးအကျယ်ထိတ်လန့်သွား၏။

သူက အခြားသူများကို စောင့်ကြည့်နေသကဲ့သို့ အခြားသူတစ်ဦးဦးကလည်း သူ့ကို စောင့်ကြည့်နေလေပြီဟု အတွေးပေါက်သွားသောကြောင့် ဖြစ်သည်။

'ဘေးကိုဖယ်. . . မိတ်ဆွေ၊ ဘေးကိုဖယ်'

ထိုလူက သူ့ပခုံးကို ခပ်ကြမ်းကြမ်းဆွဲဖယ်ပြီး ရှေ့သို့ တိုးသွားသည်။

ဟွမ်ရီစုံသည် ကပျာကယာ လှမ်းကြည့်လိုက်သည်။ ထွားကျိုင်းလှသော ထိုလူကြီးသည် မျက်နှာတစ်ပြင်လုံး အနက်ရောင်ဆေးများ ခြယ်သထား၏။

ဟွမ်ရီစုံမှာ ထိုမျက်နှာကြီးကိုမြင်သည်နှင့် အကြီးအကျယ် ထိတ်လန့်သွားတော့သည်။

ထိုလူသည် လယ်သမားတစ်ယောက်ပမာ ဝတ်ဆင်ထားပြီး မျက်နှာကို ရှုပ်ဖျက်ထားသော်လည်း ဟွမ်ရီစုံ၏မျက်စိထဲတွင်မူ သူသည် လုံးဝ ရုပ်မပြောင်းချေ။

သူကား မွန်ဂိုဘုရင်၏ နန်းတွင်းကိုယ်ရံတော်အကြီးအမှူး ကိတ်အာကျက်ပင် မဟုတ်ပါသလော။

ဟွမ်ရီစုံသည် အရေးကြီးသည့်အချက်များကို အလျင်အမြန် မှတ်သားလိုက်ရ၏။

ကိတ်အာကျက်၏ အကျီရင်ဘတ်တွင် အဖြူရောင် ပိုးကြိုး တစ်စ ရှိနေပေရာ ထိုပိုးကြိုးမျိုးကို ဟန်တရုတ်လယ်သမားတို့ ဆင်ယင်လေ့မရှိသဖြင့် ဟွမ်ရီစုံ၏မှတ်ဉာဏ်တွင် ထင်းခနဲဖြစ်သွား၏။

ဟွမ်ရီစုံက ပတ်ဝန်းကျင်ကို မျက်စိ ကစားလိုက်၏။

'ဟိုက်. . .'

လုစုယာ အသံထွက်မသွားစေရန် ပါးစပ်ကို လက်ဖြင့်အုပ် လိုက်ရ၏။

အဘယ့်ကြောင့်ဆိုသော် လူအများကြား၌ ပိုးကြိုးအဖြူကလေး များဆင်ယင်ထားသူ လူအတော်များများကို ဟွမ်ရီစုံ တွေ့လိုက်ရ သောကြောင့်ပေတည်း။

ကိတ်အာကျက်ဟာ ဒီပွဲကို လူအင်အားအပြည့်အစုံနဲ့ တက် လာတာပါလား၊ ဒီလူအုပ်နဲ့ဆိုရင် သူတို့ဟာ ကောင်းကောင်းကြီး



ဒုက္ခပေးနိုင်လိမ့်မယ်၊ လုစုယာကို ကြိုတင်အကြောင်းကြားမှ ဖြစ်တော့ မယ်'

ဟွမ်ရီစုံသည် စိတ်ထဲမှ ကျိတ်၍ပြောလိုက်မိလေ၏။

သူသည် ကိတ်အာကျက်ကို ပြန်ရှာသည်။ ကိတ်အာကျက်ကို မတွေ့ရတော့ပေ။

လူကြားထဲ၌ ပျောက်သွားသည်။

'ဘုရားရေ. . . သူ့ကိုမျက်ခြည်ပြတ်သွားတာ အတော့်ကို ဆိုးတဲ့အလုပ်ပဲ၊ သူ. . . ဘယ်ချောင်ကနေ ဒုက္ခပေးမလဲ မသိနိုင် တော့ဘူး'

ဟွမ်ရီစုံသည် လူအုပ်ကြားထဲမှ ထိုးထွက်လာသည်။ ခြေလှမ်း ငါးလှမ်းလောက်သာ လှမ်းရသေးသည်။ ရှေ့မှ လူတစ်ဦးနှင့် ဝင်တိုက် မိပြန်၏။

'ဘယ်လိုလဲဗျ၊ မမြင်ဘူးလား'

အတိုက်ခံရသူက လှည့်၍မာန်မဲ၏။

'မတော်တဆပါခင်ဗျာ၊ လူတွေကလဲ များလွန်းတော့ ခုလို မမျှော်လင့်ဘဲ တိုက်မိသွားတာပါ၊ ခွင့်လွှတ်ပါ'

ဟွမ်ရီစုံက ပြေပြေလည်လည် တောင်းပန်၏။

ဟွမ်ရီစုံ၏မျက်လုံးများသည် ထိုလူ၏ရင်ဘတ်ဆီသို့ ရောက် သွားပြန်၏။

ထိုလူ၏ရင်ဘတ်၌လည်း ပိုးကြိုးအဖြူကလေး ရှိနေပြန်သည်။

ဟွမ်ရီစုံသည် ခပ်သွက်သွက်ထွက်ပြီး စင်မြင့်အနီးသို့ ရောက် နိုင်သမျှ ရောက်အောင် တိုးလာ၏။

စင်မြင့်အနီးရောက်မှ ပိုးကြိုးအဖြူ ရှိသူအားလုံးကို ခပ်သွက်သွက် ရေတွက်ကြည့်သည်။ စုစုပေါင်း တစ်ရာခန့် ရှိနေလေ၏။

ဟွမ်ရီစုံသည် လုစုယာအား သွားရောက် သတင်းမပေးမီ ထိုပိုးကြိုးအဖြူရှိသူများအကြားသို့ မသိမသာတိုးဝင်ပြီး ထပ်မံ အကဲခတ်ပြန်သည်။

ထိုအခါကျမှ ရှပ်ဖျက်ထားသော ရှောင်ကျဲ၊ ဟူးလူယူ၊ ထိုဝါလာနှင့် ဝမ်ကန့်ကြည်တို့ကို လေးနေရာခွဲ၍ တွေ့လိုက်ရတော့သည်။

'ကိတ်အာကျက်ကတော့ ထိုးစစ်ကြီးတစ်ခုပြင်ဆင်လာပြီ၊ သူဟာ ထူလူဖန်ဒေသမှာ အထိနာသွားခဲ့တော့ ဒီနေရာမှာ မရအောပွဲလွှားတွေချည်း ခေါ်လာမှာ မဟုတ်ဘူး။ ဒို့ပြင် စစ်တူတွေကိုပါ ခေါ်လာမှာသေချာတယ်၊ ငါ ဘယ်သူ ဘယ်ဝါမှန်းသိမထားတဲ့ လူတွေထဲမှာလဲ ကိတ်အာကျက်ရဲ့ ထိပ်တန်းသိုင်းသမားတွေ ပါလာမှာသေချာတယ်'

ဟွမ်ရီစုံသည် ထိုသတင်းအား လုစုယာထံပေးပို့ရန် လူအုပ်ကြားထဲမှ ထိုးထွက်လာပြန်သည်။

'ဟော့. . . မင်းမှာ မျက်စိမပါဘူးလား။ ငါ့ကို ဘာဖြစ်လို့ဝင်တိုက်ရပြန်တာလဲ'

လူတစ်ယောက်က ဟွမ်ရီစုံ၏လက်တောက်ဝတ်ကို ဖမ်းဆွဲလိုက်၏။

ထိုလူ၏ဖမ်းကိုင်ပုံမှာ တင်းကျပ်အားပါလှ၏။ သို့သော် အတွင်းအားတော့ မပါပေ။

ထို့ကြောင့် ဟွမ်ရီစုံက သူ့အား သိုင်းသမားမှန်း မသိစေလိုသဖြင့် အတွင်းအား ထုတ်သုံးပြီး မရုန်းဘဲ လူပြိန်းတစ်ယောက်ကဲ့သို့



သာ ရုန်းသည်။ ရုန်း၍ မရပေ။

ဟွမ်ရီစုံက ထိုလူကို မော့ကြည့်လိုက်၏။

အသားက နီစပ်စပ်၊ မျက်နှာပေါ်၌ ကန့်လန့်ဖြတ် ဓားဒဏ်ရာကြီးကလည်း ရှိသည်။ ကြောက်မက်ဖွယ်ရာ ရုပ်ရည်ပင်။

သူ့ရင်ဘတ်တွင် အဖြူရောင်ပိုးကြိုး မရှိသဖြင့် ကိတ်အာကျက်တို့နှင့် မပတ်သက်သူ ဖြစ်ကြောင်း သိလိုက်ရ၏။

'ဝင်တိုက်မိတာ အပြစ်လားဗျ။ လူတွေ ဒီလောက်များနေတာ နည်းနည်းပါးပါးတော့ ထိမိခိုက်မိ ရှိမှာပေါ့၊ လွှတ်ပါဗျ'

ဟွမ်ရီစုံက ရုန်းကန်ရင်း ပြော၏။

'မလွှတ်ဘူးကွ။ ဟိုင်နန်သွေးသောက်သုံးယောက်ဟာ မြွေပွေးလိုပဲ၊ သူတို့ကို လွှာထိရင် ယင်ကောင်ကိုလဲ ခွင့်မလွှတ်ဘူး'

'ကျုပ်က ခင်ဗျားတို့ကို စော်ကားမော်ကား ဝင်တိုက်တာ မဟုတ်ပါဘူးဗျာ၊ မတော်တဆ တိုက်မိတာပါ'

'မလိုချင်ဘူး၊ ဟိုင်နန်သွေးသောက်သုံးဖော်ကို ထိမိတဲ့လူဟာ အပြစ်တော့ ခံရမှာပဲ'

ဟွမ်ရီစုံသည် သိုင်းပညာဖြင့်ခုခံရန် ကြံစည်မိလိုက်သေး၏။

သို့သော် ဟိုင်နန်သွေးသောက်သုံးဖော်ဆိုသူ ဒဏ်ရာနှင့် လူကြီးက သူ့အား အရပ်သားလူပြိန်းတစ်ယောက်ဟု ယူဆနေကြောင်း သတိရမိလိုက်သဖြင့် ငြိမ်ခံလိုက်သည်။

'ဝုန်း. . .'

ဟိုင်နန်သုံးဖော်ဆိုသူက လက်သီးဖြင့်ထိုးလိုက်ရာ ဟွမ်ရီစုံသည် အလိုက်သင့်ပင် ခံပေးလိုက်သည်။ လူလည်း လွင့်စဉ်သွား၏။

လူအုပ်ကြီးလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

'ဘာမှမဖြစ်ဘူး. . . ဘာမှမဖြစ်ဘူး၊ ကျုပ်ကို မသိမဲ့မြင် ဝင်တိုက်လို့ ကျုပ်က ဆုံးမလိုက်တာဗျို့'

လက်သီးရှင်ဟိုင်နန်က ပြောလိုက်သဖြင့် လူများပြန်လည် ငြိမ်သက်သွား၏။

ထိုအချိန်၌ လုစုယာသည် ကြူဝမ်ကြောင်၏ ရှေ့၌ ဒူးထောက် ထိုင်ကာ ကျောက်စိမ်းတံဆိပ်တော်၏ရာဇဝင်နှင့် သူတို့ မည်မျှ ခက်ခက်ခဲခဲယူခဲ့ရပုံတို့ကို ရှင်းလင်းပြောပြလျက်ရှိနေလေ၏။

ကြူဝမ်ကြောင်သည် ကုလားထိုင်စင်မြင့်ပေါ်၌ ထိုင်ကာ ခေါင်း တဆတ်ဆတ်ညိတ်ကာ နားထောင်နေသည်။ စင်မြင့်အောက် လူအုပ် ကြား၌ကား ဟွမ်ရီစုံတစ်ယောက် ဒုက္ခရောက်လျက် ရှိနေပေပြီ။

သို့သော် ဟွမ်ရီစုံ၏တွက်ချက်မှု မှန်သွား၏။

ဟွမ်ရီစုံတစ်ချက် အထိုးခံလိုက်ရသဖြင့် ဟိုင်နန်သုံးဖော် ကျေနပ်သွားသည်။ ထပ်မံ ရန်မလုပ်တော့ပေ။

ဟွမ်ရီစုံက. . .

'ကျုပ် သွားပါရစေတော့'

'သွား. . . မင်း နောက်တစ်ခါဝင်တိုက်ရင် အသက်ကိုဖက်နဲ့ ထုပ်ထား ကြားလား'

ဟိုင်နန်သုံးဖော်က ဟွမ်ရီစုံကို ကြိမ်းမောင်းလိုက်သည်။

'ဘယ်လိုဖြစ်တာလဲ၊ ဒီလောက် လူအုပ်ကြီးထဲမှာတောင် နိုက်လား၊ ပုတ်လား၊ ထိုးလား၊ ကြိတ်လားနဲ့ မင်းတို့ တော်တော် သောင်းကျန်းနေပါလား'



အသံက အေးစက်လှ၏။

ဟိုင်နန်သုံးဖော်နှင့်တကွ ဟွမ်ရီစုံပါ လှမ်းကြည့်မိကြလေ၏။ ထိုလူကား ကြောင်ကြောင်ကျားကျားဝတ်စုံနှင့် မျက်နှာကို ဆေးရောင်ခြယ်ထားသော လူတစ်ယောက် ဖြစ်နေ၏။

ထိုသူ၏ရုပ်ဖျက်ထားမှုကား အလွန်ပင်ညံ့ဖျင်းလှသည်။ တစ်ချက်ကြည့်ရုံဖြင့် သွေးနီဂိုဏ်းချုပ်ကြီးမှန်း သိသာလှပေသည်။

'ဘုရားရေ. . . တကယ့်လူတွေ ရောက်နေကြတာပါလား၊ သူတို့ တတွေဟာ ကျောက်စိမ်းတံဆိပ်တော်ကို အလွမ်းပြေလာကြည့် တာတော့ ဟုတ်မယ် မထင်ဘူး၊ ဘာတွေဖြစ်လာဦးမယ် မသိနိုင်တော့ ဘူးလေ'

ဟွမ်ရီစုံမှာ ဘုရားတရင်း တီးတိုးရေရွတ်မိလိုက်သည်။

ဟိုင်နန်သုံးဖော်သည် သွေးနီဂိုဏ်းချုပ်ကြီးမှန်း သိဟန်မတူပေ။ ပေစောင်းစောင်းဖြင့် စွေကြည့်နေကြ၏။

'ကိုယ့်လူတို့က မကျေနပ်ကြဘူး ထင်တယ်၊ ရပါတယ်၊ လူအုပ် ကြားထဲ ရုတ်ရုတ်သဲသဲလုပ်ချင်လဲ လုပ်လို့ရပါတယ်၊ ကျုပ်ကတော့ ရှောင်နေမှာ မဟုတ်ဘူး'

သွေးနီဂိုဏ်းချုပ်ကြီးက အေးစက်စက်စိန်ခေါ်လိုက်သည်။

ဟိုင်နန်သုံးဖော်သည် သွေးနီဂိုဏ်းချုပ်ကြီး၏ အတွင်းအားကို ခန့်မှန်းမိ၍လား၊ သို့မဟုတ် သူတို့၏ အဓိကအကြံအစည် မအောင် မြင်မီ ရန်မဖြစ်ချင်၍လားမသိ၊ သွေးနီဂိုဏ်းချုပ်ကြီးကို ပြန်မကြည့် တော့ဘဲ ရှောင်ထွက်သွားကြလေ၏။

ဟွမ်ရီစုံမှာမူ စိတ်လက် သိပ်မကောင်းလှတော့ပေ။

ဤနေရာ၌ သွေးနီဂိုဏ်းချုပ်ကြီးရှိနေလျှင် သူ့တပည့် သုံးယောက်ဖြစ်သော လင်းနို့နက်၊ ဝါးစိမ်းမြွေနှင့် မျောက်မွေးဖြူတို့လည်း ဤအနီးအနား၌ရှိနေမည်မှာ သေချာလှသည်။

ထို့ကြောင့် ဟွမ်ရီစုံသည် ထိုနေရာမှ ချက်ချင်းမထွက်ခွာသေးဘဲ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

သေချာလှပါသည်။ ရုပ်ဖျက်ထားသော ရန်သူသုံးယောက်ကို ဟွမ်ရီစုံ ဗက်ခနဲသိလိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုသည့်စကားအတိုင်း ရုပ်ဖျက်ရာ၌ အလွန်တရာညံ့ဖျင်းလှသော သွေးနီဂိုဏ်းချုပ်ကြီး၏ တပည့်သုံးယောက်တို့သည် သူ့ဆရာပုံစံအတိုင်း မသေမသပ် ရုပ်ဖျက်ထားသောကြောင့်ပေတည်း။

ဟွမ်ရီစုံသည် သွေးနီဂိုဏ်းချုပ်ကြီးအား ကျေးဇူးတင်စကား ပြောလိုက်လေ၏။

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ နောင်ကြီးသာ မကယ်ရင် ကျုပ်အတော် နှိပ်စက်ခံရဦးမှာပါ'

ဟွမ်ရီစုံက စကားပြောပြီးသည်နှင့် လှည့်ထွက်လိုက်သည်။

သွေးနီဂိုဏ်းချုပ်ကြီးက တဟဲဟဲရယ်ရင်း ဟွမ်ရီစုံ၏လက်တစ်ဘက်ကို လျှပ်တစ်ပြက်ဖမ်းဆွဲလိုက်သည်။

ဟွမ်ရီစုံ ထိတ်ခနဲဖြစ်သွား၏။

'ဘာလဲ. . . ခင်ဗျား ဘာလုပ်တာလဲ'

'ဟဲ. . . ဟဲ. . . ဟဲ. . . မကြောက်ပါနဲ့ကွ'

'ခင်ဗျား ဘာလိုချင်လို့လဲ၊ ကျုပ်က ဘာကိုကြောက်ရမှာလဲ'



'ငါ့ ကြောက်ရမှာပေါ့၊ ဒါပေမယ့် ငါက မကြောက်နဲ့လို့ ပြောထားမှတော့ မင်း ပူစရာမလိုတော့ပါဘူး'

'ကျုပ်. . . ကျုပ်. . . သွားပါရစေ'

ဟွမ်ရီစုံ ရုန်း၏။

မရပေ။

သွေးနီဂိုဏ်းချုပ်ကြီးသည် ဟွမ်ရီစုံ၏နားနားသို့ ကပ်ကာ တိုးတိုးပြောလိုက်၏။

'စောရဒေဝ. . . မင်း ရုန်းမနေနဲ့၊ ငြိမ်ငြိမ်နေစမ်း'

ဟွမ်ရီစုံမှာ ယခုမှ တကယ်ပင်လန့်သွားသည်။

'ကျုပ်. . . ကျုပ်'

'ကျုပ်တွေ ဘာတွေ လုပ်မနေနဲ့၊ မင်း ဘယ်လောက် ရုပ်ဖျက်ထား၊ ရုပ်ဖျက်ထား၊ မင်းကို ငါ ကောင်းကောင်းသိတယ်၊ မင်း. . . ငါမေးတာကို ကောင်းကောင်းဖြေစမ်း၊ ကောင်းကောင်းမဖြေရင် နာမယ်'

'ဘာလဲ. . . ဘာသိချင်လို့လဲ'

ဟွမ်ရီစုံကလည်း တိုးတိုးပင် ပြန်ပြောရသည်။

'လုံ့ဟူစန်းတောင်က ရသေ့ကိုးပါးကို ဘယ်နားမှာ တွေ့မိသလဲ၊ မှန်မှန်ပြောစမ်း'

ဟွမ်ရီစုံ သက်ပြင်းချလိုက်မိသည်။

'ဆရာကြီး. . . ရသေ့ကိုးပါးကို ကျုပ် လုံးဝ မတွေ့မိသေးပါဘူး၊ ဒီအနီးအနားမှာ ဘယ်သူတွေရောက်နေသလဲဆိုတာ ကျုပ်လိုက်ပြီး ထောက်လှမ်းနေတာပါ၊ ရသေ့ကိုးပါးကို မတွေ့ရသေးတာလဲ

အမှန်ပါ၊ ဆရာကြီးကို ကျွန်ုပ် မညာရဲပါဘူးဗျာ'

သွေးနီဂိုဏ်းချုပ်ကြီးသည် ဟွမ်ရီစုံ၏ မျက်လုံးများကို အသေအချာ ကြည့်၏။

ဟွမ်ရီစုံကလည်း ရဲရဲဝံ့ဝံ့ပင် ပြန်ကြည့်သည်။ သူလိမ်ညာပြောခြင်းမဟုတ်သဖြင့် ရဲရဲဝံ့ဝံ့ ပြန်ကြည့်ရဲခြင်း ဖြစ်လေသည်။

သွေးနီဂိုဏ်းချုပ်ကြီးက ဟွမ်ရီစုံ၏လက်ကို လွှတ်ပေးလိုက်၏။

'သွားစမ်း. . . ခါးပိုက်နှိုက်၊ ရသေ့ကိုးပါးကိုတွေ့ရင် ငါ့ဆီကို သတင်းပို့ကြားရဲ့လား'

'ဟုတ်. . . ဟုတ်ကဲ့ခင်ဗျာ'

ဟွမ်ရီစုံလှည့်မထွက်မီပင် သွေးနီဂိုဏ်းချုပ်ကြီးသည် လူအုပ်အကြား တိုးဝင်ပျောက်ကွယ်သွား၏။

ဟွမ်ရီစုံသည် လင်းနို့နက်တို့ရှိသည့် နေရာသို့ လှမ်းကြည့်လိုက်၏။

သုံးဦးစလုံး မရှိကြတော့ပေ။ လူအုပ်အကြား၌ ကိုယ်ရောင်ဖျောက်သွားခဲ့လေပြီ။

'အင်း. . . တော်တော်တော့ စဉ်းစားရခက်တယ်၊ သွေးနီဂိုဏ်းချုပ်ကြီးအနေနဲ့ ဒီကျောက်စိမ်း ကေရာဇ် တံဆိပ်တော်ကို စိတ်ဝင်စားရမယ့် ဥစ္စာ၊ တံဆိပ်တော်ကို စိတ်မဝင်စားဘဲ ရသေ့ကိုးပါးကို စိတ်ဝင်စားနေတယ်၊ ဒါဟာ ဘာသဘောလဲ၊ ငါတို့မသိတဲ့ မြှုပ်ကွက်တွေ ရှိနေပြီလား၊ အင်း. . . ဘာပဲဖြစ်ဖြစ် သွေးနီဂိုဏ်းချုပ်ကြီးရဲ့ စကားအသွားအလာကိုထောက်ရင် ဒီအနီးအနား ပတ်ဝန်းကျင်မှာ လုံပတ္တစန်းတောင်ရသေ့ကိုးပါးရှိနေတာတော့ သေချာသလောက် ဖြစ်နေပါပြီ'



ဟွမ်ရီစုံ တွေးနေသည်။

ယခုဖန်ချိန်၌ ရှိရှိသမျှသော ရန်သူအပေါင်းသည် ဖုန်ရှန်မြို့ကို ဝေဟိုချက်ပြုလျက် အားလုံး ရောက်ရှိနေကြပြီမှာ ပို၍ ပို၍ သေချာသွားပေပြီ။

သူသည် ရန်သူများကို လက်ချိုးရေတွက်ကြည့်မိလေ၏။ ကျွန်းကျုံး၌ တစ်ဖွဲ့၊ ကီတ်အာကျက် တစ်ဖွဲ့၊ လုံပတ္တစန်းတောင် ရသေ့ကိုးပါးက တစ်ဖွဲ့၊ သွေးနီဂိုဏ်းချုပ်ကြီးနှင့် တပည့်များက တစ်ဖွဲ့၊ သူတို့ ရင်မဆိုင်ဖူးသေးသည့် ဟိုင်နန်သုံးဖော်ဆိုသည်က တစ်ဖွဲ့၊ စုစုပေါင်း ခြောက်ဖွဲ့ပင် ရှိနေခဲ့လေပြီ။

'ဒီအဖွဲ့တွေ တစ်ဖွဲ့ချင်းတော့ ကြောက်စရာ မရှိပါဘူး၊ အားလုံး တညီတညွတ်တည်း စုပေါင်းတိုက်မယ်ဆိုရင်တော့ ပြဿနာ မသေးဘူး၊ လုစုယာလဲ ဘာမှ တတ်နိုင်မှာမဟုတ်ဘူး. . .'

သူသည် ရှုပ်ဖျက်ထားခြင်းများကို ပယ်ဖျောက်တာ စင်မြင့်ရှေ့သို့ တိုးဝင်သွားလေ၏။

သူသည် တစ်မှုန်းကြီးချီတာအား လက်ဟန်ခြေဟန်ဖြင့် လုစုယာနှင့် စကားပြောလိုကြောင်း အချက်ပြသည်။

ချီတာသည် လုစုယာတို့အုပ်စု သူရဲကောင်းများကို သိပြီးဖြစ်ရာ ကြူဝမ်ကြောင်အား အနီးကပ်တီးတိုးပြောလိုက်လေ၏။

ကြူဝမ်ကြောင်က. . .

'သူရဲကောင်း လုစုယာ၊ မင်းမိတ်ဆွေက မင်းကို စကားပြောချင်လို့တဲ့၊ ကျုပ်ကို ပြောတဲ့စကားတွေ ခဏရပ်ပြီး သူနဲ့ပြောလိုက်ပါဦး၊ သူ့မှာ အရေးတကြီးပြောစရာစကားတွေ ရှိနေပုံရတယ်'

ဟွမ်ရီစုံသည် စင်မြင့်ပေါ်သို့ခုန်တက်လာ၏။ ထို့နောက် လုစုယာအနီးသို့ တိုးကပ်သွားကာ သူ ကြုံတွေ့ခဲ့ရသည်များကို အတိုချုံး၍ ရှင်းလင်းပြောပြလိုက်လေ၏။

လုစုယာသည် ဟွမ်ရီစုံပြောသမျှကို ခေါင်းတညိတ်ညိတ် နား ထောင်နေသော်လည်း အံ့ဩဟန် မပြပေ။

ထိုရန်သူအားလုံး ဤနေ့ ဤရက် ဤနေရာသို့ ရောက်ရှိလာ လိမ့်မည်ဟု မျှော်လင့်ထားပြီးပုံ ရသည်။

သူ အံ့ဩသည့်အချက်မှာ ဟိုင်နန်သုံးဖော်ဆိုသည့် လူသစ်များ ကိုသာတည်း။

ဟိုင်နန်သုံးဖော်သည် အလွန်တရာဝေးကွာသောအရပ်မှ ရောက်လာသူများ ဖြစ်ကြသည်။ လုစုယာ တွေ့ဖူး၍ သိနေခြင်း မဟုတ်ပေ။ ထန်တိုဆရာတော် ပြောဖူးသဖြင့် သိနေခြင်း ဖြစ်ပေသည်။

ထိုဟိုင်နန်သုံးဖော်သည် အဆင့်မြင့်သိုင်းပညာများကို တတ် မြောက်ထားကြပြီး တိုက်ခိုက်ရာ၌လည်း အလွန်တရာ ကြမ်းတမ်း ရက်စက်စွာ တိုက်ခိုက်တတ်ကြသည် ဟူ၏။

လုစုယာသည် အခြေအနေကို ချိန်ထိုးတွက်ဆကြည့်၏။ သူ သည် စောစောက ပါချီမန်းကို တွေ့လိုက်ရသည်။ တကယ်တမ်း တိုက်ပွဲဖြစ်လျှင် ပါချီမန်းကို အားကိုး၍ရနိုင်သည်။

ယခု မိမိတို့ငါးယောက်အပြင် နန်ရွဲတောင်မှ ရောက်ရှိလာသော နောင်တော် ချင်ကျင်ဖုန်လည်း ရှိနေပေသေးသည်။ နောင်တော် ချင်ကျင်ဖုန်လည်း ယခင်ကပင် စန်းအော်ထက် ပညာသာသူဖြစ်၍ ယခု ထန်တိုဆရာတော်ထံမှ ပညာအချို့ကို ရထားပြီဆိုလျှင် စန်း



အော်ထက် မသာတောင် စန်းအော်နှင့် တန်းတူအဆင့်မျိုး ရှိနေနိုင် သည်။

အရည်အချင်းအရဆိုလျှင် သူမသာ ကိုယ်မသာ ရှိနေသဖြင့် သိပ်ကြောက်ရန်တော့ မရှိဟု လုစုယာတွက်သည်။ အုပ်စုလိုက်တိုက်ပွဲ မဖြစ်သမျှ ကြောက်ရန်မလိုဟု လုစုယာ ယူဆ၏။

ထို့ပြင် သိုင်းလောကမှ တက်ရောက်လာသည့် ထိပ်သီးသိုင်း သမားကြီးများအား အရေးကြုံ၍ တိုက်ပွဲဖြစ်လာလျှင် မိမိတို့ဘက်မှ ဝင်ကူနိုင်မနိုင် မေးမြန်းပြီး ကူညီနိုင်မည်ဆိုပါက ပိတ်စအနီ တစ်စစီ ဦးခေါင်း၌ပတ်၍ ကူညီတိုက်ခိုက်ပေးရေးအတွက် တောင်းပန်ရန် ဟွမ်ရီစုံအား စေလွှတ်လိုက်၏။ ဟွမ်ရီစုံလည်း ချက်ချင်းပင် စင်မြင့် ပေါ်မှ ခုန်ချသွားလေတော့သတည်း။

❖ ❖ ❖

## အခန်း (၂၈၃)
## ညံ့ဖျင်းသော ဟိုင်နန်သုံးဖော်

လုစုယာသည် ယခုအခြေရောက်မှတော့ ကျောက်စိမ်း တံဆိပ်တော်ကို မည်သူ၏လက်မျှ အရောက်မခံနိုင်တော့ပေ။ လုယူမည့်သူများကို အသက်နှင့်လဲ၍ ခုခံကာကွယ်သွားရန် ဆုံးဖြတ်ထား၏၊

ယခု သူတတ်နိုင်သည့်အစီအစဉ်ကို ဟွမ်ရီစုံနှင့် စီစဉ်ပြီးဖြစ်သဖြင့် ကြူဝမ်ကြောင်ဘက်သို့ ပြန်လှည့်လိုက်သည်။

သူသည် စကားကို ရှည်ရှည်ဝေးဝေး မပြောတော့ပေ။ ခုံတစ်ခုပေါ်၌ တင်ထားသည့် အဝါရောင်အထုပ်ကို လက်ဝါးပေါ်တင်ပြီး ကြူဝမ်ကြောင်အား ဒူးထောက် ပေးအပ်လိုက်သည်။

ကြူဝမ်ကြောင်မှာ တရုတ်ပြည်၏ အနာဂတ် ဧကရာဇ် လောင်းလျာ ဖြစ်သဖြင့် လုစုယာအနေဖြင့် အထူးအရိုအသေ ပေးရပေမည်၊



'မျိုးချစ်သူရဲကောင်းကြီး ခင်ဗျား၊ မွန်ဂိုတွေကို တော်လှန်ရာမှာ တရုတ်ပြည်သူပြည်သားတွေ အားလုံး သူရဲကောင်းကြီးနောက်ကို တခဲနက် လိုက်ပါစေနိုင်မယ့် ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်ကို ကျွန်တော်ရဲ့ဘကြီး အမတ်ချုပ်ကြီးလုရှုဟူးရဲ့ မှာကြားချက်အရ ပေးအပ်ပါတယ်၊ လက်ခံပါ'

ကြူဝမ်ကြောင်က ပြုံး၍ခေါင်းညိတ်လိုက်၏။ သူ လက်လှမ်းနေစဉ်မှာပင် လူရိပ်တစ်ရိပ်သည် သိမ်းစွန်ငှက်ကြီးအလား ဝဲခနဲ ခုန်တက်လာပြီး ကြူဝမ်ကြောင်ယူမည့် တံဆိပ်တော်ကို သုတ်ခနဲ ဆွဲယူကာ လူကြားထဲသို့ ခုန်ချသွားလေတော့၏။

ဧကရာဇ်လောင်းကြူဝမ်ကြောင် မျက်နှာပျက်သွားသည်။ လုစုယာကား တဟားဟား ရယ်လေတော့၏။

လုစုယာသည် စင်မြင့်ပေါ်၌ ခါးထောက်ကာရယ်နေ၏။

ပြီးမှ . . .

'ကိတ်အာကျက်၊ ခင်ဗျားနဲ့ မတွေ့ရတာ အတော့်ကို ကြာသွားပြီနော်၊ ကျုပ်တို့ အပေးအယူလုပ်နေတဲ့ ကျောက်စိမ်းဧကရာဇ် တံဆိပ်တော်ကို လိုချင်တယ်၊ ယူချင်တယ်ဆိုလဲ စောစောက ပြောရောပေါ့ဗျ၊ ခင်ဗျားအနေနဲ့ ဒီလောက် သက်စွန့်ကြိုးပမ်း လုနေစရာမလိုပါဘူး၊ အခုတော့ ကျုပ်အဖို့ ရယ်စရာ ဖြစ်နေတာပေါ့ဗျ၊ ကျုပ်တို့က တံဆိပ်တော်အတုကြီးကို လုပ်ထားတယ်၊ ခင်ဗျားက သက်စွန့်ကြိုးပမ်း လာလုတယ်၊ ရယ်စရာ မကောင်းဘူးလား'

လယ်သမားယောင်ဆောင်ထားပြီး သူ့လူများ၏ အကာအကွယ်ယူလျက် လစ်ပြေးရန် ကြံစည်နေသော ကတ်အာကျက်၏

ခြေလှမ်းများ တန့်သွားတော့သည်။ သူသည် စင်မြင့်ရှေ့သို့ ပြန်လျှောက်လာပြီး လုစုယာ၏မျက်နှာကို စေ့စေ့ကြည့်သည်။

လုစုယာကား အရယ်မပျက်သေးပေ။

'ဟား. . . ဟား. . . ဟား။ ကျုပ် သတိပေးပေလို့ပဲ၊ နို့မို့ရင် မွန်ဂိုနန်းတော်ထဲ ပြန်ရောက်မှ အတုကြီးမှန်းသိရရင် ခင်ဗျား ဘယ်သူ့ကို စိတ်ဆိုးရမှန်းမသိဘဲ ဖြစ်နေဦးမယ်'

ကိတ်အာကျက်သည် အဝါရောင်အဝတ်စကို ဖယ်ရှားပစ်လိုက်သည်။

လက်ထဲ၌ ကျောက်စိမ်းတုံး ပေါ်လာ၏။ ကျောက်စိမ်းတုံးမှာ ရိုးရိုးကျောက်စိမ်းတုံး။

အနားများသတ်ထားသော ထောင့်များထိထားသော ကမ္ဘည်းစာတမ်း ရေးထိုးထားသော ကျောက်စိမ်းတုံး မဟုတ်ပေ။

ကျောက်စိမ်းဧကရာဇ်တံဆိပ်တော်အတု မဟုတ်ပေ။ ကျောက်စိမ်းတုံးသက်သက်သာ ဖြစ်ပါလေ၏။

ကိတ်အာကျက်၏ဒေါသများသည် ဟုန်းခနဲပေါက်ကွဲသွား၏။

'ဟေး. . ဟား. . ဟား၊ အညာခံရပြီဟေ့. . ၊ အညာခံရပြီ'

လူထုပရိသတ်ကြီး၏အော်ဟစ်သံသည် ကောင်းကင်ပြိုကျသလို ထွက်ပေါ်လာသည်။

ကွင်းပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားသည်။ ကိတ်အာကျက်မှာ မျက်နှာကြီးမည်းသွားသည်။

'တိုက်ကြ'

သူက စူးရှကျယ်လောင်စွာ အမိန့်ပေးလိုက်သည်။ ဘယ်ဘက်လက်ကိုမြှောက်၍ အချက်ပေးလိုက်သည်။

တစ်ပြိုင်တည်းလိုလိုပင် ညာဘက်လက်မှ ကျောက်စိမ်းတုံးကြီးဖြင့် ကြူဝမ်ကြောင်၏မျက်နှာသို့ တည့်တည့် ပစ်ပေါက်လိုက်လေတော့သည်။

လုစုယာသည် သတိရှိသူဖြစ်၍ ဝှီးခနဲတက်လာသော ကျောက်စိမ်းတုံးကို လက်ဝါးဖြင့်ရိုက်ချလိုက်ရာ ကျောက်စိမ်းတုံးသည် စင်မြင့်ပေါ်သို့ ပြုတ်ကျသွားလေတော့၏။

စင်မြင့်အောက် ကွင်းပြင်ထဲတွင် ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။

ကိတ်အာကျက်၏ ရုပ်ဖျက်ထားသော မရဏာပုံလွှားများ ထိပ်တန်းသိုင်းသမားများသည် ဓားများကို ရွှမ်းခနဲဆွဲထုတ်လိုက်လေ၏။

သာမန် အရပ်သားများမှာ အလဲလဲအကွဲကွဲ ပြေးထွက်သွားကြသော်လည်း သိုင်းသမားများကား ဓားများကို ဆွဲထုတ်ပြီး မွန်ဂိုများအား ခုခံကာကွယ်ရန် ပြင်ဆင်လိုက်ကြသည်။

လုစုယာ၏အနီးတွင် စောင့်ကြည့်နေသော ဘွန်လူအော၊ ဘွန်ဂိမ်စန်းနှင့် စန်းအော်တို့သည် ကြူဝမ်ကြောင်၏ပတ်လည်တွင် နေရာယူလိုက်ကြ၏။

သူတို့အနေဖြင့် ကြူဝမ်ကြောင်ကို အကာအကွယ်ပေးရန် လိုအပ်ပါသည်။

ကြူဝမ်ကြောင်နှင့်တကွသော တပ်မှူးကြီးများသည် ဓားရေး၊ လှံရေးကို ကျွမ်းကျင်ကြသော်လည်း ထူးခြားဆန်းကြယ်သော သိုင်းပညာများကိုကား မတတ်ကျွမ်းကြပါချေ။

အခြားသိုင်းသမားများသည် ကြူဝမ်ကြောင်ကို ဒုက္ခပေးကြ

မည် မဟုတ်ပေ။

ကိုယ့်ဟန်တရုတ် ဧကရာဇ်လောင်းလျာဖြစ်နေခြင်းကြောင့်ပင်။

ကိတ်အာကျက်နှင့် သူ့တပည့်များကား မွန်ဂိုများဖြစ်၍ ကြူဝမ်ကြောင်ကို ကောင်းကောင်းကြီးဒုက္ခပေးနိုင်လေသည်။

ကြူဝမ်ကြောင် သေဆုံးသွားလျှင် ဟန်တရုတ်များသည် အများစုလက်ခံနိုင်သည့် ခေါင်းဆောင်တစ်ယောက်ကို ပြန်လည်ရွေးချယ်ရပေလိမ့်ဦးမည်။

တပ်မှူးကြီးချိတာသည် ရန်သူများအား တိုက်ခိုက်ရန် သူတို့၏ ခေါင်းဆောင်ကြီးကို ကာကွယ်ရန် ချက်ချင်းအမိန့်ထုတ်လိုက်သည်။

မြိုးချစ်စစ်သားများသည် စင်မြင့်ပတ်လည်၌ နေရာယူလိုက်ကြ၏။

သို့သော်. . . အင်အားက များလှသည်မဟုတ်ပါ။

'ငါ. . . အမိန့်ပေးနေတယ်မဟုတ်လား။ ဘာဖြစ်လို့ ရပ်ကြည့်နေကြတာလဲ၊ အားလုံး တိုက်'

ကိတ်အာကျက်သည် သူ့ အစီအစဉ်များ အမြဲတစေ အလွဲလွဲအချော်ချော် ဖြစ်ရသည်မှာ လုစုယာကြောင့် ဖြစ်သည်ဟု စဉ်းစားပြီး လုစုယာကို အကြီးအကျယ်မုန်းတီးလျက် ရှိနေတော့သည်။

ထို့ကြောင့် သူ့ရှေ့၌ အတားအဆီးပြုနေသည့် အရာမှန်သမျှကို လေမုန်တိုင်းတိုက်သကဲ့သို့ တိုက်ခိုက်လေတော့၏။

ထိုအခါ တိုက်ပွဲထဲသို့ အနီရောင်ပိတ်စများ ခေါင်း၌စည်းနှောင်ထားသည့် သိုင်းသမားများပါ ခုန်ဝင်လာကြသည်။

ဘွန်လူအောသည် စင်ပေါ်မှခုန်ချသွားပြီး ကိတ်အာကျက်နှင့် ရင်ဆိုင်တိုက်ခိုက်သည်။



စန်းအော်က ရှောင်ကျဲထံသို့ခုန်ဝင်သွားပြီး တိုက်ခိုက်လေ၏။

ဘွန်တိမ်စန်းက ဟူးလူယူနှင့် လည်းကောင်း၊ ရှောင်ကြည်ဟိုင်က ထိုဂူလာနှင့် လည်းကောင်း၊ ချိရိထန်က ဝမ်ကန့်ကြည်နှင့် လည်းကောင်း အသီးသီးရင်ဆိုင်၍ ပြိုင်တိုက်ခိုက်ကြသည်။

အခြားဂိုဏ်းအသီးသီးမှ ခေါင်းစည်းအနီစည်းထားသောသိုင်းသမားများသည် ရင်ဘတ်၌ဖဲကြိုးအဖြူပါသောကိတ်အာကျက်၏တပ်ဖွဲ့များကို အပြင်းအထန်တိုက်ခိုက်ကြသည်။

စင်မြင့်ပေါ်တွင် လုစုယာနှင့် ဟွမ်ရီရိုတို့ ရှိနေသည်။

လုစုယာသည် ကျောက်စိမ်းဧကရာဇ်တံဆိပ်တော် အစစ်ကို ထုတ်ယူထားပြီး ရန်သူများကို မျှားခေါ်ထုတ်နေ၏။

တစ်ဦးချင်းတက်လာမည့် ရန်သူများကို သူ့အနေဖြင့် လွယ်လွယ်ကူကူ ရှင်းလင်းသုတ်သင်နိုင်သည် မဟုတ်ပါလော။

ကြူဝမ်ကြောင်ကိုကား သူ၏တပ်မှူးများက အကာအကွယ်ပေးထားကြ၏။

ကြူဝမ်ကြောင်သည် တံဆိပ်တော်၌ မည်မျှကြီးမားသောအန္တရာယ်များရှိသည်ကို ရှေးက ကြားဖူးရုံသာ ကြားခဲ့သည်။ ယခုမှ ကိုယ်တွေ့မျက်မြင် တွေ့ရခြင်း ဖြစ်တော့သည်။

လုစုယာသည် တိုက်ပွဲအခြေအနေကို အကဲခတ်နေ၏။

ဟွမ်ရီရို၏သတင်းပေးချက်ထဲ၌ ကျန်းကျုံးရှူတစ်ယောက် ပါဝင်သော်လည်း ယခု ကျန်းကျုံးရှူကိုမတွေ့ရဘဲ ရှိနေသည်။

ကျန်းကျုံးရှူသည် အလွန်တရာ ကောက်ကျစ်စဉ်းလဲသူ ဖြစ်၍ သူ့ကို လွန်စွာသတိထားနေရသည်။

'ဟား. . . ဟား. . . ဟား'

ထိုစဉ် ကျယ်လောင်သောရယ်မောသံကြီးကို ကြားလိုက်ရတော့သည်။

'ဘယ်သူများပါလိမ့်'

ရယ်သံသာကြားရပြီး လူကိုမမြင်ရသဖြင့် လုစုယာ အံ့ဩခြင်းကြီးစွာဖြင့် စောင့်နေမိသည်။

မကြာမီ လူရိပ်တစ်ရိပ်သည် စင်မြင့်ပေါ်သို့ ခုန်တက်ရောက်ရှိလာလေတော့၏။

'အဆင့်မြင့် မရဏာပျံလွှား နှစ်ဆယ့်တစ်ကောင်ရဲ့နာမည်က အင်မတန်ကြီးမားတာပဲ၊ ဒါပေမယ့် အခုတိုက်နေတာ မြင်ရတော့လဲ ဘာမှ အထင်ကြီးစရာမရှိဘူး၊ ကဲ. . . ထားပါတော့၊ လုစုယာ မင်းလက်ထဲက တံဆိပ်တော်ဟာ အစစ်လား. . . အတုလား. . .'

'အစစ်ပေါ့ဗျာ'

'အဲဒါကို ငါလိုချင်လို့လာခဲ့တာပဲ၊ ကဲ. . . မင်း ခုခံပေတော့'

သူသည် စကားဆုံးသည်နှင့် လုစုယာအား တိုက်ခိုက်တော့၏။ သူ၏လက်ဝါးရိုက်ချက်မှာ ပြင်းထန်သည်။ ထိပ်တန်းသိုင်းသမားပီသသည်။

လုစုယာက ရင်ဆိုင်မခုခံဘဲ နောက်ဆုတ်ရှောင်တိမ်း၏။

'ဘယ်လိုလဲ လုစုယာ၊ တိုက်တောင် မတိုက်ရသေးဘူး မင်းတကြောက်နေပြီလား'

'ကျုပ် မေးစမ်းပါရစေ၊ ခင်ဗျားဟာ ဟိုင်နန်သုံးဖော်ထဲက တစ်ယောက်လား'



'ဟား. . . ဟား. . . ဟား. . . မင်းမဆိုးဘူး၊ တချို့ဆိုရင် ငါတို့နဲ့ တိုက်တာတိုက်ကြတယ်၊ ငါတို့ ဘယ်သူမှန်း မသိကြဘူး၊ လူဆိုတဲ့ သတ္တဝါတွေရဲ့ သဘောလဲ မင်းသိမှာပေါ့ကွာ၊ ကိုယ့်နာမည်တောင် သူက မသိဘူးဆိုတော့ စိတ်ထဲမှာ နည်းနည်းတော့ တသိတအောက်ဖြစ်ရတာပေါ့၊ မင်းကတော့ မဆိုးလှပါဘူး'

'ဟဲ. . . ဟဲ. . . ဟဲ. . . ခင်ဗျားတို့ကို ကျုပ်ကတော့ သိပါတယ်၊ နာမည်ကျော်တွေကို မသိဘူးဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့ဗျာ'

'ဟုတ်သပေါ့၊ သိပ်လဲမြှောက်မနေနဲ့ဦး၊ ငါ့လက်ဝါးကိုလဲ ခုခံဦး'

သူသည် လက်ဝါးရိုက်ချက်ကို တဝုန်းဝုန်းနှင့်ဆက်ထုတ်၏။ ရိုက်အားကြောင့် လေလှိုင်းသည် လုစုယာထံသို့ အဆက်မပြတ် တိုးဝင်သည်။

လုစုယာက ရှောင်လေလေ ဟိုင်နန်အကြီးအကဲက သူ့ကိုယ်သူ ဟုတ်လှလေလေ ထင်မှတ်နေ၏။

'တိုက်ပါကွ. . . ဘာဖြစ်လို့ တဆုတ်ထဲ ဆုတ်နေရတာလဲ၊ ဒီလို ပြိုင်ဘက်မျိုးကိုတော့ ငါ သိပ်သဘောမကျဘူး'

'ခင်ဗျားက ဘယ်လိုပြိုင်ဘက်မျိုးကို သဘောကျမှာလဲ'

'ဟ. . . ငါနဲ့ထိပ်တိုက်ယှဉ်ပြိုင်နိုင်တဲ့ ပြိုင်ဘက်မျိုးမှပေါ့ကွ၊ ဒါမှ ပွဲကအကြိတ်အနယ်ရှိမှာ'

'ကောင်းပြီ၊ ခင်ဗျားက အကြိတ်အနယ်ရှိချင်လဲ ကျုပ်က ထိပ်တိုက်ယှဉ်ပြိုင်ရမှာပေါ့ဗျာ'

လုစုယာသည် ပြောပြောဆိုဆို ဟိုင်နန်အကြီးအကဲ၏ လက်ဝါးကိုရှောင်ကာ သူ၏လက်ဝါးတစ်ချက်ကို ရိုက်ထုတ်လိုက်၏။

'ဝုန်း'

ဟိုင်နန်အကြီးအကဲမှာ လုစုယာထံမှ ဤမျှပြင်းထန်သော၊ ဤမျှလျှင်မြန်သော လက်ဝါးရိုက်ချက်မျိုး တုံ့ပြန်လာလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့ချေ။ ထိုလက်ဝါးရိုက်ချက်က သူ့ပခုံးကို ထိထိမိမိ ကြီး ထိနိုက်သွားသဖြင့် သူသည် စင်ပေါ်မှ အောက်သို့ ဒလိမ့်ခေါက် ကွေး ခွေးကျဝက်ကျ ကျသွားလေတော့၏။

သိုင်းသမားတစ်ယောက်အဖို့ ကြောင်ကျမချော့ ခွေးကျ ကျခြင်းမှာ ရှက်ဖွယ်လိလိပင် ဖြစ်ချေသည်။

သူသည် မြေကြီးပေါ်မှလူးလဲထပြီး စင်ပေါ်မှ လုစုယာကို မုန်းတီးစက်ဆုတ်စွာကြည့်သည်။ သူ့မျက်လုံးထဲ၌ ဒေါသမီးတောက်များ ရဲရဲတောက်လောင်နေ၏။

ထို့နောက် သူသည် ဒေါသတကြီးအော်ဟစ်တော့သည်။

'ဒုတိယညီတော်နဲ့၊ တတိယညီတော် တစ်ပြိုင်နက်တက်၊ အားလုံးတက်၊ ဒီကောင့်ကို ဆုံးမကြစမ်း'

သူသည် စကားဆုံးသည်နှင့် စင်မြင့်ပေါ်ခုန်တက်လိုက်သည်။

သူ၏ညီတော်များပါ သူနှင့် တစ်ပါတည်းခုန်တက်ပြီး ဖိုခနောက်ဆိုင် ဝိုင်းလိုက်ကြသည်။

လုစုယာသည် သူ့လက်ထဲမှ ကျောက်စိမ်း တံဆိပ်တော်ကို ခုံမြင့်တစ်လုံးပေါ်၌ တင်လိုက်ပြီး တမင်ပြသည်။

'တွေ့လား၊ ခင်ဗျားတို့ လိုချင်တဲ့ တံဆိပ်တော်၊ လာလုကြလေ'

ဟိုင်နန်အကြီးအကဲနှင့် သူ့ညီတော်များ၏ဒေါသကို လောဘက ဖုံးလွှမ်းသွား၏။



လုစုယာကို ဆုံးမရန်ထက် တံဆိပ်တော်ကိုရယူရန် လှည့်နေလိုက်သည်။

'ဟဲ. . . ဟဲ. . . ဟဲ. . . လာကြလေ၊ လုကြပါ။ ဒါဟာ တံဆိပ်တော်အစစ်ပါ။ အတုမဟုတ်ပါဘူး'

'ဝုန်း. . .'

ဟိုင်နန်သုံးဖော်သည် လုစုယာအား ဝိုင်းအုပ်လိုက်ကြ၏။ ယုန်သူငယ်ကို ဝံပုလွေအုပ်သကဲ့သို့ ကြွက်သူငယ်ကို ကြောင်အုပ်သကဲ့သို့ တစ်ပြိုင်နက် ဝင်အုပ်ကြခြင်း ဖြစ်သည်။ သူတို့၏အလယ်၌ရှိသော ခုံမြင့်သည် အပိုင်းပိုင်းအစစ ကျိုးပဲ့သွားသည်။

သို့သော်. . . လုစုယာနှင့် ကျောက်စိမ်းတံဆိပ်တော်ကတော့ မရှိတော့ပေ။

ဟိုင်နန်သုံးဖော် ကြောင်စီစီဖြစ်သွား၏။ ဦးခေါင်းချင်း မတိုက်မိသည်ကိုပင် ကံကောင်းသည်ဟုမှတ်ယူရပေမည်။

'ဒီကောင် ဘယ်ရောက်သွားပြီလဲ'

ဟိုင်နန်သုံးဖော်သည် လုစုယာကိုလှည့်ကြည့်၏။

လုစုယာကား စင်မြင့်အလယ်တွင် ကျောက်စိမ်းတံဆိပ်တော်ကိုပိုက်လျက် သူတို့သုံးဦးအား ပြုံးပြုံးကြီးကြည့်နေလေ၏။

'ခင်ဗျားတို့ဟာ ထင်သလောက် သိုင်းပညာမကောင်းပါလား။ ကျော်ကြားသလောက် သိုင်းပညာမထက်မြက်ပါကလား'

လုစုယာက ခပ်ဖြည်းဖြည်းပင်ပြောသည်။

'ညီတော်တို့ တိုက်ကြ'

ဟိုင်နန်သုံးဖော်သည် လုစုယာထံသို့ ဝက်ခေါင်းထိုး ဝင်တိုက်

ကြ၏။ သူတို့၏ ပြေးရှိန်နှုန်းမှာ မသေးပါ။ လျှင်မြန် ပြင်းထန်ပါသည်။

သို့သော်. . . လုစုယာက ပေါ့ပါးစွာခုန်ပြီး သူတို့၏ ဦးခေါင်းပေါ်မှ တစ်ဘက်သို့ခုန်ပျံထွက်သွား၏။ အလွန်တရာ လှပသော မြင်ကွင်းပါပေ။

အသက်လုတိုက်ပွဲနှင့် မတူဘဲ၊ သိုင်းပညာပြကွက်တစ်ခုကို နရီကိုက် စည်းဝါးကိုက် ပြုလုပ်သည်နှင့် တူနေ၏။

'ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

လက်ခုပ်သံပေါ်လာသည်။

ဟွမ်ရီစုံ၏ လက်ခုပ်သံပါတည်း။

'ကျောက်စိမ်းတံဆိပ်တော်ကို လုပါဆိုနေမှ ဘယ်နှယ့်လေကျချည်း လိုက်ဖမ်းနေကြတာလဲ၊ ခင်ဗျားတို့ မျက်စိကောင်းကြရဲ့လား'

ဟိုင်နန်သုံးဖော်မှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သွားသည်။

သူတို့သည် ဟွမ်ရီစုံကိုဒေါသထွက်သော်လည်း လုစုယာကို ပို၍သတ်ချင်စိတ် ပေါ်နေသည်။

သူတို့လှည့်ကြည့်သောအခါ လုစုယာသည် စောစောက ပုံအတိုင်း ကျောက်စိမ်းတံဆိပ်တော်ကိုပိုက်၍ ရပ်နေပေသည်။

ဟွမ်ရီစုံက လုစုယာကိုလှမ်းမေး၏။

'သူရဲကောင်းလေး။ ဒီလူတွေက ဘယ်သူတွေလဲဗျာ'

ဟွမ်ရီစုံသိလျက် တမင်မေးခြင်းဖြစ်သည်။

လုစုယာက. . .

'ဟိုင်နန်သုံးဖော်တဲ့လေ'



'ဟင်. . . သူတို့က ကျော်ကြားသလောက်လဲ ပညာက လုံးဝ မကောင်းပါလား။ ခုထက်ထိ သူရဲကောင်းလေးရဲ့အကျီစကိုတောင် ထိအောင် မတိုက်ခိုက်နိုင်သေးဘူး၊ ဒါတောင် သူတို့က သိုင်းလောကထဲမှာ နာမည်လိုချင်သေးသတဲ့လား'

'ဒါတော့ ဘယ်တတ်နိုင်မလဲဗျာ၊ ဒီလိုလူတွေ သိုင်းလောကထဲမှာ အများကြီးရှိနေတာပဲ၊ ကျုပ်တို့ကလဲ တာဝန်အရတော့ ခုခံကြရမှာပေါ့'

လုစုယာသည် စကားဆုံးသည်နှင့် ကျောက်စိမ်းတံဆိပ်တော်ကို ဟွမ်ရီစုံထံ လွှပ်တစ်ပြက်ပစ်ပေးလိုက်၏။

ဟွမ်ရီစုံမှာ အလွန်လျှင်၏။ ဖျတ်ခနဲ ဖမ်းလိုက်သည်။

ဟိုင်နန်သုံးဖော်သည် ကျောက်စိမ်းတံဆိပ်တော်ကို လိုက်ကြည့်မိကြသည်။

'ဝုန်း. . . ဝုန်း. . .'

ဟိုင်နန်သုံးဖော်မှ ဒုတိယနှင့် တတိယ ညီတော်တို့သည် စင်မြင့်ပေါ်မှ အောက်သို့ လွင့်စဉ်ကျသွား၏။ လုစုယာက စောစောကလိုပင် ထိထိမိမိ ရိုက်ချလိုက်ခြင်း ဖြစ်သည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဟိုင်နန်နှစ်ဖော် အရိုက်ခံရခြင်း ဖြစ်ပါလေ၏။

'သူရဲကောင်းလေး ပြန်ဖမ်းတော့'

ဟွမ်ရီစုံက တစ်ဘက်ထောင့်မှနေ၍ ကျောက်စိမ်းတံဆိပ်တော်ကို ပစ်ပေးလိုက်ရာ တံဆိပ်တော်သည် လေထဲဝဲပျံလာသည်။

ဟိုင်နန်အကြီးအကဲသည် လေထဲခုန်ပျံပြီး တံဆိပ်တော်ကို

ဖမ်းယူရန် ကြိုးစားလိုက်၏။

'ဒုတ်. . .'

'ဗုန်း. . .'

'ခင်ဗျားဟာ အမှတ်သညာကို မရှိဘူး။ တံဆိပ်တော်ကို လှည့်ကြည့်မိလို့ ခင်ဗျားညီတော်နှစ်ယောက် ခံသွားရတာ မတွေ့ဘူးလား'

ဖြစ်ပုံမှာ ဤသို့တည်း။

တံဆိပ်တော် လေထဲဝဲပျံနေစဉ် ဟိုင်နန်အကြီးအကဲက ခုန်ဆွဲသည်။ သို့သော် လုစုယာက သူ့ထက် ပိုလျင်သည်။ သူ့ထက် ကြိုခုန်ပြီး တံဆိပ်တော်ကို ဆွဲယူကာ ဟိုင်နန်အကြီးအကဲ၏သွေးကြောမကြီးကို ထိုးပိတ်လိုက်ခြင်း ဖြစ်သည်။

တံဆိပ်တော်ကိုလိုချင်သည့် လောဘဇောတက်နေသည့် ဟိုင်နန်အကြီးအကဲမှာ မည်သို့မျှ ခုခံကာကွယ်နိုင်ခွင့်မရဘဲ စင်မြင့်ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲပြုတ်ကျသွားလေတော့သည်။

'ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

'ဖြောင်း. . . ဖြောင်း. . . ဖြောင်း'

ထိုလက်ခုပ်သံများမှာ ဟွမ်ရိစုံတီးသည့် လက်ခုပ်သံများမဟုတ်ပါ။

ကြူဝမ်ကြောင်၏တပည့်များဖြစ်သည့် ချီတာအစရှိသော တပ်မှူးကြီးများ၏ လက်ခုပ်ဩဘာသံများ ဖြစ်ပါသည်။ သူတို့သည် ဆန်းကြယ်သော သိုင်းပညာယှဉ်ပြိုင်ပွဲများကို လိုက်လံကြည့်ရှု နေကြသော သိုင်းသမားများ မဟုတ်ကြပါ။ မျိုးချစ်စစ်သားများသာ ဖြစ်ပါသည်။ လုစုယာ၏ ပေါ့ပါးစွာတိုက်ခိုက်မှုသည် သူတို့အဖို့ အံ့ချီးဖွယ်



ရာ ဖြစ်နေပါသည်။

ကြူဝမ်ကြောင်သည် လုစုယာတို့၏သတင်းကို ကြားသိထားသော်လည်း ကိုယ်တွေ့ကား တွေ့ကြုံရင်းနှီးခြင်း မရှိခဲ့ပေ။

လုစုယာက သူ့အား ကျောက်စိမ်းကေရာဇ် တံဆိပ်တော်ပေးအပ်မည်ဆိုသည့်စကား ကမ်းလှမ်းလာသောအခါ လွန်စွာ ဝမ်းသာကျေနပ်မိသည်။ တံဆိပ်တော်သာရလျှင် သူသည် ကေရာဇ်ဖြစ်ရန် သေချာသလောက် ရှိသွားပြီ ဖြစ်သည်။ ယခု ကျောက်စိမ်းတံဆိပ်တော်ကို မျက်စိရှေ့၌ မြင်နေရသော်လည်း လက်ဝယ်ပိုင်ပိုင် မရသေးချေ။ စိတ်ထဲ၌ ကသိကအောက် ဖြစ်နေရသော အချိန်ပိုင်းကလေးပင်။

မည်သို့ပင်ဖြစ်စေ လုစုယာ၏ ထက်မြက်သောသိုင်းပညာကို တွေ့မြင်ရသောအခါ လုစုယာသည် ကျောက်စိမ်းတံဆိပ်တော်ကို ခိုးရန်အသွယ်သွယ်မှကာကွယ်ပြီး မိမိလက် အရောက်ပေးအပ်နိုင်မည့်သူဖြစ်ကြောင်း ရာနှုန်းပြည့် စိတ်ချယုံကြည်လာသည်။

ထို့ကြောင့် ပူပန်နေသောစိတ်များ တဖြည်းဖြည်း ငြိမ်သက်သွားပြီး စိတ်အေးအေးဖြင့် စောင့်ကြည့်နိုင်လာခဲ့သည်။

ဟိုင်နန် ဒုတိယညီတော်နှင့် တတိယ ညီတော်တို့သည် ဝုန်းခနဲ ဝုန်းခနဲ ခုန်တက်လာ၏။

လုစုယာသည် ထိုလူ၏တိုက်ခိုက်မှုကို စောင့်မနေနိုင်တော့ပေ။ သူ့ခန္ဓာကိုယ်သည် လေထဲဝဲပျံသွားပြီး ဘယ်ညာ ခြေနှစ်ဘက်ဖြင့် ဟိုင်နန်နှစ်ဖော်ကို ဆတ်ခနဲ ကန်ပစ်လိုက်သည်။ ထိုဟိုင်နန်နှစ်ဖော်မှာ အလွန်တရာမြန်ဆန်လှသော လုစုယာ၏တိုက်ခိုက်မှုကို လုံးဝ မခုခံနိုင်ပါ။

'ဝုန်း. . .'

'ဝုန်း. . .'

တဗုန်းဗုန်း တဝုန်းဝုန်းဖြင့် စင်မြင့်ကြမ်းပြင်ပေါ်၌ ဒလိမ့်ခေါက်ကွေး လဲကျကုန်သည်။

လုစုယာက ခြေဖြင့်ခတ်တန်ရင်း သွေးကြောပိတ်လိုက်ခြင်းသာ ဖြစ်သည်။

'ဆရာတော်က ဘာဖြစ်လို့ သူတို့ကို ချီးချီးပပ ပြောခဲ့တာလဲ မသိဘူး'

လုစုယာက တီးတိုးရေရွတ်ရင်း ဟိုင်နန်သုံးဖော်ကို ငုံ့ကြည့်သည်။ ကြီးမားကြံ့ခိုင်သော ခန္ဓာကိုယ်အချိုးအဆက်ရှိသည့် ဟိုင်နန်သုံးဖော်သည် လုစုယာနှင့်စာလျှင် ဆင်နှင့်ဆိတ်ကဲ့သို့ ကွာခြားပါသည်။

သို့သော် သိုင်းပညာအရမူ ဆင်နှင့်ဆိတ်ကဲ့သို့ပင် ကွာခြားနေပြန်ပါသည်။

ခန္ဓာကိုယ်အချိုးအဆက်တွင် ဟိုင်နန်သုံးဖော်ကဆင် လုစုယာက ဆိတ်။

သိုင်းပညာတွင် လုစုယာကဆင် ဟိုင်နန်သုံးဖော်က ဆိတ်။

'သူတို့ဟာ သွေးနီဂိုဏ်းချုပ်ကြီး လောက်တောင် အဆင့်မရှိဘူး။ ဟွမ်ရီစုံ ဒီလူရှုပ်တွေကို စင်မြင့်ပေါ်မှာ အရှုပ်မခံနဲ့တော့ စင်အောက်ကို ပစ်ချလိုက်စမ်းပါ'

လုစုယာက ဟွမ်ရီစုံအား လှမ်းပြောလိုက်၏။

ဟွမ်ရီစုံကလည်း တစ်ယောက်ပြီးတစ်ယောက် စင်အောက်သို့



န်ချလိုက်တော့သည်။

'ဗွီ'

ထိုအချိန်မှာပင် ရှည်လျားသော လေချွန်သံရှည်ကြီးကို ကြားလိုက်ရသဖြင့် လုစုယာရော ဟွမ်ရီစုံပါ ခေါင်းထောင် သွားမိကြသည်။

လေချွန်သံမှာ နားအူမတတ် ပြင်းထန်လှသဖြင့် ကြျုဝမ်ကြောင်နှင့်တကွ တပ်မှူးကြီးများပါ ထရပ်ပြီး ကြည့်မိကြသည်။

မကြာမီ လူရိပ်တစ်ရိပ်သည် စင်မြင့်ရှေ့သို့ ရောက်ရှိလာလေ၏။

သူသည် အလဲလဲအပြိုပြိုဖြစ်နေသော ဟိုင်နန်သုံးဖော်ကို ကြည့်ပြီးနောက် လုစုယာအား လှမ်း၍ကြိမ်းမောင်းလိုက်လေ၏။

'ချာတိတ်ကလေး၊ မင်းက ငါ့တပည့်တွေကို စော်စော်ကားကား လုပ်ခဲ့တယ်ပေါ့လေ၊ ဟုတ်လား'

'ကျုပ်က မစော်ကားပါဘူး၊ သူတို့က သူခိုးဓားပြတွေလို လုပ်တာပါ၊ ခင်ဗျားက ဘယ်သူလဲ'

'ငါ ဘယ်သူလဲဆိုတာ မင်း သိဖို့မလိုဘူးကွ'

အဘိုးအိုသည် သူ၏ကြီးမားလှသော ဓားကြီးကို ဆွဲထုတ်ကာ ်မြင့်ပေါ်သို့ ခုန်တက်လာလေတော့၏။

❖ ❖ ❖

## အခန်း (၂၀၈)
## ဆရာကောင်းတပည့်

'ရွှမ်း. . . ရွှမ်း. . . ရွှမ်း'

ဓားချက်များသည် ဟာကွက်မရှိပေ။ ပိရိသေသပ်သယောင် မြန်ဆန်သည်။

လုစုယာ အထိတ်တလန့် နောက်ဆုတ်သွားမိသည်။

'ဒီအဘိုးကြီးရဲ့သိုင်းပညာက မခေပါလား။ သွေးနီဂိုဏ်းချုပ်ကြီး အဆင့်လောက်ရှိနေတော့ သူ့ကို ပေါ့ပေါ့ဆဆ သဘောထားလို့တော့ မရဘူး'

လုစုယာက စိတ်ထဲမှတီးတိုးရေရွတ်မိသည်။

သူသည် နောက်ဆုတ်ရှောင်ရင်း အဘိုးအိုကို သေချာစွာ လေ့လာကြည့်သည်။



မျက်နှာကနီရဲနေသော်လည်း မုတ်ဆိတ်မွေးများက ဖြူဆွတ်နေသည်။ မျက်လုံးများက တောက်ပပြီး မျက်ရိုးများက ချိုင့်ဝင်နေသည်။

အရပ်တာလည်းရှည်သဖြင့် အဘိုးအို၏ပုံသဏ္ဌာန်သည် တော်ရုံတန်ရုံလူကို ဟိတ်ဟန်ဖြင့် ကြောက်ရွံ့စေနိုင်စွမ်း ရှိပေသည်။

'ဒီအဘိုးကြီးရဲ့အတွင်းအားဟာ ထိပ်တန်းအဆင့်မှာရှိတယ်၊ သူက ဘယ်လိုပတ်သတ်လာမြန်တာလဲ မသိဘူး'

လုစုယာသည် အဘိုးအို၏ဇာတိဇစ်မြစ်ကို သိလိုသဖြင့် လက်ဖမိုးယှက်ကာ ဂါရဝပြုလိုက်သည်။ ရှောင်တိမ်းရင်း ဂါရဝပြုရ ခြင်းဖြစ်သည်။

'လူကြီးမင်းက ဘယ်သူပါလဲခင်ဗျာ၊ အခုလာတဲ့ကိစ္စက ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ကို လုယူချင်လို့လား။ ဒါမှမဟုတ် တခြားကိစ္စကြောင့် ရောက်လာတာလား ခင်ဗျာ'

လုစုယာ၏စကားအဆုံးတွင် စင်အောက်မှ ချင်ကျင်ဖုန်၏ အော်သံ ထွက်ပေါ်လာလေ၏။

'ညီလေး. . . သူ့ကို မင်းမသိဘူးလား၊ သူ့နာမည်ဟာ ချင်ရှိုယူတဲ့၊ သူ့သက်တမ်းကိုခြောက်ပုံပုံရင် ငါးပုံလောက်အထိ သူဟာ ကျောက်စိမ်းကေရာဇ်တံဆိပ်တော်နောက် လိုက်နေတဲ့လူကွ'

ချင်ကျင်ဖုန်သည် စကားသံနှင့်အတူ စင်မြင့်ပေါ်သို့ ပေါ့ပါးစွာ ခုန်တက်လာ၏။

သူသည် ထန်တိုဆရာတော်ထံရောက်သည်မှာ မကြာမြင့်သေးသော်လည်း ပညာအရည်အချင်းကား လွန်စွာတိုးတက်နေလေ

ပြီ။

ထန်တိုဆရာတော်သည် ချင်ကျင်ဖုန်၏ ခန္ဓာကိုယ်အချိုး အဆက်သည် သိုင်းပညာသင်ကြားရန် အသင့်လျော်ဆုံး ဖြစ်ကြောင်း လုစုယာအား ပြောပြခဲ့ဖူးပေသည်။

ချင်ကျင်ဖုန်က. . .

'ချင်ရှိုယူ. . . ခင်ဗျားဟာ ကျားချောက်ကမ်းပါးမှာ မသေခဲ့ရလို့ မကျေမနပ်ဖြစ်ပြီး ဒီဖုန်ရန်မှာ အသေခံဖို့ လိုက်လာပြန်တာလား'

ချင်ရှိုယူဟုအမည်တွင်သော အဘိုးအို၏ တိုက်ကွက်များသည် ရုတ်ခြည်းရပ်ဆိုင်းသွားလေသည်။

သူသည် ချင်ကျင်ဖုန်ကို စွေ၍ကြည့်လေ၏။

'ဩော်. . . မင်းက ငါ့ကိုသိနေပါလား၊ အံ့ဩစရာပဲဟေ့. . .'

'သိနေတာပေါ့၊ ကျုပ်က ကျားချောက်ကမ်းပါးမှာ ဆရာကြီး လုကွမ်နန်နဲ့အတူနေတဲ့ သူ့ရဲ့တစ်ဦးတည်းသော တပည့်ပဲလေ'

'ဩော. . . သိပြီ၊ သိပြီ၊ မင်းဟာ ကျားချောက်ကမ်းပါးက တံငါသည်ကိုး၊ ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ကို ပင်လယ်ထဲက ဆယ်နိုင်ခဲ့တာ မင်း မဟုတ်လား၊ မင်းဟာ တံဆိပ်တော်ကို ဇာတ်ရှုပ် အောင်လုပ်ခဲ့တဲ့ကောင်ပဲ၊ မင်းကိုသတ်မှဖြေးမယ်'

'ဆရာကြီးလုကွမ်နန်ကို မပေးအပ်ဘဲနဲ့ ခင်ဗျားလက်ထဲကို ပေးအပ်မှ ဇာတ်ရှင်းမှာလို့ ခင်ဗျားကဆိုလိုချင်တာလား'

'ခွေးကောင်. . . ငါးပုပ်စားတဲ့တံငါယုတ်၊ ဇက်ပြုတ်ပြီသာ မှတ်ပေတော့'

ချင်ကျင်ဖုန်သည် ချင်ရှိုယူကို လုံးဝ ကြောက်ရွံ့ခြင်းမရှိပဲ



တဟားဟား ရယ်လိုက်သည်။

သူသည် တကယ်တမ်း ပညာမပြည့်ဝီကပင် ကျင်းထုံကဲ့သို့ သောဆရာကြီးမျိုးကိုပင် ပမာမခန့် ပြောဝံ့သူဖြစ်၏။ ယခုကဲ့သို့ သိုင်းပညာ အသင့်အတင့် ပြည့်ဝနေချိန်၌မူ ဆိုဖွယ်ရာမရှိတော့ပေ။

'ခင်ဗျားဟာ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်က ကျားချောက်ကမ်း ပါးဆီရောက်လာပြီး၊ တံဆိပ်တော်ကို လုဖို့ ကြံခဲ့သေးတယ်၊ အဲဒီတုန်း က ခွေးပြေးဝက်ပြေး ပြေးသွားရလို့ တံဆိပ်တော်နဲ့ပတ်သက်ပြီး ခင်ဗျား စိတ်တုန်သွားပြီလို့ ထင်မှတ်ခဲ့မိတယ်၊ အခု ဒီကို လိုက်လာ တော့မှ တံဆိပ်တော်အပေါ် ခင်ဗျား သံယောဇဉ်မကုန်သေးတာ သိရတော့တယ်၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ဟိုတုန်းက မပေး ဆပ်ခဲ့ရတဲ့ ခင်ဗျားရဲ့အသက်ကြွေးကို ခုပဲပေးဆပ်ပေတော့'

ချင်ရှိုယူသည် လွန်စွာဒေါသထွက်သွား၏။ သူသည် လုစုယာ ကို မတိုက်တော့ဘဲ ချင်ကျင်ဖုန်ကို လှည့်၍တိုက်ခိုက်တော့သည်။

ချင်ကျင်ဖုန်က ကျားချောက်ကမ်းပါးမှ ချင်ကျင်ဖုန် မဟုတ်ပေ။ နန်ရွှဲတောင်မှ ချင်ကျင်ဖုန် ဖြစ်နေပေပြီ။

အနာဂတ် သိုင်းလောက၌ လုစုယာနှင့်စန်းအော်တို့ကို ယှဉ်နိုင် မည့်သူဆို၍ သူတစ်ယောက်သာရှိတော့သည်။

သူသည် ကျားချောက်ကမ်းပါး၌ ယုန်သူငယ်သဖွယ် မဝံ့မရဲ ချောင်ကုတ်နေခဲ့ရသူ ဖြစ်၏။

အသက်တလည်း ငယ်၊ ပညာတလည်း မပြည့်သေးသဖြင့် ဆရာကြီးလုကွမ်နန်၏ အသက်လုတိုက်ပွဲများထဲ၌ သူပါဝင်ခွင့် မရခဲ့ပေ။

သူသည် ထိုစဉ်က စေးမှတ်ထားသည့်ရန်ကြွေးများကို ယခု ရှင်းလင်းပေတော့မည်။

'ရွှမ်း. . . ရွှမ်း. . . ရွှမ်း'

ချင်ရှီယူက ဓားကြီးဖြင့်တိုက်သလို ချင်ကျင်ဖုန်ကလည်း ဓား ရှည်ဖြင့် တိုက်ခိုက်၏။

သူ့ အသုံးပြုသည့် နန်ရွှဲဓားသိုင်းသည် လျှပ်စီးနှင့် မိုးကြိုး ရောယှက်ထားသကဲ့သို့ ကြောက်မက်ဖွယ်ရာ လှုပ်ရှားနေသည်။

'ဘုရားရေ. . . အစ်ကိုချင်ကျင်ဖုန်ရဲ့ နန်ရွှဲဓားသိုင်းက ငါ ထုတ်တဲ့ သိုင်းကွက်ထက်တောင် ပိုပေါ့ပါး ပိုမြန်နေပါကလား၊ ဒီသိုင်း ဒီအကွက်ပဲ၊ သူက ငါ့ထက်တောင် ပိုပြီး လှလှပပသုံးနေနိုင်တယ်၊ အံ့ရော . . . အံ့ရော'

လုစုယာမှာ တကယ်ပင် ရင်သပ်ရှုမောချီးကျူးနေရပေသည်၊

ချင်ကျင်ဖုန်သည် ထန်တိုဆရာတော်၏ပညာရပ်အားလုံးကို အမွေဆက်ခံနိုင်မည့်သူဖြစ်ကြောင်း လုစုယာ ရိပ်မိသွားပြီး လွန်စွာ ဝမ်းမြောက်မိလေတော့သည်။

ဤပုံစံအတိုင်း ဆိုပါက ချင်ကျင်ဖုန်သည် ချင်ရှီယူကို အနိုင်ရနိုင်ကြောင်း သူ တွက်ဆနိုင်ခဲ့ပေသည်။

ထို့ကြောင့် သူသည် တိုက်ပွဲထဲ၌ ဝင်မပါတော့ပေ။ ဘေးမှသာ စောင့်ကြည့်နေမိတော့သည်။

လုစုယာသည် ကြူဝမ်ကြောင်အား တစ်ချက်လှမ်းကြည့်လိုက်သည်။

ကြူဝမ်ကြောင်သည် ချင်ရှီယူနှင့်ချင်ကျင်ဖုန်တို့၏ တိုက်ပွဲကို



စိတ်ပါဝင်စားစွာကြည့်နေကြောင်း တွေ့နေရသည်။

ဤ အရေးအခင်းသည် သူ့အတွက် အသက်အန္တရာယ်ရှိသည်ကို သိလျက်နှင့် ရဲဝံ့စွာထိုင်ကြည့်နေနိုင်သည့် အရည်အချင်းကို လုစုယာ များစွာလေးစားမိသည်။

'သူရဲကောင်းကြီးခင်ဗျာ၊ စောစောက ကြားတဲ့အတိုင်းပါပဲ၊ ချင်ရှီယူဆိုတာ အောက်လမ်းသိုင်းလောကထဲကပါ၊ သူတို့ဟာ သတ္တိကောင်းသလောက် ကိုယ်ကျိုးကိုလဲ သိပ်ကြည့်ကြပါတယ်၊ ဒါကြောင့် သူတို့နဲ့ မျိုးချစ်အင်အားစုတွေဟာ အမြဲပဲ ရန်ဘက်တွေလို ဖြစ်ခဲ့ရပါတယ်'

'လုစုယာ. . . ကျုပ် တစ်ခုနားမလည်ဘူး၊ ဒီတံဆိပ်တော်ကို သူတို့ရရင် သူတို့ဘာလုပ်မှာလဲ'

'ဘုရင်ဧကရာဇ်ဖြစ်မယ်လို့ သူတို့ယုံကြည်ကြတာပဲ'

ကြူဝမ်ကြောင်သည် ထိုစကားကိုကြားသောအခါ အတော မသတ်အောင် ရယ်မောလေတော့၏။

'ဟား. . . ဟား. . . ဟား၊ မြစ်မှဖြစ်ရပလေ၊ သူတို့မှာ မှန်ကို တွေကို တွန်းလှန်နိုင်လောက်တဲ့လူအင်အားရော စုစည်းထားပြီး ပြီလား'

'ဟင့်အင်း. . . မရှိပါဘူး၊ သူတို့ လူစုနိုင်ရင် အများဆုံး သုံးထောင်ကနေ ငါးထောင်ပဲပေါ့၊ တကယ်တော့ ဒါတလဲ မဖြစ်နိုင်ပါဘူး၊ တစ်ယောက်လက်ထဲက တစ်ယောက်လုပြီး၊ သူကို ငါသတ်၊ ငါ့ကို သူသတ် လုပ်နေကြမှာပါ'

'အင်း. . . ကျုပ်ဟာ သိုင်းလောကနဲ့တော့ ကင်းကွာခဲ့တာ

အမှန်ပဲ၊ အခုမှပဲ သိုင်းသမားတွေရဲ့ အသေအကြေတိုက်ခိုက်ပုံကို မြင်ရတော့ တာကယ်ကို အံ့ဩမိတယ်၊ ကျုပ်ရဲ့စစ်သည်တော်တွေကို သိုင်းပညာ သင်ပေးသင့်တယ်ဆိုတာ ကျုပ် သဘောပေါက်သွားပြီ'

'အင်မတန် သင့်လျော်တဲ့အစီအစဉ်ပါ ခင်ဗျာ'

'သူ့ရဲ့ကောင်းလေးက မကူညီနိုင်ဘူးလား'

'နောက်တစ်ဆင့်ကျမှစဉ်းစားတာ ကောင်းမယ်ထင်ပါတယ် ခင်ဗျာ၊ မွန်ဂိုတွေကို တော်လှန်ပြီးတဲ့အခါကျရင်ပေါ့'

လုစုယာသည် ကြူဝမ်ကြောင်နှင့် စကားစမြည်ပြောနေသော်လည်း မျက်လုံးများကမူ တိုက်ပွဲဆီမှ မခွာပေ။

ချင်ကျင်ဖုန်တို့သည် တိုတောင်းသောအချိန်အတွင်း တိုက်ကွက်ပေါင်း သုံးဆယ်မျှ တိုက်ခိုက်ခဲ့ပြီး ကြလေပြီ။

ချင်ကျင်ဖုန်သည် အဘိုးအိုအား ဆုံးမလိုစိတ်၊ အကြွေးဆပ်လိုစိတ်များကြောင့် ပြင်းထန်သောတိုက်ကွက်များကို ရွေးချယ်သုံးစွဲလာသည်။

ချင်ရှိုယူသည် ပထမပိုင်း၌ ပေါ့ပါးသွက်လက်စွာ ရှောင်တိမ်းသည်။

သို့သော် ချင်ကျင်ဖုန်၏ဓားသိုင်းပညာသည် ပရိယာယ် ဝေဝါမျှားပြားလာ၏။

ထိုးမယောင်ပြုပြီးမှ ခုတ်၏။ ခုတ်မယောင်ပြုပြီးမှ ထိုး၏၊ ဓားအသိမ်းတွင် သွက်သည်။

လျှပ်ပြက်သကဲ့သို့ လျင်မြန်စွာလှုပ်ရှားနေစဉ်အတွင်း ဓားချက်အမျိုးမျိုး ပြောင်းလဲလာသဖြင့် ချင်ရှိုယူခမျာ ချွေးပြန်လာ



တော့သည်။

ချင်ရှိုယူသည် ဟန်ပြတိုက်ကွက်နှင့် အစစ်အမှန်တိုက်ကွက်များကို ခွဲခြမ်းစိတ်ဖြာနေရလွန်းသဖြင့် တိုက်စစ် မဆင်နိုင်တော့ဘဲ ခံစစ်သက်သက် ဖြစ်လာသည်။

သိုင်းကွက် လေးဆယ်မြောက်သောအခါ ချင်ရှိုယူမှာ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပေ။

ချင်ကျင်ဖုန်၏ဓားချက်၌ အသက်ပျောက်မည့်ကဲ့သို့ ဖြစ်လာလေတော့၏။

'ငတုံး. . . ငတုံး၊ ဘယ်ခြောက်ပြီး ညာလှမ်းတဲ့အကွက်ကို မင်း နောက်ဆုတ်ရှောင်လို့ လွတ်မတဲ့လား၊ ဘယ်ခြေကို စကြာတိုင်လှည့်ပြီး ရှေ့တိုးဝင်မှ မင်း. . . လွတ်မှာပေါ့ ငတုံးရဲ့'

လျှပ်တစ်ပြက် ပေါ်လာသော အသံကြောင့် ကြူဝမ်ကြောင်မှာ အထိတ်တလန့် ဖြစ်သွားသည်။

'လာပြန်ပြီလား တစ်ယောက်၊ ဒီပွဲဟာ တံဆိပ်တော်ပေးအပ်ပွဲ မဟုတ်တော့ဘူး၊ သိုင်းပညာ ယှဉ်ပြိုင်ပွဲဖြစ်နေပြီ၊ အင်း. . . အထူးအဆန်းတော့ ကြည့်ရဦးမှာပေါ့'

ကြူဝမ်ကြောင်သည် အသံရှင်ကို မကြည့်အားချေ။

ချင်ရှိုယူက ထိုအသံရှင်၏ညွှန်ကြားချက်အတိုင်း လိုက်လုပ်မလုပ်၊ အသက်ဘေးမှ လွတ်မြောက် မမြောက် ဆိုသည်ကိုသာ လိုက်ကြည့်နေမိသည်။

'ရှူး. . . ဝှစ်. . . ဝှစ်'

ချင်ရှိုယူသည် အသံရှင်၏လမ်းညွှန်ချက်အတိုင်း ခြေတစ်

ဘက်ကို စကြာလှည့်ကာ ရှေ့သို့တိုးဝင်လိုက်သည်။

ချင်ကျင်ဖုန်၏ ပိုင်နိုင်သောဓားချက်သည် လွဲချော်သွားရ လေတော့၏။

ချင်ရှိယူသည် အသက်ဘေးမှ သီသီကလေးလွတ်သွားပေပြီ။ ချင်ရှိယူသည် နောက်သို့ခုန်ထွက်ပြီး ရိပ်ခနဲ ကြည့်လိုက်၏။ ကြောင်ကြောင်ကျားကျား အဝတ်အစားများကို ဝတ်စားထား သော သွေးနီဂိုဏ်းချုပ်ကြီးကို တွေ့လိုက်ရသည်။

လုစုယာနှင့် ကြူဝမ်ကြောင်တို့သည် သွေးနီဂိုဏ်းချုပ်ကြီးအာ လှည့်ကြည့်လိုက်ကြ၏။

သွေးနီဂိုဏ်းချုပ်ကြီးသည် သွတပည့် သုံးယောက်ဖြစ်သော လင်းနို့နက်၊ မျောက်မွေးဖြူ၊ ဝါးစိမ်းမြွေတို့နှင့်အတူ ရပ်နေ၏။

'သူက ဘယ်သူလဲ လုစုယာ'

ကြူဝမ်ကြောင်က မေးလေ၏။

'သူက သွေးနီဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးတစ်ပါးပါ'

'သူလဲ တံဆိပ်တော်ရဲ့သားကောင်ပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ သူ. . . တိုက်ပွဲကိုကြည့်နေတာ မဟုတ်ပါဘူး ကျွန်တော့်အိတ်ကို ကြည့်နေတာပါ'

'သိုင်းပညာစွမ်းတော့ ထက်ပုံရတယ်'

'တကယ် ထက်မြက်ပါတယ်၊ စောစောက ကျွန်တော့်ရဲ့ဂိုဏ် တူ အစ်ကိုချင်ကျင်ဖုန်ရဲ့ ဓားချက်ကို ချင်ရှိယူ မရှောင်နိုင်ပါဘူး၊ သွေ နီဂိုဏ်းချုပ်ကြီးက လမ်းညွှန်လိုက်လို့ပါ'

ဤသည်ကား အမှန်ပင်။



ချင်ရှိယူသည် နန်ရွှဲဓားသိုင်းပညာကို တီးမိခေါက်မိဟန် မရှိပေ။ ထို့ကြောင့် သူ့ခမျာ အသေအလဲခုခံနေရခြင်း ဖြစ်သည်။

သွေးနီဂိုဏ်းချုပ်ကြီးကတော့ နန်ရွှဲ ဓားသိုင်းပညာကို အတော် ကလေး လေ့လာထားပြီး ဖြစ်ဟန်ရှိသည်။

သူသာ ဆက်လက် လမ်းညွှန်နေပါက အခြေအနေပြောင်းပြီး ချင်ကျင်ဖုန် ဒုက္ခရောက်ကောင်း ရောက်နိုင်ပေသည်။

ထိုအချက်ကို ချင်ကျင်ဖုန်ကလည်း ရိပ်မိဟန်ရှိ၏။

သူ့ဓားချက်များသည် စောစောကလောက် ကြမ်းကြမ်းရမ်းရမ်း မရှိတော့ပေ။

သတိနှင့်ထိုးခုတ်လာနေသည်ကို လုစုယာ တွေ့နေရသည်။

'အစ်ကို ချင်ကျင်ဖုန်ဟာ တကယ် သတိရှိတာပဲ၊ သူဟာ ဖြိုင် ဘက်ကို ဘယ်တော့မှ လွယ်လွယ်နဲ့ရှုံးမယ့်သူ မဟုတ်တော့ဘူး'

❖ ❖ ❖

ယခု ချင်ကျင်ဖုန်တိုက်ခိုက်နေသူကား နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ပေ။ သူသည် ကွမ်တုံပြည်နယ်တွင် ထိတ်ထိတ်ကြ သိုင်းသမား ဖြစ်၏။

ကွမ်တုံဆီလူးဟုခေါ်သည့် ဟိုင်နန်သုံးဖော်၏ဆရာလည်း ဖြစ်သည်။

သူသည် ချင်ကျင်ဖုန်ပြောသလို ကျောက်စိမ်းတံဆိပ်တော် နောက် သူ့ဘဝ တစ်လျှောက်လုံး တစ်ကောက်ကောက် လိုက်နေသူ ဖြစ်၏။

ချင်ရှိုယူ ကျားချောက်ကမ်းပါးသို့ရောက်လာချိန်က ချင်ကျင် ဖုန်မှာ ချောင်ကပ်နေသူ ဖြစ်သည်။

ချင်ရှိုယူသည် ချောင်ကပ်နေသော လူငယ်ကလေးအား မညှာ မတာတိုက်ခိုက်ရာ ချင်ကျင်ဖုန်၏လက်ယာနံပါး၌ ဓားဒဏ်ရာ တစ် ချက် ရရှိခဲ့၏။

လုကွမ်နန်နဲ့ ဘွန်ကျားမြိုင်တို့ အချိန်မီကယ်တင်နိုင်ခဲ့၍သာ ချင်ကျင်ဖုန် အသက်ချမ်းသာရာ ရခဲ့ခြင်းဖြစ်သည်။

ချင်ရှိုယူသည် တံဆိပ်တော်ကို အနံ့ခံလိုက်နေရာ တံဆိပ်တော် အတုဟု သိရှိသွားသဖြင့် စိတ်ပျက်သွား၏။

သူ့တပည့် ဟိုင်နန်သုံးဖော်သည် လုစုယာတို့ ခရီးဝေးသွားသည့် သတင်းနှင့် ပြန်ရောက်သည့် သတင်းများကို ကြားသိသောအခါ သူတို့ ဆရာကြီးအား သွားရောက် အကြောင်းကြားသည်။

ထိုအခါ ချင်ရှိုယူသည် တစ်နှင့်တစ်ပေါင်း နှစ်ဟူသော အဖြေ ကိုရပြီး ဖုန်ရန်မြို့သို့ လိုက်လာခြင်း ဖြစ်တော့သည်။



ပထမပိုင်းအခြေအနေတွင် ချင်ကျင်ဖုန်သည် အပြတ်အသတ် ထိုးစစ်ဆင်လျက် ရှိနေပေသည်။ ချင်ရှိုယူ ရှုံးမည်ကဲ့သို့ ဖြစ် နေသည်။

သွေးနီဂိုဏ်းချုပ်ကြီး၏စောင်မမှုကြောင့် ချင်ရှိုယူ အသက်ဘေး မှ လွတ်သွားပြီးနောက် လက်ရည်တူတိုက်ခိုက်နိုင်သကဲ့သို့ ဖြစ်လာ သည်။

စင်စစ် ချင်ရှိုယူ အကွက်စီးလာသောကြောင့် မဟုတ်ပေ။ ချင် ကျင်ဖုန်က သတိဝီရိယနှင့် တိုက်ခိုက်နေသောကြောင့်သာဖြစ်သည်။

ချင်ကျင်ဖုန်သည် သတိကြီးသူဖြစ်၍ လည်းကောင်း၊ နန်ရွှဲ ဓားသိုင်း၏ အကွက်ဆန်းများနှင့် အထိအတွေ့နည်းသောကြောင့် လည်းကောင်း၊ သွေးနီဂိုဏ်းချုပ်ကြီးကို အလေးထားမိသောကြောင့် လည်းကောင်း၊ သူ့တိုက်စစ်အားကို လျှော့ထားခြင်းဖြစ်သည်။

သို့သော် တိုက်ရင်းတိုက်ရင်း ချင်ကျင်ဖုန်ပင် အသာစီး ရလာ ပြန်သည်။

အကွက်စီးလာပြန်သည်။

သွေးနီဂိုဏ်းချုပ်ကြီး၏ရည်ရွယ်ချက်မှာ လုစုယာတိုက်ပွဲထဲသို့ ဝင်လာစေရန် ဖြစ်သည်။

ယခုမူ ချင်ကျင်ဖုန်က အသာစီးမှုပြန်တိုက်နေသဖြင့် လုစုယာ ဝင်ပါတော့မည်မဟုတ်ကြောင်း သိလာသည်။

'တပည့်တို့. . . ငေးမနေကြနဲ့တော့၊ စကြပေတော့'

သွေးနီဂိုဏ်းချုပ်ကြီးက အချက်ပေးလိုက်ရာ လင်းနို့နက်၊ မျောက်မွေးဖြူနှင့် ဝါးစိမ်းမြွေတို့သည် စင်မြင့်ပေါ်သို့ ခုန်တက်လိုက်ကြ လေ၏။

ထိုစဉ်. . .

'သွေးနီဂိုဏ်းချုပ်ကြီး၊ ခင်ဗျား ဘာလုပ်မလို့လဲ'

'မင်း မမြင်ဘူးလား၊ မင်းလူကို အမှန်ကြိတ်မလို့ကွ'

'နေစမ်းပါဦး၊ ကျုပ်ရဲ့ဂိုဏ်းတူအစ်ကိုကို အမှုန့်မကြိတ်ခင် ခင်ဗျား အမှုန့်ကြိတ်ခံရမှာ မစိုးရိမ်ဘူးလား၊ ခင်ဗျား နောက်မှာ ဘယ်သူတွေရောက်နေသလဲဆိုတာ တဆိတ်လောက်ပြန်ကြည့်စမ်းပါဦး'

လုစုယာသည် ကလိန်စေ့ငြမ်းဆင် ပြောတတ်သူ မဟုတ်ကြောင်း သိရှိထားသဖြင့် သူ့လက်ဝါးနှစ်ဖက်ဖြင့် အကာအကွယ်ယူကာ နောက်သို့လှည့်ကြည့်လိုက်သည်။

လုံဟူစန်းတောင် ရသေ့ကိုးပါးသည် သူနှင့်မလှမ်းမကမ်း၌ တန်းစီရပ်နေကြလေ၏။

❖ ❖ ❖



သွေးနီဂိုဏ်းချုပ်ကြီး၏မျက်နှာ တင်းမာသွားသည်။

'ဟင်း. . . ဘယ်သူများလဲမှတ်လို့၊ ခင်ဗျားတို့ဖြစ်နေကြတာကိုး။ ဆိုစမ်းပါဦး. . . ခင်ဗျားတို့က ဘာလာလုပ်တာလဲ'

'ခင်ဗျားကရော ဘာလာလုပ်တာလဲ'

ရသေ့ကြီးကျန်းကြည်ကြည်က အေးစက်စက်ပြန်မေးသည်။

'ကျုပ်က သာမန်လူဗျ။ ကျုပ်ဘာလုပ်လုပ် သင့်တော်တယ်၊ ခင်ဗျားတို့က ရသေ့ဗျ၊ ရသေ့ဆိုတာ တရားဘာဝနာ အားထုတ်ဖို့ပဲကောင်းတယ်၊ တောထဲတောင်ထဲ နေပေါ့ဗျ၊ ဘာဖြစ်လို့ မြို့ကိုလိုက်လာရတာလဲ'

ရသေ့ကြီးကျန်းကြည်ကြည်၏မျက်နှာ၌ လှောင်ပြုံးကလေးပေါ်လာ၏။

'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ တံဆိပ်တော်ကိုခင်ဗျားလိုချင်တယ်ဆိုရင် ဝင်လုပါ။ ကျုပ်တို့က ဘာမှဝင်မရှုပ်ပါဘူး'

'လမ်းမှာတွေ့တုန်းက ကျုပ်တို့အချင်းချင်း ညှိနှိုင်းခဲ့တာတွေကိုခင်ဗျားတို့က မေ့ပစ်လိုက်ပြီလား'

'အိုး၊ ခင်ဗျားနဲ့ ဘာတိုင်ပင်ညှိနှိုင်းဖို့လိုမှာလဲ၊ ကျောက်စိမ်းတံဆိပ်တော်က လုစုယာဆီမှာ ရှိနေပြီပဲဗျာ၊ ဘယ်သူလိုချင်ချင် စင်မြင့်ပေါ်ခုန်တက်လိုက်ရုံပဲ မဟုတ်လား'

ရသေ့ကိုးပါးနှင့် သွေးနီဂိုဏ်းချုပ်ကြီးတို့ အဘယ်ကြောင့် ဤသို့အကြိတ်အနယ် ပြောနေရသနည်း။

အကြောင်း ရှိပါသည်။

ရသေ့ကိုးဦးသည် တံဆိပ်တော်အတွက် ခရီးထွက်လာကြ၏။

သွေးနီဂိုဏ်းချုပ်ကြီးနှင့် သူ့တပည့်သုံးဦးလည်း ခရီးထွက်လာကြ၏။ သူတို့ လမ်းခရီး၌တွေ့ဆုံကြသည်။ အပွေးမြင် အပင်သိသူချည်း ဖြစ်၍ လိုရင်းကိစ္စကို နိဒါန်းမသွယ်ဘဲ ဆွေးနွေးညှိနှိုင်းကြသည်။

'ကျောက်စိမ်းတံဆိပ်တော်ဟာ လုစုယာလက်ထဲမှာရှိလိမ့်မယ်၊ သူက သိုင်းပညာ အကောင်းဆုံးဆိုတော့ သူ့ပဲ စောင့်ရှောက်ထားမှာ သေချာတယ်'

သွေးနီဂိုဏ်းချုပ်ကြီးက ရှင်းပြ၏။

ကျန်းကြည်ကြည်က. . .

'ခင်ဗျား ဘယ်လိုလုပ်ချင်သလဲ'

'လုစုယာကို အပြတ်လုပ်နိုင်မှ ဖြစ်မှာလေ၊ ဒါဟာ ဘုံရည်မှန်းချက်ပဲ ဖြစ်ရမှာပေါ့၊ ခင်ဗျားတို့မှာ တခြား စိတ်ကူးစိတ်သန်းရှိနေသေးလို့လား'

'မရှိပါဘူး၊ ခင်ဗျားတို့လေးယောက်နဲ့ ကျုပ်တို့ကိုးယောက် ပေါင်းပြီး လုစုယာကို ဖြိုမယ့်သဘောပေါ့ ဟုတ်လား၊ ပြီးတော့မှ ကျုပ်တို့ချင်း အရှုံးအနိုင်ထပ်ပြိုင်ကြမယ့် သဘောပေါ့'

'ဟုတ်တယ်၊ အဲဒီသဘောပဲ'

ရသေ့ကြီးကျန်းကြည်ကြည်သည် ထိုစဉ်က ထိုသို့သဘောတူခဲ့သော်လည်း နောက်ပိုင်း၌ စိတ်ထားပြောင်းသွားခဲ့ပေသည်။

အကြောင်းမှာ လုစုယာကို ဖြိုလှဲရန်ကိစ္စ၌ သွေးနီဂိုဏ်းချုပ်၏ အကူအညီကို မလိုအပ်တော့ဟု သူတို့ ယူဆလာသောကြောင့် ပေတည်း။

သူတို့သည် ပျိုးခင်းကိုးကွက်၏ ပျော့ကွက်ဟာကွက်ကို သိရှိသွားခဲ့ကြသည်။ တစ်ဦးတစ်ယောက် ဒဏ်ရာရသည်နှင့် ပျိုးခင်းကိုးကွက်ပျက်စီးရသည်ကို အတွေ့အကြုံရရှိလာပြီဖြစ်၍ သူတို့သည် ပျိုးခင်းရှစ်ကွက်၊ ပျိုးခင်းခုနစ်ကွက်၊ ပျိုးခင်းခြောက်ကွက် စသဖြင့် ဟာကွက်ကိုပိတ်သည့် ပူးပေါင်းတိုက်ကွက်များကို ပြန်လည် လေ့ကျင့်ခဲ့ကြသည်။ သူတို့သည် အခြေခံ ကောင်းထားပြီးသူများ ဖြစ်၍ 'ဟာကွက်ပိတ်' ဗျူဟာများကို လေ့ကျင့်ရာ၌ မခက်ခဲတော့ချေ။

ထိုပညာရပ်များဖြင့် လုစုယာကို နိုင်မည်ဟု ယုံကြည်ယူဆလေသောကြောင့် သွေးနီဂိုဏ်းချုပ်နှင့် သဘောတူညီချက်ကို ရသေ့များက ဖယ်ဖျက်ခြင်း ဖြစ်လေတော့သည်။

'ခင်ဗျားတို့က ဒီလိုကိုး၊ ရပါတယ်ဗျ၊ ကျုပ်က နယ်မရွေးဘူး၊ လူမရွေးဘူး၊ ဖြစ်သလို လုပ်သွားမှာပဲ'

သွေးနီဂိုဏ်းချုပ်ကြီးက စိတ်ဆိုးမာန်ဆိုး ပြောလိုက်လေ၏။

❖ ❖ ❖

## အခန်း (၂၉)
## သံသရာတစ်ကြော

သွေးနီဂိုဏ်းချုပ်ကြီးသည် သူ့တပည့်များကို စင်မြင့်ပေါ်မှ ဆင်းလာရန် အော်ခေါ်လိုက်၏။

'လာကြဟေ့. . . တို့က စင်ပေါ်မှာမတိုက်ခင် ဒီအောက်မှာ တစ်ပွဲတိုက်ရမယ်ကွ'

လင်းနို့နက်တို့ ခုန်ဆင်းလာကြသည်။

ကျန်းကြည်ကြည်က လက်ဝါးကာလိုက်ပြီး. . .

'ခဏလောက်တော့ သည်းခံလိုက်ပါဦး သွေးနီခဲကြီးရဲ့ တို့ တိုက်နေတဲ့တိုက်ပွဲအခြေအနေလဲ ခဏလောက်တော့ စောင့်ကြည့် လိုက်ပါဦး'

သွေးနီဂိုဏ်းချုပ်ကြီး ငြိမ်သွားသည်။

စင်မြင့်ပေါ်မှ ချင်ကျင်ဖုန်နှင့် ချင်ရှီယူတို့၏တိုက်ပွဲကို ကြည့်သည်။ တိုက်ပွဲက အတော်ကလေးပြင်းထန်နေသည်။



ထိုစဉ် ချင်ကျင်ဖုန်သည် မြင်းထိုင်သဏ္ဌာန် ပြောင်းသွားသည်။

ချင်ရှီယူ ဘုံအားသင့်သွား၏။ ချင်ရှီယူ၏တိုက်ကွက်လည်း နှေးသွားသည်။

ထိုအချိန်မှာပင် ချင်ကျင်ဖုန်၏ဓားက ဆတ်ခနဲ တိုးဝင်လာသည်။

ချင်ရှီယူ လှစ်ခနဲရှောင်တိမ်းလိုက်၏။

ထိုအခါ ချင်ကျင်ဖုန်၏ခြေတစ်ဘက်သည် ဖြတ်ခနဲ ပြောက်တက်သွားပြီး ချင်ရှီယူကို ဝုန်းခနဲပတ်ကန်လိုက်ရာ ချင်ရှီယူမှာ ဓားဖြင့်ပင် မခံနိုင်တော့ဘဲ စင်မြင့်ပေါ်မှ အောက်သို့လွင့်စဉ်ကျသွားရှာတော့သည်။

ချင်ရှီယူခမျာ ချင်ကျင်ဖုန်၏လှည့်ကွက် မိသွားခြင်းသာ ဖြစ်သည်။

ချင်ရှီယူမှာ မျက်နှာတစ်ပြင်လုံး မည်းမှောင်နေတော့သည်။

သူ့မ မျက်နှာမမည်းလျှင် အဘယ်သူ မျက်နှာမည်းပေမည်နည်း။

သူက လုစုယာကိုအနိုင်တိုက်ပြီး ကျောက်စိမ်းတံဆိပ်တော်ယူရန် ကြံစည်ခဲ့ခြင်း ဖြစ်သည်။

ယခု လုစုယာမပြောနှင့် ချင်ကျင်ဖုန်ကိုပင် မနိုင်တော့ချေ။ ဆရာတပည့်နှစ်ယောက်စလုံး အရှုံးကြီးရှုံးခဲ့ရချေပြီ။

သူသည် ရှက်ရှက်နှင့် သူ့တပည့်များ၏သွေးကြောများကို ဖြေပေးသည်။

တပည့်များအားလုံး ထရပ်နိုင်သောအခါ သူသည် နောက်လှည့်

မကြည့်တော့ဘဲ စိုက်စိုက် စိုက်စိုက်နှင့် ထွက်ခွာသွားလေတော့၏။

ဟိုင်နန်သုံးဖော်လည်း သူ့နောက်မှ အပြေးလိုက်သွားကြတော့သည်။

စင်အောက်မြေပြင်၌ တိုက်ခိုက်နေကြသောတိုက်ပွဲကြီးသည်လည်း အခြေအနေများပြောင်းလဲသွားခဲ့လေပြီ။ မွန်ဂိုများ အရှုံးကြီးရှုံးနေလေပြီ။

စန်းအော်သည် ရှောင်ကျဲ၏လက်မောင်းတစ်ဖက်ကို ဖြတ်တောက်၍ အောင်ပွဲဆင်နိုင်ခဲ့သည်။ ရှောင်ကျဲမှာ သွေးလွန်ပြီး သွေးအိုင်ထဲ လဲကျနေပေသည်။

စန်းအော်သည် ရှောင်ကျဲကိုအနိုင်တိုက်ပြီးသည်နှင့် ဘွန်လူအောကိုဝင်ကူ၏။

ဘွန်လူအောမှာ ကိတ်အာကျက်နှင့် ယှဉ်ပြိုင်နေရသည် မဟုတ်ပါလော။

စင်စစ် ကိတ်အာကျက်သည် ဘွန်လူအောထက် သိုင်းပညာသာပေသည်။

သို့သော် ထူလူဖန်ဒေသ၌ လုစုယာ၏လက်ချက်ကြောင့် အတွင်းဒဏ်ရာ ရရှိလိုက်သောကြောင့် ယခုအချိန်၌ ဘွန်လူအောနှင့် လက်ရည်တူ ယှဉ်ပြိုင်နေရခြင်းဖြစ်သည်။

ထိုအခြေအနေမျိုး၌ စန်းအော်ပါ ဝင်ရောက်လာသောအခါ ကိတ်အာကျက်သည် အကြိတ်အနယ် မခုခံတော့ဘဲ ကိုယ်လွတ်ရုန်းထွက် ပြေးသွားလေတော့သည်။

ကိတ်အာကျက်ရှုံးသလို သူ့ဘက်တော်သားများသည်လည်း



ဆုံးရှုံးသွားရသည်သာ။

အရှေ့ပင်လယ် ရှစ်ဆယ့်တစ်ကျွန်းမှကျွန်းသားများနှင့် အထက်လမ်းသိုင်းလောကမှ သိုင်းသမားများက ရင်ဘတ်၌ ဖဲကြိုးအဖြူကလေးများစည်းနှောင်ထားသည့် ကိတ်အာကျက်၏တပည့်အတော်များများကို သတ်ဖြတ်သုတ်သင်နိုင်ခဲ့ကြသည်။

ထိုအချိန်မှာပင် ကြျုဝမ်ကြောင်၏တပ်စုတစ်စုသည် စင်မြင့်ရှိရာသို့ ပြေးလာသည်။

'မီး - မီး မြို့ထဲမှာ မီးလောင်နေပါတယ်ခင်ဗျာ'

တပ်သားတစ်ဦးက ကြျုဝမ်ကြောင်ရှေ့၌ ဒူးထောက်ထိုင်ကာ အစီရင်ခံလိုက်၏။

ထိုတပ်စုသည် ကြျုဝမ်ကြောင်၏အသက်အန္တရာယ်ကို ကာကွယ်ရန် ပြေးလာသည့် တပ်စုဖြစ်သည်။

'မီးရှို့တဲ့လူကို မဖမ်းမိဘူးလား'

ကြျုဝမ်ကြောင်က မေးခွန်းထုတ်လိုက်၏။

'မဖမ်းနိုင်ခဲ့ပါဘူး၊ ကျွန်တော်တို့က သူရဲကောင်းကြီးရဲ့လုံခြုံရေးအတွက် ပြေးလာရတာမို့ အဲဒီကိစ္စကို မဆောင်ရွက်နိုင်ခဲ့ပါဘူး ခင်ဗျာ'

ကြျုဝမ်ကြောင်က လုစုယာကို လှမ်းကြည့်၏။ လုစုယာက မီးခိုးလုံးများ တက်လာသော ဖုန်ရန်မြို့ဆီသို့လှမ်းကြည့်ပြီး တီးတိုးပြောလိုက်မိလေ၏။

'မြို့ထဲမှာ သူလျှိုတွေရှိနေပြီ'

တပ်မှူးကြီးများဖြစ်သည့် ချီတာနှင့်ချန်ရီချွန်တို့သည် တပ်သားအချို့ကိုခေါ်ဆောင်ကာ ဖုန်ရန်မြို့ထဲသို့ ပြေးထွက်သွားကြ၏။

မီးကား အလွန်လျှင်မြန်စွာ ကူးစက်လာသည်။

လုစုယာသည် ဤမီးရှို့သူ၏ရည်ရွယ်ချက်ကို မှန်းဆကြည့်နေမိ၏။

အတန်ကြာ စဉ်းစားပြီးနောက် သူသည် ချင်ကျောင်ဖုန်အား လှမ်းခေါ်လိုက်သည်။

'အစ်ကိုချင်ကျောင်ဖုန်၊ ဒီမီးဟာ ရှို့မီးပဲဖြစ်ရမယ်၊ တစ်မှုးကြီးနှစ်ဦးသွားတာက မီးကို ငြိမ်းသတ်ဖို့သွားတာပါ။ အခု အစ်ကို လိုက်သွားပြီး မီး ဘယ်သူရှို့တာလဲဆိုတာ စုံစမ်းပါ'

ချင်ကျောင်ဖုန်သည် ခေါင်းညိတ်ပြီး ပြေးထွက်သွားလေတော့၏။

သွေးနီဂိုဏ်းချုပ်ကြီးနှင့် တပည့်သုံးယောက်တို့သည် လုစုယာအနီးသို့ ခုန်ပျံရောက်ရှိလာလေ၏။

'လုစုယာ မင်းဆီမှာရှိနေတဲ့ ကျောက်စိမ်းတံဆိပ်တော်ကို ပေးမလား မပေးဘူးလား၊ တစ်ခွန်းထဲပြော'

'သွေးနီဂိုဏ်းချုပ်ကြီး၊ ဘယ်တုန်းကများ ကျုပ်ဆီကပစ္စည်းကို ခင်ဗျား လွယ်လွယ်ကူကူရခဲ့ဖူးလို့လဲ'

'ဟေ့ကောင်တွေ၊ ဒီကောင့်ဆီကပစ္စည်းကို ဝိုင်းလုကြစမ်း၊ ပစ္စည်းရရင်ပြီးရော၊ မင်းတို့ ကြိုက်သလိုလုပ်နိုင်တယ်'

ဆရာတပည့်လေးယောက်သည် တက်ညီလက်ညီပင် ဝင်ရောက် တိုက်ခိုက်ကြသည်။

လုံဟူစန်းတောင်ရသေ့များကား ထိုတိုက်ပွဲကို လက်ပိုက်၍ကြည့်နေ၏။

သူတို့နှင့် မဆိုင်သည့်အလားပင်။



'ကောင်းတယ်၊ တိုက်ကြ၊ မင်းတို့ ပြင်းပြင်းထန်ထန်တိုက်လေ၊ ငါတို့အဖို့ ကောင်းလေပဲ'

စင်စစ် - လုံဟူစန်းတောင်ရသေ့များသည် တွက်ကိန်းနှင့်စောင့်နေကြခြင်း ဖြစ်၏။ ယာလည်းညက်စေ၊ ကြက်လည်းမောစေ သဘောဖြင့် စောင့်ကြည့်နေခြင်းဖြစ်သည်။

သွေးနီဂိုဏ်းချုပ်ကြီးနှင့် တပည့်များသည် လုစုယာကို မည်သည့်နည်းနှင့်မျှ အနိုင်မတိုက်နိုင်ကြောင်း သူတို့ တွက်ချက်ပြီး ဖြစ်ပေသည်။

သွေးနီဂိုဏ်းချုပ်ကြီးတို့ အစွမ်းကုန်တိုက်သောအခါ လုစုယာ အနည်းငယ် လက်ပန်းကျလာနိုင်သည်။

ထိုအချိန်မျိုး၌ သူတို့ ကိုးယောက်စလုံး အင်ပြည့်အားပြည့် ဝင်တိုက်ရန်လိုသည်ဟု ကျန်းကြည်ကြည်တွက်ဆထားပေသည်။

ထိုအချိန်မှာပင် လူရိပ်နှစ်ရိပ်သည် စင်မြင့်ပေါ်သို့ ရိုပ်ခနဲ ရိုပ်ခနဲ ခုန်တက်လာကြ၏။

ဘွန်လူအောနှင့် စန်းအော်တို့ပင် ဖြစ်ပါသည်။

လုစုယာသည် သွေးနီဂိုဏ်းချုပ်ကြီးတို့၏တိုက်ခိုက်မှုကို ပန်းလိပ်ပြာကလေးသဖွယ် ရှောင်တိမ်းရင်းမှ ဘွန်လူအောကို လှမ်းမေးလေ၏။

'ညီမလေးဘွန်လူအော - အခြေအနေဘယ်လိုလဲ'

'ကောင်းတယ်အစ်ကို၊ မွန်ဂိုတွေ တစ်လုံးနီပါး ပြုတ်သွားတယ်၊ ကိတ်အာကျက်တော့လွတ်သွားတယ်၊ သူက ကိုယ်လွတ်ရုန်းပြေးသွားတာကိုး'

'ထွက်ပြေးသွားတယ် ဆိုပေမယ့်၊ မထိမခိုက်ဘဲ အောင်မြင်စွာ ထွက်ပြေးနိုင်တာ မဟုတ်ပါဘူး။ ညီမလေးရဲ့ ဓားချက်တစ်ချက် မိသွားတယ်၊ မမဘွန်လူအောရဲ့လက်ဝါးတစ်ချက်လဲ မိသွားသေးတယ်'

စန်းအော်က ဝမ်းသာအားရ ဝင်ပြောသည်။

ထိုစကားကို ကြားသောအခါ သွေးနီဂိုဏ်းချုပ်ကြီး ထိတ်သွားသည်။ ရန်သူလေးဦး၏တိုက်ခိုက်မှုကိုလည်း ရှောင်တိမ်းရသေးသည်။

ဘွန်လူအောနှင့်စန်းအော်တို့ ပါဝင်တိုက်ခိုက်သောအခါ သွေးနီဂိုဏ်းချုပ်ကြီးမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ဖြစ်သွားသည်။

ထိုစဉ် - လုစုယာက ညည်းညည်းညူညူ ပြောမိသည်။

'ကိတ်အာကျက် လွတ်သွားတာ သိပ်ဆိုးတယ်၊ ဒီမီးကြွင်းက အမြဲတမ်းပဲ ကျန်နေခဲ့တာပဲကိုး'

မီးကြွင်းနှင့်ရန်ကြွင်းသည် မထားကောင်းသောအရာများ ဖြစ်ကြောင်း ပညာရှိတို့က အမြဲပင် ဆုံးမခဲ့ကြသည် မဟုတ်ပါလော။

လုစုယာသည် ခပ်ကြမ်းကြမ်းတိုက်ခိုက်လိုက်၏။

ထိုအခါ သွေးနီဂိုဏ်းချုပ်ကြီးတို့ ရှုံခန့်ဖြစ်သွား၏။

လုစုယာက စင်ပေါ်မှ အောက်သို့ ခုန်ဆင်းသွားသည်။ ထိုအခါ သွေးနီဂိုဏ်းချုပ်ကြီးမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားတော့သည်။

'လုစုယာ မင်း ဘယ်လိုလုပ်တာလဲ'

သွေးနီဂိုဏ်းချုပ်ကြီးက လှမ်းအော်၏။

'ကျုပ် ဘာလုပ်လို့လဲ'



လုစုယာကလည်း ပြန်အော်၏။

'မင်း ငါနဲ့ မယှဉ်ပြိုင်တော့ဘူးလား'

'ဘယ်သူက မယှဉ်ပြိုင်ဘူးပြောလို့လဲ'

'မင်းပဲ ခုထွက်ပြေးနေပြီလေ'

'ကျုပ် မပြေးပါဘူး။ ကျုပ်တစ်ခု မေးမယ်၊ ခင်ဗျားတို့က ကျုပ်နဲ့ တိုက်ချင်တာလား၊ တံဆိပ်တော်ကိုလိုချင်တာလား'

'တံဆိပ်တော်ကို လိုချင်တာပေါ့ကွ'

'ဒါဖြင့် ကျုပ်က တံဆိပ်တော်ကို ကျုပ် ညီမနှစ်ယောက်ဆီမှာ ထားပစ်ခဲ့တယ်၊ ခင်ဗျားတို့က သူတို့နှစ်ယောက်ကို နိုင်အောင်တိုက်ပြီး တံဆိပ်တော်ကို ရအောင်ယူကြပေါ့'

'ဒါဆိုရင်တော့ မဆိုးဘူး'

လုစုယာသည် တံဆိပ်တော်ကို ဘွန်လူအောဆီသို့ပစ်ပေးလိုက်၏။

ဘွန်လူအောက အတွင်းအိတ်ထဲ ထည့်သိမ်းဆည်းလိုက်၏။

လုစုယာသည် ပြေးထွက်သွားပြီးမှ ရုတ်တရက် ရပ်ကာ လုံဟူစန်းတောင်ရသေ့များကို လှည့်ပြောသည်။

'ရသေ့ကြီးတို့၊ ခင်ဗျားတို့ဟာ ကျုပ်ကယ်တင်ခဲ့တဲ့ကျေးဇူးကို နည်းနည်းမှ မထောက်ဘူး။ ကျောက်စိမ်းတံဆိပ်တော်နောက် ကောက်ကောက်ပါအောင် လိုက်နေသေးတာပဲ၊ ကျုပ် ဒီတံဆိပ်တော်ကို ကျုပ် ကိုယ်ကျိုးအတွက် မသုံးဘူးဆိုတာကို ခင်ဗျားတို့ နားလည်သဘောပေါက်ရင် ခင်ဗျားတို့ အေးအေးဆေးဆေး နေသင့်ပါတယ်'

ရသေ့ကြီး ကျန်းကြည်ကြည်က -

'လုစုယာ - မင်း အပိုတွေပြောမနေနဲ့၊ ဒီစကားကိုပြောတဲ့အတွက် မင်းဘာသာတောင် ရှက်ဖို့ကောင်းတယ်၊ သဲကန္တာရထဲမှာ မင်း ဘယ်လိုသဘောတူခဲ့သလဲ၊ မြေပုံတစ်စိတ်ကိုပေးပါ၊ တံဆိပ်တော်ကို မင်းရအောင်သွားယူပါ့မယ်၊ ရပြီးရင် ငါတို့နဲ့ ထပ်ပြီး ယှဉ်ပြိုင်မယ်၊ နိုင်တဲ့လူက တံဆိပ်တော် ယူစတမ်းလို့ မင်း မပြောခဲ့ဘူးလား'

'ကျွန်ုပ် ပြောခဲ့တယ်၊ ဒါပေမယ့် ခုအချိန်ဟာ သိပ်အရေးကြီးနေတယ်၊ ကမ္ဘာမီးလောင်နေတဲ့အချိန်မှာ ခင်ဗျားတို့ဟာ ဆီမီးခွက်ကထတောက်နေတဲ့ပုံစံမျိုး လုပ်နေကြတာပဲ'

'မင်း - မစော်ကားနဲ့၊ ကတိစကားဟာ ကတိစကားပဲ'

'ရပါတယ် - ခင်ဗျားတို့ စောင့်နေကြပါ၊ ကျွန်ုပ် ပြန်လာခဲ့မယ်၊ ခင်ဗျားတို့ရဲ့ နက်မှောင်အမျိုးတူ ပျိုးခင်းကိုးကွက်ဗျူဟာကို ကျွန်ုပ် ထပ်ပြီး ဖြိုဖျက်ပြမယ်၊ တကယ်တော့ ခင်ဗျားတို့အားလုံး ဇီဝိန်ချုပ်သွားမှ မွန်ဂိုတော်လှန်ရေးကို အင်နဲ့အားနဲ့ လုပ်နိုင်မယ့်ကိန်းမျိုး ဆိုက်နေပြီ'

လုစုယာသည် ဘွန်လူအောနှင့် စန်းအော်တို့အား ခုခံတိုက်ခိုက်ရန် အချက်ပြပြီးနောက် ကိတ်အာကျက်နောက်သို့ ပြေးလိုက်သွားလေတော့၏။

လုစုယာသည် အဘယ်ကြောင့် ကျောက်စိမ်းတံဆိပ်တော်ကို မိန်းမငယ်ကလေးနှစ်ယောက်နှင့်အတူ ထားပစ်ခဲ့ရသနည်း။

ကေရာဇ်လောင်း ကြွေဝမ်ကြောင်၏လုံခြုံရေးကလည်း ရှိသေးသည်။

စင်စစ် လုစုယာသည် ဘွန်လူအောနှင့်စန်းအော်တို့၏ စွမ်းရည်



ကို ယုံကြည်ကိုးစားပြီး တံဆိပ်တော်ကို ထားပစ်ခဲ့ခြင်းသာ ဖြစ်၏။

လုံဟူစန်းတောင်ရသေ့များသည် သူမလာမီ တံဆိပ်တော်ကို လုယူနိုင်ခွင့် မရှိပေ။ ကတိစကားအရ သူ့ကိုစောင့်ပြီး ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လုံဟူစန်းတောင်ရသေ့များရော သွေးနီဂိုဏ်းချုပ်ကြီးတို့ပါ ဟန်တရုတ်များဖြစ်၍ ကြွေဝမ်ကြောင်ကို မည်သည့်နည်းနှင့်မျှ ဘေးအန္တရာယ်ပြုလိမ့်မည်မဟုတ်ဟု သူ ယုံကြည်သည်။

ယခု တိုက်ခိုက်မည်ဆိုလျှင် သွေးနီဂိုဏ်းချုပ်တို့ ဆရာတပည့်လေးယောက်ကသာ ဘွန်လူအောနှင့် စန်းအော်တို့ကို တိုက်ခိုက်နိုင်ခွင့်ရှိသည်။

ကျောက်စိမ်းကေရာဇ်တံဆိပ်တော် ရလျှင်ရခြင်း ချက်ချင်းပင်ကေရာဇ်အရှင်သခင် ဖြစ်တော့မည့်အလား ထင်မှတ်မှားနေကြသည်။

ဤလူစုကို လုစုယာ ကောင်းကောင်း ဆုံးမချင်သည်။

ထိုလူစုသည် ကေရာဇ်ပလ္လင်အတွက် အသက်သွေးချွေးပေါင်းများစွာစတေးလျက် မွန်ဂိုတို့အား ခုခံတွန်းလှန်ကြသည့် တဲရုတ်ပြည်သူပြည်သားများစွာ၏ဘဝကို မစာနာနိုင်ခဲ့ကြပေ။

သူတို့သာ မကိုင်ရသရဖူကို လွယ်လွယ်ကူကူ ဆောင်းယူနေချင်ကြသည်။

နေနှင့်ပေဦး။ ကိတ်အာကျက်တည်းဟူသော မီးကြွင်းကို ရှင်းပြီးမှ သင်းတို့ကိုရှင်းမည်ဟု လုစုယာသည် ပြေးရင်းလွှားရင်း အံကြိတ်ရင်း ဆုံးဖြတ်လိုက်မိလေသတည်း။

❖ ❖ ❖

## အခန်း (၂၁၀)
## မိန်းကလေးနှစ်ဦး၏ စွပ်စွဲချက်

လုစုယာထွက်သွားသောအခါ သွေးနီဂိုဏ်းချုပ်ကြီးသည် ဘွန်လူအောနှင့် စန်းအော်ကို ပြုံး၍ကြည့်လိုက်၏။ ကျားသခင်က သားသမင်ကို ပြန်၍ကြည့်သော အကြည့်မျိုးတည်း။

သွေးနီဂိုဏ်းချုပ်ကြီး၏အမြင်တွင် ဘွန်လူအောနှင့် စန်းအော်တို့သည် မလောက်လေး မလောက်စား သူငယ်နှပ်စားကလေးများသာတည်း။

သူသည် အထင်သေးခြင်း၊ ဂရုမထားခြင်း၊ လှောင်ပြောင်လိုခြင်း အစိမ့်ပွာယ်အမျိုးမျိုးပါဝင်သည့် အကြည့်မျိုးဖြင့် လှမ်းကြည့်နေသည်။

ဘွန်လူအောကလည်း သွေးနီဂိုဏ်းချုပ်ကြီးကို ပမာမခန့်ပင် လှမ်းကြည့်သည်။



'လာပြီ'

ဘွန်လူအောက ရုတ်တရက်အော်ပြီး လျှပ်တစ်ပြက် လှုပ်ရှားလိုက်၏။ သူသည် သွေးနီခဲအုပ်စုအတွင်းသို့ ခုန်ဝင်သွားခြင်းဖြစ်သည်။

သူမ၏လက်သည် မြန်ဆန်သွက်လက်စွာ လင်းနို့နက်ကို ဖမ်းလိုက်သည်။ လင်းနို့နက်မှာ မမျှော်လင့်ဘဲဖြစ်လာသော ဖြစ်ရပ်အတွက် အကြီးအကျယ်ထိတ်လန့်ပြီး ဆောင့်၍ရုန်းကန်သည်။ ဘွန်လူအောက တန်ပြန်ဆွဲမထားပါ။ လင်းနို့နက် ဆောင့်ရုန်းသည်နှင့် ချက်ချင်းပင် လွှတ်ပေးလိုက်သည်။

သူမ၏အတွင်းအားကို ထုတ်ယူပြီး လင်းနို့နက်အား သာသာထိုးထိုးကလေး ထပ်ဖြည့်တွန်းပေးလိုက်သေးသည်။ ထိုအခါ လင်းနို့နက်မှာ ကြိုးပြတ်သောစွန်ကဲ့သို့ စင်မြင့်ပေါ်မှ အောက်မြေပြင်သို့ လွင့်စဉ်ထွက်သွားလေတော့သည်။

'ဗုန်း - '

သွေးနီဂိုဏ်းချုပ်ကြီးမှာ မျက်စိများ ပြာဝေသွားသည်။ သူ့မျက်စိရှေ့မှောက်၌ သူ့တပည့်ကြီးခံသွားရပြီ မဟုတ်ပါလော။ သူ ဒေါသထွက်သည်။ ထိတ်လန့်သည်။

ဤမလောက်လေး မလောက်စား မိန်းကလေးများသည် အမိဝမ်းမှပေါက်စ မြွေပွေးငယ်ကလေးများကဲ့သို့ အဆိပ်များရှိနေသည်ကို သူတွေ့လိုက်ရပြီမဟုတ်ပါလော။

သွေးနီဂိုဏ်းချုပ်ကြီးသည် မပေါ့ဆဝံ့တော့ဘဲ ဘွန်လူအောထံ ခုန်ဝင်လာပြီး ပြင်းထန်သော လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ထုတ်

လိုက်လေ၏။ ဘွန်လူအောက ကောင်းစွာရှောင်နိုင်သည်။

'သွေးနီဂိုဏ်းချုပ်ကြီး - ရှင် အေးအေးဆေးဆေးပြန်ပါ။ ကျွန်မတို့က ဘယ်ကိုယ်ကျိုးကြည့်တဲ့သူမဆို ဒီတံဆိပ်တော်ပေးအပ်ဖို့ စိတ်မကူးဘူးရှင့်'

သွေးနီဂိုဏ်းချုပ်ကြီး ရှုးရှုးရှားရှားဖြစ်သွားသည်။

'တိတ်စမ်း - နင်နဲ့တန်တဲ့စကားကို ပြောစမ်း'

'ရှင်ဟာ ပြောလေကဲလေပဲ၊ အသားနာတော့မှ ရှင်လက်လျှော့မယ့်လူမျိုးပဲ'

'သယ် - နင်လို မလောက်လေး မလောက်မစားက'

သွေးနီဂိုဏ်းချုပ်ကြီးသည် အတွင်းအားထုတ်ကာ တရကြမ်းတိုက်ခိုက်တော့သည်။ လေအားလှိုင်းရိုက်ခတ်သဖြင့် တဟူးဟူးအသံမြည်နေသည်။

ဘွန်လူအောသည် တိုက်ပွဲအတွေ့အကြုံ အတော်အတန်ရင့်ကျက်ခဲ့ပြီဖြစ်၍ သွေးနီဂိုဏ်းချုပ်ကြီးကို ယခင်ကလို ကြောက်လန့်ခြင်း မရှိတော့ချေ။ ခါးနွဲ့၍ ရှောင်တိမ်းပုံကလေးများမှာ မထိတရိနိုင်လှသဖြင့် ရိုက်ချက်ထိတော့မည်လော ထိတော့မည်လောဟုသည်းထိတ်ရင်ဖို ဖြစ်ရပေသည်။

သွေးနီဂိုဏ်းချုပ်ကြီးသည် အကြိမ်များစွာ အမိဖမ်းရန်ကြိုးစားသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရပေသည်။

သွေးနီဂိုဏ်းချုပ်ကြီးသည် တဖြည်းဖြည်းလန့်လာ၏။ ဆန်းကြယ်လက်ဝါးတိုက်ကွက်များကို ထုတ်ကာ အပြင်းအထန် တိုက်ခိုက်သည်။



သို့ရာတွင် ဘွန်လူအောက ယောင်ပြတိုက်ကွက်နှင့် အစစ်အမှန်တိုက်ကွက်များကို ကြိုတင်သိမြင်နေသဖြင့် သူ၏ဆန်းကြယ်လက်ဝါးမှာလည်း မထိရောက်ဘဲ ဖြစ်နေသည်။

သူတို့နှစ်ယောက် တိုက်ကွက်ပေါင်းလေးဆယ်ခန့် တိုက်ပြီးသောအခါ လင်းနို့နက်သည် စင်မြင့်ပေါ်သို့ ပြန်တက်လာ၏။ သူသည် စင်ပေါ်မှ လွင့်စဉ်ကျရာတွင် ကြောင်ကျမကျ ခွေးကျ ကျသဖြင့် မျက်နှာတစ်ခုလုံး ညိုမည်းဖူးယောင်နေသည်။

မျောက်မွေးဖြူနှင့် ဝါးစိမ်းမြွေတို့သည် သူတို့၏ဆရာ အခြေမလှသည်ကို မြင်သောအခါ ကူညီရန် ခုန်ဝင်လာကြ၏။

'ဟော့ကောင်တွေ ဘာလုပ်မလို့လဲ၊ နောက်ဆုတ်ကြစမ်း'

သွေးနီဂိုဏ်းချုပ်ကြီးက သူ့တပည့်များကို အော်ငေါက်ထုတ်လိုက်၏။ မလောက်လေး မလောက်စား မိန်းကလေးတစ်ဦးကို သူကဲ့သို့သော ဂိုဏ်းချုပ်ကြီးတစ်ယောက်က တိုက်ခိုက်နေသည်မှာ အများအမြင်တွင် အမြင်ရိုင်းလှလေပြီ။

သူ့တပည့် နှစ်ယောက်ကပါ ဝင်တိုက်ကြလျှင် လုံဟူစန်းတောင်ရသေ့များက ရယ်မောလှောင်ပြောင်ကြပေတော့မည်။

ထို့ကြောင့် သူ့တပည့်များကို နှင်ထုတ်ရခြင်းဖြစ်ပေသည်။

'ဘာလဲ - ရှင်တို့က တိုက်ခိုက်ချင်စိတ် ရှိနေကြသလား'

စံန်းအော်က ရှေ့သို့ ထွက်လာပြီး မျောက်မွေးဖြူနှင့်ဝါးစိမ်းမြွေတို့ကို ငေါက်ငမ်းကြိမ်းမောင်းလိုက်၏။

'ဘာလဲ - နင်က တိုက်ချင်လို့လား'

မျောက်မွေးဖြူမှာ စကားပင် မပြောလိုက်ရရှာပါ။ စန်းအော်က

တစ်ဖြန်းဖြန်းနှင့် ပါးရိုက်လိုက်သည်။

မျောက်မွေးဖြူ၏ပါးနှစ်ဖက်တွင် လက်ငါးချောင်းရာများ ထင်သွားသည်။

မျောက်မွေးဖြူမှာ ဒယိမ်းဒယိုင်ဖြင့် နောက်ဆုတ်သွားရသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အချိန်အတွင်း၌ သူ့အား ဤမျှ ရိုက်နိုင်လျှင် ဤမိန်းကလေးသည် သူ့လည်ပင်းကို ဖြတ်ယူရန်လည်း မခက်ခဲကြောင်း မျောက်မွေးဖြူ ရိပ်မိသွားပေသည်။

ဝါးစိမ်းမြွေသည် ဒေါသထောင်းခနဲထွက်လာပြီး စန်းအော်ဆီသို့ ခုန်ဝင်သွား၏။

'လာပါ - ကျွန်မတလဲ လက်ယားနေတာနဲ့အတော်ပဲ'

ဝါးစိမ်းမြွေက သူ့လက်ထဲမှဓားဖြင့် တိုက်ခိုက်၏။

စန်းအော်က သူ့ကို လုံး၀ ဂရုမစိုက်ပေ။ တဝှီးဝှီးခုတ်နေသော ဓားချက်များကို ကျွမ်းကျင်စွာရှောင်တိမ်းပြီး နောက်ခြေထောက်ဖြင့် ပက်ကန်လိုက်ရာ ဝါးစိမ်းမြွေခမျာ သူ့နောင်တော်ကြီးလင်းနို့နက်၏ လမ်းစဉ်အတိုင်း စင်မြင့်ပေါ်မှ လွင့်စဉ်ကျသွားရရှာတော့သည်။

ထိုအချိန်၌ ဖုန်ရန်မြို့ကိုလောင်မြိုက်နေသော မီးသည် ပို၍ အားကောင်းလာသည်။

မီးညွန့်များကိုပင် စင်မြင့်ပေါ်မှမြင်နေရသည်။ တပ်မှူးကြီး ချီတာတို့ မီးသတ်ရန်ကြိုးပမ်းမှုများ မအောင်မြင်သည်မှာ ထင်ရှား နေလေပြီ။

စန်းအော်တို့၏ စင်မြင့်ရှေ့တွင်ကား သေသူ ဒဏ်ရာရသူများ ပြည့်နှက်နေ၏။



စန်းအော်သည် အခြေအနေကိုသုံးသပ်သည်။ သွေးနီဂိုဏ်း အုပ်စုကို အမြန်ဆုံး အပြတ်ဖြိုမှဖြစ်တော့မည်။

အချိန်ဆွဲခြင်းအားဖြင့် ဒုက္ခပိုရောက်စရာသာ အကြောင်းရှိသည်ဟု သူမ ရိပ်မိလာ၏။

သူမက အပြတ်ဖြတ်ရန် စိတ်ကူးနေစဉ်မှာပင် လင်းနို့နက်နှင့် မျောက်မွေးဖြူတို့က နှစ်ယောက်ပေါင်း၍ တိုက်စစ်ဆင်လာတော့၏။

စောစောက လွင့်စဉ်ကျသွားသော ဝါးစိမ်းမြွေကလည်း စင်မြင့်ပေါ်သို့ ကပျာကယာပြန်တက်ကာ သူ့နောင်တော်နှစ်ယောက်ကို ကူညီ၍ စန်းအော်အား တိုက်ခိုက်သည်။

စန်းအော်သည် အချိန်မဆွဲတော့ပေ။ ကျောက်စိမ်းလက်ချောင်းကိုသုံးပြီး ရန်သူများ၏ သွေးကြောမကြီးများကို ထိုးချ သည်။

ထိုအခါ ရန်သူသုံးယောက်စလုံး တဗုန်းဗုန်း လဲကျသွားတော့ သည်။

'ကဲ - မှတ်ပလား၊ နောက်ထပ် တိုက်ခိုက်ချင်ရင် ထလာကြပါဦး လား'

တိုတောင်းလှသောအချိန်အတွင်း၌ စန်းအော်က ရန်သူ သုံး ယောက်အား တဗုန်းဗုန်းလဲကျစေသောအခါ လုံဟူစန်းတောင်ရသေ့ကြီးများမှာ အကြီးအကျယ် အံ့သြထိတ်လန့်သွားကြလေ၏။

သူတို့၏ဂိုဏ်းတူ မြေးမလေးသည် ကြောက်ဖွယ်လိလိ သိုင်း ပညာစွမ်း ထက်နေပါပကော ဟူသောအကြည့်များဖြင့် ရသေ့ကိုးပါးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

ကျွန်းကြည်ကြည်က ရှေ့သို့တိုးလာပြီး -

'လုံမလေး - '

'ရှင်တို့ ရွှေမတိုးနဲ့ ကျွန်မတို့ ပြောပြီးပြီ၊ အတ္တအကျိုးကို ကြည့်တဲ့ ဘယ်သူ့ကိုမဆို ကျောက်စိမ်းတံဆိပ်တော်ကို မပေးဘူး ရှင်းတယ် မဟုတ်လား'

စန်းအော်က သူမ၏ဆရာဘိုးဘိုးကို အရှိအသေကင်းမဲ့စွာ ပြောလိုက်သည်။

သူမသည် တိုင်းပြည်နှင့် လူမျိုး၏မျက်နှာကိုမကြည့်၊ မိမိ အကျိုးကိုသာကြည့်သော ရသေ့ကြီးများကို အချိန်ကြာမြင့်စွာကပင် အကြည်ညိုမဲ့ခဲ့လေပြီ။

'လုံမလေး - မင်းအစ်မဆီက တံဆိပ်တော်ကို တောင်းလိုက် တို့ကို အေးအေးဆေးဆေး ပေးစမ်း'

ရသေ့ကြီးကျန်းကြည်ကြည်က အေးစက်စွာပြောသည်။ စန်း အော်ကလည်း မမှုပေ။

ခေါင်းကိုသာ ခါယမ်းပြသည်။

ကျန်းကြည်ကြည်က -

'စန်းအော် - ငါပြောနေတာ ကြားတယ်မဟုတ်လား၊ နင်တို့ နှစ်ယောက်စလုံးကို သုံ့ပန်းအဖြစ် ဖမ်းပြီးမှ တံဆိပ်တော်ကို ငါတို့ ရတော့မှာလား၊ အဲဒီလိုလုပ်မှ ရမယ်ဆိုရင်လဲ ငါတို့ လုပ်ဖို့ ဝန်မလေး ဘူး'

'ဆရာဘိုးဘိုး - အဲဒီလောက်လွယ်မယ်လို့လဲ မထင်ပါနဲ့၊ ကျွန်မ ကိုယ်တိုင်က ပျိုးခင်းကိုးကွက်ကို မကြောက်ဘူးရှင့်၊ ရင်ဆိုင်ဖို့ အသင့်ပဲ'



ရသေ့ကြီးကျန်းကြည်ကြည်သည် အသာ နောက်ဆုတ်သွား ပြီး ကျန်ရသေ့ကြီးများနှင့် တီးတိုးတိုင်ပင်၏။ သူတို့အဖို့ ရှေ့တိုးလည်း အခက်၊ ရပ်ကြည့်နေရသည်မှာလည်း အသည်းယားစဖွယ် ဖြစ်နေ သည်။

ကတိစကားအရဆိုလျှင် လုစုယာ ရောက်ရှိလာပြီး တိုက်ခိုက်ပြီး မှသာ တံဆိပ်တော်ပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်နိုင်ပေမည်။

ယခု -

လုစုယာမရောက်မီ သူတို့တိုက်ခိုက်လျှင် ကတိမတည်ရာ ရောက်သည်။

သို့သော် ကျောက်စိမ်းတံဆိပ်တော်ကိုတော့ လွယ်လွယ် ရနိုင် သည်။ လုစုယာရောက်လာပါက ဤသို့ လွယ်တူစွာရလိမ့်မည် မဟုတ်ချေ။

ကျန်းကြည်ကြည်သည် ရှေ့သို့တိုးလာပြန်၏။

'စန်းအော် - နင်ဟာ အရိုင်းအစိုင်းမလေးဖြစ်နေပြီ၊ ဆရာ ဦးလေးတွေကို ပမာမခန့် ဆက်ဆံလို ဆက်ဆံနဲ့၊ အတော့်ကို မိုက် ရိုင်းနေပြီ၊ နင့်ကို ငါတို့ ဆုံးမရမယ်'

ရသေ့ကြီးကျန်းကြည်ကြည်သည် စကားဆုံးသည်နှင့် ရှေ့သို့ တိုးလာ၏။

ထိုအခါ စန်းအော်သည် အသံကုန်ဟစ်အော်တော့သည်။

'ကယ်ကြပါဦးရှင်၊ ကျွန်မရဲ့ဆရာဘိုးဘိုးနဲ့ ဆရာဦးလေးတွေ က ကျွန်မတို့ကို ဖမ်းဆီးနှိပ်စက်ပြီး တံဆိပ်တော်ကိုလုနေပါပြီရှင်၊ ကယ်ကြပါ၊ ကယ်တော်မူကြပါ'

ရသေ့ကြီးကျွန်းကြည်ကြည်မှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် နောက်သို့ လေးငါးဆယ်လှမ်း ဆုတ်သွားလေတော့သည်။

'စန်းအော်၊ နင် မဟုတ်မဟတ်တွေ ဘာဖြစ်လို့ အော်နေတာလဲ၊ တိတ်စမ်း'

'အခုပဲ ဆရာဘိုးဘိုးက ကျွန်မကိုဖမ်းဖို့ လုပ်နေပြီ မဟုတ်လား'

'ငါက နင့်ကို ဖမ်းမလို့ မဟုတ်ဘူး၊ ဆုံးမ မလို့ပါ၊ လူကြီးသူမမှန်း မသိတဲ့အရိုင်းမလေးကို ရိုက်နှက်ပြီးဆုံးမမလို့ဟေ့၊ နင်ဟာ နင့်အဖေနဲ့တခြားစီပဲ၊ နင့်အဖေဟာ ဂိုဏ်းတူအစ်ကိုတွေအပေါ် အင်မတန်ရိုသေလေးစားခဲ့တယ်'

'ကျွန်မ မသိတာတွေကို လာပြောမနေနဲ့၊ တိုင်းပြည်အကျိုးကို မကြည့်တဲ့ ဘယ်လူမျိုးကိုမဆို ကျွန်မကတော့ မရိုသေနိုင်ဘူး။ မလေးစားနိုင်ဘူး'

'ကောင်းပြီ၊ မရိုသေ မလေးစားချင်တဲ့ ကောင်မစုတ်ကလေး သေဖို့သာပြင်ပေတော့'

ကျွန်းကြည်ကြည်သည် ရုတ်တရက်ခုန်ဝင်ပြီး စန်းအော်ကို နှလုံးကွဲ အသည်းခြွေလက်ဝါးဖြင့် ရိုက်သည်။

စန်းအော်သည် ထိုပညာရပ်ကို တတ်ကျွမ်းထားသူဖြစ်ရာ ရှောင်တိမ်းနိုင်စွမ်းရှိသည်။

သူမ၏ ဓားကို ရွှမ်းခနဲဆွဲထုတ်ပြီး လစ်ဟာနေသော ရသေ့ကြီး ကျွန်းကြည်ကြည်၏ရင်ဝကို ဓားရှည်ဖြင့် ထိုးချလိုက်သည်။

'ဒုတ် -'

စန်းအော်မှာ နောက်သို့ သုံးလေးလှမ်းမျှ ပြန်ကန်ထွက်သွား



လေ၏။

သူမသည် အကြီးအကျယ်အံ့ဩထိတ်လန့်သွားတော့သည်။

ဘွန်လူအောမှာ သွေးနီဂိုဏ်းချုပ်ကြီးနှင့် အကြိတ်အနယ် တိုက်ခိုက်ခဲ့ရာ၌ စုစုပေါင်း တိုက်ကွက်ပေါင်း ခြောက်ဆယ်ကျော်ခဲ့လေပြီ။

ထိုတိုက်ကွက်ခြောက်ဆယ်လုံး၌ သူမကပင် အသာစီးမှ တိုက်ခိုက်နိုင်ခဲ့ပေသည်။

သူမသည် လုံဟူစန်းတောင်ရသေ့များ တစ်စခန်းထလာပြီကို တွေ့နေရသည်။ မြင်နေရသည်။ ကြားနေရသည်။ ရသေ့ကြီးများ ကတိပျက်ပြီကိုလည်း သိရှိလိုက်သည်။

ထို့ကြောင့် စန်းအော်နှင့်အတူလက်တွဲပြီး ရသေ့ကြီးများကို ခုခံရန် လိုအပ်လာကြောင်း သဘောပေါက်သည်။ ရသေ့ကြီးများကို ခုခံမည်ဆိုလျှင် သွေးနီဂိုဏ်းချုပ်ကြီးကို အမြန်ဆုံးဖြိုလှဲမှဖြစ်မည်ကို သူမ နားလည်လာသည်။

ထို့ကြောင့် သူမသည် တိုက်ပွဲအရှိန်ကိုမြှင့်တင်လိုက်သည်။

ထိုစဉ် - စန်းအော်က ထိထိမိမိ ဓားနှင့် ထိုးလိုက်သော်လည်း ရသေ့ကြီး မသေဘဲ စန်းအော်သာ နောက်ကန်ထွက်သွားသည်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။ စန်းအော် ထိတ်လန့်သွားမည်မှာ မုချ။

ထိုအချိန်၌ ရသေ့ကြီးကျွန်းကြည်ကြည်က နှလုံးကွဲ အသည်းခြွေ ထပ်ဆင့်လက်ဝါးကို ရိုက်ထုတ်ရန် ဟန်ပြင်သည်။

စန်းအော် ငိုင်နေလျှင် တစ်ချက်တည်းနှင့် အသက်ထွက်သွားနိုင်သည်။

ထို့ကြောင့် ဘွန်လူအော စိုးရိမ်တကြီး အော်ဟစ်သတိပေး

လိုက်မိသည်။

'ညီမလေး - ငိုင်မနေနဲ့၊ လှိမ့်ပြီးရှောင်လိုက်'

သူမ၏အာရုံသည် စန်းအော်ဆီသို့ရောက်သွားသဖြင့် သွေးနီဂိုဏ်းချုပ်ကြီးအား အဆက်မပြတ်တိုက်ခိုက်သောအရှိန်မှာ တုန့်နှေးသွားသည်။ တိုက်စစ်အား ပျော့သွားသည်။

သွေးနီဂိုဏ်းချုပ်ကြီးမှာ အတွေ့အကြုံရင့်ကျက်လှရကား အခွင့်အရေးကလေးတစ်ခု ရလိုက်သည်နှင့် ချက်ချင်းပင် ထိထိမိမိ သုံးစွဲတော့သည်။

သူသည် ဆန်းကြယ်လက်ဝါးသိုင်းကွက်နှင့် သံမဏိသိမ်းငှက် ခြေသည်း တိုက်ကွက်နှစ်ခုကို ပေါင်းစပ်ကာ ဘွန်လူအောအား သူသေကိုယ်သေ တိုက်ခိုက်တော့၏။

သိုင်းကွက်နှစ်ခုကို ပေါင်းစပ်ခြင်း၊ သူသေကိုယ်သေ တိုက်ခိုက်ခြင်းတို့ကြောင့် ဘွန်လူအောမှာ တဒင်္ဂအတွင်း အောက်စည်းသို့ ရောက်ရှိသွားပြီး အသက်အန္တရာယ်မထိခိုက်အောင် ခုခံကာကွယ်နေရတော့သည်။

သွေးနီဂိုဏ်းချုပ်ကြီးသည် အားတက်သွားပြီး အားကုန် အစွမ်းကုန်ထုတ်၍ တိုက်တော့၏။

အကယ်၍ သူ့တပည့်များသာ လဲကျမနေခဲ့လျှင် ဤပွဲသည် သူ့ပွဲဖြစ်သွားမည်မှာ သေချာသည်။

ယခုသော် အထက်စည်းမှ တိုက်ခိုက်နိုင်ရုံသာရှိသည်။ ဘွန်လူအောကို အပြတ်ရှင်းနိုင်မည်ဟူ၍ကား အာမမခံနိုင်ရှာပါလေ။

❖ ❖ ❖

အခန်း(၂၁၁)
## လျှို့ဝှက်ဇာတ်သိမ်း

လုစုယာနှင့် ချင်ကျင်ဖုန်တို့သည် ကိတ်အာကျက်ကို လိုက်လံရှာဖွေလျက်ရှိ၏။

မြို့ထဲရှိ လမ်းအားလုံး နှံ့သွားသည်အခါတွင် မြို့ကို လောင်နေသောမီးသည် မီးညွန့်ကျိုးသွားလေတော့၏။ သူတို့ ပြေးလွှားရှာဖွေနေစဉ် ရှောင်ကြည်ပိုင်နှင့် လမ်းထောင့်တစ်ထောင့်တွင် ပက်ပင်းတိုးသည်။

'နောင်ကြီးရှောင်ကြည်ပိုင်၊ အခြေအနေ ဘယ်လိုလဲ'

'မီးကတော့ မီးညွန့်ကျိုးသွားပါပြီ သူရဲကောင်းလေး၊ မြို့သားတွေလဲ ထွက်ပြီး မီးသတ်နေကြတာပဲ၊ ဒါပေမယ့် မီးရှို့တဲ့လူကိုတော့

ရှာရခက်ခက်ပါပဲ'

'နောင်ကြီးရဲ့သူရဲကောင်းတွေကိုလဲ အုပ်စုကွဲမသွားစေနဲ့ဦး နော်၊ အခြေအနေက ဘယ်လိုမှန်းမသိနိုင်သေးဘူး'

'စိတ်ချပါ သူရဲကောင်းလေး၊ လိုအပ်လာရင် လေချွန်အချက် ပေးလိုက်ပါ။ ကျုပ်တို့ ကြားရာအရပ်က ပြေးလာခဲ့ပါ့မယ်'

လုစုယာသည် ရှောင်ကြည်ဟိုင်နှင့် ခွဲထွက်လာခဲ့၏။

အချိန်သည် အတော်ကလေးကြာမြင့်ခဲ့ပြီဖြစ်၍ ကိတ်အာကျက် သည် ဤမြို့ထဲ၌ ရှိချင်မှသာ ရှိပေတော့မည်။

'ချွမ်း - ချလွမ်း - ချွမ်း'

လုစုယာသည် အိမ်ခေါင်မိုးတစ်ခုပေါ်မှ ခုတ်သံ ထစ်သံများ ကြားလိုက်ရသဖြင့် မော်ကြည့်လိုက်သည်။

မြို့၏ ဤမှာတစ်ဘက်ခြမ်းမှာ မီးဘေးမှ ကင်းလွတ်ခဲ့ပုံရသည်။ မည်သည့်အိမ်မှ မီးလောင်မခံရချေ။

ထိုအိမ်ခေါင်မိုးပေါ်၌ ခုတ်ထစ်နေသူမှာ ကိတ်အာကျက် ဖြစ်နေ သည်။

'ဟာ - ကိတ်အာကျက်ပါလား၊ ဘုရားသိကြားမတာပဲ'

လုစုယာသည် ထိုအိမ်ရှိရာသို့ အပြေးအလွှားချဉ်းကပ်လာ၏။ သူ အိမ်ခေါင်မိုးပေါ်သို့ခုန်တက်ရန် ဟန်ပြင်လိုက်စဉ် ကိတ် အာကျက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသူထံမှ လှမ်းပြောသည့်အသံ



ထွက်ပေါ်လာသည်။

'သူရဲကောင်းလေး ဒီရာဇဝတ်သားကို ကျုပ်အတွက် ထားခဲ့စမ်း ပါ။ စင်ကျန်ပြည်နယ်ဟာ သူ ယူရမယ့်တာဝန်ကို ထိုက်ထိုက်တန်တန် တာဝန်ယူခဲ့တယ်ဆိုတာ သက်သေကျန်အောင် ကျုပ် လုပ်ပြခဲ့ပါရစေ'

ထိုသူကား တခြားသူမဟုတ်။

စင်ကျန်ပြည်နယ်၏မဟာမိတ်ဥက္ကဋ္ဌကြီး ပါချီမန်း ဖြစ်နေပါ ချေ၏။

သူသည် ကိတ်အာကျက်နှင့် တိုက်ခိုက်နေရင်းမှ လုစုယာအား လှမ်းပြောခြင်းဖြစ်သည်။

လုစုယာက ပါချီမန်းကို လက်ဖမိုးယှက်ပြီး ဂါရဝပြုနှုတ်ဆက် လိုက်၏။

'နောင်ကြီးပါချီမန်း၊ ပြည်မကိုဝင်လာတာ နောင်ကြီးတစ် ယောက်ထဲပဲလား၊ ဘယ်သူတွေပါ ပါသေးသလဲ'

'ကျုပ် တစ်ယောက်ထဲပါ၊ ဘယ်သူမှ မပါပါဘူး။ ဒီရာဇဝတ်သား ကိုတော့ ကျုပ်အတွက် ထားခဲ့ပါ၊ အဝေးကြီးကလာခဲ့တဲ့ တံငါသည် အတွက် ငါးကြီးကြီးတစ်ကောင်တော့ ရသင့်တာပဲ မဟုတ်လား'

လုစုယာသည် အရေးအခင်းကြီးထဲ၌ စိတ်လှုပ်ရှားနေရစဉ်မှာ ပင် ပြုံးလိုက်မိသည်။

အဘယ်ကြောင့်ဆိုသော် လွင်တီးခေါင်အရပ်ဒေသမှ အကြီး

အကဲက ရေတံငါနှင့်ပတ်သက်ပြီး ပုံခိုင်းသုံးနှုန်းလိုက်သောကြောင့် ဖြစ်ပါလေသည်။

'ကောင်းပါပြီ၊ သူ့ကို နောင်ကြီးပါချီမန်း အပြတ်သာရှင်းလိုက်ပါတော့၊ သူ့ကို မရှင်းနိုင်ရင် သူက ကျုပ်တို့ကို ပြန်ရှင်းမှာအသေအချာပါပဲ၊ ကဲ - ကျုပ် နောက်ထပ်ရန်သူတွေကို လိုက်ရှာလိုက်ဦးမယ်'

လူစုယာသည် ကိတ်အာကျက်နှင့်ပါချီမန်းကိုထားခဲ့ပြီး ထွက်ခွာလာလေတော့၏။

ဤသို့ ထွက်ခွာလာခြင်းမှာ ပါချီမန်းကို ဖြစ်လိုရာဖြစ်စေတော့ဟူသောသဘောဖြင့် ထားခဲ့ခြင်းမဟုတ်ပါ။

ကိတ်အာကျက် အတွင်းဒဏ်၊ အပြင်ဒဏ်များရနေခြင်းကို သိထားသဖြင့် ထားပစ်ခဲ့ခြင်းဖြစ်ပါသည်။

ပါချီမန်း၏သိုင်းပညာမှာလည်း နည်းနည်းနောနော ပညာမဟုတ်ချေ။ ယခုအခြေအနေမျိုး၌ ပါချီမန်းအနေဖြင့် ကိတ်အာကျက်ကို အနိုင်ရနိုင်သည့်အဆင့် ရှိနေပါသည်။

လူစုယာသည် ရှေ့ဆက်ထွက်လာရာ ဟူးလူယူနှင့် ထိုဝှာလာတို့ကို ပက်ပင်းတွေ့သည်။

တိုနှစ်ယောက်က လူစုယာအား တရကြမ်းဝင်တိုက်ခိုက်၏။ လူစုယာအဖို့ ထိုနှစ်ယောက်မှာ ပြိုင်ဘက်များ မဟုတ်ပါ။ တခဏချင်း



ပင် အနိုင်ယူနိုင်ပါသည်။ သတ်ဖြတ်နိုင်ပါသည်။

သို့သော် သူမသတ်ပါ။ အကြံရသဖြင့် ထိုနှစ်ယောက်ကို အကြောများထိုးပိတ်ပြီး ဖမ်းဆီးလိုက်သည်။

လူစုယာက မေးမြန်းလိုက်၏။

'ကဲ - ခင်ဗျားတို့ ပြောကြစမ်း။ ဖုန်ရန်မြို့ကိုမီးရှို့တာ ဘယ်သူလဲ'

ထိုဝှာလာက -

'မီးရှို့တာ ဘာဆန်းသလဲ၊ ဘယ်သူမဆို ရှို့နိုင်တာပဲ'

ဟူးလူယူကလည်း ထိုအတိုင်းပင်ဖြေသည်။ လူစုယာသည် ထိုသူများအား အကြမ်းကိုင်ရန် ဆုံးဖြတ်လိုက်၏။

သူသည် နှစ်ယောက်စလုံး၏အကြောတစ်နေရာစီကို လက်ဖြင့်ထောက်လိုက်၏။

ဟူးလူယူနှင့် ထိုဝှာလာတို့မှာ သူတို့၏သွေးကြောများအတွင်းသို့ ပုရွက်ဆိတ် သိန်းသန်းများစွာ ဝင်ရောက်ကိုက်ခဲသကဲ့သို့ နာကျင်လာတော့၏။

ပထမ၌ သူတို့အံကြိတ်ခံပါသေးသည်။ သို့သော် နောက်ပိုင်း၌ မခံနိုင်တော့ပေ။

'အား - ကျုပ် - ကျုပ်တို့ကို ချမ်းသာပေးပါ၊ ကျုပ် - ကျုပ်တို့ ဖွင့်ပြောပါတော့မယ်'

ထိုဗိုလ်ကလာက ခခယယ တောင်းပန်တော့သည်။

'ဒါ - သဘောလောက်ပဲ ရှိသေးတယ်၊ ခင်ဗျားတို့ကို ဆယ်ဆဆိုးတဲ့ဝေဒနာမျိုး ခံသွားရအောင် ကျုပ်လုပ်နိုင်သေးတယ်၊ ကဲ - ပြောစမ်း၊ မြို့ကိုမီးရှို့တာ ဘယ်သူလဲ'

'ကျန်း - ကျန်းကျုံးရှုပါ'

လုစုယာ၏မျက်လုံးများ အရောင်တောက်သွား၏။ ကျန်းကျုံးရှုသည် ကိတ်အာကျက်ကဲ့သို့ အကြွင်းအကျန်မထားကောင်းသောရန်သူပင် မဟုတ်ပါလား။

'ထင်တော့ ထင်သားပဲ၊ ကဲ - အခု ဘယ်မှာလဲ၊ မှန်မှန်ပြော'

'ကျုပ်တို့နဲ့အတူတူ မီးလိုက်ရှို့နေတာမှမဟုတ်ဘဲ၊ ကျုပ်တို့ဘယ်သိမှာလဲ'

လုစုယာ မတ်တတ်ထလိုက်၏။

ဟူးလူယူက -

'ကျုပ် - ကျုပ်တို့ကို အကြောဖွင့်ပေးခဲ့ပါဗျာ'

လုစုယာသည် ထိုလူများ၏မျက်နှာကို ကြည့်လိုက်၏။ သူတို့မျက်နှာ၌ ရဲရင့်တောက်ပြောင်သောအမူအရာတို့ မရှိတော့ပြီ။

'ကောင်းပြီ၊ ခင်ဗျားတို့ကို ကျုပ်အကြောဖွင့်ပေးခဲ့မယ်၊ ခင်ဗျားတို့ကို ကျုပ်သတ်ပစ်ရင်ရတယ်၊ သတ်လဲ သတ်သင့်တယ်၊ ဒါပေမယ့် ကျုပ်က အဲဒီလိုရက်စက်မှုမျိုးကို အလိုမရှိဘူး၊ ခင်ဗျားတို့ မွန်ဂိုတွေ



တရုတ်ပြည်ထဲက ထွက်သွားပြီဆိုရင် ကျုပ်ကျေနပ်ပါတယ်၊ ဒီတော့ ခင်ဗျားတို့ ချက်ချင်းပြန်ပေတော့၊ ကျုပ်တို့ ဟန်တရုတ်တွေရဲ့ စည်းလုံးညီညွတ်မှုကို ခင်ဗျားတို့ အရှင်သခင်ဆီ ပြန်အစီရင်ခံပေတော့၊ နောက်တစ်ကြိမ် ဒီမြို့ထဲမှာ ခင်ဗျားတို့ကို တွေ့မယ်ဆိုရင်တော့ ကျုပ်ကို အဆိုးမဆိုနဲ့တော့ ဒီတစ်ကြိမ်မှာလို ကျုပ် သဘောကောင်းနေမှာ မဟုတ်တော့ဘူး'

လုစုယာသည် မွန်ဂိုနှစ်ဦး၏အကြောများကို ဖွင့်ပေးပြီး ကျန်းကျုံးရှုကိုရှာရန် ထွက်ခွာလာတော့သည်။

ဟူးလူယူနှင့် ထိုဗိုလ်ကလာတို့ကား နေပြည်တော်သို့ တစ်ချိုးတည်း လစ်ပြေးကြလေတော့၏။

ထိုအချိန်မှာပင် ဟွမ်ရီစုံလည်း ရောက်ရှိလာလေ၏။

'သူရဲကောင်းလေး -'

ဟွမ်ရီစုံက လုစုယာကို အမောတကောလှမ်းခေါ်လိုက်လေ၏။

'ဘာလဲ ဟွမ်ရီစုံ၊ ဘာတွေ အရေးကြီးလာနေပြန်ပြီလဲ'

'ခင်ဗျားကိုလိုက်ရှာနေတာ၊ မြန်မြန် - မြန်မြန် ကျုပ်တို့ဘက်မှာ အခြေအနေ သိပ်မကောင်းဘူး'

'ဘာအခြေအနေ မကောင်းတာလဲ'

'လုံမလေးကျန်းတို့ အကြိတ်အနယ်ခုခံနေကြရတယ်၊ နောက်ပြီး ရန်သူတွေက သိပ်များတယ်၊ သိုင်းပညာကောင်းတဲ့ ခင်ဗျာရဲ့

နောင်ကြီး ချင်ကျောင်ဖုန်တို့ကလဲ မြို့ထဲရောက်နေတော့ ကျုပ်တို့အဖို့ အကြီးအကျယ် ဒုက္ခရောက်နေတာပေါ့ဗျာ'

'ကျုပ်က ကျွန်းကျုံးရှုကို ရှာနေတာဗျ၊ မြို့ကိုမီးရှို့တာ ဒီကောင် သူ့ဆီမှာ ဘာအကြံတွေရှိနေပြီလဲ မသိဘူး'

'ကျုပ် ကြားရသလောက်တော့ ကျွန်းကျုံးရှုနဲ့အတူ ထိပ်တန်း သိုင်းသမားဆယ်ယောက် ပါလာသတဲ့၊ ခင်ဗျား စဉ်းစားကြည့်လေ၊ တံဆိပ်တော်ပေးအပ်ပွဲက မြို့ပြင်မှာလုပ်တော့ ဒီကောင်က မြို့ကို မီးရှို့တယ်၊ ဒါဟာ အာရုံလွှဲပြောင်းတာမျိုး၊ ကျုပ်စိတ်ထင်တော့ ခုဆို ရင်တောင် ကျွန်းကျုံးရှုဟာ တံဆိပ်တော်ပေးအပ်တဲ့ စင်မြင့်နားရောက် နေပြီလား မသိဘူး'

လုစုယာ ထိတ်ခနဲဖြစ်သွားသည်။

ဟွမ်ရီစုံ၏စကားက မှန်လှသည်။ အရှေ့ပင်လယ် ရှစ်ဆယ့် တစ်ကျွန်းမှ သိုင်းသမားများ၊ ပါချီမန်း၊ ချင်ကျောင်ဖုန်တို့ အားလုံး ဖုန်ရန် မြို့ထဲ ရောက်နေသည်။

မြို့ပြင်၌ ဘွန်လူအောနှင့်စန်းအော်တို့သာ ကျန်ရစ်သည်။

တံဆိပ်တော်ပေးအပ်ပွဲကျင်းပသည့် စင်မြင့်အနီးတွင် ဟွမ် ကျောက်ဘုန်းတော်ကြီးကျောင်းရှိရာ ကြူဝမ်ကြောင်သည်ပင်လျှင် ငယ်စဉ်အခါက ထိုကျောင်း၌ ပညာသင်ကြားခဲ့ဖူးသည်။

လုစုယာ ချက်ချင်းတွေးမိသည်။



'ကျွန်းကျုံးရှုဟာ လူလည်ပဲ၊ သူဟာ ဖုန်ရန်မြို့ကိုမီးရှို့ပြီး ဟွမ် ကျောက်ဘုန်းကြီးကျောင်းမှာ စတည်းချချင် ချနေလိမ့်မယ်၊ ငါ မြန်မြန် ပြန်မှ'

လုစုယာသည် ချက်ချင်းပင် မြို့ပြင်သို့ ပြန်ပြေးလေတော့၏။

သူသည် စင်မြင့်ရှိရာသို့ မသွားပေ။

ဟွမ်ကျောက်ဘုန်းကြီးကျောင်းဝင်းအတွင်းသို့သာ ပြေးဝင် သည်။

ကျောင်းအတွင်း၌ တစ်ဗုန်းဗုန်း တစ်ဒိုင်းဒိုင်း တိုက်ခိုက်သံများ ကြားနေရ၏။

'ငါ့စိတ်ထင်မှန်သွားပြီ ကျွန်းကျုံးရှု ဒီထဲမှာပဲ ရှိရမယ်'

လုစုယာ၏စိတ်ကူးမှာ မှန်လှပါသည်။ အလွန်မှန်ပါသည်။

ကျွန်းကျုံးရှု ရှိနေပါသည်။

သူတစ်ယောက်တည်းပင် မဟုတ်၊ သူသည် လူတစ်ယောက် ကိုပင် ဖမ်းချုပ်ထားပါသည်။

လုစုယာသည် ပထမ၌ ကျွန်းကျုံးရှုကိုသာမြင်သည်။ ကျွန်း ကျုံးရှု ဖမ်းထားသည့်လူကို မမြင်ပေ။ နောက်မှ ဖမ်းထားသူကို မြင် သည်။

ထိုအခါ လုစုယာ အကြီးအကျယ် ထိတ်လန့်သွားလေသည်၊ အဘယ်ကြောင့်ဆိုသော် -

ကျွန်းကျုံးရှ ဖမ်းထားသူမှာ ကြူဝမ်ကြောင်ဖြစ်နေသောကြောင့် တည်း။

ကျွန်းကျုံးရှသည် ကြူဝမ်ကြောင်ကို တစ်ဘက်မှဖမ်းထားပြီး တစ်ဘက်မှ ကြူဝမ်ကြောင်၏စစ်သည်များကို တိုက်ခိုက်နေသည်။

စစ်သည်တော်များ အတုံးအရုံးလဲကျနေသည်။ တပ်မှူးကြီး လျူကျိုပင်လျှင် သွေးအိုင်ထဲ၌ လဲကျနေသည်။ ကြည့်ရသည့်ပုံအရ လျူကျို သေဆုံးနေပုံရပေသည်။

ကျွန်းကျုံးရှ၏ နောက်လိုက်များနှင့် ကြူဝမ်ကြောင်၏စစ်သည်တော်များ အပြင်းအထန်တိုက်ခိုက်နေကြသော်လည်း တစ်ဘက်ရန်သူများမှာ ထိပ်တန်းသိုင်းသမားချည်းသာဖြစ်သဖြင့် စစ်သည်တော်များမှာ တဖြုတ်ဖြုတ် သေလျက်ရှိနေလေပြီ။

လုစုယာသည် အလွန်ထိတ်လန့်သွား၏။

ကြူဝမ်ကြောင်သာ တစ်စုံတစ်ခုဖြစ်သွားလျှင် အလွန်တရာ အားပြင်းနေသောမွန်ဂိုတို့ကို နှင်ထုတ်ရန်ကြိုးစားနေသော ဟန်တရုတ်တို့၏ တော်လှန်ရေးလုပ်ငန်းကြီးသည် အရှိန်အဟုန် တန့်သွားပေလိမ့်မည်။

ဤခေါင်းဆောင်မျိုးကိုရရန် နှစ်ပေါင်းများစွာ ပြန်စောင့်နေရဦးမည်။



ကျောက်စိမ်းတံဆိပ်တော်လည်း အချည်းအနှီး အကျိုးမဲ့ဖြစ်ရတော့မည်။

ကြူဝမ်ကြောင် မသေရေးသည် အလွန်အရေးကြီးလာသည်။

သို့သော် -

ကမူးရှူးထိုး ဝင်ကယ်၍လည်း မဖြစ်ချေ။ ကမူရှူးထိုး ဝင်ကယ်ပါက ကျွန်းကျုံးရှက ကြူဝမ်ကြောင်ကို သတ်ပစ်နိုင်သည်။

ထိုစဉ် -

စင်မြင့်ဘက်မှ မီးတောက်မီးလျှံများ တွေ့ရ၏။ အခြေအနေကို မျက်မြင်မဟုတ်သော်လည်း ဘွန်လူအောနှင့်စန်းအော်တို့အတွက် အခြေအနေ မကောင်းကြောင်းကိုတော့ ရိပ်မိလိုက်သည်။

သူ့အဖို့ အခက်တွေ့နေသည်။

ကြူဝမ်ကြောင်ကို မကယ်လည်းမဖြစ်၊ တစ်ဘက်မှလည်း ချစ်သူနှင့် ညီမကလေး ဒုက္ခရောက်နေသည်။

လုစုယာ ဗျာများနေခိုက် လူရိပ်နှစ်ရိပ် ကျောင်းထဲသို့ ပြေးဝင်ရောက်ရှိလာလေ၏။

လုစုယာ လွန်စွာဝမ်းသာသွားသည်။ ဝင်လာသူများကား ချင်ကျင်ဖုန်နှင့် ဘွန့်တိမ်စန်းတို့ပေတည်း။

'ကျွန်းကျုံးရှ မင်း ဘယ်ကိုပြေးဦးမလဲ။ ဖုန်ရန်မြို့လူထုရဲ့ အသက်အိုးအိမ်စည်းစိမ်အတွက် စစ်သည်တော်တွေရဲ့ အသက်

အိုးအိမ်စည်းစိမ်အတွက် မင်းရဲ့အသက်ကို ပေးလျော်ရမယ်'

ချင်ကျင်ဖုန်က ပြောပြောဆိုဆို ဓားကိုဝင့်လိုက်၏။

သို့သော် -

ကျန်းကျုံး၍ ဖမ်းဆီးထားသူမှာ မျိုးချစ်သူရဲကောင်းကြီး ကြူဝမ်ကြောင်မှန်း သိလိုက်ရသောအခါတွင်မူ သူလည်း ရှေ့မတိုး နိုင်တော့ပေ။

ဘွန်တိမ်စန်းလည်း ရှေ့မတိုးရဲပေ။

လုစုယာမှာမူ များစွာစိတ်သက်သာရာရသွား၏။ ကျန်းကျုံး၍သည် ကြူဝမ်ကြောင်ကို ချက်ချင်းသတ်ဦးမည်မဟုတ်၊ တောင်းဆိုမှု တစ်ခု လုပ်လိမ့်ဦးမည်။

ထို့ကြောင့် -

ချင်ကျင်ဖုန်း၊ ဘွန်တိမ်စန်းတို့နှင့်တိုင်ပင်ကာ ကြူဝမ်ကြောင် အတွက် ကယ်တင်မှုတစ်ခုခု ပြုလုပ်ရပေလိမ့်မည်။

'အစ်ကို ချင်ကျင်ဖုန်နဲ့ နောင်ကြီးဘွန်တိမ်စန်း၊ ကျန်းကျုံး၍ကို လက်လွှတ်မခံနဲ့၊ ထိန်းထားလိုက်ပါ၊ ကျွန်တော် အပြင်ကတိုက်ပွဲကို သွားကူလိုက်ဦးမယ်'

လုစုယာသည် ထိုမျှသာအော်ပြီး စင်မြင့်ရှိရာသို့ပြေးထွက် သွားလေတော့၏။



စင်မြင့်တွင် ဘွန်လူအောသည် ဒဏ်ရာရထားလျက်ဖြင့်ပင် သွေးနီဂိုဏ်းချုပ်ကြီးကို ရှုပ်ရှုပ်ခွဲခွဲခုခံတိုက်ခိုက်နေသည်။

သွေးနီဂိုဏ်းချုပ်ကြီးသည်လည်း ဓားဒဏ်ရာ သုံးချက်ရရှိထားသည်။

တစ်ချက်အံ့ဩစရာဖြစ်နေသည်မှာ စန်းအော်နှင့် လုံဟူစန်း တောင်ရသေ့များကို မတွေ့ရခြင်းပင်တည်း။

စင်မြင့်နောက်ပိုင်းတွင်လည်း မီးလောင်နေသည်။

အနောက်ဘက်မှ မီးလောင်တိုင်ကြီး ပြိုကျလာသောအခါ လုစုယာက လက်ဝါးစောင်းဖြင့် ရိုက်ထုတ်ဖယ်ရှားလိုက်သဖြင့် မီးလောင် တိုင်သည် ဘွန်လူအောအံပေါ် မကျရောက်တော့ချေ။

သို့သော် ကံဆိုးသူ မောင်ရှင်များဖြစ်ကြသော လင်းနို့နက်၊ မျောက်မွေးဖြူနှင့် ဝါးစိမ်းမြွေတို့အပေါ် သွားကျသည်။

ထိုသုံးယောက်မှာ စန်းအော်၏ကျောက်စိမ်းလက်ချောင်း သိုင်းဖြင့် အကြောပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်ကြသဖြင့် မီး လောင်ခံနေကြရသည်။

လုစုယာမှာ ထိုသုံးယောက်ကို သတိမပြုမိပေ။ သူက ဘွန်လူ အောကိုကယ်တင်ရန်သာ စိတ်ကူးနေသည်။

'အစ်ကို -'

ဘွန်လူအောက ဝမ်းသာအားရအော်လိုက်၏။

သွေးနီဂိုဏ်းချုပ်ကြီးမှာ တပည့်သုံးယောက် မီးလောင်ခံနေရခြင်းကို သိသည်။

ထို့ကြောင့် ဘွန်လူအောကို စိတ်အဆိုးကြီး ဆိုးနေလေသည်။

သူသည် စိတ်ဆိုးမာန်ဆိုးဖြင့် အပြင်းထန်ဆုံးသောလက်ဝါးဖြင့် ရိုက်ချသည်။

'ထောက် - '

'ဝုန်း - '

လုစုယာက လျှပ်တစ်ပြက်ဝင်ပြီး ကျောက်စိမ်းလက်ချောင်းသိုင်းဖြင့် ခုခံလိုက်သောအခါ သွေးနီဂိုဏ်းချုပ်ကြီးသည် တစ်ဝက်တစ်ပျက် မီးလောင်နေပြီဖြစ်သော စင်မြင့်ပေါ်မှ လွင့်ကျသွားသည်။

ထိုအချိန်၌ စင်မြင့်မီးသည် အရှိန်အဟုန်ပြင်းစွာ တောက်လောင်နေပြီဖြစ်၍ လုစုယာတို့ပင် မီးအပူဒဏ် မခံနိုင်တော့ပေ။

'ညီမ - လူအော၊ မြန်မြန်လာ၊ စင်မြင့် ပြိုကျတော့မယ်'

လုစုယာသည် ဘွန်လူအော၏ လက်မောင်းကို ဆွဲကာ စင်မြင့်ပေါ်မှ ဝေးနိုင်သမျှဝေးအောင် ခုန်ပျံထွက်လိုက်လေ၏။

မြေပေါ်သို့ ရောက်လျှင်လည်း နားမနေပေ။ ဆက်ပြေးသည်။

'ဝုန်း - ဝုန်း'



မီးလောင်စင်မြင့်ကြီးသည် ကြောက်မက်ဖွယ်ရာ ပြိုကျလာလေတော့သည်။

တဟုန်းဟုန်း မီးတောက်နေသည့်တိုင်များ၊ အမိုးအကာများအားလုံးသည် သွေးနီဂိုဏ်းချုပ်ကြီးနှင့် သူ့တပည့်သုံးဦး လဲကျနေသည့်နေရာသို့ ဖုံးလွှမ်းကျရောက်သွားလေ၏။

'သွားပြီ၊ သူတို့ကို ဘယ်လိုမှမကယ်နိုင်တော့ဘူး'

လုစုယာက တီးတိုးရေရွတ်လိုက်၏။

'ကိုယ် မီးလောင်ခံရပြီး အတ္တအကျိုးကိုချည်း ကြည့်နေတဲ့လူတွေကို ကယ်ဆယ်ရမယ်ဆိုတာတော့ နည်းလမ်းမကျပါဘူး အစ်ကိုရယ်၊ သူတို့ လူမိုက်ဇာတ်သိမ်းသွားတယ်လို့သာ မှတ်လိုက်ရမှာပေါ့'

ဘွန်လူအောက သွေးနီဂိုဏ်းချုပ်ကြီးတို့ကို မကယ်တင်နိုင်သည့်အတွက် စိတ်မကောင်းဖြစ်နေသောလုစုယာကို နှစ်သိမ့်လိုက်ရသည်။

❖ ❖ ❖

## အခန်း (၂၁၂)
## ကောရင်လောင်း၏ ကံကြမ္မာ

လုစုယာသည် သူ့အကျီလက်စရှည်ကို ဆုတ်ဖြဲပြီး ဘွန်လူအောင်၏ဒဏ်ရာများကို ပတ်တီးစည်းပေးလေ၏။

'သက်သာရဲ့လားဟင်'

လုစုယာက ကြင်နာစွာမေးလိုက်၏။

ဘွန်လူအောက မျက်ရည်ဝဲသောမျက်လုံးများဖြင့် မော်ကြည့်ပြီး ခေါင်းညိတ်ပြသည်။ သူမ၏မျက်ကွင်းများ ညိုနေသည်။

နှုတ်ခမ်းထောင့်၌ သွေးစများ စွန်းနေ၏။ လုစုယာ စိတ်ပူသွားသည်။



'ညီမ - အတွင်းဒဏ်ရာ ရထားသလား'

'ညီမအတွက် ကိစ္စမရှိပါဘူး၊ ညီမလေးစန်း-စန်းအော်အတွက်သာ အရေးကြီးပါတယ်၊ သူက ရသေ့ကိုးပါးကို စိန်ခေါ်နေတာ၊ သူဟာ ရသေ့တွေကို သူသေကိုယ်သေ တိုက်ခိုက်မှာသေချာပါတယ်'

ဘွန်လူအောက အရှေ့မြောက်ထောင့်သို့ လက်ညှိုးညွှန်ပြ၏။

'ဒါဖြင့် ညီမ ဒီမှာပဲနားနေနော်၊ အစ်ကိုလိုက်သွားလိုက်မယ်'

ဘွန်လူအောက နှမ်းလျစွာခေါင်းညိတ်ပြလေ၏။

လုစုယာသည် ချက်ချင်းထပြေး၏။

ဆယ်လှမ်းမျှပြေးပြီး လှည့်ကြည့်လိုက်သောအခါ ဘွန်လူအောလဲကျသွားသည်ကို မြင်လိုက်ရသည်။

'ဟင် - သူ - သူ တကယ်ပဲ အတွင်းဒဏ်ရာရနေပြီကိုး'

လုစုယာ အထိတ်တလန့်ပြန်ပြေးလာရ၏။ ဘွန်လူအော၏ကျောရိုးမကြီးကို နှိပ်ပေးရသည်။

ပါးစပ်ထဲသို့ ဒဏ်ကြေဆေးတစ်လုံးခွံ့ပေးရသည်။

ထို့နောက် ဘွန်လူအောကိုပွေ့ချီကာ အရှေ့မြောက်ထောင့်သို့ ဆက်လက်ပြေးထွက်လာရတော့သည်။

ပြေးရင်းလွှားရင်း ဘွန်လူအော သတိရလာ၏။

ဘွန်လူအောက အဖြစ်အပျက်ကိုပြောပြသည်။

တံဆိပ်တော်သည် သူမလက်ထဲ၌ မရှိတော့ပေ။ စန်းအော်လက်ထဲသို့ ရောက်နေလေပြီ။

'ညီမ သဘောမပေါက်တာတစ်ခုရှိတယ်အစ်ကို၊ ရသေ့ကြီးတွေကို ညီမလေးစန်းအော်က ဓားနဲ့ထိုးတယ်၊ ဓားလုံးဝမထိုးဘူး။ အဲဒါဘာသဘောလဲ မသိဘူး'

လုစုယာပင် ဟင်ခနဲဖြစ်သွား၏။

လုံဟူစန်းတောင်ရသေ့များ၏ လျှို့ဝှက်ချက်ကို လုစုယာ မသိနိုင်ပေ။

ရှေ့ဘက်တောအုပ်အတွင်းမှ ခုတ်သံထစ်သံ မာန်သွင်းသံများ ကြားရသဖြင့် လုစုယာသည် ထိုတောအုပ်အတွင်းသို့ ပြေးဝင်လာသည်။

တွေ့ပါလေပြီ။

စန်းအော်တစ်ယောက်တည်းကို ရသေ့ကြီးကျန်းကြည်ကြည်နှင့် ကျန်းကြည်ချူတို့က နှစ်ယောက်ဝိုင်း၍တိုက်နေသည်။

စန်းအော်သည် အလွန်တရာ ရဲရဲ့သည့်မျက်နှာထားဖြင့် ရသေ့နှစ်ပါးကို ခုခံတိုက်ခိုက်နေသည်။

သူမ၏ပိပြားပါးလျားသော နှုတ်ခမ်းများမှာ တင်းတင်းကိုက်ထားသဖြင့် သွေးထွက်လုမတတ် ဖြစ်နေ၏။



သူမသည် သူမသေလျှင် ရသေ့တစ်ပါးပါးကို အဖော်ခေါ်သွားမည်ဟု ဆုံးဖြတ်ထားသည့်နှယ် မကြောက်မရွံ့ တိုက်ခိုက်နေသည်။

ဤမျှ သေရေးရှင်ရေးအတွင်း တက်သစ်စနေလုလင်ကဲ့သို့ ကြည်လင်လှသော စန်းအော်၏မျက်နှာကလေးကို ကြည့်ပြီး လုစုယာများစွာ လေးစားသွားသည်

'ဩော် - ညီမလေး - ညီမလေး - တကယ့် သူရဲကောင်းမလေး၊ သူသာ သည့်ထက်အဆင့်မြင့်ရင် ရသေ့ကိုးပါးစလုံးကိုတောင် တမလွန်ဘဝကို ခေါ်သွားတဲ့ အာဇာနည်မလေး ဖြစ်မှာပါလား'

လုစုယာသည် ဘွန်လူအောကို သစ်ပင်ခြေရင်းတွင် မှီချထားပေးပြီး တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်သွားလေ၏။

'ရသေ့ကြီးတို့ - ကိုယ့်ရဲ့ ဂိုဏ်းတူမြေး၊ ဂိုဏ်းတူ တူမလေးကိုတောင်မှ ဒီလို ရက်ရက်စက်စက် တရားမမျှမတ တိုက်ခိုက်ရဲကြပါတလား။ အတော်ချီးကျူးစရာတော့ ကောင်းနေပြီ'

ရသေ့များကား ဘာမျှပြန်မဖြေတော့ပေ။

လုစုယာ ဝင်လာသည်နှင့် ကျန်းကြည်ဝူ ကျန်းကြည်ချင်တို့ ပြေးလာပြီး တိုက်ခိုက်ကြ၏။

ရသေ့တို့သည် မိန်းမငယ်လေးတစ်ယောက်ကို အင်အားကြီးဖြင့် ဝိုင်းတိုက်နေပြီးဖြစ်၍ မထူးတော့ပြီဟုဆုံးဖြတ်ကာ လုစုယာကိုလည်း တရကြမ်း တိုက်ခိုက်ကြခြင်းဖြစ်၏။

ကတိစကားအရဆိုလျှင် သူတို့သည် လုစုယာကို စောင့်၍ တိုက်ရမည်ဖြစ်သည်။

ကျန်းကြည်ချင်က လုစုယာအား နှလုံးတွဲ့ အသည်းခွေလက်ဝါးဖြင့် ရိုက်၏။

လုစုယာသည် ဓားကို အသုံးပြုရန်ကြံပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်၏။

ထိုအခါ ဓားကိုမသုံးတော့ဘဲ ကျန်းကြည်ချင်၏ပခုံးကို ရိုက်ချလိုက်သည်။

'ဝုန်း'

ကျန်းကြည်ချင် လွင့်သွားသည်။

တစ်ဆက်တည်းမှာပင် လုစုယာက ကျန်းကြည်ဝူကိုပါ လက်ဝါးဖြင့် ရိုက်ပြန်သည်။

'ဗုန်း'

ကျန်းကြည်ဝူ လွင့်စဉ်သွားပြန်၏။

ကျန်းကြည်ဝူမှာ နာကျင်လွန်းသဖြင့် မျက်ရည်များပင် တွေတွေကျဆင်းလာသည်။

လုစုယာသည် လျှပ်တစ်ပြက်ခုန်ဝင်လာပြီး ကျန်းကြည်ဝူကို အကြောထိုးပိတ်လိုက်၏။



ကျန်းကြည်ဝူ ဝတ်ဆင်ထားသည့် သစ်ခေါက်ဆိုးသက်န်းကို ဆွဲဖယ်လိုက်သောအခါ အတွင်း၌ ကိုယ်ကျပ်အင်္ကျီတစ်ထည် ဝတ်ထားကြောင်း တွေ့ရသည်

ထို ကိုယ်ကျပ်အင်္ကျီမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်နေသည်။

လုစုယာသည် ချက်ချင်းသဘောပေါက်သွားလေတော့၏။

'ညီမလေးစန်းအော် - ဘာမှမကြောက်နဲ့တော့၊ သဲကန္တာရထဲမှာ တွေ့ခဲ့တဲ့ ကန္တာရင့်ဂက်လူမျိုးတွေရဲ့ ကိုယ်ကျပ်အင်္ကျီတွေကို ရသေ့တွေ ရလာတယ်၊ အဲဒီလူမျိုးတွေကို တို့ ဘယ်လိုတိုက်ခိုက်ခဲ့တယ်ဆိုတာ မှတ်မိရဲ့မဟုတ်လား'

စန်းအော် အားတက်သွားသည်။

လုစုယာ ရောက်လာကတည်းက သူမ အားတက်နေခဲ့ပေသည်။

ယခု ရသေ့များကို မည်သို့မည်ပုံတိုက်ခိုက်ရမည်ကို သိသောအခါ ပို၍ရဲဝံ့လာသည်။

စန်းအော်နှင့် လုစုယာတို့သည် အပြင်းအထန်တိုက်ခိုက်ကြရာ မာန်သွင်းသံ၊ တိုက်ခိုက်သံများ ဆူညံစွာထွက်ပေါ်လာသည်။

နောက်ဆုံး၌ ရသေ့များမှာ လဲသူလဲ၊ ကွဲသူကွဲ ဖြစ်ကုန်သည်။

သူတို့သည် ဖျံ့ခင်းကိုးကွက်ကို အကွက်ချ မခင်းနိုင်မီ လုစုယာက တရကြမ်းတိုက်ခိုက်ခဲ့ခြင်းကြောင့် ဤသို့ပြိုကွဲသွားရခြင်းဖြစ်သည်။

ရသေ့များ၏အဓိကအားကိုးမှာ ကိုယ်ကျပ်အင်္ကျီပင်ဖြစ်သည်။

ဖျံ့ခင်းကိုးကွက်နှင့် ကိုယ်ကျပ်အင်္ကျီ ပေါင်းစပ်လိုက်ပါက လုစုယာက သူတို့အား မည်သို့မျှ မနိုင်နိုင်ဟု ရသေ့များက တွက်ချက်ပြီး သွေးနီဂိုဏ်းချုပ်ကြီးနှင့် သဘောတူခဲ့သည့်ကတိစကားကို ပယ်ဖျက်ခဲ့ကြခြင်းလည်း ဖြစ်ပေသည်။

ကျွန်းကြည်ကြည်သည် အကြီးအကျယ်စိတ်ဓာတ်ကျသွားလေ၏။

လုစုယာက အံကြိတ်၍ပြောလိုက်သည်။

'တဲ - ရသေ့ကြီး။ ဆက်တိုက်ခိုက်ဦးမှာလား'

ကျွန်းကြည်ကြည်က ဆတ်ခနဲမော့လိုက်၏။

'လုစုယာ - မင်း ဘာမှမပြောနဲ့ ကြိုက်သလိုစီရင်နိုင်တယ်'

သူက ပြတ်သားစွာပြောသည်။

ရှုံးသည့်အတွက် ဝမ်းနည်းနေသော်လည်း သူ့လေသံက မာကျောခက်ထန်လှသည်။

လုစုယာက ကျွန်းကြည်ဝူကို ဆွဲထူလာပြီး ကျွန်းကြည်ကြည်၏



ရှေ့၌ချလိုက်၏။ ကျွန်းကြည်ကြည်၏ ကိုယ်ကျပ်အင်္ကျီသည် အစိတ်စိတ်အမြွှာမြွှာ ကွဲလျက်ရှိနေသည်။ လုစုယာက သွေးကြောကိုပါ ဖွင့်ပေးလိုက်သည်။

'တွေ့လား - ခင်ဗျားတို့ရဲ့ကိုယ်ကျပ်အင်္ကျီ၊ ခင်ဗျားတို့ဟာ ဒီကန္တာရငှက်တွေရဲ့လျှို့ဝှက်ချက်ကို ရလာတာတော့ မှန်တယ်၊ ဒါပေမယ့် သူတို့ရဲ့အရည်အသွေးကိုမီအောင်တော့ မယက်လုပ်နိုင်သေးဘူး။ နောက်တစ်ခါဆိုရင် အင်္ကျီတင် ကွဲရုံမကဘူး ခင်ဗျားတို့ ကိုယ်ထဲက ကလီစာတွေပါ ကွဲအောင်ရိုက်ပစ်မယ်'

လုစုယာသည် ရသေ့အားလုံးကို သွေးကြောများဖွင့်ပေးလိုက်၏။

ကျွန်းကြည်ကြည်၏မာနများ လျော့ကျသွားလေတော့သည်။

သူ ဘာစကားမျှ မပြောတော့ပေ။ ခေါင်းငုံ့ကာ ထွက်သွားသည်။

သူ့ညီတော်ရသေ့များလည်း ဒယိမ်းဒယိုင်ဖြင့် သူ့နောင်တော်နောက်မှ လိုက်ပါသွားကြတော့သည်။

လုံဟူစန်းတောင်ရသေ့များ၏ အန္တရာယ်ကား တစ်ခန်းသိမ်းသွားလေပြီ။

ဤရသေ့များသည် နောင်တွင် သိုင်းလောကနှင့်ကျင်လည်

ကောင်းမှ ကျင်လည်ပေတော့မည်။

'ဟင် - မမဘွန်လူအော'

စန်းအော်သည် ဘွန်လူအောကိုမြင်ပြီး သစ်ပင်ခြေရင်းသို့ ပြေးထွက်သွား၏။ ဘွန်လူအောကား မှေးမှောနေသည်။ လုစုယာက အခြေအနေကို စမ်းသပ်ကြည့်၏။

'သိပ်စိုးရိမ်စရာတော့ မရှိပါဘူး၊ စောစောကလဲ ဒဏ်ကြေဆေး တစ်လုံး ကျွေးလာခဲ့တယ်၊ သူ့ကို ညီမလေးပဲ ထမ်းလာခဲ့ပေတော့'

စန်းအော် ဖုံညြသွား၏။

'ဟင်း - အစ်ကိုကလဲ ဒီလောက် ဒီမှာအရေးကြီးနေတဲ့ဟာကို အစ်ကိုက ဘာဖြစ်လို့မသယ်တာလဲ'

'သူ - မသေနိုင်ပါဘူး၊ ဟွမ်ကျောက်ဘုန်းကြီးကျောင်းထဲမှာ ကြူဝမ်ကြောင်ဟာ ကျန်းကျုံးရှူလက်ထဲ ရောက်နေတယ်၊ ကြူဝမ်ကြောင်ကို ကယ်ရဦးမယ်'

လုစုယာသည် ပြေးထွက်သွားလေတော့၏။ စန်းအော်သည် ဘွန်လူအောကိုထမ်းပြီး လုစုယာနောက်သို့လိုက်သွား၏။

ဟွမ်ကျောက်ဘုန်းတော်ကြီးကျောင်း၏ ခန်းမထဲတွင် လူများ ပြည့်နေလေပြီ။

အရှေ့ပင်လယ်မှသိုင်းသမားများ၊ ပြည်မမှသိုင်းသူ့ရဲကောင်း



များ၊ တပ်မှူးကြီးများဖြစ်သည့် ချီတာနှင့် ချန်ရှီရွှန်းတို့အားလုံး ရောက်နေကြသည်။

သူတို့သည် ကျန်းကျုံးရှူကို တိုက်ခိုက်ခြင်းမပြုနိုင်ကြသေးပေ။

ကျန်းကျုံးရှူ၏လက်ထဲ၌ သူရဲကောင်းကြီးကြူဝမ်ကြောင် ရှိနေသောကြောင့် ဖြစ်သည်။

လုစုယာ ရောက်လာသောအခါ အားလုံးပင် ဝမ်းသာအားတက် သွားကြ၏။

ဟွမ်ရီစုံက သိုင်းသမားများအား တီးတိုးပြောလိုက်သည်။

မကြာမီ သိုင်းသမားများသည် မသိမသာ ခွဲထွက်ပြီး ကျန်းကျုံး ရှူအား ဝိုင်းတားထားလိုက်ကြလေ၏။

ကျန်းကျုံးရှူအနေဖြင့် လွတ်လွတ်ကျွတ်ကျွတ်ကား ထွက်မပြေး နိုင်တော့ပေ။

ပြေးချင်လျှင် တိုက်ခိုက်ထိုးဖောက်ပြီးမှသာ ထွက်ပြေးနိုင် တော့မည်။

မကြာမီ စန်းအော်လည်း ဘွန်လူအောကိုထမ်းပြီး ရောက်ရှိ လာ၏။ အရှေ့ပင်လယ်မှသိုင်းသူ့ရဲကောင်းများထဲမှ ဆေးပညာ တတ်ကျွမ်းသူများက ဘွန်လူအောကို လွတ်ရာကျွတ်ရာသို့ ခေါ်သွား ပြီး ကုသပေးကြသည်။ စန်းအော်သည် ကြူဝမ်ကြောင်ကို စားစာခံ

လုပ်ပြီးတင်းခံနေသော ကျွန်းကျိုးရှုကိုတွေ့သောအခါ ထွီခနဲ တံတွေးထွေးလိုက်သည်။

'ထွီ - ဘာသိုင်းသမားလဲ၊ အမြတ်မြဲ ညစ်ပတ်ယုတ်မာတဲ့နည်းနဲ့ အနိုင်ယူချင်တဲ့ အောက်လမ်းသိုင်းသမားပဲ၊ ရှင်က မျိုးချစ်ခေါင်းဆောင်ကြီးကိုဖမ်းထားနိုင်တာနဲ့ ရှင့်ကို မသတ်ကြတော့ဘူးလို့ ထင်နေသလား၊ ဒီမှာ ကျွန်းကျိုးရှု ရှင့်လိုသစ္စာဖောက်ကို တတ်နိုင်သမျှနည်းနဲ့ သတ်မယ်ဆိုတာ ယုံ၊ နားလည်လား'

တစ်ဖက်နှင့်တစ်ဖက် အမုန်းများနှင့်စောင့်ကြည့်နေကြသည့် ခန်းမကြီးသည် စန်းအော်ရောက်လာသောအခါမှသာ ငြိမ်းခြောက်ငေါက်ငမ်းသံနှင့် စီစီဝေဝေဖြစ်လာတော့သည်။

'ဟား - ဟား - ဟား'

ကျွန်းကျိုးရှုက အောင်နိုင်သူကဲ့သို့ ရယ်မောလိုက်လေ၏။ သူသည် ကြူဝမ်ကြောင်ကိုထိန်းချုပ်ကာ တံခါးမကြီးဆီသို့ တဖြည်းဖြည်း ဆုတ်သွားနေလေ၏။ သူ့တပည့်များကလည်း တရွေ့ရွေ့ နောက်ဆုတ်သွားကြသည်။ လုစုယာတမူ မလှုပ်မယှက် ရပ်ကြည့်နေသည်။

စန်းအော်က တဖြည်းဖြည်း နောက်ဆုတ်သည်။ ကျွန်းကျိုးရှုက စန်းအော်၏လှုပ်ရှားမှုကို မြင်သည်။



'လုံမလေးကျွန်း - ဘာလုပ်တာလဲ၊ ဒီမှာကြည့်'

သူသည် ကြူဝမ်ကြောင်၏ပခုံးကို ညှစ်လိုက်၏။ ကြူဝမ်ကြောင်သည် ပထမဦးအံကြိတ်ခံသေးသော်လည်း နောက်ပိုင်း၌ နာကျင်စွာ အော်ဟစ်မိသည်။

'တွေ့လား - သေသွားမယ်၊ အားလုံး ဘယ်သူမှမလှုပ်နဲ့'

စန်းအော် ရပ်သွားရသည်။

လုစုယာ ထိတ်လန့်သွားပြီး စန်းအော်ကို လှမ်းငေါက်၏။

'ကျွန်းကျိုးရှု ပြဿနာကို အေးအေးဆေးဆေး ဆွေးနွေးလို့ရပါတယ်၊ မျိုးချစ်သူရဲကောင်းကြီးကို ခင်ဗျားကိုယ်ထိလက်ရောက် မစော်ကားသင့်ဘူး'

လုစုယာက ကျွန်းကျိုးရှုကို အေးစက်စက်လှမ်းပြော၏။

ကြူဝမ်ကြောင်က -

'လုစုယာ ကျုပ်ကို ဘာမှငဲ့နေဖို့မလိုဘူး၊ ဒီအမျိုးယုတ် သစ္စာဖောက်နဲ့ ဘာမှအပေးအယူမလုပ်နဲ့၊ ကျုပ်သေသွားရင် နောက်ထပ်ခေါင်းဆောင်တစ်ယောက် ထပ်ပေါ်လာဦးမှာပဲ၊ ဒီအမျိုးယုတ်ကိုသာ ရှင်းပစ်လိုက်'

ပြတ်သားလှသော ကြူဝမ်ကြောင်၏စကားကို ကြားသောအခါ သိုင်းသမားအားလုံးပင် ကြူဝမ်ကြောင်၏စိတ်ဓာတ်ကို လွန်စွာ

လေးစားကြည်ညိုသွားကြ၏။

ခေါင်းဆောင်ဆိုသည်မှာ သည်လိုလူမျိုးပါလားဟု နားလည်သဘောပေါက်သွားကြလေ၏။

ကျွန်းကျုံးရှသည် ကြျဝမ်ကြောင်၏ရဲရဲတောက်စကားများကို ကြားပြီး သူ့အား ဝိုင်းသတ်ပါက အကျိုးနည်းရတော့မည်ဟု တွေးမိပြီး ကြျဝမ်ကြောင်၏သွေးကြောကို ထိုးပိတ်လိုက်တော့သည်။

ကျွန်းကျုံးရှက -

'ကဲ - တက်လာရဲရင် တက်လာကြ၊ ကြျဝမ်ကြောင်ကို သတ်ပစ်မှာ အသေအချာပဲ၊ မသတ်ရဲဘူးလို့တော့ မထင်နဲ့၊ သူ့လို အရည်အချင်းရှိတဲ့လူမျိုးကို လိုချင်ရင် ခင်ဗျားတို့ နောက်ထပ်ဆယ်နှစ်လောက် စောင့်ရဦးမှာဗျ၊ သိကြရဲ့လား။ ဒါတောင် မသေချာသေးဘူး'

လုစုယာ သိသည်။ ကျွန်းကျုံးရှလိုချင်သည်မှာ ကျောက်စိမ်းကေရာဇ်တံဆိပ်တော်ပဲ ဖြစ်သည်။ လုစုယာအနေဖြင့် ကျွန်းကျုံးရှ၏လက်ထဲသို့ တံဆိပ်တော်အပ်ရန်မှာ မခက်ခဲပါ။

ကြျဝမ်ကြောင်ကိုသာ ဘေးကင်းရန်ကင်းရရှိပါက တံဆိပ်တော်အစစ်ကို ပေးပစ်လိုက်မည်သာဖြစ်ပါသည်။

သို့ရာတွင် ကျွန်းကျုံးရှမှာ မည်သို့မျှယုံကြည်စိတ်ချရသောလူမျိုးမဟုတ်ချေ။ သူ့ကိုယ်ကျိုးအတွက်ဆိုလျှင် အမေအရင်းကိုပင်



လုပ်ကြံမည့်သူမျိုး ဖြစ်နေသည်။

သိုင်းသမားအားလုံး မည်သူမျှမလှုပ်ရဲကြပေ။

အားလုံး၏မျက်လုံးများသည် လုစုယာဆီသို့သာ အားကိုးတကြီး ကြည့်နေကြတော့သည်။

❖ ❖ ❖

## အခန်း(၂၁၃)
## ကေရာင်နှင့်နိုင်ငံတော်

လုစုယာမှာ ဟွမ်ရီစုံကို မသိမသာကြည့်မိ၏။

လုစုယာမှာ သိုင်းပညာထက်မြက်သော်လည်း ဟွမ်ရီစုံတို့ကဲ့သို့ ကား ဉာဏ်နီဉာဏ်နက် မများရှာပါ။

ထို့ကြောင့် သူသည် ကျန်းကျုံးရှုကို တိုတိုနှင့်လိုရင်းကိုပင် မေးလိုက်ပါသည်။

'ကျန်းကျုံးရှု မင်းဘာလိုချင်သလဲ ပြော၊ အေး - ကြုံဝမ်ကြောင် ကိုတော့ မှဲ့တစ်ပေါက် မစွန်းစေနဲ့'

ကျန်းကျုံးရှု၏မျက်လုံးများ အရောင်တောက်ပလာ၏။

'ခင်ဗျား တကယ်ပြောနေတာလား'



'ငါ ဘယ်တုန်းကမှ လိမ်မပြောခဲ့ဘူး'

'ဒါဖြင့် ကောင်းပြီ၊ ကျုပ်လိုချင်တာ ကျောက်စိမ်းကေရာဇ်တော်ပဲ၊ ကြုံဝမ်ကြောင် မှဲ့တစ်ပေါက်မစွန်းစေရဘူးလို့ ကျုပ် ကတိပေးတယ်'

'မင်းကိုတော့ ငါယုံတယ် မထင်ပါနဲ့၊ ဒါပေမယ့် ငါစွန့်စားမှာပါ၊ တံဆိပ်တော်အစစ်ကိုလဲ တကယ်ပေးမှာပါ၊ အေး တံဆိပ်တော်ကိုလဲ ယူ ခေါင်းဆောင်ကြီးကိုလဲ ဒုက္ခရောက်စေမယ်ဆိုရင်တော့ မင်းမလွယ် ပါဘူး၊ အသက်မရှိတဲ့ မင်းရဲခန္ဓာကိုယ်ဟာ တံဆိပ်တော်အစစ်ကြီးကို ရထားပေမယ့် ဘာမှခံစားနိုင်မှာ မဟုတ်ဘူးဆိုတာတော့ ယုံထား ကျန်းကျုံးရှု'

လုစုယာက အံကြိတ်၍ပြောလိုက်၏။

ကြုံဝမ်ကြောင်ကိုသာ ဒုက္ခရောက်စေမည်ဆိုပါက သူက ကျန်းကျုံးရှုကိုသတ်မည်ဟု ပြောဆိုခြင်း ဖြစ်သည်။

အသက်ရှိမှသာ ကျောက်စိမ်းတံဆိပ်တော် တန်ဖိုးရှိမည်။ အသက်မရှိပါက ကျောက်စိမ်းတံဆိပ်တော် မည်သို့မျှ တန်ဖိုးမရှိနိုင် ဟု ကျန်းကျုံးရှုကို သတိပေးခြင်းဖြစ်သည်။

လုစုယာသည် စန်းအော်ကိုလှည့်ကြည့်လိုက်၏။

လုစုယာ စိတ်ဓာတ်ကျသွားသည်။ စန်းအော်ကား မပြုံးတော့

ပေ။

ကျွန်းကျုံးရွှ၏ ယခင်ကရည်မှန်းချက်မှာ တစ်မျိုးဖြစ်၏။

ယခုမူ ရည်ရွယ်ချက်တစ်မျိုး ဖြစ်သွားသည်။ ကျောက်စိမ်းကျောက်တံဆိပ်တော်ကိုကိုင်ပြီး ကျောက်လုပ်ရန် ရည်ရွယ်လာခဲ့ပေသည်။

ကျွန်းကျုံးရွှက -

'လုစုယာ တံဆိပ်တော်ကို ကျုပ်လက်ထဲထည့်ပေတော့'

လုစုယာမှာ တကယ်ပေးချင်သည့်တိုင်အောင် တံဆိပ်တော်ကို သိမ်းထားသည့်စန်းအော်မရှိသဖြင့် ပေးရခက်နေသည်။

ကျွန်းကျုံးရွှမှာ လုစုယာ အခက်အခဲကို မသိပေ။ သူ့ကို တံဆိပ်တော် မပေးချင်သဖြင့် ညာ၏များနေခြင်းသာ ထင်သည်။

'ဘယ်လိုလဲ၊ ခင်ဗျားတို့ပေးကြနော်၊ မပေးရင်တော့ ကြုံဝမ်ကြောင်ကို နေပြည်တော်အထိ ဖမ်းခေါ်သွားရမှာပဲ'

လုစုယာက နွမ်းနယ်စွာပြောသည်။

'ကျွန်းကျုံးရှု ငါ တစ်နည်းတစ်လမ်းတော့အကြံရပြီ၊ မင်းကြုံဝမ်ကြောင်ကို လွှတ်ပေးပါ၊ တို့ တော်လှန်ရေးကြီးလဲ အောင်တော့မှာပါ၊ အောင်ရင် မင်းကို ဘာမှအပြစ်မပေးတဲ့အပြင် ဂုဏ်ထူးဆောင်အမတ်ကြီးအဖြစ် ခန့်အပ်ပေးပါ့မယ်၊ ဘယ်လိုသဘောရသလဲ'



လုစုယာ စကားဆုံးသောအခါ ခြေတစ်လှမ်းတက်သည်။

'ခင်ဗျား နောက်ထပ် ခြေတစ်လှမ်းတိုးမလာနဲ့'

လုစုယာ ထပ်မတက်ရဲတော့ပေ။

ထိုစဉ် တခစ်ခစ်ရယ်သံနှင့်အတူ စန်းအော် ရောက်လာ၏။

'အစ်ကိုလုစုယာ သူ့ကို ကျောက်စိမ်းတံဆိပ်တော် ပေးလိုက်ပါ၊ ပေးမှအေးမယ့်ကိစ္စဆိုတော့ ပေးလိုက်တာပဲကောင်းပါတယ်'

စန်းအော်၏ဘေးတွင် ဟွမ်ရိုစုံကိုပါတွေ့လိုက်ရသဖြင့် လုစုယာ ဝမ်းသာအားတက်သွားသည်။

'ညီမလေး - နင် ဘာတွေဝင်ပြောနေတာလဲ'

စန်းအော်က လုစုယာ၏စကားကို ဂရုမစိုက်ဘဲ သူ့အတွင်းအိတ်ထဲမှကျောက်စိမ်းတံဆိပ်တော်ကို ဆွဲထုတ်လိုက်သည်။

ဘွန်တိမ်စန်းက ဝင်တားရာ စန်းအော်က တွန်းထုတ်ပစ်လိုက်၏။ သူမသည် ပတ်ထားသည့် အဝတ်များကို ဆွဲဖယ်ပစ်လိုက်ပြီး တံဆိပ်တော်ကို မြှောက်ပြထားလိုက်လေ၏။

'ဒီပစ္စည်းဟာ တရုတ်မင်းဆက်တွေ အစဉ်အဆက်မြတ်နိုးသုံးစွဲခဲ့တဲ့ နန်းစဉ်နန်းဆက်သုံး ကျောက်စိမ်းကျောက်တံဆိပ်တော်အစစ်ပါ၊ ဟောဒီထောင့်မှာကြည့် အပဲ့ကလေး ပါနေတယ်၊ ကျောက်စိမ်းတံဆိပ်တော် အတုတွေမှာ ဘာအပဲ့မှ မပါဘူး၊ ဒီတံဆိပ်တော်

ကို ပါရှားမှာဝှက်ထားခဲ့တာ၊ အဲဒါကို ကျွန်မတို့လူသိုက်က အပင်ပန်းခံပြီး ရှာကြံယူခဲ့ကြရတာပါ'

ကျွန်းကျူးရှုမှာ တံဆိပ်တော်ကို မျက်လုံးပြူးမျက်ဆံပြူး စိုက်ကြည့်နေ၏။

'ပေး - ပေး - ကျောက်စိမ်းတံဆိပ်တော်ကို ပေးစမ်း'

'လာလေ - လာယူပေါ့'

စန်းအော်က လေအေးအေးကလေးဖြင့်ပြောသည်။

ကျွန်းကျူးရှုမျက်နှာ မည်းခနဲဖြစ်သွား၏။ အန္တရာယ်ကို တွေးမိသွားသည်။

ထိုစဉ် စန်းအော်က ရှေ့သို့တိုးလာ၏။

ကျွန်းကျူးရှုက အထိတ်တလန့် အော်ဟစ်လိုက်သည်။

'ရပ်လိုက် -'

'ရှင်က တံဆိပ်တော်ကို မယူတော့ဘူးလား'

'မင်းက ဘာဖြစ်လို့ ဒီလောက်တောင် သဘောကောင်းနေရတာလဲ'

'စောစောက ရှင်ပဲပြောတာပဲ၊ တံဆိပ်တော်ကို မပေးရင် မျိုးချစ်သူရဲကောင်းကြီးကိုသတ်မယ်ဆို၊ ဒီပစ္စည်းတွေ ဘယ်သူ့ကိုပေးပေး အတူတူပါပဲ၊ တစ်ခုတော့ရှိတယ်၊ ရှင်ကဦးဆောင်ပြီး မွန်ဂိုတွေကို တိုက်ထုတ်ပေါ့၊ ကျွန်မပြောတာ သဘောတူတယ်မဟုတ်လား'



'ဟား - ဟား - ဟား - ငါသိပါတယ်၊ မင်းဟာ အင်မတန်ဉာဏ်ကောင်းပါတယ်လို့၊ ငါဟာ ဟန်တရုတ်တစ်ယောက်ပါ၊ မွန်ဂိုတွေကို တော်လှန်မယ့်လူဆိုရင် ဒီတံဆိပ်တော်ကို လက်ခံနိုင်ခွင့် ရှိတာပဲ၊ အဲဒီတံဆိပ်တော်ကို ငါ လက်ခံမယ်၊ အနားတော့ ကပ်မလာနဲ့၊ ပစ်ပေးလိုက်'

စန်းအော် ဝမ်းသာသွား၏။ သူမသည် ကျောက်စိမ်းလက်ချောင်းသိုင်းပညာဖြင့် အတွင်းအားများကို စုစည်းလိုက်သည်။

'ရော့ - ဖမ်းလိုက်တော့'

သူမသည် အမှန်တကယ်ပင် ကျောက်စိမ်းတံဆိပ်တော်ကို ပစ်ပေးလိုက်သည်။

ထိုတဒင်္ဂ၌ ကျွန်းကျူးရှု လုံးလုံးလျားလျားမေ့လျော့သွား၏။ သူ့အာရုံသည် ကျောက်စိမ်းတံဆိပ်တော်ဆီသို့ လုံးဝ ရောက်သွားသည်။

စန်းအော်သည် လျှပ်တစ်ပြက်ခုန်ဝင်လာပြီး ကြူဝမ်ကြောင်ကို ဆွဲယူလိုက်သည်။

ထိုအခါ ကျွန်းကျူးရှုမှာ အသိနောက်ကျသွားလေပြီ။ ကြူဝမ်ကြောင်ကို ဖမ်းဆွဲသော်လည်း မမီတော့ပေ။

ထိုစဉ် လုစုယာက လှစ်ခနဲရောက်ရှိလာပြီး ကျွန်းကျူးရှုကို

ရိုက်ထုတ်ပြီး တံဆိပ်တော်ကိုဖမ်းယူလိုက်၏။

ကျွန်းကျုံးရှုအတွက် ရွေးစရာလမ်း မရှိတော့ပေ။ မြေပါလည်းဆုံး သားလည်းဆုံး ဖြစ်နေချေပြီ၊ သူ ပြေးနိုင်မှ လွတ်ပေတော့မည်။

စန်းအော်သည် ကြူဝမ်ကြောင်ကို နောက်သို့တွန်းပစ်ခဲ့ပြီး ကျွန်းကျုံးရှုအား တိုက်ခိုက်ရန် ပြန်ဝင်လာသည်။

'ဟာ -'

ခန်းမဆောင်ထဲမှ လူအားလုံး၏အာမေဍိတ်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် စန်းအော် အလန့်တကြား ကြည့်လိုက်မိသည်။

ကျွန်းကျုံးရှုသည် ဤလူအုပ်အတွင်းမှ သူ မည်သို့မျှမလွတ်နိုင်တော့မှန်း ရိပ်မိလိုက်သဖြင့် သူ့ဓားဖြင့် သူ့လည်မျိုကို လှီးဖြတ်လိုက်ခြင်းသာ ဖြစ်သည်။

နီရဲသောသွေးများ ပန်းထွက်လာသည်။

သူ့ခန္ဓာကိုယ်ကြီးသည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲပြုတ်ကျသွားသည်။

'ဒါ အကောင်းဆုံးဇာတ်သိမ်းပဲ၊ ဒီအပြုအမူဟာ သူ့တစ်သက်လုံးမှာ ဂုဏ်အရှိဆုံးလုပ်သွားတဲ့ တစ်ခုတည်းသောအလုပ်ပဲ'

လုစုယာက ထိုသို့မှတ်ချက်ချလိုက်သည်။



ကြူဝမ်ကြောင်သည် သူ့တပ်မှူးကြီးနှစ်ဦးဖြစ်သော ချီတာနှင့် ချန်ရီချွန်းတို့ ခြံရံလျက် ကျွန်ကျုံးရှု၏ အလောင်းကို လာကြည့်သည်။

'သူဟာ မွန်ဂိုဘုရင်ရဲ့လူယုံတော်ပဲ၊ သူသေသွားတာ ကျုပ်တို့အတွက် အများကြီးကောင်းသွားတယ်'

လုစုယာသည် ကြူဝမ်ကြောင်၏ရှေ့၌ ဒူးထောက်ထိုင်လိုက်၏။

'သူ့ရဲကောင်းလေး ဘာလုပ်တာလဲ'

ကြူဝမ်ကြောင်က လှမ်းတားသည်။

လုစုယာက ဘာမျှမပြောဘဲ ကျောက်စိမ်းတံဆိပ်တော်ကို လက်နှစ်ဖက်ဖြင့် ပေးအပ်လိုက်သည်။

'ခေါင်းဆောင်ကြီး - တံဆိပ်တော်ကိုလက်ခံပါ၊ မွန်ဂိုတွေကို တိုက်ထုတ်ပါ၊ တိုင်းသူပြည်သားတွေကို တရားနဲ့အညီ အုပ်ချုပ်ပါ၊ ကျွန်တော်တို့ မျိုးဆက်သုံးဆက်ရဲ့ဘေးဘိုးတွေဟာ တရုတ်ပြည်ကြီး ဟန်တရုတ်တွေလက်ထဲ ပြန်ရောက်ဖို့ သူတို့ မသေခင်ကပဲ မှာတမ်းတွေထားပြီး တာဝန်တွေပေးခဲ့ကြပါတယ်'

ကြူဝမ်ကြောင် တံဆိပ်တော်ကို လက်ခံယူလိုက်သည်။

'စိတ်ချပါ သူ့ရဲကောင်းလေး၊ တရုတ်ပြည်သူ ပြည်သားတွေရဲ့ ပူပန်မှုအားလုံး အေးငြိမ်းသွားစေဖို့ ကျုပ် ကြိုးစားပြီး အုပ်ချုပ်ပါ့မယ်'

ကြူဝမ်ကြောင် ကတိပေးနေစဉ်မှာပင် ပါချီမန်းသည် ကိတ်အာကျက်ကို ဖမ်းဆီးခေါ်ဆောင်လာ၏။

ကိတ်အာကျက်မှာ ဒဏ်ရာများ ပြည့်နှက်နေသည်။ ပါချီမန်းက ကြူဝမ်ကြောင်ရှေ့သို့ ကိတ်အာကျက်ကို ပစ်ချပေးလိုက်သည်။

ကြူဝမ်ကြောင်က -

'ကိတ်အာကျက်၊ မင်းတို့မွန်ဂိုတွေအဖို့ နေဝင်ချိန်ရောက်နေပါပြီ၊ မင်းကို ငါပြန်လွှတ်ပေးလိုက်မယ်၊ သဘောကတော့ မင်းလိုလူမျိုးကိုတောင် တို့က အလေးမထားဘူးဆိုတာ မင်းတို့ မွန်ဂိုဘုရင်သိစေချင်လို့ပဲ'

'ဟား - ဟား - ဟား - ကျုပ်ကိုပြန်လွှတ်ရင် ခင်ဗျားပဲနာမှာပေါ့၊ ဒီတစ်ခါလာရင် ကျုပ်က သိုင်းသမားအုပ်စုနဲ့ မလာဘူး၊ မွန်ဂိုတပ်မဟာကြီးနဲ့ လာမှာဗျ'

'ဟား - ဟား - ဟား - အေး - အဆိပ်မိနေတဲ့ကောင်တွေ လမ်းလျှောက်နိုင်တယ်ဆိုရင်တော့ မင်းဟာ မွန်ဂိုတပ်မကြီးနဲ့ လာနိုင်မှာပေါ့ကွာ၊ နေပြည်တော်မှာရောက်နေတဲ့ ငါတို့ရဲ့သူလျှိုတွေဟာ ဒီနေ့မှာ မင်းတို့ရဲ့ရိက္ခာရုံနဲ့ စားဖိုရုံတွေမှာ အဆိပ်တွေခတ်ကြလိမ့်မယ်'

'ဟာ'

ကိတ်အာကျက် သွေးပျက်မတတ်ဖြစ်သွား၏။ ကြူဝမ်ကြောင်က ကိတ်အာကျက်ကိုကြည့်ပြီး ရယ်နေလေ၏။ ကိတ်အာကျက် ခေါင်းငိုက်စိုက် ကျသွားတော့သည်။

❖ ❖ ❖



နောက်ပိုင်းတွင် မျိုးချစ်တော်လှန်ရေးသမားများက စစ်မြေပြင်တိုင်းတွင် မွန်ဂိုများကို အနိုင်တိုက်နိုင်ခဲ့သည်။ မွန်ဂိုဘုရင်၏တပ်အားလုံး အရှုံးနှင့်ရင်ဆိုင်ရသည်။

နောက်ဆုံး မွန်ဂိုအားလုံး တရုတ်ပြည်မှဆုတ်ခွာသွားရ၏။ ကြူဝမ်ကြောင်သည် တရုတ်ပြည်၏ဘုရင်ဧကရာဇ်ဖြစ်လာလေ၏။

အရှေ့ပင်လယ်ပြင်သည် မုန်တိုင်းမရှိ ပကတိ ငြိမ်သက်နေသည်။ ကောင်းကင်ကပြာပြာ၊ ရေကပြာပြာဖြင့် လွန်စွာသာယာလှပနေသည်။ လှေကလေးတစ်စင်းသည် ပင်လယ်ထဲ ရွက်လွှင့်နေသည်။ ထိုအထဲတွင် လူငါးယောက်ပါသည်။ သူတို့ကား လုစုယာနှင့် ဘွန်လူအော၊ ဘွန်တိမ်စန်းနှင့် စန်းအော်၊ ကြင်ဘက်မရှိဘဲ တစ်ခြမ်းပဲ့ ပါလာသူကား ဟွမ်ရီစုံဖြစ်သည်။

လုစုယာတို့သည် အသီးသီးလက်ထပ်ပြီးကြလေပြီ။ သူတို့သည် လီအာနုပေးခဲ့သည့် ရေပုံအရ အေးချမ်းမှု၊ သာယာမှု အဝဝ ပြည့်စုံလှသော ကျွန်းသာယာကလေးဆီသို့ သူတို့၏ဘဝများကို မြှုပ်နှံရန် ပင်လယ်ခရီးထွက်လာခြင်း ဖြစ်ကြပေသည်။

တရုတ်ပြည်သူ သိန်းသန်းတို့၏ အသက်သွေးချွေးဖြင့် တိုက်ယူခဲ့ရသော တရုတ်ပြည်ကြီးသည် လွတ်မြောက်ခဲ့ပြီး၊ ထိုပြည်ကြီးကား ပလ္လင်ကြီးတစ်ခုနှင့် တူပါပေသည်။ ထို ပလ္လင်ကြီးပေါ်၌ မင်းကျင့်

တာရား ဆယ်ပါးနှင့်ညီသော ဧကရာဇ် ကြူဝမ်ကြောင်လည်း မင်းပြု အုပ်ချုပ်နေပါပြီ။ သူ့ရဲကောင်းငါးယောက်၏ မျက်နှာသည်လည်း ကြည်လင်နေကြသည်။ သူတို့မျက်နှာပေါ်၌ မည်သည့်အပူအပင် အကြောင့်အကြမှု မရှိပါတော့ချေ။

ပြီးပါပြီ

စာရှုသူများ၏မေတ္တာကို ခံယူလျက်

တက္ကသိုလ်နေလင်းအောင်